**Vladimir Ilyich Lenin**

# Imperialism, the Highest Stage of Capitalism



ဗွီအိုင်– လီနင်

**အရင်းရှင်စနစ်၏**

အမြင့်ဆုံးအဆင့်ဖြစ်သော

# နယ်ချဲ့စနစ်

မူရင်း–

လီနင်

# အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့် ဖြစ်သော

# နယ်ချဲ့စနစ်

ဗဟိုဝါဒဖြန့်ချိရေးဌာန ဗမာပြည်ကွန်မြူနစ်ပါတီက ထုတ်ဝေသည်။
စက်တင်ဘာ၊ ၂၀၀၉

# မာတိကာ


ဗဟိုဝါဒဖြန့်ချိရေးဌာန၏ အမှာ –၂၀၀၉ ဧပြီ
ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ဤကျမ်းရင်းစာအုပ်
ထုတ်ဝေခြင်းနှင့် ပတ်သက်သည့်အမှာ (၁၅၊ ၃၊ ၁၉၉၀)
အမှာ
**Preface**
ပြင်သစ်ဘာသာနှင့် ဂျာမန်ဘာသာ ထုတ်ဝေခြင်းများအတွက် အမှာ
**Preface To The Franch And German Edition**
အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့်ဖြစ်သော နယ်ချဲ့စနစ်
**Imperialism, The Highest Stage Of Capitalism**
၁။ ထုတ်လုပ်မှု စုပြုံခြင်းနှင့် လက်ဝါးကြီးအုပ်များ
**Concentration Of Production And Monopolies**
၂။ ဘဏ်များနှင့် ၎င်းတို့၏ အခန်းသစ်
**Banks And Their Nwe Role**
၃။ ဘဏ္ဍာအရင်းနှင့် ဘဏ္ဍာရေး သက်ဦးဆံပိုင်စနစ်
**Finance Capital And The Financial Oligarchy**
၄။ အရင်းတင်ပို့မှု
**Export Of Capital**
၅။ ကမ္ဘာကြီးအား အရင်းရှင်ကွန်ဘိုင်းများ ခွဲဝေယူကြခြင်း
**Division Of The World Among Capitalist Association**
၆။ အင်အားကြီး နိုင်ငံများအကြား ကမ္ဘာကြီးအား ခွဲဝေကြခြင်း
**Division Of The World Among The Great Powers**
၇။ အရင်းရှင်စနစ်၏ အထူးအဆင့်ဖြစ်သော နယ်ချဲ့စနစ်
**Imperialism As A Special Stage Of Capitalism**
၈။ အရင်းရှင်စနစ်၏ ကပ်ပါးလက္ခဏာနှင့် ဆွေးမြေ့ပျက်ဆီးမှု
**Parasitism And Decay Of Capitalism**
၉။ နယ်ချဲ့စနစ်အပေါ် ဝေဖန်ချက်
**Critique Of Imperialism**
၁၀။ သမိုင်းရှိ နယ်ချဲ့စနစ်၏ အဆင့်နေရာ
**The Place Of Imperialism In History**

## ဗဟို ဝါဒဖြန့်ချိရေးဌာန၏ အမှာ

၁။ ကမ္ဘာ့စီးပွားရေးကပ် ဖြစ်နေသည်။ ဘယ်လောက်ကြာကြာ ဖြစ်မလဲ၊ ဘယ်အတိုင်းအတာအထိ ကြီးမား ကျယ်ပြန့်မလဲဆိုတာကို စောင့်ကြည့်ရပါမည်။ စီးပွားရေးသာမက နိုင်ငံရေး အကျပ်အတည်းအထိ မြင့်တက်သွား လျှင် အထွေထွေ အကျပ်အတည်းကြီးအထိ ဖြစ်လာနိုင်ပါသည်။ အထွေထွေအကျပ်အတည်း ဖြစ်လာလျှင် စစ်ဖြင့် ဖြေရှင်းလေ့ရှိပါသည်။ ဒါကြောင့် လီနင်ရဲ့ နယ်ချဲ့စနစ်ကျမ်းကို ရဲဘော်များ၊ မိတ်ဆွေများ အသစ်တဖန် လေ့လာနိုင်ဖို့ ထုတ်ဝေလိုက်ပါသည်။

၂။ ခေတ်ကုန်ပြီလို့ အပြောခံရတာတွေလည်း ခေတ်ပြန်ထလာနေပါသည်။ မာ့က်စ်၏ ဓနရှင် လူတန်းစားနဲ့ ပတ်သက်တဲ့ အဆိုအမိန့်တွေ ခေတ်ပြန်ထသည်။ "ဓနရှင်လူတန်းစားသည် ကမ္ဘာ့ဈေးကွက်ကို ဖွင့်လှစ်လိုက်ခြင်းဖြင့် တိုင်းပြည်တိုင်းရှိ ထုတ်လုပ်ရေးနှင့် သုံးစွဲရေးကို ကမ္ဘာ့လက္ခဏာ ဆောင်စေသည်။" ဆိုတဲ့ အဆိုအမိန့်မျိုး၊ "ဓနရှင် လူတန်းစားသည် ထုတ်လုပ်ရေးကိရိယာကို အဆက်မပြတ် တော်လှန်ပြောင်းလဲသူ၊ ၎င်းနောက် ထုတ်လုပ်ရေး ဆက်ဆံမှုတို့ကို အဆက်မပြတ် တော်လှန်ပြောင်းလဲမှုမလုပ်ဘဲ မတည်တံ့နိုင်ပေ။" "ထုတ်လုပ်ရေး အဆက်မပြတ် ပြောင်းလဲခြင်း၊ လူမှုဆက်ဆံရေး အားလုံး အဆက်မပြတ် မငြိမ်မသက်ဖြစ်ခြင်း၊ ထာဝစဉ် မရေရာခြင်းနှင့် လှုပ်ရှားခြင်းတို့သည် အခြားခေတ်ကာလ အားလုံးတို့နှင့် ဓနရှင်ခေတ်ကာလတို့ မတူသည့် အချက်ပင်တည်း။" ဆိုတဲ့ အဆို အမိန့်တွေနဲ့ "မိမိအထွက်ပစ္စည်းများအတွက် ဈေးကွက်ကို အဆက်မပြတ် တိုးချဲ့ရန် လိုအပ်သောကြောင့် ဓနရှင် လူတန်းစားသည် ကမ္ဘာအနှံ့ ပြေးလွှားနေရသည်။" ဆိုတာတွေကို ကိုးကားပြီး အပြောများလာကြသည်။

ပလ္လင်ပေါ်က CEO တွေလည်း ဆွဲချခံနေရသည်။ ကမ္ဘာသုံးငွေကြေးဖြစ်နေတဲ့ အမေရိကန်ဒေါ်လာလည်း ပလ္လင်ပေါ်က ဆွဲချခံရမလို ဖြစ်နေသည်။

'နိုင်ငံပိုင်ပြုရေး'တွေ ပြန်ပြီး ခေတ်စားလာသည်။

၃။ ကပ်ကျော်ရေးမှာ G-"၇" နဲ့ မလုံလောက်လို့ G-"၂၀" လုပ်နေရသည်။ G-"၂၀" မှာ ဘာမှ မယ်မယ်ရရ ဆုံးဖြတ်နိုင်တာ မရှိသေး။ ကြာလျှင် အချင်းချင်း ရန်ဖြစ်ကြတော့မည်။ စီးပွားရေး အကျပ်အတည်းက နိုင်ငံရေး အကျပ်အတည်းကို ကူးလျှင် အထွေထွေအကျပ်အတည်းဖြစ်မှာ သေချာသည်။ အထွေထွေ အကျပ်အတည်းဖြစ်လျှင် တိုင်းပြည်တိုင်းတွင် လူတန်းစားတိုက်ပွဲ ဆက်ဖြစ်လာမည်။ နိုင်ငံချင်း ပဋိပက္ခပေါ်မည်။ မထိန်းနိုင်လျှင် စစ်ဖြစ်မည်။ ဒါကြောင့် နယ်ချဲ့စနစ်ကျမ်းကို ပြန်လည်ထုတ်ဝေပါသည်။ ။

ဗဟိုဝါဒဖြန့်ချိရေးဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ
စက်တင်ဘာ၊ ၂၀၀၉။

# ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ဤကျမ်းရင်းစာအုပ် ထုတ်ဝေခြင်းနှင့် ပတ်သက်သည့် အမှာ

(၁)

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်နှင့် ပတ်သက်ပြီး ဘက်အသီးသီး ထောင့်အမျိုးမျိုးတို့မှ နေ၍ ဝေဖန်သုံးသပ်ခြင်း၊ တိုက်ခိုက်ရှုတ်ချခြင်းများ ယခုတလောတွင် ခေတ်စားနေသည်။ ဓနရှင်လူတန်းစား နိုင်ငံရေးသမားများကအစ ကွန်မြူနစ်ဝါဒကို သစ္စာဖောက်သွားကြသူများအဆုံး အသွေးအရောင်အမျိုးမျိုးရှိကြသူများက "မာ့က်စ်ဝါဒခေတ်ကုန်ပြီ""လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ဆိုတာ စိတ်ကူးယဉ်မှုသက်သက်ဖြစ်တယ်" "ကွန်မြူနစ်ဝါဒ နိဂုံးခန်းရောက်နေပြီ" စသဖြင့် ဆဲဆိုပုတ်ခတ် အပုပ်ချလျက်ရှိကြပေသည်။

သူတို့တတွေ ဤသို့ ရုတ်ရုတ်ရက်ရက်၊ သံသေးသံကြောင်ဖြင့် ရေးသားပြောဆိုနေကြသဖြင့် လူအများသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်အပေါ် စိတ်ဝင်စားလာကြသည်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ဆိုတာ ဘာလဲ၊ မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ စတာလင်၊ မော်စီတုန်းတို့က ဘာတွေရေးခဲ့ကြပြီး ဘာတွေ ပြောခဲ့ကြသလဲဆိုသည်များကို ကိုယ်တိုင်ကိုယ်ကျ စူးစမ်းလေ့လာလိုစိတ်များ ပေါ်လာကြပေသည်။

ကျွန်ုပ်တို့အနေဖြင့် ဤသို့ စူးစမ်းလေ့လာလိုကြသူများအတွက် မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ စတာလင်၊ မော်စီတုန်းစသော ကွန်မြူနစ်ဝါဒီကြီးများကိုယ်တိုင် ရေးသားခဲ့သော ကျမ်းရင်းများကို အဆက်မပြတ်ထုတ်ဝေသွားရန် ရည်ရွယ်ပါသည်။

နောက်ရည်ရွယ်ချက်တခုမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ဆက်ခံ၊ ကာကွယ်၊ တိုးချဲ့သွားရန် ခိုင်မာသော သန္နိဋ္ဌာန်ချထားသည့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပါတီဝင်နှင့် ပါတီလိုလားသူများ လေ့လာနိုင် ရန်အတွက်"လေ့လာရေးစာစဉ်"အဖြစ် ထုတ်ဝေ လိုက်ခြင်းလည်း ဖြစ်ပါသည်။

(၂)

ကွန်မြူနစ်ဝါဒီကြီးများသည် သူတို့၏စာတမ်းများကို ရေးသားရာတွင် သူတို့၏ခေတ်က လူတန်းစားတိုက်ပွဲနှင့် သူတို့ခေတ်ထုတ်လုပ်မှုနှင့် သိပ္ပံပညာစမ်းသပ်မှုဟူသည့် လက်တွေ့တိုက်ပွဲများအတွင်း ပါဝင်လာကြကာ သူတို့၏ ထက်မြက်သော အတတ်ပညာများဖြင့် ပေါင်းစပ်၍ ရေးသားခဲ့ကြခြင်း ဖြစ်သည်။ လက်တွေ့တိုက်ပွဲအတွင်း ပါဝင်ခြင်းမရှိလျှင် မည်မျှဉာဏ်ပညာထက်မြက်သူ ဖြစ်ပါစေ၊ အမှန်တရားများကို ဖော်ထုတ်တင်ပြနိုင်စွမ်း ရှိကြမည် မဟုတ်ပေ။ ထို့ကြောင့် အမှန်တရားများကို ဆက်ခံ၊ ကာကွယ် တိုးချဲ့လိုသူတိုင်းသည် မိမိတို့ခေတ်ကာလရှိ လူတန်းစား တိုက်ပွဲနှင့် သိပ္ပံပညာစမ်းသပ်မှုဟူသည့် လက်တွေ့ တိုက်ပွဲများအတွင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြရပေမည်။

အမှန်တရားကို သိမြင်လိုက်ခြင်းသည် ထိုအမှန်တရားကို အဆုံးသတ်ပေးလိုက်ခြင်းမဟုတ်ဘဲ အမှန်တရား သိမြင်ရေးလမ်းကြောင်းကို ဖွင့်ပေးလိုက်ခြင်းသာ ဖြစ်ပေသည်။ သိပ္ပံပညာနယ်ပယ်တွင် အမှန်

တရားတခုကို တွေ့ရှိလိုက်ခြင်းသည် ထိုသိပ္ပံပညာကို အဆုံးသတ်ပေးလိုက်ခြင်းမဟုတ်ဘဲ နောက်ထပ် ပို၍ ကျယ်ပြန့်ပြည့်စုံသော ပို၍နက်ရှိုင်းသော အဆင့်သစ်တခုသို့ တက်လှမ်းရန် လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သကဲ့သို့ပင်တည်း။

မာ့က်စ်၊ အိန်ဂယ်တို့သည် အရင်းရှင်စနစ်ဖြစ်တည်လာစ ပထမအဆင့် လွတ်လပ်စွာပြိုင်ဆိုင်ရောင်းဝယ်မှု ထွန်းကားနေစဉ်ကာလက နေထိုင်ခဲ့ခြင်းဖြစ်သည်။ ထိုခေတ်က လူတန်းစားတိုက်ပွဲနှင့် သိပ္ပံပညာ အဆင့်အတန်းသည် လီနင်၊ စတာလင်၊ မော်စီတုန်းတို့၏ခေတ် လူတန်းစားတိုက်ပွဲနှင့် သိပ္ပံပညာ အဆင့်အတန်းနှင့် မည်သို့မှ တထပ်တည်း ဖြစ်နိုင်မည်မဟုတ်ပေ။

မာ့က်စ်၊ အိန်ဂယ်တို့ခေတ်က နယ်ချဲ့စနစ် မရှိသေးပေ။ အရင်းရှင်စနစ်၏နောက်ဆုံးအဆင့် ရောက်မှသာ နယ်ချဲ့စနစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့စနစ်နှင့်ပတ်သက်၍ မာ့က်စ်၊ အိန်ဂယ်တို့၏ ရေးသားမှု တင်ပြမှုများ မရှိနိုင်ခဲ့ပေ။

မာ့က်စ်ဝါဒ၊ ကွန်မြူနစ်ဝါဒကို နက်နက်ရှိုင်းရှိုင်း လေ့လာသူတိုင်းသည် ကွန်မြူနစ်ဝါဒီကြီးများ၊ မာ့က်စ်ဝါဒီကြီးများ၏ ဟိုတပိုင်းဒီတစ အဆိုအမိန့်များကို လေ့လာရန် မဟုတ်ဘဲ သူတို့၏ ရပ်တည်မှု၊ အမြင်နှင့် နည်းနာများကို မိမိရရ ဆုပ်ကိုင်နိုင်ရန်သာ အဓိကထား လေ့လာကြရပေမည်။

## (၃)

ယခုထုတ်ဝေလိုက်သော"နယ်ချဲ့စနစ်၊ အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့်" စာတမ်းကို လီနင်က ၁၉၁၆ ခုနှစ်တွင် ရေးသားခဲ့ခြင်း ဖြစ်သည်။ နယ်ချဲ့စစ်ပွဲကြီး(ပထမ ကမ္ဘာစစ်ကြီး) ဖြစ်ပွားနေစဉ်က ရေးသားခဲ့ခြင်း ဖြစ်သည်။

နှစ်အားဖြင့် တွက်လျှင် နှစ်ပေါင်း(၇၄) နှစ်က ရေးသားတင်ပြခဲ့ခြင်း ဖြစ်သည်။ (၇၄) နှစ်အတွင်းတွင် ကမ္ဘာ ကြီးသည် အကြီးအကျယ် ပြောင်းလဲခဲ့ပေပြီ။ ဤ(၇၄) နှစ်အတွင်းတွင် သမိုင်းဆိုင်ရာ အပြောင်းအလဲကြီးပေါင်း မြောက်မြားစွာ ဖြစ်ပေါ်ခဲ့ပြီ။

: အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး အောင်မြင်ခဲ့သည်။

: ဖက်ဆစ်စနစ် ပေါ်ပေါက်ခဲ့သည်။

: ဒုတိယ ကမ္ဘာစစ်ကြီး ပေါက်ကွဲခဲ့သည်။

: တရုတ်ပြည်တော်လှန်ရေး အောင်မြင်ခဲ့သည်။

: နယ်ချဲ့ထမ်းပိုးအောက်မှ ကိုလိုနီနိုင်ငံများ လွတ်လပ်လာကြသည်။

: အင်အားလွန်နိုင်ငံကြီး ၂ ခု ပေါ်ပေါက်လာခဲ့သည်။

…စသဖြင့် တန်းစီ၍ ဖော်ပြရလျှင် အဖြစ်အပျက် အပြောင်းအလဲများမှာ ဤမျှမက များပြားလှပေသည်။ ဤအဖြစ်အပျက် အပြောင်းအလဲကြီးတိုင်းတွင်လည်း နောက်ဆက်တွဲအကျိုးဆက်များက တသီတတန်းကြီး ရှိကြပေသေးရာ ဤ(၇၄) နှစ်အတွင်း အပြောင်းအလဲကား ကြီးမားကျယ်ပြန့်လှပေသည်။

အပြောင်းအလဲများ ဤမျှကြီးမားကျယ်ပြန့်ပါက လီနင်၏"နယ်ချဲ့စနစ်"ဆိုင်ရာ တင်ပြချက်များသည် ယခုခေတ်အတွက် ခေတ်မီဆဲ ဖြစ်ပါသေး၏လော…ဟူ၍ မေးစရာ ဖြစ်လာပေသည်။

ဤမေးခွန်းကို ကျွန်တော်တို့က "လီနင်၏နယ်ချဲ့စနစ်ဆိုင်ရာ တင်ပြချက်များ၏လက္ခဏာနှင့် အနှစ်သာရသည်လည်းကောင်း၊ နယ်ချဲ့စနစ်၏သဘောသဘာဝသည်လည်းကောင်း မပြောင်းမလဲ တည်ရှိမြဲ တည်ရှိနေသည်" ဟုပင် အကဲဖြတ် ပြောကြားရပါမည်။

## (၄)

မာ့က်စ်ဝါဒ၏ အနှစ်သာရအကျဆုံးနှင့် အသက်ဝိညာဉ်မှာ အခိုင်အမာအခြေအနေကို အခိုင်အမာကျကျ သုံးသပ်ခြင်းပင် ဖြစ်သည်။

လီနင်သည် "နယ်ချဲ့စနစ်" စာတမ်းကို ရေးစဉ်က ထိုခေတ်က အခိုင်အမာအခြေအနေကို အခိုင်အမာ သုံးသပ်ပြီး ရေးသားတင်ပြခဲ့ခြင်း ဖြစ်သည်။ အခိုင်အမာအခြေအနေကို အခိုင်အမာသုံးသပ်ရန်အတွက် လီနင်သည် ဓနရှင်ပညာရှင်များ ရေးသားပြုစုထားသည့် စာအုပ်စာတမ်း၊ စာရင်းဇယား အများအပြား ကို အသုံးပြုထားသည်ကို တွေ့ရပါသည်။

ယခုခေတ် အခိုင်အမာအခြေအနေကို အခိုင်အမာသုံးသပ်ကြရန်မှာ ကျွန်တော်တို့၏ မျက်မှောက် အရေးကြီး တာဝန်ဖြစ်ပါသည်။ ဤသို့လုပ်မည်ဆိုပါက ကျွန်တော်တို့သည် လီနင်ခေတ်ကထက် ပိုမိုများပြား၊ ပို၍ကျယ်ဝန်းသော စာအုပ်စာတမ်း၊ စာရင်းဇယားများထဲမှ အခိုင်အမာနှင့်အနီးစပ်ဆုံး အချက်အလက်များကို ရွေးနုတ်ယူငင်ကြရမည် ဖြစ်ပါသည်။ အကာကိုပစ်ပြီး အနှစ်ကို ယူတတ်ကြရပါမည်။

မျက်မှောက်ခေတ်တွင် သိပ္ပံပညာ၊ နည်းပညာများ အဆက်မပြတ် ထွန်းပေါ်နေပါသည်။ ပညာရှင်အများအပြားကလည်း စာအုပ်စာတမ်း စာရင်းဇယားများ အများအပြား ပြုစုနေကြပါသည်။ တဖက်သတ်မကျသော၊ အလောတကြီး တဖက်စောင်းနင်း မှတ်ချက်ချမထားသော၊ တစုံတရာသော အခိုင်အမာ အခြေအနေကို တစုံတရာ အခိုင်အမာကျကျ သုံးသပ်ထားသည်ဟု ပြောနိုင်သော ပညာရှင်များ၏ စာတမ်းများလည်း မြောက်မြားစွာ ရှိပါသည်။ ဤသို့သော စာအုပ်စာတမ်း စာရင်းဇယားများမှ ကောင်းနိုးရာရာများကို ကျွန်တော်တို့ဌာနမှ အခါအားလျော်စွာ ထုတ်ဝေသွားရန် အစီအစဉ်တခုလည်း ရှိပါသည်။ မာ့က်စ်ဝါဒကို ဆက်ခံကာကွယ် တိုးချဲ့လိုသော ရဲဘော်များအတွက် ရည်ရွယ်ပါသည်။ မြင့်မြင့်တက်မှ ဝေးဝေးမြင်နိုင်ပါလိမ့်မည်။

(၁၅၊ ၃၊ ၁၉၉၀)

# အမှာ

စာဖတ်သူ၏ ရှေ့မှောက်တွင် ရောက်ရှိနေသော ဤစာတမ်းမှာ ၁၉၁၆ ခုနှစ် နွေဦးရာသီက ဇူးရစ်မြို့တွင် ရေးသားခဲ့ခြင်း ဖြစ်သည်။ ကျွန်ုပ်လုပ်ရကိုင်ရသော အနေအထားအရ ကျွန်ုပ်အဖို့ သဘာဝကျစွာပင် ပြင်သစ်စာပေ နှင့် အင်္ဂလိပ်စာပေ ပြတ်လပ်မှု၊ နောက်ပြီး ရုရှားစာပေ အလွန်အမင်းလိုအပ်မှုတို့၏ ဒဏ်ကို ခံခဲ့ရပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အနေဖြင့် နယ်ချဲ့စနစ်နှင့်ပတ်သက်သော အဓိက အင်္ဂလိပ်စာအုပ် တအုပ်ကို အသုံးချခဲ့ပါသည်။ ဂျေ၊ အေ၊ ဟော့ဘ်ဆင် **(J.A.Hobson)** ရေးသောစာအုပ်ဖြစ်ပြီး ကျွန်ုပ်အနေနှင့် ဤအလုပ်နှင့် ထိုက်တန်စွာပင် အာရုံစိုက်ခဲ့ပါသည်။

ဤစာတမ်းမှာ ဇာဘုရင်၏ဆင်ဆာမှ ရှောင်ကွင်း(သတိထား)ပြီး ရေးသားထားရခြင်း ဖြစ်သည်။ ထို့ကြောင့် သဘောတရားသက်သက် အချက်အလက်များကို ဘောဂဗေဒအရ ခွဲခြမ်းစိတ်ဖြာပြီး ရေးခြင်းသာ ပြုရတော့သည်။ သို့သော် နိုင်ငံရေးနှင့်ပတ်သက်သော ကြည့်မြင်မှုအနည်းငယ်ကိုမူ အထူးသတိကြီးစွာဖြင့် ညွှန်းသည့်သဘော ရေးခဲ့ရသည်။ ရေးရာတွင်လည်း တော်လှန်ရေးသမားများအနေဖြင့် “တရားဝင်” စာရေးမည်ဟု ကလောင်ကို ကောက်ကိုင်လိုက်တိုင်း ဇာစနစ်က တွန်းပို့ခဲ့သည့် မုန်းစရာကောင်းသော စကားဝှက်များ၊ တင်စားချက်များ၊ ဥပမေယျများဖြင့် ရေးခဲ့ရသည်။

ယနေ့လို လွတ်လပ်သောခေတ်၌ ဤစာပိုဒ်များကို ပြန်ဖတ်ရာတွင် ဆင်ဆာဆိုသော သံပြုတ်တူကြား၌ ညှပ်ဖိထားမှုကြောင့် ပုံပျက်ပန်းပျက် တွန့်လိပ်နေသည့် စာပိုဒ်များကို တွေ့ရသည်မှာ ရင်နာစရာကောင်းလှသည်။ နယ်ချဲ့စနစ်သည် ဆိုရှယ်လစ်စနစ်၏ ခေတ်ဦးဖြစ်ကြောင်း၊ ဆိုရှယ်ရှော်ဗင်ဝါဒ(စကားအရ ဆိုရှယ်လစ်ဝါဒ၊ လက်တွေ့အရ ရှော်ဗင်ဝါဒ) သည် ဆိုရှယ်လစ်ဝါဒကို သစ္စာဖောက်ပြီး နေရှင်လူတန်းစားဘက်သို့ လုံးဝကူးပြောင်းသွားခြင်း ဖြစ်ကြောင်း၊ ဤအလုပ်သမားလူတန်းစားအတွင်း ကွဲပြဲမှုသည် အရင်းရှင်စနစ်၏ ပကတိဘာဝအခြေအနေများနှင့် ပတ်သက်နေကြောင်း စသည်တို့ကို ကျွန်ုပ်အနေဖြင့် “ကျိုးနွံစွာ” ရေးခဲ့ရသည်။ ဤအကြောင်းအရာကို စိတ်ဝင်စားသည့် စာဖတ်သူအား ၁၉၁၄–၁၇ တုန်းက ပြည်ပတွင် ကျွန်ုပ်ရေးခဲ့သည့် ဆောင်းပါးများအား ဖတ်ရန် ညွှန်းလိုသည်။ မကြာမီ အသစ်ပြန်လည် ပုံနှိပ်ထွက်ပေါ်လာပါလိမ့်မည်။ အရင်းရှင်များနှင့် ၎င်းတို့ဘက်သို့ကူးပြောင်းသွားသော ဆိုရှယ်ရှော်ဗင်ဝါဒီများ(ကောက်စကီက တွန့်ဆုတ် တွန့်ဆုတ်နှင့် ဆန့်ကျင်ခဲ့သူများ) သည် သိမ်းပိုက်မှုပြဿနာနှင့် ပတ်သက်၍ မည်မျှအရှက်နည်းစွာ ရပ်တည်ခဲ့ကြကြောင်း၊ သူတို့၏အရင်းရှင်များက သိမ်းပိုက်မှုကို မည်မျှအရှက်နည်းစွာ ဖုံးကွယ်ခဲ့ကြကြောင်းများကို ဖော်ပြရာတွင် ဆင်ဆာပုဂ္ဂိုလ်များလက်ခံနိုင်သည့် တန်ဆာဖြင့် ဖော်ပြခဲ့ရသည်။ ထို့ကြောင့် ဥပမာတခုအနေဖြင့် ဂျပန်* ကို ပြခဲ့ရသည်။ သတိရှိသောစာဖတ်သူ အနေဖြင့် ဂျပန်၏နေရာတွင် ရုရှား၊ ကိုရီးယား၏နေရာတွင် ဖင်လန်၊ ပိုလန်၊ ကူလန်၊ ယူကရိန်း၊ ခီဗာ၊ ဘိုခါရာ၊ အက်စတိုးနီးယား သို့မဟုတ် မဟာရုရှားလူမျိုးမဟုတ်သူများနေထိုင်သော အခြားဒေသများနှင့် အလွယ်တကူ အစားထိုးပေမည်။

ဤစာတမ်းသည် နယ်ချဲ့စနစ်၏ ဘောဂဗေဒအနှစ်သာရကို နားလည်လာစေရန် စာဖတ်သူအား အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်သည်။ အကြောင်းမှာ ဤစာတမ်းကို မလေ့လာပါက ခေတ်သစ်စစ်ပွဲနှင့် ခေတ်သစ်နိုင်ငံရေးကို နားလည်သုံးသပ်နိုင်မည်မဟုတ်ခြင်းကြောင့် ဖြစ်သည်။

**ပီထရိုဂရက်** **စာရေးသူ**

**၁၉၁၇၊ ဧပြီ ၂၆**

---

*** ၁၉၀၄– ၁၀ ရုရှား ဂျပန် စစ်ပွဲတွင် ရုရှားက စစ်ရှုံးထားပြီး ဂျပန်သည် ၁၉၁၀ ခုနှစ်တွင် ကိုရီးယားကို သိမ်းပိုက်ခဲ့သည်။ (ဘာသာပြန်သူ)**

## ပြင်သစ်ဘာသာနှင့် ဂျာမန်ဘာသာ ထုတ်ဝေခြင်းများအတွက် အမှာစာ

### (၁)

ရုရှားဘာသာ ထုတ်ဝေခြင်းတွင် ဖော်ပြထားသကဲ့သို့ပင် ဤစာတမ်းမှာ ၁၉၁၆ ခုနှစ်တွင် ဇာဘုရင့် ဆင်ဆာကို ရှောင်ကွင်းပြီး ရေးခဲ့ခြင်း ဖြစ်သည်။ လက်ရှိအချိန်တွင် ကျွန်ုပ်အနေဖြင့် စာတမ်းတစောင်လုံးကို ပြန်လည် တည်းဖြတ်ထုတ်ဝေနိုင်ခြင်း မရှိချေ။ လုပ်လည်း လုပ်သင့်သည်ဟု မထင်ပေ။ အကြောင်းမှာ ဤ စာအုပ်ကို ရေးသားခဲ့သော အဓိကရည်ရွယ်ချက်မှာ နှစ်ဆယ်ရာစုအစပိုင်း ပထမကမ္ဘာစစ်၏ အကြိုပိုင်းရှိ ကမ္ဘာ့အရင်းရှင်စနစ်အား နိုင်ငံတကာ ဆက်စပ်မှုများနှင့်အတူ အချက်အလက်ရှိစွာဖြင့် ပုံဖော် တင်ပြထားသောကြောင့် ဖြစ်သည်။ တင်ပြရာတွင် မငြင်းကွယ်နိုင်သော ဓနရှင်စာရင်းဇယားများအား နိဂုံးချုပ် သုံးသပ်ထားချက်နှင့် နိုင်ငံအားလုံးရှိ ဓနရှင်ပညာရှင်များ၏ ဝန်ခံချက်များပေါ်တွင် အခြေပြုထားပေသည်။ ဇာဘုရင်၏ဆင်ဆာအရ တရားဝင်သော ဤစာတမ်းသည် ရှေ့တန်းရောက်သော အရင်းရှင်နိုင်ငံများရှိ ကွန်မြူနစ်အများအပြားအတွက် ရရှိထားသော တရားဥပဒေ အကြွင်းအကျန်ကလေး နည်းနည်းကိုပင် အသုံးပြုနိုင်ကြောင်းနှင့် အသုံးပြုသင့်ကြောင်း သဘောပေါက်စေနိုင်ပေလိမ့်မည်။ ဥပမာ– မကြာမီကမှ ကွန်မြူနစ် များကို အံ့နှင့်ကျင်းနှင့် ဖမ်းဆီးခဲ့သော အမေရိကန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့လို နေရာများတွင် လူမှုပြေငြိမ်းရေးအမြင်များနှင့် “ကမ္ဘာ့ဒီမိုကရေစီ” ကို မျှော်လင့်နေမှုများ လုံးဝမဟုတ်မှန်ကြောင်းကို ရှင်းပြရာတွင် ဤ နည်းကို သုံးနိုင်ပေလိမ့်မည်။ ဤဆင်ဆာတည်းဖြတ်ထားသော စာတမ်းတွင် မည်သည့်အရေးပါဆုံးသော အချက်များ ဖြည့်သင့်သည်ဆိုသည်ကို ဤအမှာစာတွင် ထပ်ဖြည့်ရန် ကြိုးစားသွားပါမည်။

### (၂)

၁၉၁၄–၁၈ ခုနှစ် စစ်ပွဲတွင် နှစ်ဖက်စလုံးမှာ နယ်ချဲ့လက္ခဏာဆောင်ကြောင်း(ဆိုလိုတာက သိမ်းပိုက်မှု၊ အနိုင်ကျင့်မှု၊ လုယက်မှုစစ်ပွဲဖြစ်ကြောင်း)၊ ကမ္ဘာကြီးကိုခွဲဝေရေး၊ ဘဏ္ဍာအရင်းအနှီးစသည်တို့ “ သြဇာ သက်ရောက်ရာနယ်ပယ်” ဖြစ်သည့် ကိုလိုနီများကို ခွဲဝေရေးနှင့် ပြန်လည်ခွဲဝေရေးစစ်ပွဲ ဖြစ်ကြောင်း စာတမ်းတွင် ဖော်ပြထားသည်။

စစ်၏ တကယ့်လူမှုရေးလက္ခဏာ သို့မဟုတ် တကယ့်လူတန်းစားလက္ခဏာကို စစ်ပွဲ၏ သံတမန်ရေးသမိုင်းတွင် တွေ့ရမည်မဟုတ်ဘဲ သဘာဝကျစွာပင် စစ်ဖြစ်နေသော နိုင်ငံအားလုံးရှိ အုပ်စိုးသူ လူတန်းစားများ၏ ပကတိအ ခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်းတွင် တွေ့ရမည်ဖြစ်သည်။ ဤပကတိအနေအထားကို ပုံဖော်ဖို့ဆိုလျှင် ဥပမာများ သို့မဟုတ် တသီးတခြား စာရင်းဇယားများ(လူမှုဘဝ၏ အလွန်ရှုပ်ထွေးလှသော နိယာမတရားတွင် အဆိုတခုကို အတည်ပြုရန်အတွက် ဥပမာအရေအတွက် ကြိုက်သလောက်နှင့် သီးခြား စာရင်းဇယားများကို ရွေးထုတ်၍ ရပေသည်။) ကို အသုံးပြု၍ မဖြစ်ချေ။ စစ်ဖြစ်နေသော နိုင်ငံအားလုံးနှင့် ကမ္ဘာတခုလုံး၏ စီးပွားရေးဘဝ အခြေခံဆိုင်ရာ စာရင်းဇယားတခုလုံးကို အသုံးပြုရပေမည်။

ကျွန်ုပ်အနေဖြင့် ၁၈၇၆ ခုနှစ်နှင့် ၁၉၁၄ ခုက ကမ္ဘာကြီးအား ခွဲဝေခြင်း(အခန်း ၆) ၁၈၉၀ ခုနှင့် ၁၉၁၃ ခုက တကမ္ဘာလုံးတွင် မီးရထားလမ်းများ ဖြန့်ကြက်မှုအကြောင်း ဖော်ပြရာ၌ မငြင်းကွယ်နိုင်သော နိဂုံးချုပ်သုံးသပ်ပြီး စာရင်းဇယားများကို ကိုးကားခဲ့သည်။ မီးရထားလမ်းဆိုသည်မှာ အရင်းရှင်စနစ်၏ အခြေခံစက်မှုလုပ်ငန်းဖြစ်သော ကျောက်မီးသွေး၊ သံနှင့် သံမဏိလုပ်ငန်းတို့အား ပေါင်းချုပ်ထားခြင်း၊ ကမ္ဘာ့ကုန်သွယ်မှုနှင့် ဓနရှင်ဒီမိုကရေစီ ယဉ်ကျေးမှုတို့၏ ဖြစ်ပေါ်တိုးပွားမှုကို ထင်ရှားစွာ ထင်ဟပ်ခြင်းများအား ပေါင်းချုပ်ထားခြင်း ဖြစ်ပေသည်။ မီးရထားသံလမ်းများသည် အကြီးစားစက်မှုလုပ်ငန်း၊ လက်ဝါးကြီးအုပ် လုပ်ငန်းများ၊ ဆင်ဒီကိတ်များ၊ ထရပ်စ်များ၊ ဘဏ်များနှင့် ဘဏ္ဍာရေးလောက၏ ထိပ်သီးကြီးများနှင့် မည်သို့ဆက်စပ်နေပုံကို ဤစာအုပ် ရှေ့ပိုင်းအခန်းများတွင် ဖော်ပြထားသည်။ မီးရထားလမ်းအား မညီမမျှ ဖြန့်ခွဲမှု၊

၎င်းတို့၏ မညီညာသော ဖြစ်ပေါ်တိုးပွားမှုတို့ကို အရှိအတိုင်း ပေါင်းချုပ်လိုက်လျှင် ကမ္ဘာ့အတိုင်းအတာနှင့် ညီသော ခေတ်သစ်လက်ဝါးကြီးအုပ်အရင်းရှင်စနစ် ဖြစ်လာတော့သည်။ ထုတ်လုပ်မှုပစ္စည်းများတွင် ပုဂ္ဂလိက ပိုင်ဆိုင်မှုပစ္စည်းဟူ၍ ရှိနေသရွေ့ နယ်ချဲ့စစ်ပွဲများအား လုံးဝပင် မရှောင်လွှဲနိုင်ကြောင်း ဤပေါင်းချုပ်သုံးသပ်ချက်က သက်သေပြနေပေသည်။

မီးရထားလမ်းများ ဖောက်လုပ်ခြင်းသည် သာမန်သဘာဝကျသော ဒီမိုကရေစီနှင့် ယဉ်ကျေးမှု လက္ခဏာဆောင်သည့် လုပ်ငန်းတရပ်ဟု ထင်မှတ်စရာ ရှိသည်။ ဤသည်မှာ အရင်းရှင်ကျွန်စနစ်ကို ဆေးရောင်လှလှ ခြယ်သပေးရန် လခပေးထားသည့် ဓနရှင်ပါမောက္ခများ၏အမြင်နှင့် ဓနရှင်ပေါက်စ နလပိန်းတုံးများ၏အမြင် ဖြစ်သည်။ သို့သော် လက်တွေ့တွင်မူ ထုတ်လုပ်မှုပစ္စည်းအပိုင်းတွင် ပုဂ္ဂလိက ပိုင်ဆိုင်မှုက ယေဘုယျလွှမ်းနေသော ဤလုပ်ငန်းများအား အကြိမ်ပေါင်း ထောင်နှင့်ချီပြီး ရစ်ပတ်ထားသည့် အရင်းရှင်ကြီးများသည် မီးရထားလမ်းဖောက်လုပ်မှုကို သန်းထောင်ပေါင်းများစွာသော ပြည်သူများ(ကိုလိုနီနှင့် ကိုလိုနီတပိုင်းနိုင်ငံများရှိ) အပေါ် ဖိနှိပ်သည့် ကိရိယာတရပ်အဖြစ် ပြောင်းလဲပစ်လိုက်ပေပြီ။ ဤသည်မှာ မှီခိုသူနိုင်ငံများတွင် နေထိုင်ကြသည့် ကမ္ဘာ့လူဦးရေ၏ တဝက်ကျော် ကျော်နှင့် “ယဉ်ကျေးသော” နိုင်ငံများရှိ အရင်းအနှီး၏ လခစားကျေးကျွန်များကိုပါ ဆိုလိုပေသည်။

အရင်းရှင်များနှင့် သူတို့၏စာနယ်ဇင်းများ၊ အလုပ်သမား၊ လယ်သမားများကို လှည့်စားလေ့ ရှိသည့် လုပ်ငန်းရှင်ကလေးများ၏ လုပ်အားအပေါ်တွင် အခြေပြုထားသည့် ပုဂ္ဂလိကပိုင်ဆိုင်မှု၊ လွတ်လပ်စွာ ပြိုင်ဆိုင်မှု၊ ဒီမိုကရေစီ စသော ဖမ်းစားစရာစကားလုံးများသည် အတိတ်ကအရာများ ဖြစ်သွားချေပြီ။ အရင်းရှင်စနစ်သည် ကိုလိုနီဖိနှိပ်မှုနှင့် ကမ္ဘာ့လူဦးရေ၏ ရောမအများစုကြီးအား လက်တဆုပ်စာ“ရှေ့တန်းရောက်” နိုင်ငံများက လည်မျိုညှစ်သည့် ကမ္ဘာ့စနစ်တရပ်အဖြစ် ကြီးထွားသွားပြီ ဖြစ်သည်။ နောက်ပြီး ကမ္ဘာကြီးတခုလုံးအား ၎င်းတို့၏“တိုက်ရာပါပစ္စည်း” ခွဲဝေမှုတွင် ပါဝင်ပတ်သက်စေသည့် ခြေဆုံးခေါင်းဆုံး လက်နက်တပ်ဆင်ထားသော ကမ္ဘာ့အင်အားကြီး ဓားပြကြီးများ (အမေရိကန်၊ ဗြိတိန်နှင့် ဂျပန်) က တိုက်ရာပါပစ္စည်းကို ခွဲဝေယူကြသည်။

## (၃)

ဂျာမဏီ ဘုရင့်သမ္မတနိုင်ငံက ချုပ်ခိုင်းသဖြင့် ချုပ်ဆိုခဲ့ရသော ဘရက်စ်–လစ်တော့ဖ်(**Brest-Litovsk)** ငြိမ်းချမ်းရေးစာချုပ်၊ အဲဒီနောက်မှာ “ဒီမိုကရေစီ” သမ္မတနိုင်ငံများ ဖြစ်ကြသည့် အမေရိကန်၊ ပြင်သစ်နှင့် “လွတ်လပ်သော”အင်္ဂလန်တို့က ချုပ်ခိုင်းသဖြင့် ချုပ်ဆိုခဲ့ရသော ဗိုမိုရက်စက်ပြီး စက်ဆုတ်ဖွယ်ရာကောင်းသည့် ဗာဆေးစာချုပ်တို့သည် လူသားများအား အကောင်းဆုံး အကျိုးပြုခဲ့သည်။ အကျိုးပြုပုံ ပြုနည်းမှာ ကိုယ့်ကိုယ်ကို ပြေငြိမ်းရေးဝါဒီများ၊ ဆိုရှယ်လစ်များဟု ဆိုပြီး“ဝီလ်ဆင်ဝါဒ”* ကို ဘုန်းတော်ဘွဲ့သီကျူးနေကာ နယ်ချဲ့စနစ်အောက်တွင် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးများ ဖြစ်နိုင်သည်ဟု ဆိုနေကြသည့် နယ်ချဲ့စနစ်နှင့် ဓနရှင်ပေါက်စ ဖောက်ပြန် ရေးသမားများ၏ ကလောင်နဲ့ အခစားကူလီများကို ဖွင့်ချခြင်းပင် ဖြစ်သည်။

ဗြိတိန်လော၊ ဂျာမဏီလော၊ မည်သည့်ဘဏ္ဍာရေး ဓားပြအစုက တိုက်ရာပါပစ္စည်း အများဆုံးကို ရသင့်ကြောင်း ဆုံးဖြတ်သည့်စစ်ပွဲက ချန်ထားခဲ့သော သေဆုံးသူ၊ ဒုက္ခိတ ကုဋေပေါင်းများစွာနဲ့ အဆိုပါ “ငြိမ်းချမ်းရေး စာချုပ်” တို့သည် ဓနရှင်လူတန်းစား၏ နင်းချေမှု၊ ဖိနှိပ်မှု၊ လိမ်ညာမှု၊ လှည့်ဖြားမှုတို့ကို မကြုံ

---

*** ၁၉၁၃ မှ ၁၉၂၁ ခုနှစ်အထိ အမေရိကန်နိုင်ငံ သမ္မတ ဖြစ်ခဲ့သော တောမတ်စ်ဝုဒ်ရိုး ဝီလဆင်၏ သဘောထားကို ရည်ညွှန်းခြင်း ဖြစ်သည်။ ၎င်းသည် ပထမကမ္ဘာစစ်တွင် လူနပ်ချမ်းသာလုပ်ကာ ရှောင်နေပြီး နောက်တွင်မှ စိတ်မပါ့ တပါဖြင့် ဂျာမဏီကို စစ်ကြေညာခဲ့ရသည်။ (ဘာသာပြန်သူ)**

စဖူးသော လျှင်မြန်မှုဖြင့်မြင်လာရန် ကုဋေပေါင်းများစွာသော လူများကို နားမျက်စိ ဖွင့်ပေးခဲ့သည်။ သို့ကြောင့် စစ်ကြောင့် ဖြစ်ပေါ်လာသော တလောကလုံး ပျက်စီးယိုယွင်းမှုထဲမှနေ၍ ကမ္ဘာနှင့်အဝန်း တော်လှန်ရေးအခြေအနေကြီး ပေါ်ပေါက်လာခဲ့သည်။ ယင်းသည် မည်မျှ ရှည်ကြာခက်ခဲလင့်ကစား ပစ္စည်းမဲ့ တော်လှန်ရေး အောင်ပွဲခံမှုတို့နှင့် အဆုံးသတ်ခြင်းမှတပါး အခြား မဖြစ်နိုင်ချေ။

(၄)

ဤစာတမ်းတွင် "ကောက်စကီဝါဒ""အကျော်ကြားဆုံးသော သဘောတရားရေးဆရာများ"၏ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးတွင် ၎င်းတို့ကို ကိုယ်စားပြုသော နိုင်ငံတကာ့သဘောတရား အယူအဆနှင့် ဒုတိယ အင်တာနေရှင်နယ်၏ ခေါင်းဆောင်များ(ဩစတြီးယားတွင် အော့တိုဘောဝါး(**Otto Bouer**)နှင့် အပေါင်းပါများ၊ အင်္ဂလန်တွင် ရမ်းဆေး မက်ဒေါ်(**Ramsay MacDonald**) နယ်နှင့် အခြားလူပုဂ္ဂိုလ်များ၊ ပြင်သစ်တွင် အဲလ်ဘတ်တောမတ်စ် (**Albert Thomas**) စသည်စသည်တို့အပြင် ဆိုရှယ်လစ်ဝါဒီ၊ ပြုပြင် ရေးဝါဒီ၊ ပြေငြိမ်းရေးဝါဒီ၊ ဓနရှင်ဒီမိုကရက်၊ ဘာသာရေး တရားဟောဆရာ စသည့် သဗ္ဗနံပေါင်းစုံတို့ကို အထူးဂရုပြုဝေဖန်တိုက်ခိုက်ထားသည်။)

ဤသဘောတရား အယူအဆသည် တဖက်တွင် ဒုတိယအင်တာနေရှင်နယ် ပြိုကွဲမှုနှင့် ဆွေးမြေ့မှုတို့၏ ရလဒ် ဖြစ်ပြီး တဖက်တွင်မူ ဓနရှင်ပေါက်စအယူအဆ၏ မရှောင်မလွှဲနိုင်သော အသီးအပွင့် ဖြစ်သည်။ ဤဓနရှင် ပေါက်စလူတန်းစားမှာ သူတို့၏ ဘဝအခြေအနေတခုလုံးအရ ဓနရှင်နှင့် ဒီမိုကရက်တစ် အစွဲအလမ်းများ စွဲကပ်နေကြသည်။

ကောက်စကီ (**Kautsky**) နှင့် သူ့လိုပုဂ္ဂိုလ်များ ကိုင်စွဲသောအမြင်များမှာ ဆယ်စုနှစ်ပေါင်းများစွာ ကောက်စကီ ကျွမ်းကျင်ပိုင်နိုင်ခဲ့သော အထူးသဖြင့် (ဘန်းစတိန်း (**Bernstein**) မီလာရန်း(**Millerand**) ဟင်ဒမန် (**Hyndman**) ဂွမ်ပါ (**Gomper**) စသူတို့၏) ဆိုရှယ်လစ်အချောင်ဝါဒကို တိုက်ခိုက်သည့် လမ်းကြောင်းပေါ်တွင် သူ ကျွမ်းကျင်ပိုင်နိုင်ခဲ့သော မာ့က်စ်ဝါဒ၏ တော်လှန်ရေးမှုများကိုပင် လုံးဝ ငြင်းပယ်ပစ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ယခုအခါ၌ တကမ္ဘာလုံးရှိ "ကောက်စကီဝါဒီများ" သည် အလွန်အကျွံ အချောင်ဝါဒီများ(ဒုတိယအင်တာနေရှင်နယ်(ဝါ) အဝါရောင် အင်တာနေရှင်နယ်မှတဆင့်) ဓနရှင်အစိုးရများ (ဆိုရှယ်လစ်များ ပါဝင်သော ဓနရှင်ပူးပေါင်းရေး အစိုးရများမှတဆင့်) နှင့် လက်တွဲပြီး လက်တွေ့နိုင်ငံရေးလုပ်ငန်းတွင် ပါဝင်နေကြသည်။

ကြီးထွားလာနေသော ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးတခုလုံး အထူးသဖြင့် ကွန်မြူနစ်လှုပ်ရှားမှုတွင် "ကောက်စကီဝါဒ"၏ သဘောတရားရေးအမှားများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖွင့်ချခြင်းတို့ မပါ၍မဖြစ်ချေ။ ကောက်စကီနှင့် အပေါင်းပါများတို့လို လူတွေက နယ်ချဲ့စနစ်ရဲ့ ပဋိပက္ခများနက်ရှိုင်းမှု၊ ယင်းမှနေ၍ မလွှဲမသွေပင် ပေါ်ပေါက်လာမည့် တော်လှန်ရေးအခြေအနေတို့ကို ဖုံးကွယ်ရန် ကြိုးစားကြသလိုပင် မာ့က်စ်ဝါဒနှင့် မည်သို့မျှ မပတ်သက်သော ပြေငြိမ်းရေးဝါဒနှင့် ယေဘုယျ"ဒီမိုကရေစီ" တို့ တကမ္ဘာလုံးတွင် အလွန်အမင်း ကျယ်ပြန့်လာမှုကြောင့်ပင် အထက်ပါကဲ့သို့ ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖွင့်ချခြင်းများ ပို၍ပြုလုပ်သင့်ပေသည်။ လှည့်ဖြားခြင်းခံရသော လုပ်ငန်းရှင်ကလေးများနှင့် အနည်းနဲ့အများဆိုသလို ဓနရှင်ပေါက်စဘဝ အခြေအနေမျိုးအောက်တွင် ထားရှိခြင်းခံနေရသည့် သန်းပေါင်းများစွာသော လုပ်သားများ၏ ထောက်ခံမှုကို ရယူမည်ဖြစ်သည့် ပစ္စည်းမဲ့လူတန်းစားအဖို့ ယင်းတိမ်းညွှတ် မှုကို တိုက်ပွဲဝင်ရန်မှာ ဘဝပေးတာဝန်ပင် ဖြစ်သည်။

## (၅)

"အရင်းရှင်စနစ်၏ ကပ်ပါးလက္ခဏာဆောင်မှုနှင့် ယိုယွင်းပျက်စီးမှု" ဟု ခေါင်းစဉ်တပ်ထားသည့် အခန်း(၈) နှင့် ပတ်သက်ပြီး အနည်းငယ် ပြောလိုသည်။ ယခုအခါတွင် ကောက်စကီ၏ ရဲဘော်ရဲဘက်နှင့် လွတ်လပ်သော ဂျာမဏီ ဆိုရှယ်ဒီမိုကရေစီပါတီ၏ ခေါင်းဆောင်များနှင့် ... နေရှင်ပြုပြင်ရေးပေါ်လစီကို အဓိက တင်သွင်းသူတဦး ဖြစ်သည့် မာ့က်စ်ဝါဒီ ဖြစ်ခဲ့ဖူးသူ ဟီလ်ဖာဒင်း (Hilferding) သည် စာကိုယ်တွင် ထောက်ပြထားသကဲ့သို့ပင် ဖြောင်ကျသော ပြေငြိမ်းရေးဝါဒီနှင့် ပြုပြင်ရေးသမား ဖြစ်သူ အင်္ဂလိပ်လူမျိုး ဟော့ဘ်ဆင် (Hobson) နှင့် နှိုင်းစာလျှင် ဤပြဿနာတွင် ခြေတလှမ်း နောက်သို့ပိုဆုတ်သွားပေသည်။ ကမ္ဘာ့အလုပ်သမားလူတန်းစား လှုပ်ရှားမှုတခုလုံး ကွဲတော့မည်ဆိုသည်မှာ ယခုအခါ အတော်ရှင်းနေပေပြီ။ (ဒုတိယနှင့် တတိယ အင်တာနေရှင်နယ်)။ ဤအယူအဆနှစ်ခုအကြား လက်နက်ကိုင်တိုက်ပွဲနှင့် ပြည်တွင်းစစ် ဖြစ်နေပြီ ဆိုသည်မှာလည်း မြင်သာနေပြီ။ ဆိုလိုသည်မှာ ရုရှားနိုင်ငံတွင် မင်ရှီဗစ်များနှင့် "ဆိုရှယ်လစ်တော်လှန်ရေးသမားများ" က ကောလ်ချတ် (Kolchak) နှင့် ဒင်နီကင် (Denikin) တို့အား ဘော်ရှီဗစ်များကို တိုက်ခိုက်ရာတွင် ကူညီခြင်း၊ ဂျာမဏီနိုင်ငံတွင် စပါတကပ်စ် ပါတီဝင်များအား တိုက်ခိုက်ရန် ရှိုင်းဒမန်း (Scheidemanns) နော့က (Noskes)နှင့် အပေါင်းအပါများက ဓနရှင်များနှင့် ဆက်သွယ်လုပ်ဆောင်ခြင်း၊ ဖင်လန်၊ ပိုလန်၊ ဟန်ဂေရီ၊ တို့တွင် အလားတူကိစ္စများ စသည်တို့ ဖြစ်သည်။ ဤကမ္ဘာ့သမိုင်းလက္ခဏာဆောင်သော နိယာမတရား၏ စီးပွားရေး အခြေခံမှာ အဘယ်နည်း။

အတိအကျပြောရလျှင် အရင်းရှင်စနစ်ဖြစ်ပေါ်တိုးပွားမှု၏ အမြင့်မားဆုံးအဆင့် ဆိုလိုသည်မှာ နယ်ချဲ့စနစ်တွင် ပေါ်လွင်ထင်ရှားသည့် လက္ခဏာဖြစ်သည့် ကပ်ပါးလက္ခဏာဆောင်မှုနှင့် ယိုယွင်းပျက်စီးမှုပင် ဖြစ်သည်။ ဤစာတမ်းတွင် သက်သေပြခဲ့သကဲ့သို့ပင် အရင်းရှင်စနစ်သည် တကမ္ဘာလုံး အား"ကူပွန်ဖြတ်ခြင်း"*ဖြင့်သာလျှင် လုယက်သော လက်တဆုပ်စာ(ကမ္ဘာ့လူဦးရေ၏ ၁၀ ပုံ ၁ ပုံထက်ပင် နည်းသည်။) အလွန်အမင်းချမ်းသာပြီး အားကြီးသောနိုင်ငံတို့ကို ရွေးချယ်ဖော်ထုတ်ခဲ့သည်။ စစ်မဖြစ်မီက ဓနရှင်စာရင်းဇယားများအရ အရင်းတင်ပို့မှုသည် နှစ်စဉ် ဖရန့်ငွေ ကုဋေ(၈၀၀) မှ (၁၀၀၀) အထိ ဝင်ငွေရရှိပေသည်။ ယခုဆိုလျှင် သည့်ထက် ပိုပေတော့မည်။

ထင်ရှားစွာပင် ဤများပြားလှသော အထူးအမြတ်အစွန်းများ(ဤအမြတ်အစွန်းများကို အရင်းရှင်များသည် "ကိုယ့်" နိုင်ငံရှိ အလုပ်သမားများအား ညှစ်ထုတ်ယူထားသော အမြတ်အစွန်းများအပြင် ရရှိခြင်း သို့မဟုတ် ထပ်ဆင့်ရရှိထားခြင်း ဖြစ်သည်။) မှနေ၍ လုပ်သားခေါင်းဆောင်များနှင့် လုပ်သားမင်းညီမင်းသား အထက်လွှာကို လာဘ်ထိုးနိုင်စေခဲ့သည်။ "ရှေ့တန်းရောက်သော"နိုင်ငံများမှ အရင်းရှင်များကလည်း လာဘ်ထိုးနေကြသည်။ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍၊ ဖြောင် သို့မဟုတ် လျှို့ဝှက်၍ နည်းမျိုးပေါင်း သောင်းခြောက်ထောင်ဖြင့် လာဘ်ထိုးနေပေသည်။ သူတို့၏ နေထိုင်ပုံစံအရ၊ ဝင်ငွေအရ၊ လောကအမြင်တခုလုံးအရ နလပိန်းတုံးနိုင်လှသော ဤဓနရှင် ပုံသွင်းထားသည့် အလုပ်သမားများ သို့မဟုတ် "လုပ်သားမင်းညီမင်းသားများ" သည် ဒုတိယအင်တာနေရှင်နယ်၏ အဓိက ဒေါက်တိုင်ဖြစ်သည်။ နောက်ပြီး ကျွန်ုပ်တို့ခေတ်တွင် ဓနရှင်လူတန်းစား၏ အဓိကကျသော လူမှုရေး (စစ်ရေးမဟုတ်) ဒေါက်တိုင်ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့သည် အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်းရှိ ဓနရှင်လူတန်းစား၏ တကယ့်သူလျှိုများ၊ အရင်းရှင်လူတန်းစား၏ လုပ်သားလက်ထောက်များ၊ ပြုပြင်ရေးဝါဒနှင့် ရှော်ဗင်ဝါဒတို့အတွက်

* စတော့ရှယ်ယာ ရောင်းဝယ်မှုကို ဆိုလိုသည်။ (ဘာသာပြန်သူ)

တကယ့်လမ်းကြောင်းများ ဖြစ်သောကြောင့်ပင်။ ပစ္စည်းမဲ့လူတန်းစားနှင့် ဓနရှင်လူတန်းစားတို့ကြားမှ ပြည်တွင်းစစ်တွင် မုချပင် သူတို့သည် မနည်းလှသောအရေအတွက်ဖြင့် ဓနရှင်လူတန်းစားဘက်က ရပ်တည်ကြသည်။ "ကွန်မြူးနာ့ဒ်"Communards) များအား တိုက်ခိုက်သော"ဗာဆိုင်းလ်" မြို့သား* တွေ ဖြစ်ခဲ့ကြသည်။

ဤနိယာမတရား၏ စီးပွားရေးဇာစ်မြစ်များကို နားမလည်ဘူး၊ ယင်း၏နိုင်ငံရေးနှင့် လူမှုရေးအရ အရေးပါမှုကို မသုံးသပ်နိုင်ဘူးဆိုလျှင် ကွန်မြူနစ်လှုပ်ရှားမှုနှင့် နီးကပ်နေသော လူမှုတော်လှန်ရေးတို့၏ လက်တွေ့ပြဿနာများကို ဖြေရှင်းရေးအတွက် ခြေတလှမ်းမှ လှမ်းနိုင်မည်မဟုတ်ချေ။

နယ်ချဲ့စနစ်သည် ပစ္စည်းမဲ့လူတန်းစား လူမှုတော်လှန်ရေး၏ အကြိုဖြစ်သည်။ ဤသည်ကို ၁၉၁၇ ခုနှစ်မှ စ၍ ကမ္ဘာ့အတိုင်းအတာအရ အတည်ပြုခဲ့ပေပြီ။

**အင်န်လီနင်။ ၁၉၂၀ ဂျူလိုင် ၆**

---

** ၁၈၇၁ ခုနှစ် ပဲရစ်ဘုံအဖွဲ့ တော်လှန်ရေးတွင် တော်လှန်ရေးသမားများအား ကွန်မြူးနာ့ဒ်(ဘုံအဖွဲ့ဝါဒီဟု ခေါ်ကြ၍ ဤသည်နှင့် ဆန့်ကျင်ဘက်ရှိ ဖောက်ပြန်သောတပ်များအား"ဗာဆိုင်းမြို့သားများ"(ဗာဆိုင်းမြို့ကို အခြေခံပြီး ပြန်တိုက်ခြင်းဖြစ်သဖြင့်) ဟု ခေါ် ကြသည်။ (ဘာသာပြန်သူ)

ဗွီ ႉ အိုင်ႉ လီနင်

# အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့်ဖြစ်သော နယ်ချဲ့စနစ်

ပြီးခဲ့သည့် ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ် အထူးသဖြင့် စပိန်–အမေရိကန်စစ်ပွဲ (၁၈၉၈) ခုနှင့် အင်္ဂလိပ်ဘိုးဝါးစစ်ပွဲ(၁၈၉၉–၁၉၀၂) ခုတို့ နောက်ပိုင်း၌ ကမ္ဘာ့မြောက်ခြမ်းရော တောင်ခြမ်းရောမှ စီးပွားရေးနှင့် နိုင်ငံရေးစာပေတို့မှာ မျက်မှောက်ခေတ်အား ဖော်ပြရာတွင် "နယ်ချဲ့စနစ်" ဆိုသော အသုံးအနှုန်းကို ပို၍ပို၍ သုံးစွဲလာကြသည်။ ၁၉၀၂ ခုနှစ်တွင် အင်္ဂလိပ်ဘောဂဗေဒပညာရှင် ဂျေ၊ အေ ဟော့ဘ်ဆင်၏"<u>နယ်ချဲ့စနစ်</u>" စာအုပ်ကို လန်ဒန်နှင့် နယူးယောက်တွင် ထုတ်ဝေခဲ့သည်။ ဤစာရေးဆရာ၏ကြည့်မြင်မှုသည် မာ့က်စ်ဝါဒီဖြစ်ခဲ့ဖူးသူ ကားလ်ကောက်စကီ **(Karl Kautsky)** ၏ ကြည့်မြင်မှုနှင့် အနှစ်သာရအရ ထပ်တူဖြစ်သော ခေတ်ရှင်ဆိုရှယ်ပြုပြင်ရေးနှင့် ပြေငြိမ်းရေးဝါဒ ဖြစ်သည်။ သူသည် နယ်ချဲ့စနစ်ရဲ့ အဓိကကျသော စီးပွားရေးနှင့် နိုင်ငံရေးတို့၏ တကယ့်သွင်ပြင်လက္ခဏာများကို အင်မတန် ကောင်းမွန်စွာ ခြုံငုံပြီး သရုပ်ဖော်ပြခဲ့ပေသည်။ ၁၉၁၀ ခုနှစ်တွင် ဗီယင်နာမြို့တော်၌ ဩစတြီးယားနိုင်ငံသား မာ့က်စ်ဝါဒီဖြစ်သည့် ရူးဒေါ့ဖ် ဟီလ်ဖားဒင်း **(Rudolf Hilferding)** ၏ <u>ဘဏ္ဍာအရင်း</u>(၁၉၁၂ ခုနှစ်တွင် မော်စကို၌ ရုရှားဘာသာဖြင့် ထုတ်ဝေခဲ့) ကျမ်းထွက်လာသည်။ ထိုစာရေးသူအနေဖြင့် အသပြာနှင့်ပတ်သက်သော သဘောတရားတွင် မှားယွင်းခြင်း၊ မာ့က်စ်ဝါဒနှင့် အချောင်ဝါဒတို့ကို စေ့စပ်လိုမှု တစုံတရာရှိခြင်း၊ စသည်တို့ ရှိနေလင့်ကစား ဤကျမ်းသည် စာအုပ်၏ဒုတိယခေါင်းစီးဖြစ်သည့် "အရင်းရှင်စနစ်ဖြစ်ပေါ်တိုးပွားမှု၏ နောက်ဆုံးပေါ် အဆင့်"နှင့် ပတ်သက်ပြီး အဖိုးတန်သော သဘောတရားအရ ခွဲခြမ်းစိတ်ဖြာမှုများ ပါရှိခဲ့သည်။ အမှန်ပဲ ပြီးခဲ့သည့် နှစ် အနည်းငယ်အတွင်း နယ်ချဲ့စနစ်နှင့်ပတ်သက်ပြီး ပြောဆိုရေးသားမှုများ အထူးသဖြင့် များပြားလှသော မဂ္ဂဇင်းနှင့် သတင်းစာဆောင်းပါးများ၊ ၁၉၁၂ ခု ဆောင်းဦးတွင် ကျင်းပခဲ့သော <u>ချမ်နစ္ဇ္ကွန်ဂရက်နှင့် ဘာဆယ်လ်ကွန်ဂရက်</u> **(Chemnitz and Basle congress)** တို့မှ ဆုံးဖြတ်ချက်များသည် အထက်ဖော်ပြပါ စာရေးဆရာနှစ်ဦး၏ ဖွင့်ဆိုချက်၊ ပို၍တိကျစွာဆိုရလျှင် ပေါင်းရုံးနိဂုံးချုပ်ချက်ထက် သာခဲလှပေသည်။...

နောက်ပိုင်းတွင် နယ်ချဲ့စနစ်၏ <u>အဓိက</u> စီးပွားရေးအသွင်လက္ခဏာများအကြား ဆက်သွယ်မှု၊ ဆက်စပ်မှု အကြောင်းတို့ကို အကျဉ်းရုံးပြီး လွယ်ကူနိုင်သမျှ လွယ်ကူအောင် ပြသသွားမည်။ ဤပြသနာ၏ စီးပွားရေးမဟုတ်သော ဘက်များကိုမူ ကိုင်တွယ်ဖြေရှင်းရန် အင်မတန်လိုအပ်လင့်ကစား ကိုင်တွယ်ဖြေရှင်းနိုင်တော့မည် မဟုတ်ချေ။ စာဖတ်သူအားလုံးအား စိတ်ဝင်စားကောင်းမှ စိတ်ဝင်စားစေမည်ဖြစ်သည့် စာအုပ်ညွှန်းများနှင့် အခြားမှတ်စုများကို ဤစာတမ်း၏အဆုံးသို့ ပို့လိုက်ပါသည်။ *

---

* **ဤစာစောင်တွင်မူ အောက်ခြေမှတ်စုများဖြင့် ဖော်ပြထားသည်။**

## ၁။ ထုတ်လုပ်မှု စုပြုံခြင်းနှင့် လက်ဝါးကြီးအုပ်များ

စက်မှုလုပ်ငန်း အလွန်အမင်းကြီးထွားလာခြင်းနှင့် ပိုမိုကြီးမားလာနေသော လုပ်ငန်းကိုင်ငန်းများတွင် ထုတ်လုပ်မှုစုပြုံလာခြင်းတို့သည် အရင်းရှင်စနစ်၏ အသိသာအထင်ရှားဆုံးသော လက္ခဏာများအနက်မှ တခုဖြစ်သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်ပြီး ခေတ်သစ်ထုတ်လုပ်မှု ကိန်းဂဏန်းများက အပြည့်စုံဆုံးနှင့် အတိကျဆုံးသော စာရင်းဇယားများ ထုတ်ပေးခဲ့သည်။

ဥပမာအားဖြင့် ဂျာမဏီနိုင်ငံတွင် စက်မှုလုပ်ငန်း ၁၀၀၀ အနက် လုပ်ငန်းကိုင်ငန်းကြီး(အလုပ်သမား ၅၀ အ ထက်ရှိသော) ပေါင်းမှာ ၁၈၈၂ ခုနှစ်တွင် ၃ ခုရှိရာမှ ၁၈၉၅ ခုနှစ်တွင် ၆ ခုနှင့် ၁၉၀၇ ခုနှစ်တွင် ၉ ခု ရှိလာခဲ့သည်။ နောက်ပြီး အလုပ်ပေးထားသော အလုပ်သမား ၁၀၀ အနက် ဤလုပ်ငန်းကိုင်ငန်းကြီးများက ပေးထားသည့် အရေအတွက်မှာ ၁၈၈၂ ခုတွင် ၂၂ ဦး၊ ၁၈၉၅ ခုနှစ်တွင် ၃၀ ဦးနှင့် ၁၉၀၇ ခုနှစ်တွင် ၃၇ ဦး ရှိသည်။ သို့သော် ထုတ်လုပ်မှုစုပြုံမှုမှာ အလုပ်သမားစုပြုံမှုထက် ပိုပြီး သိပ်သည်းသည်။ အကြောင်းမှာ လုပ်ငန်းကိုင်ငန်းကြီးများရှိ လုပ်သားမှာ ပိုမိုထုတ်လုပ်နိုင်စွမ်းရှိသောကြောင့် ဖြစ်သည်။ ဤသည်ကို ရေနွေးငွေ့စက်ခေါင်းနှင့် လျှပ်စစ်မော်တာ အရေအတွက် ကိန်းဂဏန်းများက ပြသသည်။ ဂျာမဏီမှ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး စသည်တို့ပါဝင်သော ပိုမို အဓိပ္ပာယ်ကျယ်ပြန့်သည့် စက်မှုလုပ်ငန်းကို ကြည့်ကြပါစို့။ လုပ်ငန်းစုစုပေါင်း ၃,၂၆၅,၆၂၃ ခုအနက် အကြီးစား လုပ်ငန်းကိုင်ငန်းပေါင်းမှာ ၃၀,၅၈၈ ရှိသည်။ ၀. ၉ ％ ဖြစ်သည်။ ခန့်ထားသော အလုပ်သမားပေါင်း ၁၄,၄၀၁,၀၀၀ အနက် ဤလုပ်ငန်းကိုင်ငန်းကြီးများတွင် ၅,၇၀၀,၀၀၀ ရှိသည်။ ၃၉.၄ ％ ဖြစ်သည်။ ၎င်းတို့သည် စုစုပေါင်း သုံးစွဲသည့် ရေနွေးငွေ့ မြင်းကောင်ရေအား ၈,၀၀၀,၀၀၀ အနက် ၆,၆၀၀,၀၀၀ ကို သုံးသည်။ ၇၅.၃％ ဖြစ်သည်။ လျှပ်စစ်အား စုစုပေါင်း ကီလိုဝပ် ၁,၅၀၀,၀၀၀ အနက် ကီလိုဝပ် ၁,၂၀၀,၀၀၀ ကို သုံးသည်။ ၇၇.၂％ ဖြစ်သည်။

လုပ်ငန်းကိုင်ငန်းအားလုံး၏ တရာပုံတပုံထက်နည်းသော လုပ်ငန်းတွေက ရေနွေးငွေ့နှင့် လျှပ်စစ်စွမ်းအင် စုစုပေါင်း၏ လေးပုံသုံးပုံကျော်ကို အသုံးပြုခြင်းပါတကား။ ၉၁％ မျှသော (အလုပ်သမား ငါးယောက်နှင့်အောက်ရှိ) သည့် လုပ်ငန်းကလေးပေါင်း ၂,၉၇၀,၀၀၀ တို့က ရေနွေးငွေ့နှင့် လျှပ်စစ်စွမ်းအင်စုစုပေါင်း၏ ၇％ ကိုသာ အသုံးပြုခြင်းပါတကား။ သောင်းဂဏန်းမျှသော လုပ်ငန်းကြီးများက အရာရာကို စိုးမိုးနေပြီး သန်းနှင့်ချီသော လုပ်ငန်းကလေးများမှာ ပမာမထားလောက်တော့ချေ။

၁၉၀၇ ခုနှစ်က ဂျာမဏီတွင် အလုပ်သမားတထောင်နှင့်အထက်ရှိသော လုပ်ငန်းကြီးပေါင်း ၅၈၆ ရှိပြီး ၎င်းတို့သည် စက်မှုလုပ်ငန်းတွင်ပါဝင်သော အလုပ်သမားအားလုံး၏ ဆယ်ပုံတပုံနီးပါး(၁,၃၈၀,၀၀၀)နှင့် ညီမျှပြီး ရေနွေးငွေ့နှင့် လျှပ်စစ်စွမ်းအင်စုစုပေါင်း၏ သုံးပုံတပုံနီးပါးမျှ (၃၂％) ကို အသုံးပြုသည်။* အသပြာအရင်းနှင့် ဘဏ်တိုက်များသည် ဤလက်တဆုပ်စာမျှသော အကြီးဆုံးလုပ်ငန်းကြီးများ၏ သာလွန်မှုကို ပိုမိုများပြားကျယ်ပြန့်လာနိုင်စေကြောင်း အတိအကျပင် ကျွန်ုပ်တို့တွေ့ကြရပေမည်။ ဆိုလိုသည်မှာ တကယ့်တကယ်ကျတော့ သန်းပေါင်းများစွာသော အငယ်စား၊ အလတ်စား လုပ်ငန်းများသာမက "ဆရာကြီး များ" သည်ပင်လျှင် ရာဂဏန်းမျှသော သန်းကြွယ်ဘဏ္ဍာပဂေးကြီးများ၏ လုံးဝချုပ်ကိုင်မှုကို ခံနေကြရပေသည်။

ခေတ်သစ်အရင်းရှင်ဝါဒ၏ နောက်ထပ်ရှေ့တန်းရောက် နိုင်ငံတခုဖြစ်သည့် အမေရိကန်တွင် ထုတ်လုပ်မှုစုပြုံခြင်း ကြီးထွားမှုမှာ ပို၍ပင် အရှိန်အဟုန် ကြီးမားပေသေးသည်။ ဤနေရာတွင် စာရင်းဇယားများသည် စက်မှုလုပ်ငန်းဆိုသည်ကို ကျဉ်းမြောင်းသောအဓိပ္ပာယ်ဖြင့် အနက်ဖွင့်ထားပြီး လုပ်ငန်းများကို ယင်းတို့၏ နှစ်စဉ်ထုတ်လုပ်မှုတန်ဖိုးအလိုက် ပိုင်းခြားထားသည်။ ၁၉၀၄ ခုနှစ်တွင် ထုတ်ကုန်တန်ဖိုး ဒေါ်လာ တသန်းနှင့်အထက် ရှိသည့် အကြီးစားလုပ်ငန်းကိုင်ငန်းကြီးများ၏ အရေအတွက်မှာ ၁၉၀၀ (စုစုပေါင်း ၂၁၆,၁၈၀ ထဲမှ ဖြစ်သည်။ ၀.၉％ ရှိသည်။) ရှိသည်။ ဤလုပ်ငန်းကိုင်ငန်းကြီးများက အလုပ်သမား ၁,၄၀၀,၀၀၀

---

* ဂျာမနီလွှတ်တော်နှစ်ချုပ်(၁၉၁၁ ခု) ထဲမှ ကိန်းဂဏန်းများ ဖြစ်သည်။

(စုစုပေါင်း ၅,၅၀၀,၀၀၀ ထဲမှ ဖြစ်သည်။ ၂၅.၆% ရှိသည်။) ကို အလုပ်ပေးထားပြီး ထုတ်ကုန်တန်ဖိုးမှာ ဒေါ်လာ ၅,၅၀၀,၀၀၀,၀၀၀(စုစုပေါင်း ဒေါ်လာ ၁၄,၈၀၀,၀၀၀,၀၀၀ ထဲမှ ဖြစ်သည်။ ၃၈% ရှိသည်။) ဖြစ်သည်။ ငါးနှစ်ကြာသော ၁၉၀၉ ခုနှစ်၌ အထက်ပါ ကိန်းဂဏန်းများမှာ ဤသို့ဖြစ်လာသည်။ လုပ်ငန်းကိုင် ငန်းကြီး အရေအတွက်မှာ ၃,ဝ၆၀ ခု(စုစုပေါင်း ၂၆၈,၄၉၁ ထဲမှ ဖြစ်ပြီး ၁.၁% ရှိသည်။) အလုပ်သမား ဦးရေမှာ ၂,၀၀၀,၀၀၀ (စုစုပေါင်း ၆,၆၀၀,၀၀၀ ထဲမှ ဖြစ်ပြီး ၃၀.၅% ရှိသည်။) ထုတ်ကုန်တန်ဖိုးမှာ ဒေါ်လာ ၉,၀၀၀,၀၀၀, ၀၀၀(စုစုပေါင်း ဒေါ်လာ ၂၀,၇၀၀,၀၀၀,၀၀၀ ဖြစ်ပြီး ၄၃.၈% ရှိသည်။)*

လုပ်ငန်းကိုင်ငန်းအားလုံး၏ စုစုပေါင်းထုတ်လုပ်မှုထဲမှာ တဝက်ခန့်ကို တရာပုံတပုံမျှသော လုပ်ငန်းများက ထုတ်လုပ်ခြင်းပါတကား။ ဤရောမလုပ်ငန်းကိုင်ငန်းကြီး ၃,၀၀၀ တို့က စက်မှုလုပ်ငန်းခွဲပေါင်း ၂၅၈ ခုကို လွှမ်းခြုံထားသည်။ ဤအချက်မှတွေ့နိုင်သည်မှာ စုပြုံမှုကိုယ်တိုင်ပင်လျှင် အဆင့်တဆင့်သို့ ရောက်သောအခါတွင် လက်ဝါးကြီးအုပ်မှုဆီသို့ ရောက်ရှိသွားတော့သည်။ အကြောင်းမှာ ရောမလုပ်ငန်း ကိုင်ငန်းကြီး နှစ်ဆယ်အစိတ်ဆိုသည်မှာ အလွယ်တကူပင် သဘောတူညီချက်ရရှိနိုင်ကြပြီး တဖက်တွင်မူ ယှဉ်ပြိုင်မှုအတွက် အတားအဆီးဖြစ်သည့် လက်ဝါးကြီးအုပ်မှုဆီသို့ တိမ်းညွတ်မှုမှာမူ လုပ်ငန်းကိုင်ငန်းများ၏ အရွယ်ပမာဏအရပင် ပေါ်ပေါက်လာပေသည်။ ပြိုင်ဆိုင်မှုမှ လက်ဝါးကြီးအုပ်မှုသို့ ကူးပြောင်းမှုဆိုသည်မှာ ခေတ်သစ်အရင်းရှင်စီးပွားရေးနိယာမ၏ အရေးကြီးဆုံးအချက်တချက် (တခုတည်းသော အရေးအကြီးဆုံးအချက်ဟု မဆိုနိုင်စေကာမူ) ဖြစ်ပြီး ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ပိုမိုအသေးစိတ်ကျစွာ သုံးသပ်လေ့လာရမည်။ သို့သော် ဦးစွာအားဖြင့် ပေါ်ပေါက်လေ့ရှိသော နားလည်ချက်မှားယွင်းမှု တခုကို ရှင်းပစ်ကြပါဦးစို့။

အမေရိကန်စာရင်းဇယားများက စက်မှုလုပ်ငန်းခွဲ ၂၅၈ တွင် လုပ်ငန်းကိုင်ငန်းကြီး ၃၀၀၀ က လုပ်နေသည်ဟု ဆိုသည်။ လုပ်ငန်းခွဲတခုစီအတွက် လုပ်ငန်းကိုင်ငန်းကြီး တဒါဇင်စီကသာ လုပ်ကိုင်နေသယောင်ယောင်ပင်။

သို့သော် အမှန်မှာ ဤသို့မဟုတ်ချေ။ စက်မှုလုပ်ငန်းခွဲတိုင်းတွင် လုပ်ငန်းကိုင်ငန်းကြီးများ လုပ်နေသည် မဟုတ်ပေ။ ထို့ပြင် အရင်းရှင်စနစ်၏ ဖြစ်ပေါ်တိုးပွားမှုအမြင့်ဆုံးအဆင့်သို့ ရောက်ချိန်တွင် အလွန်အရေးပါသော လက္ခဏာတခုမှာ ထုတ်လုပ်မှုပေါင်းစည်းခြင်း ဆိုသော အရာပင် ဖြစ်သည်။ ဆိုလိုသည်မှာ လုပ်ငန်းတခုတည်းတွင် စက်မှုလုပ်ငန်းအမျိုးမျိုးကို စုထားလိုက်ခြင်း ဖြစ်သည်။ ယင်းသည် ကုန်ကြမ်းများကို ကုန်ချောပြုလုပ်သည့် တဆင့်ပြီးတဆင့် လုပ်ငန်းများ (ဥပမာ – သံရိုင်းမှ သံတုံးများလုပ်ခြင်း၊ သံတုံးမှ သံမဏိအဖြစ် ပြောင်းယူခြင်း၊ နောက်ဖြစ်နိုင်တာက သံမဏိပစ္စည်းများ ထုတ်လုပ်ခြင်း) သို့မဟုတ် အပြန်အလှန် အထောက်အကူပြုသည့်လုပ်ငန်းများ (ဥပမာ – သံတိုသံစများကို အသုံးပြုခြင်း၊ သို့မဟုတ် အပိုထွက်ပစ္စည်းများကို အသုံးပြုခြင်း၊ ထုပ်ပိုးပစ္စည်းများ ထုတ်လုပ်ခြင်း စသည်) ဖြစ်သည်။

ဟီလ်ဖာဒင်းက"ပေါင်းစည်းခြင်းသည် ကုန်သွယ်ရေး၏ အတက်အကျများကို ညှိပစ်လိုက်သည်။ ထို့ကြောင့် ပေါင်းစည်းထားသော လုပ်ငန်းများ၏ အမြတ်နှုန်းကို ပိုပြီး တည်ငြိမ်စေသည်။ ဒုတိယအားဖြင့် ပေါင်းစည်းခြင်းသည် ရောင်းဝယ်မှု၏ အကျိုးသက်ရောက်မှုများကို ပပျောက်စေသည်။ တတိယအားဖြင့် ယင်းသည် နည်းပညာတိုးတက်မှုများ ရရှိစေနိုင်သည့် အကျိုးသက်ရောက်မှု ရှိသည်။ ထို့ကြောင့် ရိုးရိုး (ဆိုလိုတာက ပေါင်းစည်းထားခြင်းမဟုတ်သည့်) လုပ်ငန်းများထက်ပိုသော၊ နောက်ပြီး ထိုလုပ်ငန်းများ မရနိုင်သော အထူးအမြတ်အစွန်းများ ရရှိစေသည်။ စတုတ္ထအားဖြင့် "ရိုးရိုး" လုပ်ငန်းများနှင့်စာလျှင် ပေါင်းစည်းထားသည့် လုပ်ငန်းများ၏ အနေအထားကို ပို၍ ကြံ့ခိုင်စေသည်။ ကုန်ကြမ်းပစ္စည်း ဈေးကျဆင်းမှုနှုန်းက ကုန်ချောပစ္စည်း ဈေးကျဆင်းမှုနှုန်းကို မလိုက်နိုင်သည့် ဆိုးဝါးသော စီးပွားရေးကပ် ဖြစ်ပေါ်သော ကာလများရှိ ပြိုင်ဆိုင်မှုတိုက်ပွဲတွင် ပို၍ ကြံ့ခိုင်စေပေသည်။ "**

---

* အမေရိကန်နိုင်ငံ၏ စာရင်းဇယား ပုံကားချပ်၊ ၁၉၁၂ ခု၊ စာမျက်နှာ ၂၀၂။

** ဟီလ်ဖာဒင်းရေး"အသပြာအရင်း" ရုရှားဘာသာထုတ်ဝေခြင်း၊ စာမျက်နှာ ၂၈၆– ၈၇

ဂျာမဏီပြည် သံစက်မှုလုပ်ငန်း၏"ရောယှက်ထားသည့်" ဆိုလိုသည်မှာ ပေါင်းစည်းထားသည့် လုပ်ငန်းများကို အထူးပြုရေးထားသည့် ဂျာမန်ဓနရှင်ဘောဂဗေဒသမား ဟေးမန်း (Heymann) က "ရိုးရိုး လုပ်ငန်းများ ပျောက်ကွယ်သွားကြသည်။ ယင်းတို့သည် ကုန်ကြမ်းပစ္စည်း ဈေးနှုန်းကြီးမြင့်မှုနှင့် ကုန်ချော ပစ္စည်း ဈေးနှုန်းကျဆင်းမှုအကြား ပွတ်ချေခြင်းခံလိုက်ရ၏" ဟု ရေးခဲ့သည်။ သို့ဖြင့် အောက်ပါအတိုင်း ပုံပေါ်လာတော့သည်။ "တဖက်တွင် နှစ်စဉ် တန်ချိန်သန်းပေါင်းများစွာ ထုတ်လုပ်ပြီး ဆင်ဒီကိတ်အဖြစ် ခိုင်မာစွာ ဖွဲ့စည်းထားသည့် ကျောက်မီးသွေးကုမ္ပဏီကြီးများရှိပြီး တဖက်တွင် ကျောက်မီးသွေးတွင်းများနှင့် နီးကပ်စွာ ဆက်သွယ်နေပြီး ကိုယ်ပိုင်ဆင်ဒီကိတ်ရှိသည့် သံမဏိစက်ရုံကြီးများ ရှိသည်။ နှစ်စဉ် သံမဏိတန်ချိန် ၄၀၀,၀၀၀ ထုတ်လုပ်သော သံရိုင်းနှင့် ကျောက်မီးသွေးထွက်ကုန် အင်မတန်မှများကာ သံမဏိပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီ၏ တန်းလျားများတွင် အလုပ်သမား ၁၀,၀၀၀ ကို နေရာထိုင်ခင်းပေးထားသော၊ တခါတရံ ကိုယ်ပိုင်မီးရထားနှင့် သင်္ဘောဆိပ်များပင် ရှိသော ဤရောမ လုပ်ငန်းကိုင်ငန်းကြီးများသည် ဂျာမဏီနိုင်ငံ သံနှင့်သံမဏိလုပ်ငန်းအား စံကျစွာ ကိုယ်စားပြုနေသူများပင် ဖြစ်တော့သည်။ နောက်ပြီး စုပြုံမှုကိုလည်း ပို၍ပို၍ပင် လုပ်လာသည်။ လုပ်ငန်းကိုင်ငန်းတခုချင်းမှာ ကြီးထွားသထက် ကြီးထွားလာသည်။ စက်မှုလုပ်ငန်းတခု သို့မဟုတ် မတူကွဲပြားသော စက်မှုလုပ်ငန်းအများအပြားတို့တွင် ပို၍ပို၍များပြားသော လုပ်ငန်းကိုင်ငန်းများသည် ဒါဇင်ဝက်မျှသော ဘာလင်ဘဏ်တိုက်၏ ကျောထောက်နောက်ခံပြုမှုဖြင့် ရောမလုပ်ငန်းကိုင်ငန်းကြီးများအဖြစ် စုပေါင်းထားကြသည်။ ဂျာမဏီနိုင်ငံသတ္တုတွင်းလုပ်ငန်းနှင့်ပတ်သက်လျှင် ကားလ်မာ့က်စ်က စုပြုံမှုအကြောင်း သင်ကြားထားချက်များ မှန်ကန်မှုကို သဘာဝကျစွာပင် သက်သေပြပြီးဖြစ်သည်။ ဤအဆိုမှာ အခွန်အကောက်နှင့် သယ်ယူပို့ဆောင်မှုနှုန်းထားတို့ဖြင့် ကာကွယ်ထားသော နိုင်ငံတနိုင်ငံ အတွက် အမှန်ပင် အသုံးတည့်လှသည်။ ဂျာမဏီနိုင်ငံ၏ သတ္တုတွင်းလုပ်ငန်းမှာ လက်ဝါးကြီးအုပ် သိမ်းပိုက်ခံရမှုအတွက် ရင့်မှည့်နေပြီ။" *

အသိရှိသော ဓနရှင် ဘောဂဗေဒသမားတဦးအနေဖြင့် ဤနိဂုံးချုပ်ချက်နှင့် ဤသို့သော ခြွင်းချက်တို့ကိုသာ ရရှိပေလိမ့်မည်။ သူသည် ကြီးမြင့်သည့် အခွန်အကောက်များ၏ ကာကွယ်မှုကို အကြောင်းပြုပြီး ဂျာမဏီနိုင်ငံအား သီးသန့်ကဏ္ဍတွင် ထည့်သွင်းဟန်ရှိသည်ကို သတိပြုရပေမည်။ သို့သော် ဤအချက်အလက်သည် လက်ဝါးကြီးအုပ် ထုတ်လုပ်သူများ၏ ကွန်ဘိုင်းများ၊ ကာတယ်များ၊ ဆင်ဒီကိတ်များ စသည်တို့အဖြစ် စုပြုံခြင်းနှင့် ဖွဲ့စည်းခြင်းကိုသာ ပိုမိုလျင်မြန်စေနိုင်ပေသည်။ အလွန်အရေးကြီးသည့် အချက်တချက်မှာ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှုရှိသည့် အင်္ဂလန်နိုင်ငံတွင် စုပြုံမှုသည်လည်း အချိန်နောက်ကျ၍သော်လည်းကောင်း၊ အခြားသဏ္ဌာန်တရပ်အဖြစ်သော်လည်းကောင်း လက်ဝါးကြီးအုပ်မှုဆီသို့ ရောက်ရှိသွားစေသည်။ ပါမောက္ခ ဟာမန်းလယ်ဗီက (Hermann Levy) ဗြိတိသျှစီးပွားရေး ဖြစ်ပေါ်တိုးပွားမှုဆိုင်ရာ စာရင်းဇယားများအပေါ် အခြေခံသော သူ၏ လက်ဝါးကြီးအုပ်များ၊ ကာတယ်များနှင့် ထရပ်စ်များ ဟု အမည်ပေးထားသည့် အထူးသုတေသန ပြုချက်တစောင်တွင် အောက်ပါအတိုင်း ရေးထားသည်။

"ဗြိတိန်နိုင်ငံတွင် လုပ်ငန်းကိုင်ငန်း၏ အရွယ်ပမာဏနှင့် နည်းပညာအဆင့်မြင့်မှုတို့က လက်ဝါးကြီးအုပ် စိတ်ဓာတ်များ ဖြစ်ပေါ်စေသည်။ ဤသို့ဖြစ်ရသည့် အကြောင်းရင်းတခုမှာ လုပ်ငန်းကိုင်ငန်းတခုစီတွင် ရင်းနှီးမြှုပ်နှံမှုကြီးမားခြင်း၊ ထိုမှနေ၍ အရင်းအနှီးသစ်နှင့် လုပ်ငန်းကိုင်ငန်းသစ်များ တောင်းဆိုလာပြီး သို့ဖြင့် အကောင်အထည်ဖော်ရန် ပိုမို ခက်ခဲလာစေတော့သည်။ ဒါသာမကဘဲ (နောက်ပြီး ဤအချက်မှာ ကျွန်ုပ်တို့အတွက် ပိုပြီး အရေးကြီး ဟန်ရှိသည်။) စုပြုံမှုဖြင့် ပေါ်ပေါက်လာသော ရောမ လုပ်ငန်းကိုင်ငန်းကြီးများနှင့် အညီ လိုက်ပါလိုသော လုပ်ငန်းကိုင်ငန်းသစ်တိုင်းသည် အရေအတွက် အင်မတန်များပြားသော ပိုလျှံကုန်ပစ္စည်းများကို ထုတ်လုပ်ပေလိမ့်မည်။ ဤကုန်ပစ္စည်းများကို ဝယ်လိုအား အကြီးအကျယ် တိုးများလာမှကြောင့် အမြတ်အစွန်းရှိရှိ ရောင်းချသည့် နည်းဖြင့်သာ ဖြေရှင်းနိုင်ပေမည်။ သို့မဟုတ်ပါက ဤပိုလျှံမှုသည်

---

* **ဟန်းစ်ဒီယွန် ဟေးမန်းရေး (Hans Gideon Heymann) ဂျာမဏီနိုင်ငံ သံစက်မှုလုပ်ငန်းကြီးများရှိ ပေါင်းစည်းထားသည့် လုပ်ငန်းများ ၊ စတုဝတ်၊ ၁၉၀၄ ခု၊ စာမျက်နှာ ၂၅၆ –၂၇၈**

လုပ်ငန်းကိုင်ငန်းသစ် အရေအတွက်ရော၊ လက်ဝါးကြီးအုပ် ကွန်ဘိုင်းများအတွက်ပါ အကျိုးအမြတ်မဲ့စေသည့် အဆင့်ထိ ဈေးနှုန်းများ ကျဆင်းသွားပေလိမ့်မည်။" အခြားနိုင်ငံများနှင့်မတူဘဲ ကိုယ်ကျိုးစီးပွားကာကွယ်သော အခွန်အကောက်မှ ကာတယ်များကို ဖြစ်ပေါ်စေသည့် အင်္ဂလန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ ကာတယ်များနှင့် ထရပ်စ်များတို့၏ လက်ဝါးကြီးအုပ်မဟာမိတ်ဖွဲ့မှုဆိုသည်မှာ အဓိက ပြိုင်ဘက်လုပ်ငန်းများ၏ အရေအတွက် "နှစ်ဆယ် အစိတ်" အထိ လျော့ကျသွားသည့် ကိစ္စမျိုးတွင်သာ အများအားဖြင့် ဖြစ်ပေါ်တတ်ပေသည်။ "စက်မှုလုပ်ငန်းနယ်ပယ်တခုလုံးရှိ ကြီးမားသော စက်မှုလက်ဝါးကြီးအုပ် အဖွဲ့အစည်းများ ပေါ်ပေါက်မှုအပေါ် စုပြုံခြင်းဖြစ်ရပ်၏ သြဇာဂယက်သည် ရှင်းလင်းထင်ရှားနေပေသည်။" *

လွန်ခဲ့သည့်ရာစုနှစ် တဝက်ခန့်၊ မာ့က်စ်က "အရင်းကျမ်း" ကို ရေးနေချိန်တွင် ဘောဂဗေဒသမားရောမ အများစုကြီးအဖို့ လွတ်လပ်စွာပြိုင်ဆိုင်မှုဆိုသည်မှာ "သဘာဝတရား" တခုအသွင် ပေါ်နေသည်။ တရားဝင်ဝိဇ္ဇာပညာက မာ့က်စ်၏ကျမ်းများကို မသိကျိုးကျွန်ပြုခြင်းဖြင့် သတ်ပစ်ဖို့ ကြိုးစားခဲ့သည်။ မာ့က်စ်က အရင်းရှင်ဝါဒအား သဘောတရားအရနှင့် သမိုင်းရေးအရ ခွဲခြမ်းစိတ်ဖြာကာ လွတ်လပ်စွာ ပြိုင်ဆိုင်မှုသည် ထုတ်လုပ်မှုစုပြုံခြင်းကို ဖြစ်ပေါ်စေသည်။ ဤသည်ကတဖန် တစုံတခုသော ဖြစ်ပေါ်တိုးပွားမှု အဆင့်တွင် လက်ဝါးကြီးအုပ်မှုကို ဖြစ်ပေါ်စေကြောင်း သက်သေပြခဲ့သည်။ ယနေ့အခါတွင် လက်ဝါးကြီးအုပ်မှုသည် လက်တွေ့ဖြစ်ရပ်တခု ဖြစ်နေပေပြီ။ ဘောဂဗေဒသမားများသည် စာအုပ်များ တောင်လိုပုံအောင် ရေးပြီး လက်ဝါးကြီးအုပ်မှု၏ သဏ္ဍာန်အမျိုးမျိုးသော ဖော်ပြမှုများကို ပြောကာ "မာ့က်စ်ဝါဒကို ချေဖျက်လိုက်ပြီ" ဟု သံပြိုင်ဟစ်ကြွေးနေကြပေသည်။ သို့သော် အင်္ဂလိပ်စကားပုံတွင် ဆိုထားသကဲ့သို့ပင် လက်တွေ့ဖြစ်ရပ်များမှာ ခေါင်းမာလှချေသည်။ ကိုယ်သဘောကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ၊ ယင်းတို့ကို အသိအမှတ် ပြုကြရသည်။ အရင်းရှင်နိုင်ငံများကြား ခြားနားမှုများ – ဥပမာအားဖြင့် ကိုယ်ကျိုးစီးပွား ကာကွယ်မှုလား၊ လွတ်လပ်စွာ ကုန်သွယ်မှုလား–သည် လက်ဝါးကြီးအုပ်မှုသဏ္ဍာန် သို့မဟုတ် ပေါ်ပေါက်သည့်အချိန် ကာလဟူသော မပြောပလောက်သည့် ခြားနားမှုများကိုသာ ဖြစ်ပေါ်စေသည်ဆိုခြင်းကို လက်တွေ့ဖြစ်ရပ်များက ပြသနေသည်။ ထို့အတူ လက်ဝါးကြီးအုပ် အဖွဲ့အစည်းများသည် ထုတ်လုပ်မှုစုပြုံခြင်းရဲ့ ရလဒ်အဖြစ် ပေါ်ပေါက်ရ၏ဆိုသည်မှာ အရင်းရှင်စနစ်ဖြစ်ပေါ်တိုးပွားမှု လက်ရှိအဆင့်၏ ယေဘုယျနှင့် အခြေခံတရား ဖြစ်သည်ဆိုခြင်းကိုလည်း လက်တွေ့ဖြစ်ရပ်များက ပြသနေပေသည်။

ဥရောပတွင်မူ အရင်းရှင်စနစ်အသစ်က အရင်းရှင်စနစ်ဟောင်းအား အတိအကျဆက်ခံလိုက်သော အချိန်ကို အတော်လေးတိကျအောင် ပြောနိုင်သည်။ နှစ်ဆယ်ရာစုနှစ်အစတွင် ဖြစ်သည်။ "လက်ဝါးကြီးအုပ်အဖွဲ့အစည်းများ ဖြစ်ပေါ်လာမှု" သမိုင်းအကြောင်း နောက်ဆုံးပြုစုချက်တစောင်တွင် ယခုကဲ့သို့ ဖတ်ကြရသည်။

"သီးခြားစီ ဖြစ်ပေါ်နေသော အရင်းရှင်လက်ဝါးကြီးအုပ် ဥပမာများကို ၁၈၆၀ ခုနှစ် မတိုင်မီ ကာလကပင် တွေ့ရှိနိုင်သည်။ ထိုဥပမာများတွင် ယနေ့အခါ အင်မတန် အတွေ့ရများသော သဏ္ဍာန်များ၏ သန္ဓေသားကို မြင်နိုင်သည်။ သို့သော် ဤအရာအားလုံးသည် ကာတယ်များ၏ သမိုင်းဦးကို ကိုယ်စားပြုကြောင်း သံသယရှိစရာမလိုပေ။ ခေတ်သစ် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများ၏ တကယ့်အစမှာ အစောဆုံးအားဖြင့် ခြောက်ဆယ်စုနှစ်များတွင် တွေ့ကြရပေသည်။ လက်ဝါးကြီးအုပ်စနစ် ဖြစ်ပေါ်တိုးပွားမှု၏ ပထမဦးဆုံးသော အရေးပါသည့်ကာလမှာ ခုနစ်ဆယ် စုနှစ်များတွင် စတင်ခဲ့ပြီး ကိုးဆယ်ခုနှစ်များအထိ တည်ရှိခဲ့သော နိုင်ငံတကာလက်မှုလုပ်ငန်း စီးပွားပျက်မှုကြီးနှင့် စတင်ခဲ့သည်။" "ဤပြဿနာကို ဥရောပအတိုင်းအတာဖြင့် စူးစမ်းကြည့်မည်ဆိုပါက လွတ်လပ်စွာပြိုင်ဆိုင်မှုမှာ ၆၀စုနှစ်များနှင့် ၇၀ စုနှစ်များတွင် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ယင်းကာလမှာ အင်္ဂလန်နိုင်ငံက သူ၏ရှေးဆန်သော အရင်းရှင်စနစ်အဖွဲ့အစည်း တည်ဆောက်မှု ပြီးဆုံးသောအချိန် ဖြစ်သည်။ ဂျာမဏီနိုင်ငံတွင် ဤအဖွဲ့အစည်းမှာ လက်မှုလုပ်

---

* ဟာမန်းလယ်ဗီရေး လက်ဝါးကြီးအုပ် ကာတယ်နှင့်ထရပ်စ်များ။ ၁၉၀၉ ခု၊ နှာ– ၂၈၆၊ ၂၉၀၊ ၂၉၈

င်န်း၊ အိမ်တွင်းစက်မှုလုပ်ငန်းတို့နှင့် ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်နေပြီဖြစ်ပြီး ကိုယ့်အတွက် ကိုယ့်ရဲ့ တည်ရှိမှုသဏ္ဍာန်ကိုလည်း စတင်ဖန်တီးနေပြီဖြစ်သည်။"

"မဟာတော်လှန်ရေးကြီးမှာ ၁၈၇၃ခုနှစ် စီးပွားရေးထိုးကျလာမှုကြီးနှင့် စခဲ့သည်။ သို့တည်းမဟုတ် ထိုမှဆက်လာသော စီးပွားပျက်ကပ်ကြီးက စခဲ့သည်။ ရှစ်ဆယ်စုနှစ်များအစောပိုင်းတွင် အသေအချာ သိမြင်နိုင်ရန် ခက်ခဲသော ပြတ်တောင်းပြတ်တောင်းဖြစ်မှုများနှင့် ၁၈၈၉ နှစ်ဆီတွင် ထူးထူးခြားခြား အရှိန်အဟုန်မြင့်ပြီး သက်တမ်းတိုသော၊ စီးပွားရေးစန်းပွင့်မှုကြီးတို့ ရှိခဲ့သော ဤစီးပွားပျက်မှုကြီးသည် ဥရောပ စီးပွားရေးသမိုင်း၏ ၂၂ နှစ်တာကို ကမ္ဘည်းထိုးခဲ့ပေသည်။""၁၈၈၉– ၉၀ခုနှစ်က စီးပွားရေးစန်းပွင့်မှု ကာလတိုကလေးတွင် အခွင့်အလမ်းသာနေသော အလုပ်အကိုင်အခြေအနေများကို အခွင့်ကောင်းယူကာ ကာတယ်စနစ်ကို အကျယ်အပြန့် ကျင့်သုံးခဲ့ကြပေသည်။ တွက်ချက်မှုမှားယွင်းသော ပေါ်လစီများသည် ကာတယ်များမရှိသော အခြေအနေထက်ပင် ပိုဆိုးစွာ ကုန်စျေးနှုန်းများကို အလျင်အမြန်ကြီး ကျဆင်းစေခဲ့သည်။ ယင်းကာတယ်များအားလုံးလိုလိုသည်လည်း စီးပွားရေးထိုးကျသောအခါ ပျက်စီးသွားတော့သည်။ နောက် ထပ်ငါးနှစ်မျှ ကုန်သွယ်ရေးထိုင်းမှိုင်းကာ စျေးနှုန်းများ နိမ့်နေခဲ့သည်။ သို့သော် စက်မှုလုပ်ငန်းတွင် စိတ်ဓာတ်အသစ်တခု လွှမ်းမိုးနေပေပြီ။ စီးပွားရေးပျက်ကပ်ဆိုသည်မှာ ဆန္ဒရှိရှိ မရှိရှိ ဖြတ်သန်းရသော ကိစ္စဟု သဘောမထားတော့ချေ။ ယင်းသည် နောက်တခါ စီးပွားရေးတိုးတက်မှုမတိုင်မီ ရပ်နားခြင်းတခု ဖြစ်သွားပေပြီ။"

"ကာတယ်လှုပ်ရှားမှုသည် ဒုတိယအဆင့်သို့ ရောက်ရှိလာသည်။ ကာတယ်များသည် ကူးပြောင်းကာလ၏ နိယာမတရားဆိုသည်ထက် စီးပွားရေးဘဝ၏ အုတ်မြစ်တခု ဖြစ်လာသည်။ ယင်းတို့သည် စက်မှုနယ်ပယ် တခုပြီးတခုကို စီးမိလာကြသည်။ ဦးစွာအားဖြင့်တော့ ကုန်ကြမ်းစက်မှုလုပ်ငန်းကို စီးမိသည်။ ၉၀ စုနှစ်များအစပိုင်းတွင် ကာတယ်စနစ်အနေဖြင့် သည့်ထက်ပိုကောင်းအောင် လုပ်လို့မရတော့ဟု ဆိုနိုင်လောက်သည့် ကာတယ်နည်းပညာကို ရရှိပြီးနေလေပြီ။ ဤသည်ကို နောင်အခါ၌ ကျောက်မီးသွေးစင်ဒီကိတ်အဖြစ် အတုယူဖွဲ့စည်းခဲ့သည့် ကုတ်မီးသွေးစင်ဒီကိတ် ဖွဲ့စည်းမှုတွင် ရရှိခဲ့ခြင်းဖြစ်သည်။ ကာတယ်များ၏ ဦးစီးမှုအောက်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ၁၉ ရာစုနှစ်အကုန် စီးပွားရေးတိုးတက်မှုကြီးနှင့် ၁၉၀၀– ၀၃ ခုနှစ် စီးပွားပျက်ကပ်ကြီးတို့ ပေါ်ပေါက်ခဲ့သည်။ အနည်းဆုံး သတ္တုတွင်းနှင့် ပတ်သက်သော သံစက်မှုလုပ်ငန်းများတွင် ပေါ်ပေါက်ခဲ့သည်။ လွတ်လပ်စွာပြိုင်ဆိုင်မှုဆိုသည်မှာ ပေါ်စတုန်းကတော့ အသစ်အဆန်းလေးလို ဖြစ်နေသည်။ ယခုမူ စီးပွားရေးဘဝ၏ ကျယ်ပြန့်သော နယ်ပယ်များကို လွတ်လပ်စွ ပြိုင်ဆိုင်မှုခွင်ထဲမှ ဖယ်ရှားပစ်လိုက်ပြီဟု ယေဘုယျလူထုက အလွယ်တကူ ကြည့်မြင်နေကြပေပြီ။"*

သို့ဖြင့် လက်ဝါးကြီးအုပ်အဖွဲ့အစည်းကြီးများ၏သမိုင်းတွင် အဓိကကျသောအဆင့်များမှာ အောက်ပါအတိုင်း ဖြစ်လာသည်။ (၁) ၁၈၆၀– ၇၀၊ အမြင့်ဆုံးအဆင့်၊ လွတ်လပ်စွာပြိုင်ဆိုင်မှု၏ အထွတ်အထိပ် ဖြစ်သည်။ လက်ဝါးကြီးအုပ်မှုမှာ ကောင်းကောင်းပင် မမြင်ရသေးသော သန္ဓေသားအဆင့်တွင်သာ ရှိသည်။ (၂) ၁၈၇၃ ခုနှစ် စီးပွားပျက်ကပ်ကြီးနောက်ပိုင်း ကာတယ်များ ဖြစ်ပေါ်တိုးပွားသော ကာလရှည်ကြီး ဖြစ်သည်။ သို့သော် ကာတယ်များမှာ ခြွင်းချက်အခြင်းအရာသာ ဖြစ်နေသေးသည်။ တည်တံ့နိုင်စွမ်းမရှိသေး။ စပ်ကူးမပ်ကူး အခြင်းအရာမျှသာ ဖြစ်သေးသည်။ (၃) ၁၉ ရာစုအကုန်က စီးပွားရေးတိုးတက်မှုနှင့် ၁၉၀၀– ၀၃ စီးပွားပျက်ကပ်၊ ကာတယ်များသည် စီးပွားရေးဘဝ၏ အခန်းတခုဖြစ်လာလေပြီး အရင်းရှင်စနစ်အား နယ်ချဲ့စနစ်အဖြစ်သို့ ပြောင်းပစ်လိုက်လေပြီ။

ကာတယ်များအနေဖြင့် ရောင်းချရေးအခြေအနေ၊ ငွေချေရန်နည်းနာ စသည်တို့နှင့် ပတ်သက်ပြီး သဘောတူညီချက် ရရှိခဲ့သည်။ သူတို့အချင်းချင်းအကြား စျေးကွက်များ ခွဲဝေယူကြသည်။ ထုတ်လုပ်မည့်ကုန်စည် အရေအတွက်ကို သတ်မှတ်ကြသည်။ စျေးနှုန်းသတ်မှတ်ကြသည်။ လုပ်ငန်းကိုင်ငန်းများအကြား

---

* ဗိုဂယ်စတိန်းရေး **(Vogelstein)** <u>အရင်းရှင်စက်မှုလုပ်ငန်း၏ အသပြာဖွဲ့စည်းမှုနှင့် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများဖြစ်ပေါ်လာခြင်း လူမှုဘောဂဗေဒ ပုံကြမ်း၊ အင်္ဂလန်နှင့် အမေရိကန်တို့ရှိ သံနှင်ရက္ကန်း စက်မှုလုပ်ငန်းတို့၏ ဖွဲ့စည်းမှုပုံသဏ္ဍာန်များ စာအုပ်တို့မှ။</u>

အမြတ်ခွဲဝေခြင်း၊ စသည်တို့ကို လုပ်ကြသည်။

ဂျာမဏီနိုင်ငံရှိ ကာတယ်အရေအတွက်မှာ ၁၈၉၆ ခုနှစ်တွင် ၂၅၀ ခန့်နှင့် ၁၉၀၅ ခုနှစ်တွင် ၃၈၅ ခုခန့်ဟု ခန့်မှန်းရသည်။ ဤအထဲတွင် ကုမ္ပဏီပေါင်း ၁၂,၀၀၀ ခန့် ပါဝင်သည်။* သို့သော် ဤကိန်းဂဏန်းများမှာ လျှော့တွက်ထားခြင်းဖြစ်သည်ဟု ယေဘုယျအားဖြင့် အသိအမှတ်ပြုထားကြသည်။ အထက်၌ကိုးကားခဲ့သော ၁၉၀၇ ခု နှစ်က ဂျာမဏီနိုင်ငံ၏ စက်မှုလုပ်ငန်းစာရင်းဇယားအရ ဤလုပ်ငန်းကိုင်ငန်းကြီး ၁၂,၀၀၀ တို့သည် နိုင်ငံအတွင်းသုံးစွဲနေသော ရေနွေးငွေ့နှင့်လျှပ်စစ်စွမ်းအင် တဝက်ကျော်ကို အသုံးပြုသည်။ အမေရိကန်နိုင်ငံတွင် ရှိသော ထရပ်စ်အရေအတွက်မှာ ၁၉၀၀ ခုနှစ်တွင် ၁၈၅ ခု ရှိပြီး ၁၉၀၇ ခုနှစ်တွင် ၂၅၀ ရှိသည်။ အမေရိကန်နိုင်ငံမှ စာရင်းဇယားများသည် စက်မှုလုပ်ငန်းကိုင်ငန်းများအားလုံးကို တဦးချင်းပိုင်၊ ကော်ပိုရေးရှင်းပိုင် စသဖြင့် ခွဲခြားပြသည်။ ကော်ပိုရေးရှင်းပိုင်အရေအတွက်မှာ ၁၉၀၄ ခုနှစ်တွင် ၂၃.၆ % ရှိပြီး ၁၉၀၉ ခုနှစ်တွင် ၂၅.၉ %။ ဤသည်မှာ တပြည်လုံးရှိ စက်မှုလုပ်ငန်းကိုင်ငန်းအရေအတွက်၏ လေးပုံတပုံကျော် ဖြစ်သည်။ ၎င်းတို့သည် အလုပ်သမား အရေအတွက်အနေဖြင့် ၁၉၀၄ ခုနှစ်တွင် ၇၀.၆ % နှင့် ၁၉၀၉ ခုနှစ်တွင် ၇၅.၆ %။ တပြည်လုံးရှိ အလုပ်သမားအရေအတွက်၏ လေးပုံသုံးပုံကျော်ကို အလုပ်ခိုင်းထားသည်။ ၎င်းတို့၏ ထုတ်လုပ်မှုမှာ ၁၉၀၄ ခုနှစ် တွင် ဒေါ်လာ ၁၀,၉၀၀,၀၀၀,၀၀၀ ၊ ရာနှုန်းအားဖြင့် ၃၇.၇ နှင့် ၁၉၀၉ ခုနှစ်တွင် ဒေါ်လာ ၁၆,၃၀၀,၀၀၀,၀၀၀၊ ရာနှုန်းအားဖြင့် ၇၉.၀ ဖြစ်သည်။

ကာတယ်နှင့် ထရပ်စ်များ၏လက်တွင် စက်မှုလုပ်ငန်းခွဲ တခုခု၏ ထုတ်လုပ်မှုစုစုပေါင်းရဲ့ဆယ်ပုံ ခုနစ်ပုံ (သို့မဟုတ်) ၈ ပုံခန့် စုပြုံနေသည်မှာ မကြာခဏဆိုသလိုပင် ဖြစ်သည်။ ရိုင်းဝက်စ် ပါလီယန် ကျောက်မီးသွေး စင်ဒီကိတ်သည် စတင်တည်ထောင်သည့် ၁၈၉၃ ခုနှစ်တွင် ယင်းဒေသ ကျောက်မီးသွေးအထွက် စုစုပေါင်း၏ ၈၆.၇ % ကို စုပြုံလွှမ်းမိုးထားပြီး ၁၉၁၀ ခုနှစ်တွင်မူ ၉၅.၄ %ကို စုပြုံလွှမ်းမိုးထားလေပြီ။** ထိုကဲ့သို့ ဖန်တီးယူလိုက်သော လက်ဝါးကြီးအုပ်မှုသည် အလွန်များပြားသော အမြတ်ကို အာမခံပြီး မသေးလှသော အတိုင်းအတာရှိသည့် နည်းပညာထုတ်လုပ်မှုအဖွဲ့အစည်းများ ဖြစ်တည်မှုဆီသို့ ရောက်ရှိစေသည်။ အမေရိကန်နိုင်ငံရှိ နာမည်ကြီး စတင်း ဒတ် ရေနံကုမ္ပဏီကို ၁၉၀၀ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ "ဤကုမ္ပဏီတွင် အာမခံထားသော အရင်းအနှီးမှာ ဒေါ်လာ ၁၅၀,၀၀၀,၀၀၀ ရှိသည်။ သာမန်စတော့ရှယ်ရာ ဒေါ်လာ ၁၀၀, ၀၀၀,၀၀၀ ဖိုးနှင့် သီးသန့်ရှယ်ယာ ဒေါ်လာ ၁၀၆,၀၀၀,၀၀၀ ဖိုး ထုတ်ရောင်းခဲ့သည်။ ၁၉၀၀ ခုနှစ်နှင့် ၁၉၀၇ ခုနှစ်အတွင်း ဦးစားပေးရှယ်ယာ*** များ အတွက် ၄၈ %၊ ၄၈% ၊ ၄၅ %၊ ၄၄% ၊ ၃၆% ၊ ၄၀ %၊ ၄၀ %၊ ၄၀% စီဖြင့် နှစ်အလိုက် အမြတ်တွေ ခွဲပေးခဲ့သည်။ စုစုပေါင်း ဒေါ်လာ ၃၆၇,၀၀၀,၀၀၀ ရှိသည်။ ၁၈၈၂ ခုနှစ်မှ ၁၉၀၇ ခုနှစ်အထိ အမြတ်သက်သက်မှာ ဒေါ်လာ ၈၈၉, ၀၀၀,၀၀၀ ရှိခဲ့သည်။ ယင်းအနက် ဒေါ်လာ ၆၀၆,၀၀၀, ၀၀ ကို စတော့ရှယ်ယာ ပိုင်ရှင်များအား အမြတ်အဖြစ် ခွဲဝေပြီး ကျန်တာကို အရန်အရင်းအဖြစ် ချန်ထားသည်။ ၁၉၀၇ ခုနှစ်တွင် အမေရိကန် သံမဏိကော်ပိုရေးရှင်းသည် အလုပ်သမားနှင့် ကျန်အမှုထမ်း စုစုပေါင်း ၂၁၀,၁၈၀ ဦးထက်မနည်း အလုပ်ပေးထားသည်။ ဂျာမဏီနိုင်ငံ၏ သတ္တုတွင်းလုပ်ငန်းများအနက် အကြီးဆုံးဖြစ်သည့် ဂယ်လ်ဆင်ကာချပင် သတ္တုတွင်းကုမ္ပဏီတွင် ၁၉၀၈ ခုနှစ်က အလုပ်သမားနှင့် အမှုထမ်း စုစုပေါင်း ၄၆,၀၄၈ ဦး ရှိခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် အမေရိကန် သံမဏိကော်ပိုရေးရှင်းသည် အလုပ်သမားနှင့် ကျန်အမှုထမ်းစုစုပေါင်း ၂၁၀,၁၈၀ ဦးထက်မနည်း အလုပ်ပေးထားသည်။ ဂျာမဏီနိုင်ငံ၏သတ္တုတွင်း လုပ်

---

* ဒေါက်တာ ရိုက်ဆာ (**Dr. Risser**) ရေး ဂျာမဏီနိုင်ငံ၏ အထွေထွေ စီးပွားရေးဖြစ်ပေါ်တိုးပွားမှုနှင့်ဆက်စပ်နေသော ဂျာမန်ဘဏ် ကြီးများနှင့် ၎င်းတို့၏ စုပြုံမှု၊ ၁၉၁၂ ခု၊ နှာ– ၁၄၉။ ရောဘတ်လိုက်ဖ်မန်း (**Robert Liefmann**) ရေး ကာတယ်များ၊ ထရပ်စ်များနှင့် စီးပွားရေးဖွဲ့စည်းမှု၏ ရှေ့ဆက်ဖြစ်ပေါ်တိုးပွားမှု၊ ၁၉၁၀ ခု၊ နှာ – ၂၅။

** ဒေါက်တာ ဖရက်ဇ်ကက်စနာ (**Dr. Fritz Kestner**) ရေး မပါမဖြစ် အဖွဲ့အစည်း၊ ကာတယ်များနှင့် ၎င်းတို့၏ ပြင်ပရှိ အင်အားများ၏ တိုက်ပွဲအား စုံ စမ်းလေ့လာချက်။ ဘာလင်၊ ၁၉၁၂ ခု စာမျက်နှာ – ၁၁။

*** ကုမ္ပဏီ၏ သတ်မှတ်ထားသော အမြတ်များအတွက် ဦးစားပေးခွဲဝေပေးရသည့် ရှယ်ယာများ(ဘာသာပြန်)

ငန်းများအနက် အကြီးဆုံးဖြစ်သည့် ဂယ်လ်ဆင်ကာချင် သတ္တုတွင်းကုမ္ပဏီတွင် ၁၉၀၈ ခုနှစ်က အလုပ်သမားနှင့် အမှုထမ်းစုစုပေါင်း ၄၆,၀၄၈ ဦး ရှိခဲ့သည်။* ၁၉၀၂ နှစ်တွင် အမေရိကန်သံမဏိကော်ပိုရေးရှင်းသည် သံမဏိ ၉,၀၀၀,၀၀၀ ထုတ်လုပ်နေပြီ ဖြစ်သည်။** ၎င်း၏ထွက်ကုန်မှာ အမေရိကန်တနိုင်ငံလုံး သံမဏိထွက်ရှိမှုနှင့် နှိုင်းစာလျှင် ၁၉၀၁ ခုနှစ်တွင် ၆၆.၃%၊ ၁၉၀၈ ခုနှစ်တွင် ၅၆.၁% ရှိသည်။*** သံရိုင်းအထွက်မှာလည်း အလားတူနှစ် များအတွက် ၄၃. ၉ %နှင့် ၄၆. ၃ % အသီးသီး ရှိသည်။

ထရပ်စ်များနှင့် ပတ်သက်သော အမေရိကန်အစိုးရ၏ လေ့လာရေးကော်မရှင်၏ အစီရင်ခံစာတွင် "ယှဉ်ပြိုင်ဘက်များအပေါ် ၎င်းတို့၏သာလွန်မှုမှာ သူတို့လုပ်ငန်းကိုင်ငန်းကြီးများရဲ့ အတိုင်းအတာနှင့် အင်မတန်ကောင်းမွန်သော နည်းပညာပစ္စည်းများပင် ဖြစ်သည်။ ဗာဂျီးနီးယားဆေး ထရပ်စ်သည် စတင်တည်ထောင်ကတည်းကပင် လူ့လုပ်အားကို စက်ဖြင့် အစားထိုးရန် ကြီးမားသောအတိုင်းအတာဖြင့် အစွမ်းကုန်ကြိုးစားခဲ့သည်။ ၎င်းသည် ဤရည်ရွယ်ချက်ဖြင့် ဗာဂျီးနီးယားဆေး ထုတ်လုပ်မှုနှင့်ပတ်သက်သည့် တီထွင်ချက် မှတ်ပုံတင်မှန်သမျှကို ဝယ်ယူလိုက်ပြီး ဤကိစ္စအတွက် ငွေတပုံတခေါင်းကြီး သုံးစွဲတော့သည်။ အစမှာတော့ ယင်းတီထွင်ချက်များမှာ အသုံးမဝင်ဘဲ ဖြစ်နေပြီး ထရပ်စ်က ငှားရမ်းထားသော အင်ဂျင်နီယာများက ထပ်မံမွမ်းမံကြရသည်။ ၁၉၀၆ ခုနှစ် အကုန်တွင်မူ တီထွင်ချက်မှတ်ပုံတင်များ ရှာဖွေဝယ်ယူရန်အတွက် သက်သက် လက်အောက်ခံ ကုမ္ပဏီ ၂ ခု ဖွဲ့စည်းခဲ့သည်။ ဤရည်မှန်းချက်အရပင် ကိုယ်ပိုင်သံလုပ်ငန်းစက်ရုံများ၊ တွင်ခုံများနှင့် စက်ပြင်ရုံများတည်ဆောက်ခဲ့သည်။ ဤသို့သော စက်ရုံအလုပ်ရုံများထဲမှ တခုဖြစ်သည့် ဘရွတ်ကလင်းရှိ စက်ရုံတွင် အလုပ်သမား ၃၀၀ ရှိသည်။ ဤစက်ရုံတွင် စီးကရက်၊ ဆေးလိပ်၊ နှာရှူဆေး၊ ဘူးထည့်ရန် သံဖြူပြား၊ သေတ္တာ စသည်တို့နှင့် ပတ်သက်သော တီထွင်စမ်းသပ်မှုများ လုပ်ဆောင်သည်။ ဤမှာတွင်လည်း တီထွင်မှုကို ချုပ်ကိုင်ကြသည်။ အခြားသော ထရပ်စ်များသည်လည်း ထုတ်လုပ်မှုနည်းသစ်များ တီထွင်ရန်နှင့် နည်းပညာဖြစ်ထွန်းမှုများကို စမ်းသပ်မှုများပြုလုပ်သည့် ဖြစ်ပေါ်တိုးပွားရေး အင်ဂျင်နီယာဆိုသည်များကို ခန့်ထားကြသည်။ အမေရိကန် သံမဏိကော်ပိုရေးရှင်းကြီးသည် နည်းပညာအကျိုးသက်ရောက်မှုနှင့် မြှင့်တင်ရေး သို့မဟုတ် ထုတ်လုပ်မှုစရိတ်သက်သာရေးတို့အတွက် တီထွင်မှုမှန်သမျှကို ပြုလုပ်သည့် ၎င်းတို့၏အလုပ်သမားနှင့်အင်ဂျင်နီယာများအား ဘိုးနတ်စ် အမြောက်အမြားပေးသည်။****

ဥပမာအားဖြင့် ပြီးခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း ဖြစ်ပေါ်တိုးပွားမှု အင်မတန်ကြီးမားခဲ့သော ဂျာမဏီနိုင်ငံ အကြီးစားစက်မှုလုပ်ငန်းဆိုလျှင် နည်းပညာတိုးတက်မှုကို တွန်းတင်ရန် အလားတူပင် စည်းရုံးလုပ်ကိုင်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ထုတ်လုပ်မှုစုပြုံခြင်းဖြစ်စဉ်မှာ အဓိက "အုပ်စုကြီး"နှစ်ခုအဖြစ် ကွဲပြားသွားသည်။ နှစ်ခုစလုံးပင် ကိုယ့်ပုံစံနှင့်ကိုယ် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများ ဖြစ်ကြသည်။ ပထမတွင် ဤအစုများသည် တတွဲလျှင် အရင်းအနှီး မတ်ငွေနှစ်ကုဋေမှ နှစ်ဆယ့်တစ်ကုဋေစီပါသော စက်ရုံကြီးများသည် အတွဲလိုက် "နှစ်ဖွဲ့မဟာမိတ်" ဖွဲ့စည်းကြသည်။ တဖက်တွင် ဟို့ချ်ရှိ ယခင် မိုက်စတာစက်ရုံနှင့် ဖရင့်ဖတ်တို့မှ ကာစယ်လာစက်ရုံတို့ ပါပြီး ကျန်တဖက်တွင် လုဒ်ဝစ်ရှားဖင်းရှိ ဓာတုဗေဒပစ္စည်းနဲ့ ဆိုဒါစက်ရုံနှင့် အယ်လ်ဘာဖဲလ်ရှိ ယခင် ဘေယာစက်ရုံတို့ ပါကြသည်။ သို့ဖြင့် ၁၉၀၅ ခုနှစ်တွင် ဤအစုများထဲမှ တခုနှင့် ၁၉၀၈ ခုနှစ်တွင် အခြားအစုထဲမှ တခုတို့က အခြား စက်ရုံကြီးတခုနှင့် သဘောတူညီချက် ရရှိကြပြန်သည်။ အဖြေမှာ အရင်းအနှီးမတ်ငွေ လေးကုဋေမှ ငါးကုဋေစီရှိသော "သုံးဖွဲ့မဟာမိတ်" များ ဖြစ်ပေါ်လာ

---

* အာရ် လိုက်ဖ်မန်းရေး ဦးပိုင်နှင့် ဘဏ္ဍာရေးကုမ္ပဏီများ၊ ခေတ်သစ်အရင်းရှင်ဝါဒနှင့် အာမခံစာချုပ်များအား လေ့ လာချက်။ ဂျင်နာ၊ ၁၉၀၉ ခု စာမျက်နှာ ၁၂။

** ဒေါက်တာ အက်စ်ချီယားစကီး(**Dr. S. Tschierschky**) ရေး ကာတယ်နှင့်ထရပ်စ်။ ဂိုတင်ဂျင် ၁၉၀၃ ခု စာမျက်နှာ– ၁၃

*** ပိုဂယ်စတိန်းရေး ဖွဲ့စည်းမှုပုံသဏ္ဍာန်များ၊ စာမျက်နှာ ၂၇၅

****ဒေါက်တာ ပေါလ်၊ တာဖယ်လ် (**Dr. Paul. Tafel**) ရေး မြောက်အမေရိကတိုက်မှ ထရပ်စ်များနှင့် နည်းပညာတိုးတက်မှုအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှု စတူးဝတ်။ ၁၉၁၃ စာမျက်နှာ– ၄၈ တွင် ကိုးကားထားသည့် ဗာဂျီးနီးယားဆေးလုပ်ငန်း ကော်ပိုရေးရှင်းများဆိုင်ရာ မင်းကြီး၏ အစီရင်ခံစာ။ ဝါရှင်တန်၊ ၁၉၀၉ ခု၊ စာမျက်နှာ ၂၆၆ မှ

တော့သည်။ နောက်ပြီး ဤ''မဟာမိတ်''များသည် တခုနှင့်တခု ပိုမို''နီးစပ်''လာကြပြီး စျေးနှုန်းစသည်တို့အတွက် ''နားလည်မှုတရပ်'' ရရှိလာကြသည်။ *

ယှဉ်ပြိုင်မှုမှာ လက်ဝါးကြီးအုပ်အဖြစ် ပြောင်းလဲသွားချေပြီ။ ရရှိချက်မှာ ထုတ်လုပ်မှုအား လူ့အဖွဲ့အစည်းလက္ခဏာဆောင်စေရာတွင် အကြီးအကျယ်တိုးတက်ခဲ့ခြင်းပင် ဖြစ်သည်။ အထူးသဖြင့် နည်းပညာတီထွင်မှုနှင့် ပိုမို ကောင်းမွန်အောင် လုပ်မှုတို့၏ ဖြစ်စဉ်သည် လူ့အဖွဲ့အစည်း လက္ခဏာဆောင်လာသည်။

ဤသည်မှာ ကျဲကွဲနေပြီး တခုနှင့်တခု အဆက်အစပ်မဲ့ကာ ဘယ်မှာမှန်းမသိရသော စျေးကွက်အတွက် ထုတ်လုပ်နေရသည့် လွတ်လပ်စွာပြိုင်ဆိုင်မှုဟောင်းနှင့်စာလျှင် အများကြီး ခြားနားသည်။

စုပြုံမှုမှာ နိုင်ငံတကာ၊ သို့မဟုတ် ရှေ့မှာတွေ့ရမည့်အတိုင်း နိုင်ငံအများအပြား သို့မဟုတ် ကမ္ဘာတခုလုံးရှိ ကုန်ကြမ်းအရင်းအမြစ်များ (ဥပမာ သံရိုင်းသိုက်များ) တို့ကိုပင် အကြမ်းဖျင်း ခန့်မှန်းနိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့သည်။ ဤအရင်းအမြစ်များကို ခန့်မှန်းတွက်ချက်ကြသည်သာမက ရောမလက်ဝါးကြီးအုပ်ကွန်ဘိုင်းကြီးများက ယင်းတို့ကို ရယူကြသည်။ စျေးကွက်များ၏အင်အားကိုလည်း အကြမ်းဖျင်း ခန့်မှန်းတွက်ချက်ကြပြီး ကွန်ဘိုင်းကြီးများက သူတို့အချင်းချင်း သဘောတူညီချက်များ ပြုလုပ်ကာ ခွဲဝေယူကြသည်။ ကျွမ်းကျင်သူ အလုပ်သမားကို လက် ဝါးကြီးအုပ်ကြသည်။ အတော်ဆုံးသော အင်ဂျင်နီယာများကို ငှားရမ်းကြသည်။ သယ်ယူပို့ဆောင်ရေးနည်းလမ်းများကို သိမ်းပိုက်ကြသည်။ အမေရိကားတိုက်ရှိ မီးရထားလုပ်ငန်း၊ ဥရောပတိုက်နှင့် အမေရိကားတိုက်ရှိ သင်္ဘောကုမ္ပဏီများ အကုန်သိမ်းပိုက်ကြသည်။ နယ်ချဲ့စနစ်တွင် အရင်းရှင်စနစ်သည် ထုတ်လုပ်မှုကို အကျယ်ပြန့်ဆုံးလွှမ်းခြုံသည့် လူ့အဖွဲ့အစည်း လက္ခဏာဆောင်ခြင်းဆီသို့ သယ်ဆောင်သွားသည်။ ပြောရမည်ဆိုလျှင် ယင်းသည် အရင်းရှင်များအား ၎င်းတို့၏ဆန္ဒနှင့်အသိတို့ကို ဆန့်ကျင်ကာ လူမှုဘဝအသစ်လိုဟာမျိုး တခုဆီသို့ အတင်းဆွဲခေါ်သွားသည်။ လုံးဝလွတ်လပ်သော ပြိုင်ဆိုင်မှုမှ လုံးဝလူ့အဖွဲ့အစည်း လက္ခဏာဆောင်မှုဆီသို့ စပ်ကူးမတ်ကူးဘဝပင် ဖြစ်သည်။

ထုတ်လုပ်မှုကတော့ လူ့အဖွဲ့အစည်း လက္ခဏာဆောင်သည်။ သို့သော် ပိုင်ဆိုင်ရယူမှုမှာတော့ ပုဂ္ဂလိကပိုင်လက္ခဏာဆောင်နေသေးသည်။ လူ့အဖွဲ့အစည်းလက္ခဏာဆောင်သည့် ထုတ်လုပ်မှုပစ္စည်းများမှာ အနည်းစု၏ ကိုယ်ပိုင်ဖြစ်နေသေးသည်။ တရားဝင်အသိအမှတ်ပြုထားသော လွတ်လပ်စွာပြိုင်ဆိုင်မှု၏ ယေဘုယျဘောင်မှာ ရှိနေသေးသည်။ သို့သော် ဤလူထုကြီးအပေါ်တွင် တင်ထားသော လက်ဝါးကြီးအုပ်အရင်းရှင်များ၏ ထမ်းပိုးမှုမှာ အဆတရာ ပိုမိုလေးလံ၊ ပိုမိုဝန်ပိ၊ ပိုမိုမခံမရပ်နိုင်စရာ ဖြစ်လာခဲ့သည်။

ဂျာမန်ဘောဂဗေဒပညာရှင် ကက်စနာ **(Kestner)** က ''ကာတယ်များနှင့် ၎င်းတို့၏ ပြင်ပရှိ အင်အားများ၏တိုက်ပွဲ'' ဆိုလိုသည်မှာ ကာတယ်များ၏ ပြင်ပရှိ အရင်းရှင်များ၏ တိုက်ပွဲကို အထူးအလေးထား ဖော်ပြထားသော စာအုပ်တအုပ် ရေးသားခဲ့သည်။ သူက သူ့စာအုပ်ကို <u>မဖြစ်မနေအဖွဲ့အစည်း</u>ဟု အမည်ပေးထားသည်။ တကယ်တော့ အရင်းရှင်စနစ်ကို ပကတိအတိုင်း တင်ပြလိုသည်ဆိုလျှင် အမှန်ပင် လက်ဝါးကြီးအုပ်ကွန်ဘိုင်းများ မဖြစ်မနေ အလျှော့ပေးရခြင်းအကြောင်း ရေးခဲ့သင့်သည်။ လက်ဝါးကြီးအုပ် ကွန်ဘိုင်းများအနေဖြင့် ယနေ့ကာလ နောက်ဆုံးပေါ်ဖြစ်သည့်''ဖွဲ့စည်းမှု''အတွက် ယဉ်ကျေးစွာ တိုက်ပွဲဆင်ကြသည့် နည်းနာများ၏စာရင်းကိုတော့ အနည်းဆုံး တချက်လောက် ကြည့်လိုက်သင့်သည်။ (၁) ကုန်ကြမ်းဖြတ်တောက်ခြင်း(––''ကာတယ်စနစ်ကို ကိုင်စွဲရန် တွန်းပို့သည့် အရေးကြီးဆုံးနည်းနာများထဲမှ တခု ဖြစ်သည်။) (၂) ''မဟာမိတ်ဖွဲ့မှု''နည်းဖြင့် လုပ်အားဖြတ်တောက်ခြင်း(ဆိုလိုသည်မှာ အရင်းရှင်များနှင့်သမဂ္ဂများ အကြား သဘောတူညီမှု ရအောင်လုပ်ပြီး သမဂ္ဂများက ၎င်းတို့၏သမဂ္ဂဝင်များကို ကာတယ်ဖွဲ့ထားသည့် လုပ်ငန်းကိုင်ငန်းများတွင်သာ လုပ်စေခြင်း။)(၃) သယ်ယူပို့ဆောင်မှု ဖြတ်တောက်ခြင်း။ (၄) ကုန်သွယ်ရေး ထွက်ပေါက်များ ပိတ်ဆို့ခြင်း။ (၅) ဝယ်သူများအနေဖြင့် ကာတယ်များနှင့် ကုန်သွယ်ရန်အတွက် ဝယ်သူများနှင့်

---

* **ဒေါက်တာ ရိုက်ဆာ၏ ရှေ့ပိုင်းတွင် ကိုးကားခဲ့သည့်ကျမ်း။ ဂျာမဏီနိုင်ငံ၏ ဓာတုဗေဒလုပ်ငန်းကို ပေါင်းစည်းလိုက်သော ရောမ ထရပ်စ် အသစ်ကြီးတခု ဖွဲ့စည်းလိုက်ကြောင်း သတင်းစာများ(၁၉၁၆ ခု၊ ၇၂၈န်) တွင် ဖော်ပြထားချက်။**

သဘောတူညီမှု ရယူခြင်း။ (၆) စနစ်တကျ စျေးနှုန်းလျှော့ခြင်း၊ ("ပြင်ပ"ကုမ္ပဏီများဆိုလိုသည်မှာ လက်ဝါးကြီးအုပ်သမားများကို အလျှော့ပေးရန် ငြင်းဆန်သူများကို ပျက်စီးအောင်ပြုလုပ်ခြင်း၊ ကုန်များကို ကုန်ကျစရိတ်ထက် လျှော့ပြီး ကာလတခု ရောင်းချရန်အတွက် ငွေသန်းနဲ့ချီပြီး သုံးစွဲခဲ့ကြသည်။ ဒီလိုနဲ့ ဘင်ဇင်းဓာတ်ရည်၏စျေးကို မတ်– ၄၀ မှ မတ် ၂၂ အထိ လျှော့ချခဲ့သည့် သာဓကများ ရှိသည်။ ခေါက်ချိုးနီးပါးမျှပါတကား။) (၇) အကြွေးမပေးဘဲထားခြင်း။ (၈) သပိတ်မှောက်ခြင်း။

ဤနေရာတွင် လုပ်ငန်းကိုင်ငန်း အကြီးနှင့်အငယ်၊ နည်းပညာဖြစ်ထွန်းသူနှင့် မဖြစ်သူတို့အကြား ပြိုင်ဆိုင်မှုဆိုတာ မရှိတော့။ ဤနေရာတွင် တွေ့ရသည်မှာ လက်ဝါးကြီးအုပ်အရင်းရှင်များက မိမိတို့ထံ အလျှော့မပေးသူ၊ မိမိတို့၏ထမ်းပိုးအောက် မဝင်သူ၊ မိမိတို့၏အမိန့်မနာခံသူများအား လည်ပင်းညှစ်နေသည်ကိုသာ တွေ့ကြရသည်။ ခေတ်ရှင်ဘောဂဗေဒပညာရှင်တဦး၏ ဦးနှောက်ထဲတွင် ယင်းဖြစ်စဉ်ကို ယခုကဲ့သို့ ထင်ဟပ်ခဲ့သည်။

ကက်စနာက"ဘောဂဗေဒနယ်ပယ်သက်သက်မှာတွင်ပင် အနက်အဓိပ္ပာယ်ဟောင်းဖြင့်ပြောရသော ကူးသန်းရောင်းဝယ်ရေးလုပ်ရှားမှုမှာ အဖွဲ့အစည်းအလိုက် ရောမအမြတ်အစွန်းအတွက် စွန့်စားမှုဆီသို့ ပြောင်းလဲမှု တစုံတရာ ဖြစ်ပေါ်နေသည်။ စီးပွားရေးအရ အကြီးမားဆုံး အောင်မြင်မှုဆိုသည်မှာ ကိုယ့်အတတ်ပညာနှင့် ကူးသန်းရောင်းဝယ်ရေးအတွေ့အကြုံအရ ဝယ်သူ၏လိုအပ်ချက်များကို ခန့်မှန်းတတ်ပြီး ငုပ်လျှိုးနေသောဝယ်လိုအားတရပ်ကို ရှာဖွေတတ်၊ ပြောရလျှင် "လှုပ်နှိုး"တတ်သည့် ကုန်သည်အတွက် မဟုတ်တော့။ အဖွဲ့အစည်းအရ ဖြစ်ပေါ်တိုးပွားမှုအပြင် လုပ်ငန်းကိုင်ငန်းများ တခုချင်းနှင့် ဘဏ်များ၏အကြားမှ ဆက်သွယ်မှုအချို့၏ ဖြစ်နိုင်ခြေတို့ကို ခန့်မှန်းတတ်၊ သို့မဟုတ် ကြိုတင်ရိပ်မိသည့် အမြတ်အတွက် စွန့်စားသူပုဂ္ဂိုလ်ထူးများအတွက် ဖြစ်သွားချေပြီ" ဟု ရေးထားသည်။

ဤသည်ကို သာမန်လူစကားအဖြစ် ဘာသာပြန်ရလျှင် ယခုကဲ့သို့ အဓိပ္ပာယ်ရသည်။ အရင်းရှင်စနစ်၏ ဖြစ်ပေါ်တိုးပွားမှုသည် ကုန်စည်ထုတ်လုပ်မှုမှာ "စိုးမိုး"နေသေးပြီး ယင်းကို စီးပွားရေးဘဝ၏ အခြေခံအဖြစ် ဆက်လက် သဘောထားနေကြသော်လည်း လက်တွေ့တွင် ယင်းမှာ အဖျက်ဆီးခံရပြီး အမြတ်အများစုကြီးမှာ ငွေကြေးကို လှုပ်ရှားကစားသူ "ပုဂ္ဂိုလ်ထူးများ"ထံ ရောက်ရသည့်အဆင့်သို့ ရောက်သွားပြီဟု အဓိပ္ပာယ်ရသည်။ ဤလှုပ်ရှားကစားခြင်းများနှင့် လိမ်လည်မှုများ၏ အောက်ခြေတွင် လူ့အဖွဲ့အစည်း လက္ခဏာဆောင်သည့် ထုတ်လုပ်မှု ရှိသည်။ သို့သော် ဤလူ့အဖွဲ့အစည်းလက္ခဏာဆောင်ခြင်းကို ရရှိခဲ့သည့်လူသားတို့၏ကြီးမားသောတိုးတက်မှုကြီးရဲ့အကျိုးအမြတ်မှာ အမြတ်အတွက်စွန့်စားသူများက ကစားသွားကြသည်။ အရင်းရှင်နယ်ချဲ့စနစ်ကို ဝေဖန်သော ဖောက်ပြန်သည့် ခေတ်ရှင်ပေါက်စ ဝေဖန်ရေးဆရာများသည် "ဤအခြေခံပေါ်တွင်"၊ "လွတ်လပ်"၊ "အေးချမ်းပြီး"၊ "ရိုးသား"သော ပြိုင်ဆိုင်မှုဆီသို့ <u>ပြန်</u>သွားရေးကို မည်သို့ စိတ်ကူးယဉ်ကြကြောင်း နောင်တွင် ကျွန်ုပ်တို့ တွေ့ကြရပါမည်။

ကက်စနာက"ကာတယ်များ ဖွဲ့စည်းမှုမှ ထွက်ပေါ်လာသည့် ကုန်းစျေးနှုန်းများ ကာလရှည်ကြာစွာ မြှင့်တင်ခြင်းကို ယခုအထိဆိုလျှင် အရေးအကြီးဆုံးသော ထုတ်လုပ်ရေးပစ္စည်းများနှင့် ဆက်စပ်၍သာ တွေ့ရှိရသည်။ အထူးသဖြင့် ကျောက်မီးသွေး၊ သံနှင့် ပိုတက်စီယံတို့တွင် ဖြစ်သည်။ သို့သော် စက်ရုံထွက်ကုန်များနှင့် ဆက်စပ်၍ကား မတွေ့ရပေ။ အလားတူပင် ဤသို့စျေးနှုန်းမြှင့်တင်ခြင်းမှ ထွက်ပေါ်လာသောအမြတ်များ တိုးများလာမှုကို ထုတ်လုပ်မှုပစ္စည်းများ ထုတ်လုပ်သော စက်မှုလုပ်ငန်းများတွင်သာ ကန့်သတ်ထားသည်။ ဤလေ့လာတွေ့ရှိမှုတွင် အောက်ပါအချက်ကိုလည်း ဖြည့်စွက်သင့်သည်။ ကုန်ကြမ်း (စက်ရုံထွက်တပိုင်းမဟုတ်သော)များအား အသုံးပြုသော စက်မှုလုပ်ငန်းများသည် ကာတယ်များဖွဲ့စည်းမှုမှနေ၍ ကုန်ချောထုတ် စက်မှုလုပ်ငန်းများအား ထိခိုက်စေကာ များပြားသောအမြတ်များအသွင်ဖြင့် သာလွန်ချက် ရရှိခဲ့သည်။ ထို့ပြင် လွတ်လပ်စွာ ပြိုင်ဆိုင်မှုတွင် မတည်ရှိခဲ့သော ကုန်ချောထုတ်စက်မှုလုပ်ငန်းများအပေါ်တွင် <u>ကြီးစိုးသောအနေအထားကို</u>လည်း ရရှိခဲ့သည်။" *

---

* ကက်စနာရေး အထက်ပါကျမ်း စာမျက်နှာ ၂၅၄

အထက်တွင် ကျွန်ုပ်တို့မျဉ်းသားထားသည်များမှာ ခေနရှင်ဘောဂဗေဒပညာရှင်များအနေဖြင့် မတတ်သာဘဲ ရှားရှားပါးပါးဝန်ခံသည့် ယခုကိစ္စ၏ အနှစ်သာရပင်ဖြစ်သည်။ ကားလ်ကောက်စကီခေါင်းဆောင်သည့် ယနေ့ခေတ် အချောင်ဝါဒကို ကာကွယ်သူများက ဇွဲနဘဲဖြင့် ခေါင်းရှောင်ရန်၊ ချောင်ထိုးရန် ကြိုးစားနေကြသည်မှာလည်း ဤအချက်ပင် ဖြစ်သည်။ ဤသည်နှင့် တွဲဖက်ပါလာလေ့ရှိသည့် စိုးမိုးမှုနှင့် အကြမ်းဖက်မှုတို့မှာ "အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှု နောက်ဆုံးအဆင့်"၏ စံကျသော ဆက်ဆံရေးဖြစ်သည်။ ဤသည်မှာ ဘက်စုံအစွမ်းတက်နေသော စီးပွားရေးလက်ဝါးကြီးအုပ်အဖွဲ့အစည်းကြီးများ ဖွဲ့စည်းမှုကနေ မလွဲမသွေ ဖြစ်ပေါ်လာမည့်၊ ဖြစ်ပေါ်ခဲ့သည့် ရလဒ်ပင် ဖြစ်သည်။

ကာတယ်များ ကျင့်သုံးသော နည်းတနည်းကို ဥပမာ ထပ်ပြပါဦးမည်။ ကုန်ကြမ်းများအားလုံး သို့မဟုတ် ၎င်းတို့၏အဓိကအရင်းအမြစ်များကို သိမ်းပိုက်နိုင်သောနေရာများတွင် ကာတယ်များ ထူထောင်ခြင်းနှင့် လက်ဝါးကြီးအုပ်များ ပေါ်ပေါက်မှုမှာ ထူးထူးခြားခြားပင် လွယ်ကူသည်။ သို့သော် ကုန်ကြမ်းအရင်း အမြစ်များကို အပိုင်မချုပ်ကိုင်နိုင်သည့် အခြားသောစက်မှုလုပ်ငန်းများတွင် ကာတယ်များမပေါ်ပေါက်ဟု ယူဆလျှင်မူ မှားပေလိမ့်မည်။ ဥပမာ ဘိလပ်မြေစက်ရုံဆိုလျှင် ကုန်ကြမ်းများကို နေရာတကာတွင်ပင် ရှာဖွေရရှိနိုင်ခဲ့သည်။ သို့တိုင်အောင် ဂျာမဏီနိုင်ငံတွင် ဤစက်မှုလုပ်ငန်းမှာလည်း ကာတယ်များက ခိုင်မာစွာထိန်းချုပ်ထားသည်။ ဘိလပ်မြေထုတ်လုပ်သူများသည် ဂျာမဏီတောင်ပိုင်း ရိုင်းနှင့် ဝက်စ်ဖာလီယံ စသဖြင့် ဒေသအလိုက် စင်ဒီကိတ်များ ဖွဲ့စည်းထားကြသည်။ သတ်မှတ်ထားသော ဈေးနှုန်းများမှာမူ လက်ဝါးကြီးအုပ်ဈေးနှုန်းများ ဖြစ်သည်။ ကားတစီးစာလျှင် ကုန်ကျစရိတ် မတ် ၁၈၀ ရှိသည်ကို မတ် – ၂၃၀ မှ ၂၈၀ အထိ ဈေးသတ်မှတ်ထားကြပါကလား။ ဤလုပ်ငန်းကိုင်ငန်းများက ရှယ်ယာပိုင်ရှင်များကို အမြတ်ငွေ ၁၂ % မှ ၁၆%အထိ ခွဲပေးသည်။ နောက်ပြီး ခေတ်သစ်အမြတ်အစွန်း စွန့်စားရေးပုဂ္ဂိုလ်ထူးများသည် ခွဲပေးသော အမြတ်အပြင် အမြတ်ကြီးမြတ်အောင် ကြံဆောင်တတ်ကြောင်းကိုလည်း မမေ့အပ်ပေ။ ဤကဲ့သို့သော အမြတ်နှုန်းကောင်းသည့် စက်မှုလုပ်ငန်းမျိုးတွင် လက်ဝါးကြီးအုပ်အရင်းရှင်များသည် လက်ပေါက်စိပ်သည့် နည်းပရိယာယ်များကိုပင် ကျင့်သုံးကြသည်။ သူတို့သည် သူတို့၏လုပ်ငန်း အခြေအနေမကောင်းကြောင်း ကောလာဟလများ လွှင့်လိုက်သည်။ သတင်းစာများထဲတွင်လည်း "အရင်းရှင်အပေါင်းတို့၊ ဘိလပ်မြေ လုပ်ငန်းတွင် အရင်းမြှုပ်နှံခြင်း မပြုကြလင့်" စသည့် ရေးသူအမည် မဖော်ပြသော သတိပေးချက်များ ရေးကြသည်။ နောက်ဆုံးတွင်မှ"ပြင်ပမှလူများ" (ဆင်ဒီကိတ်များ၏ ပြင်ပမှလူများ) ၏ လုပ်ငန်းများကို ဝယ်ယူပြီး မတ်ငွေ ၆၀,၀၀၀၊ ၈၀,၀၀၀ နှင့် ၁၅၀,၀၀၀ အထိပင် နစ်သိမ့်ကြေးများ ပေးခဲ့ကြသည်။* လက်ဝါးကြီးအုပ်စနစ်သည် နည်းနာနှင့် ပတ်သက်လျှင် မတုံ့ဆိုင်း မတွေဝေဘဲ လမ်းဖောက်တတ်သည်။ "ပြိုင်ဘက်များကို" သင့်တင့်လျောက်ပတ်စွာ "ပေးပြီး ဝယ်ယူသည့်နည်းမှစ၍ အမေရိကန်နည်းဖြစ်သည့် ဒိုင်းနမိုက် အသုံးပြု" သည့်နည်းအထိ ပါဝင်သည်။

ကာတယ်များသည် စီးပွားပျက်ကပ်များကို ဖယ်ရှားနိုင်၏ဆိုသည်မှာ တန်ဖိုးမည်မျှပင် ပေးရပစေ၊ အရင်းရှင်စနစ်ကို အလှခြယ်ပေးလိုသည့် ခေနရှင်ဘောဂဗေဒသမားများက ဖြန့်လွှင့်သော ဒဏ္ဍာရီပုံပြင်သာ ဖြစ်သည်။ ဤသည်နှင့်ပြောင်းပြန် ယင်းသို့ အချို့သောစက်မှုလုပ်ငန်းခွဲများတွင် ပေါ်ပေါက်လာသော လက်ဝါးကြီးအုပ်အဖွဲ့ အစည်းများသည် အရင်းရှင်ထုတ်လုပ်မှုတခုလုံး၏အတွင်းပိုင်းတွင် ပါရှိသော မင်းမဲ့ဖြစ်မှုကို ပိုမိုများပြား သည်းသန်စေပေသည်။ အရင်းရှင်စနစ်၏ ထူးခြားချက်ဖြစ်သော လယ်ယာဖြစ်ပေါ်တိုးပွားမှုနှင့် စက်မှုဖြစ်ပေါ်တိုးပွားမှု၏ ခြားနားချက်မှာ ပိုမိုကွာခြားလာသည်။ ဂျာမန်ဘဏ်ကြီးများနှင့် စက်မှုလုပ်ငန်းတို့၏ဆက်ဆံရေးအကြောင်း အကောင်းဆုံးစာအုပ်တအုပ်ကို ရေးသားသူ ဂျေဒယ်လ်က ဤသို့ဝန်ခံထားသည်။ အဆင့်အမြင့်ဆုံး ကာတယ်များ ဖွဲ့စည်းထားသည့်၊ အထူးသဖြင့် ကျောက်မီးသွေးနှင့် သံတို့လို အလေးစား

---

* အယ်လ်၊ အက်စ် ဝက်ချ် (L. Eschwege) ရေး ဘိလပ်မြေဘဏ်များ၊ ၁၉၀၉၊ ပထမတွဲ၊ စာမျက်နှာ ၁၁၅။

စက်မှုလုပ်ငန်းဆိုသည်များ၏အခွင့်ထူးခံအနေအထားသည် အခြားသောစက်မှုလုပ်ငန်းခွဲများ အတွင်း“ဆက်စပ် လုပ်ဆောင်မှု ပိုမိုလျော့နည်း” လာစေသည်။*

အရင်းရှင်စနစ်၏ အရှက်မရှိသောရှေ့နေ လိုက်ဖ်မန်းက“စီးပွားရေးစနစ်တရပ် ပိုမိုဖွံ့ဖြိုးလေ အရှုံးအမြတ် မရေရာသော လုပ်ငန်းကိုင်ငန်းများ သို့မဟုတ် ပြည်ပရှိလုပ်ငန်းကိုင်ငန်းများ၊ ဖွံ့ဖြိုးရန် အချိန်အများကြီးလိုသည့်လုပ်ငန်းများ သို့တည်းမဟုတ် ဒေသအလိုက်သာ အရေးပါသည့် လုပ်ငန်းကိုင်ငန်းများကို လုပ်ကိုင်လေ ဖြစ်သည်”ဟု ရေးခဲ့သည်။** မရေရာမှု ပိုမိုကြီးမားလာခြင်းမှာ ရေရှည်တွင် အလွန်အမင်းကြီးမားလာမည့်အရင်းအနှီးနှင့် ဆက်စပ်နေသည်။ ဤအရင်းအနှီးသည် ပန်းကန်နှုတ်ခမ်းမှ လျှံကျလာသည်။ ပြည်ပသို့ လျှံကျလာသည်။ တချိန်တည်းတွင် နည်းပညာတိုးတက်မှု အင်မတန် မြန်ဆန်လာခြင်းမှာ အမျိုးသား စီးပွားရေးနယ်ပယ်အသီးသီးတွင် မညီမျှသည့်အချက်များ တိုးများလာစေပြီး မင်းမဲ့ဖြစ်မှုနှင့် စီးပွားရေးကပ်တို့ကို ဖြစ်ပေါ်စေသည်။ လိုက်ဖ်မန်းအနေဖြင့် “လူသားများအနေဖြင့် မကြာလှသော အနာဂတ်တွင် စီးပွားရေးစနစ်ဖွဲ့စည်းမှုအား ဂယက်ရိုက်စေမည့် အရေးကြီးသော နည်းပညာတော်လှန်ရေးများကို အသေအချာပင် နောက်ထပ်တွေ့ကြရဦးမည်။ “လျှပ်စစ်နှင့်လေကြောင်းဘက် စသည်…။ “ယေဘုယျတရားအ နေဖြင့်ဆိုလျှင် ယင်းကဲ့သို့သောအခြေခံအရ စီးပွားရေးအပြောင်းအလဲများတွင် အမြတ်အစွန်းအတွက် စွန့်စားမှုမှာ ပိုမိုကျယ်ပြန့်သော အတိုင်းအတာဖြင့် ဖြစ်ပေါ်တိုးပွားလာသည်။”*** ဟူ၍ ဝန်ခံ လိုက်ရပေသည်။

တဖန် ကပ်ဆိုက်မှုမျိုးစုံသည် စုပြုံမှုနှင့်လက်ဝါးကြီးအုပ်မှုဆီသို့ တိမ်းညွှတ်မှုကို သိသိသာသာ ဖြစ်ပေါ်စေသည်။ ဤသည်မှာ အများအားဖြင့် စီးပွားရေးကပ်ဆိုက်မှုဖြစ်သော်လည်း ဤတမျိုးတည်း မဟုတ်ချေ။ ဤအချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့တွေ့ပြီးခဲ့ကြသလိုပင် ခေတ်သစ်လက်ဝါးကြီးအုပ်စနစ် သမိုင်းကို မှတ်တိုင်ပြုသည့် ၁၉၀၀ ခုနှစ် ကပ်၏ အရေးပါပုံကို ဂျေဒယ်လ်က အောက်ပါအတိုင်း ထင်ဟပ်ပြထားသည်မှာ အလွန်ပညာရဖွယ် ဖြစ်သည်။

၁၉၀၀ ခုနှစ်ကပ်တွင် အခြေခံ စက်မှုလုပ်ငန်းများရှိ ရောမစက်မှုလုပ်ငန်းကြီးများနှင့်အတူ ယနေ့အခါတွင် ခေတ်ကုန်ပြီဟုဆိုကြမည့် ပုံစံဖြင့် ဖွဲ့စည်းထားသည့် “ရိုးရိုး” စက်မှုလုပ်ငန်းကြီးများ(မည်သူနှင့်မျှ ကွန်ဘိုင်း ပြုလုပ်ထားခြင်းမရှိသည့်) ကို တွေ့နေရသေးသည်။ ယင်းစက်မှုလုပ်ငန်းကြီးများမှာ စက်မှုလုပ်ငန်း စီးပွားရေးစန်းပွင့်မှု၏ အထွတ်အထိပ်ကာလတွင် တည်ခဲ့ကြခြင်းဖြစ်သည်။ ရောမလုပ်ငန်းကိုင်ငန်းကြီးများအား လုံးဝပင် မထိခိုက် သို့မဟုတ် ကာလတိုလေးမျှသာ ထိခိုက်စေနိုင်သော ဈေးနှုန်းကျဆင်းမှုနှင့် ဝယ်လိုအားကျဆင်းမှုတို့သည် ဤ“ရိုးရိုး” လုပ်ငန်းကိုင်ငန်းများအား စိုးရိမ်ဖွယ်ရာအနေအထားသို့ ရောက်ရှိစေခဲ့သည်။ ဤသည်၏နောက်ဆက်တွဲအနေဖြင့် ၁၉၀၀ ခုနှစ်ကပ်မှာ ၁၈၇၃ ခုနှစ်ကပ်ထက် စက်မှုလုပ်ငန်း စုပြုံမှုကို ပိုမို ဖြစ်ပေါ်စေခဲ့သည်။ ဒုတိယကပ်သည် တပ်ဆင်မှုအကောင်းဆုံး လက်ရွေးစင် လုပ်ငန်းကိုင်ငန်းဆိုသည်မျိုးကိုလည်း ဖော်ထုတ်ပေးခဲ့သည်။ သို့သော် ထိုစဉ်က တည်ရှိနေသော နည်းပညာဖွံ့ဖြိုးမှုရေချိန်အရ ဤရွေးချယ်မှုသည် ကပ်ထဲမှနေ၍ အောင်မြင်စွာလွတ်မြောက်လာသော ကုမ္ပဏီများအား လက်ဝါးကြီးအုပ်အနေအထားသို့ ပို့မပေးနိုင်ခဲ့ပေ။ ယင်းသို့ တောင့်တင်းကြံ့ခိုင်သည့် လက်ဝါးကြီးအုပ် အဖွဲ့အစည်းမျိုးကို ရှုပ်ထွေးသောနည်းပညာ၊ ကျယ်ပြန့်သောဖွဲ့စည်းမှုနှင့် အတိုင်းအတာကြီးမားသော အရင်းအနှီးတို့ရှိသည့် ခေတ်သစ် သံနှင့်သံမဏိလုပ်ငန်းနှင့် လျှပ်စစ်လုပ်ငန်းတို့တွင် အင်မတန် အဆင့်မြင့်စွာ တွေ့ကြရသည်။ အင်

---

* ဂျေဒယ်လ် **(Jeidels)** ရေး ဂျာမန်ဘဏ်ကြီးများနှင့်စက်မှုလုပ်ငန်း၊ အထူးသဖြင့် သံလုပ်ငန်းတို့၏ဆက်စပ်မှု။လိုက်ပ်ဇစ်၊ ၁၉၀၅ ခု၊ စာမျက်နှာ ၂၇၁။

**အာရ်၊ လိုက်ဖ်မန်းရေး ဦးပိုင်များနှင့်ဘဏ္ဍာကုမ္ပဏီများ၊ စာမျက်နှာ ၄၃၄

*** အာရ်၊ လိုက်ဖ်မန်းရေး အထက်ပါစာအုပ်၊ စာမျက်နှာ ၄၆၅–၄၆၆

ဂျင်နီယာလုပ်ငန်း၊ သတ္တုလုပ်ငန်းမှ အချို့လုပ်ငန်းခွဲများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း စသည်တို့တွင် အထက်ကထက် နိမ့်သည့်အဆင့်ဖြင့် တွေ့ရသည်။ *

လက်ဝါးကြီးအုပ်စနစ်။ “ဤသည် အရင်းရှင်ဖြစ်ပေါ်တိုးပွားမှု၏ နောက်ဆုံးပေါ်အဆင့်”မှ နောက်ဆုံး ပေါ်ထွက်လာသည့် စကားလုံး ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့် ဘဏ်များ၏အခန်းကို ထည့်သွင်းစဉ်းစားခြင်းမပြုလျှင် ခေတ်သစ်လက်ဝါးကြီးအုပ်အဖွဲ့အစည်းများ၏ တကယ့်စွမ်းအားနှင့် ထူးခြားချက်ကို အင်မတန် မလုံမလောက်၊ မပြည့်မစုံ၊ နည်းပါးစွာ သိရှိခြင်း ဖြစ်ပေလိမ့်မည်။

---

*ဂျေဒယ်လ်၏ ရှေ့ပိုင်းတွင် ကိုးကားခဲ့သော စာအုပ်။ စာမျက်နှာ – ၁၀၈

## ၂။ ဘဏ်များနှင့် ၎င်းတို့၏ အခန်းသစ်

ဘဏ်များ၏ အဓိကနှင့်မူလလုပ်ငန်းမှာ ငွေပေးချေရာတွင် ကြားလူအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ သို့ဆောင်ရွက်ရာတွင် သူတို့သည် အသက်မဲ့သော ငွေအရင်းအနှီးကို အသက်သွင်းပေးသည်။ ဆိုလိုသည်မှာ အမြတ်ရသော အရင်းအနှီးအဖြစ် ပြောင်းလဲပေးသည်။ သူတို့သည် ငွေသားဖြင့် ဝင်ငွေမှန်သမျှကို စုစည်းပြီး အရင်းရှင်လူတန်းစား အသုံးပြုနိုင်ရန် အသင့်ထားပေးသည်။

ဘဏ်လုပ်ငန်းသည် ဖြစ်ပေါ်တိုးပွားလာပြီး လုပ်ငန်းအဆောက်အအုံ အနည်းငယ်အတွင်း စုပြုံလာသောအခါ ဘဏ်များမှာ နှိမ့်ချသော ကြားလူတန်းစားဘဝမှနေ အားကြီးသော လက်ဝါးကြီးအုပ်အဖွဲ့အစည်းကြီးများ ဖြစ်လာကြသည်။ ၎င်းတို့၏လက်အောက်တွင် အရင်းရှင်အားလုံးနှင့် စီးပွားရေးသမားကလေးများ၏ ဘဏ္ဍာအရင်းအနှီးအားလုံး၊ ထို့ပြင် ထုတ်လုပ်မှုပစ္စည်းများ၏အများစုနှင့် နိုင်ငံတခု သို့မဟုတ် နိုင်ငံအများအပြားမှ ကုန်ကြမ်းအရင်းအမြစ်တို့ကို ချုပ်ကိုင်ထားကြသည်။ နှိမ့်ချသော ကြားလူအမြောက်အမြားမှ လက်တဆုပ်စာ လက်ဝါးကြီးအုပ်အရင်းရှင်များအဖြစ် ပြောင်းလဲသွားမှုမှာ အရင်းရှင်စနစ်အနေဖြင့် နယ်ချဲ့အရင်းရှင်စနစ်အဖြစ်သို့ ကြီးထွားလာသည့် အခြေခံဖြစ်စဉ်များအနက် တခုပင်ဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့အနေဖြင့် ပထမဦးဆုံး ဘဏ်များ၏စုပြုံမှုကို ဖြေရှင်းကြရပေမည်။

၁၉၀၇ – ၀၈ ခုနှစ်တွင် အရင်းအနှီး မတ်ငွေတသန်းစီအထက်ရှိသော ဂျာမဏီပူးတွဲ စတော့ဘဏ်များထံ အပ်နှံငွေ စုစုပေါင်းမှာ မတ် ၇,၀၀၀,၀၀၀,၀၀၀ ရှိသည်။ ၁၉၁၂–၁၃ တွင်မူ ဤအပ်ငွေ၏ တန်ဖိုးမှာ မတ် ၉,၈၀၀, ၀၀၀,၀၀၀ ဖြစ်လာသည်။ ငါးနှစ်အတွင်း ၄၀ ရာနှုန်း တိုးလာခြင်းပင်။ တိုးလာသော မတ် ၂,၈၀၀,၀၀၀,၀၀၀ အနက် ၂,၇၅၀,၀၀၀,၀၀၀ ကို မတ် ၁၀,၀၀၀,၀၀၀ အထက် အရင်းအနှီးရှိကြသော ဘဏ် ၅၇ ခုတို့က ခွဲယူကြခြင်း ဖြစ်သည်။ ဘဏ်ကြီးများနှင့် ဘဏ်ငယ်များအကြား အပ်နှံငွေ အနေအထားမှာ အောက်ပါအတိုင်း ဖြစ်သည်။*

**အပ်နှံငွေစုစုပေါင်း၏ ရာခိုင်နှုန်း**

| | ဘာလင်ဘဏ်ကြီး ၉ ခု | အရင်းအနှီးမတ်ငွေ ၁၀ သန်းထက်ပိုသော အခြားဘဏ် ၄၈ ခု | အရင်းအနှီးမတ်ငွေ ၁ သန်း မှ ၁၀ သန်းကြားရှိ ဘဏ် ၁၁၅ ခု | အရင်းအနှီးမတ်ငွေ ၁ သန်းထက်နည်း သော ဘဏ်ငယ် များ |
|---|---|---|---|---|
| ၁၉၀၇ –၀၈ | ၄၇ | ၃၂ ¸ ၅ | ၁၆ ¸ ၅ | ၄ |
| ၁၉၁၂–၁၃ | ၄၉ | ၃၆ | ၁၂ | ၃ |

* အဲလ်ဖရက် လင်းစဘာ့ဂ် **(Alfred Lansburg)** ၊ ဂျာမန်ဘဏ်များ၏ ၅ နှစ်တာ၊ ၁၉၁၃ ခု။ စာမျက်နှာ ၇၂၈

ဘဏ်ငယ်ကလေးများကို ဘဏ်ကြီးများက ပထုတ်ခဲ့သည်။ ယင်းတို့အနက် ဘဏ်ကြီး ၉ ခုထဲက အပ်နှံငွေ စုစုပေါင်း၏တဝက်နီးပါးကို သူတို့လက်ထဲတွင် စုပြုံထားကြသည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့် အရေးကြီးသော အသေးစိတ်အချက်အလက် အများအပြားကို ချန်ထားခဲ့သည်။ ဥပမာအားဖြင့် ဘဏ်ငယ်အမြောက်အမြားတို့ ဘဏ်ကြီးများ၏ ဘဏ်ခွဲများအဖြစ် လက်တွေ့ပင် ပြောင်းလဲသွားခြင်း၊ ဤအကြောင်းကို နောက်မှ ပြောတော့မည်။

၁၉၁၃ ခုအကုန်တွင် ဘဏ်ကြီး ၉ ခုတို့၌ အပ်နှံငွေသည် မတ် ၅,၀၀၀,၀၀၀,၀၀၀ ရှိသည်ဟု ရှုလ်ဇ်ဂဗားနစ္ဇ (Schulze-GaeVernitz) က ခန့်မှန်းခဲ့သည်။ ဘဏ်များအားလုံးရှိ အပ်နှံငွေ စုစုပေါင်းမှာ မတ် ၁၀,၀၀၀,၀၀၀,၀၀၀ ရှိသည်။ အပ်နှံငွေကိုသာမကဘဲ အရင်းအနှီးကိုပါ ထည့်သွင်းတွက်ချက်ပါလျှင် စာရေးသူက ဤကဲ့သို့ ရေးထားသည်။ "၁၉၀၉ ခုနှစ်အကုန်တွင် ဘာလင်ဘဏ်ကြီး ၉ ခု၌ ၎င်းတို့၏ တွဲဘက်ဘဏ်များနှင့်အတူ မတ် ၁၀,၃၀၀,၀၀၀,၀၀၀ ကို ချုပ်ကိုင်ထားကြသည်။ ဤသည်မှာ ဂျာမန်ဘဏ်အရင်းအနှီး စုစုပေါင်း၏ ၈၃ ရာခိုင်နှုန်း ရှိသည်။ ဒွိုက်ချ် ဘဏ်သည် ၎င်းတို့၏ တွဲဘက်ဘဏ်များနှင့်အတူ မတ် ၃,၀၀၀,၀၀၀,၀၀၀ နီးပါး ချုပ်ကိုင်ထာသည်။ ဤသည်မှာ ပရပ်ရှား နိုင်ငံတော် မီးရထားလုပ်ငန်းနှင့် အတူတူလောက်ဖြစ်ပြီး ကမ္ဘာဟောင်းရှိ အရင်းအနှီးစုဆောင်းမှုတွင် အကြီးဆုံးနှင့် စုစည်းချုပ်ကိုင်မှု အလျော့နည်းဆုံးပင် ဖြစ်သည်။"*

ကျွန်ုပ်တို့အနေဖြင့် "တွဲဘက်" ဘဏ်များကို အထူးပြု ရည်ညွှန်းခဲ့သည်။ အကြောင်းမှာ ဤသည် ခေတ်သစ်အရင်းရှင်စနစ်စုပြုံမှု၏ အရေးကြီးဆုံး ထင်ရှားသည့်လက္ခဏာ ဖြစ်သောကြောင့်ပင်။ လုပ်ငန်းကိုင်ငန်းကြီးများနှင့် အထူးသဖြင့် ဘဏ်များသည် အငယ်စားလေးများကို စုပ်ယူလိုက်သည်သာမက ယင်းတို့ကို "တွဲဖက်" လိုက်ခြင်း၊ လက်အောက်ခံပြုလိုက်ခြင်းတို့သာမက ၎င်းတို့၏ အရင်းအနှီးထဲတွင် "ဦးပိုင်" များရအောင်လုပ်ခြင်း၊ ရှယ်ယာများဝယ်ယူခြင်း၊ သို့မဟုတ် လဲလှယ်ခြင်း၊ ငွေချေးပေးသည့် စနစ်တချို့ စသည့်စသည့်နည်းများဖြင့် "ကိုယ့်"အစု သို့မဟုတ် (အတတ်ပညာအသုံးအနှုန်းအတိုင်းဆိုလျှင်) "ကွန်စန်း" များ အထဲသို့ ခေါ်သွင်းခဲ့ကြသည်။ ပါမောက္ခလိုက်ဖ်မန်းသည် ခေတ်သစ်"ဦးပိုင်နှင့်ငွေကြေးကုမ္ပဏီများ"** အကြောင်း စာမျက်နှာ ၅၀၀ ခန့်ရှိသော ရောမ"ကျမ်း" ကြီးတစောင် ပြုစုခဲ့သည်။ ကံဆိုးချင်တော့ မကြာခဏဆိုသလိုပင် အစာမကြေသောကုန်ကြမ်းသဖွယ် အင်မတန်အရည်အချင်းညံ့သော"သဘောတရားရေး" ရောင်ပြန်ဟပ်ချက်များ ထည့်သွင်းထားသည်။ စုပြုံမှုကြောင့် "ဦးပိုင်" စနစ်သည် မည်သည့်အခြေသို့ ဆိုက်ရောက်စေကြောင်းကို ကိုယ်တိုင်က "ဘဏ်လုပ်ငန်းသမား" တဦးဖြစ်သည့် ရိုက်ဆာရေးခဲ့သည့် ဂျာမန်ဘဏ်ကြီးများအကြောင်း စာအုပ်ထဲတွင် အကောင်းဆုံး ပုံဖော်ထားသည်။ သို့သော် သူ၏စာရင်းဇယားကို မစစ်ဆေးမီ "ဦးပိုင်" စနစ်နှင့် ပတ်သက်ပြီး အခိုင်အမာ ဥပမာတခုကို ကိုးကားပြပါမည်။

ဒွိုက်ချ်ဘဏ်"အစု"သည် ဘဏ်လုပ်ငန်းအစုကြီးများထဲတွင် အကြီးဆုံးမဟုတ်တောင် အကြီးဆုံးတခု ဖြစ်သည်။ ဤအစုထဲတွင်ပါဝင်သော ဘဏ်အားလုံးကို ဆက်သွယ်ထားသော အဓိကကြိုးမျှင်များအား ခြေရာခံနိုင်ရန်အတွက် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် "ဦးပိုင်များ" သို့မဟုတ်( ဒွိုက်ချ်ဘဏ်အပေါ် ဘဏ်ငယ်များ၏) မှီခိုမှုဆိုသည်နှင့် အတူတူလိုရှိသည့် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မှီခိုခြင်းတို့ကို ခွဲခြားလေ့လာရန် လိုသည်။ ဤတွင် အောက်ပါ ပုံကားချပ်ကို ရရှိသည်။***

---

* ရှုလ်ဇ်ဂဗားနစ္ဇ၊ လူမှုစီးပွားရေး မူကြမ်းရှိ ဂျာမန်မြီရှင်ဘဏ်၊ တူဘင်ဂင်၊ ၁၉၁၅ ခု၊ စာမျက်နှာ ၁၂ နှင့် ၁၃၇။

** အာရ်၊ လိုက်ဖ်မန်း။ ဦးပိုင်နှင့် ငွေကြေးကုမ္ပဏီများ၊ ခေတ်သစ်အရင်းရှင်စနစ်နှင့်ႈအာမခံစနစ်များအပေါ် လေ့လာချက်။ ဂျင်နာ။ ၁၉၀၉ ခု၊ စာမျက်နှာ ၂၁၂။

*** အဲလ် ဖရက် လင်းစ်ဘာ့ဂ်။ ဂျာမန်ဘဏ်လုပ်ငန်းမှ ဦးပိုင်စနစ်၊ ၁၉၁၀ ခု၊ စာမျက်နှာ ၅၀၀။

| ဒွိုက်ချ်ဘဏ်မှ ဦးပိုင်ရရှိထားမှု | | ပထမအဆင့် မှီခိုရမှု | ဒုတိယအဆင့် မှီခိုရမှု | တတိယအဆင့် မှီခိုရမှု |
|---|---|---|---|---|
| | အမြဲတမ်း | ဘဏ် ၁၇ ခုတွင် | ဘဏ် ၃၄ ခုအနက် ၉ ခုတွင် | ဘဏ် ၇၃ခု အနက် ၄ ခုတွင် |
| | ကာလအကန့်အသတ်မရှိ | ဘဏ် ၅ ခုတွင် | – | – |
| | အခါအားလျော်စွာ | ဘဏ် ၈ ခုတွင် | ဘဏ် ၁၄ ခုအနက် ၅ ခုတွင် | ဘဏ် ၂ခုအနက် ၂ ခုတွင် |
| | စုစုပေါင်း | ဘဏ် ၃၀ ခုတွင် | ဘဏ် ၄၈ ခုအနက် ၁၄ ခုတွင် | ဘဏ် ၉ ခုအနက် ၆ ခုတွင် |

ဒွိုက်ချ်ဘဏ်အပေါ်တွင် "အခါအားလျော်စွာ" "ပထမအဆင့်" မှီခိုရမှုစာရင်းတွင် ပါရှိသော သူ့ကိုယ်ပိုင်ရော၊ သူက ချုပ်ကိုင်ထားသည်များပါ တွက်လျှင် မတ်ငွေ ဘီလျံ ၂၀၀ မှ ၃၀၀ ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

ယင်းသို့သော အစု၏ထိပ်တွင်ရှိ မျှောထားသည့်နိုင်ငံတော်ချေးငွေကဲ့သို့သော ထူးထူးခြားခြား ကြီးမားပြီး အမြတ်အစွန်းကြီးမားသည့် ငွေရေးကြေးရေးလုပ်ငန်းကြီးများကို လုပ်ကိုင်နိုင်စွမ်းရှိရန်အတွက် ကိုယ့်ထက် ယောင်ယောင်လေးမျှသာ ငယ်သော ဘဏ်ပေါင်း ဒါဇင်ဝက်လောက်နှင့် သဘောတူညီချက် ယူထားသည့်ဘဏ်မျိုးမှာ "ကြားလူ"အဆင့်ကို ကျော်လွန်သွားချေပြီ။ လက်တဆုပ်စာ လက်ဝါးကြီးအုပ်အရင်းရှင်များ၏ ကွန်ဘိုင်းပင် ဖြစ်တော့သည်။ ရိဂ်ဆာထံမှ အကျဉ်းချုပ်ပြီး ယူငင်ကိုးကားထားသည့် အောက်ပါဇယားသည် ၁၉ ရာစုနှစ်အကုန် ၂၀ ရာစုနှစ်အစ၌ ဂျာမဏီနိုင်ငံတွင် ဘဏ်လုပ်ငန်းများစုပြုံမှု မည်မျှမြန်ဆန်စွာ ဖြစ်ပေါ်ကြောင်းကို ပြသနေသည်။

**ဘာလင် ဘဏ်ကြီး ခြောက်ခု**

| ခုနှစ် | ဂျာမဏီရှိ ဘဏ် ခွဲ ဦးရေ | ငွေသွင်းဘဏ်နှင့် ငွေလဲ လှယ်ရေး ရုံးဦးရေ | ဂျာမန်ပူးတွဲစတော့ဘဏ်များရှိ ပုံသေ ဦးပိုင်အရေအတွက် | လုပ်ငန်း စုစုပေါင်း |
|---|---|---|---|---|
| ၁၈၉၅ | ၁၆ | ၁၄ | ၁ | ၄၂ |
| ၁၉၀၀ | ၂၁ | ၄၀ | ၈ | ၈၀ |
| ၁၉၁၁ | ၁၀၄ | ၂၇၆ | ၆၃ | ၄၅၀ |

တတိုင်းပြည်လုံးကို လွှမ်းခြုံသော အကွက်စေ့လှသည့် ပိုက်ကွန်ကြီးတခု အလျင်အမြန်ကြီး ထွားလာပုံကို ကျွန်ုပ်တို့ တွေ့မြင်ကြရသည်။ ယင်းသည် အရင်းအနှီးအားလုံးနှင့် ဝင်ငွေအားလုံးတို့ကို ချုပ်ကိုင်ကာ ထောင်ပေါင်းများစွာသော ကျဲကွဲနေသည့် စီးပွားရေးလုပ်ငန်းကိုင်ငန်းများကို တခုတည်းသော နိုင်ငံ အရင်းရှင်ကြီးအဖြစ်လည်းကောင်း၊ ထိုမှတဆင့် ကမ္ဘာ့အရင်းရှင်စီးပွားရေးအဖြစ်သို့ ပြောင်းလဲပစ်လိုက်သည်။ ရှုဂဗားနဇ္ဇသည် ယနေ့ခေတ် ဓနရှင်စီးပွားရေးကို ဖော်ထုတ်သူတဦးအဖြစ်ဖြင့် အထက်၌ ကိုးကားခဲ့သောအပိုဒ်တွင် ဆိုထားသည့် "စုစည်းချုပ်ကိုင်မှုလျှော့ချခြင်း" ဆိုသည်မှာ တကယ်ကျတော့ ယခင်က နှိုင်းစာခြင်းအားဖြင့် "လွတ်လပ်သော" သို့မဟုတ် ဒေသအလိုက် သက်သက်ဖြစ်သည့် စီးပွားရေးယူနစ်များကို တခုတည်းသောဗဟို၏ လက်အောက်ခံအဖြစ် ပို၍ပို၍ ပြုလိုက်ခြင်းဟု အဓိပ္ပာယ်ရပေသည်။ လက်တွေ့တွင် ဤသည်မှာ <u>စုစည်းချုပ်ကိုင်ခြင်း</u>၊ လက်ဝါးကြီးအုပ်ဘီလူးကြီးများ၏ အခန်းကဏ္ဍ အရေးပါမှုနှင့် အခွင့်အာဏာတို့ကို တိုးမြှင့်လိုက်ခြင်း ဖြစ်သည်။

အရင်းရှင်နိုင်ငံဟောင်းများတွင် ဤ"ဘဏ်လုပ်ငန်းပိုက်ကွန်"မှာ ပို၍ စိပ်သည်။ ၁၉၁၀ ခုနှစ်၌ ဗြိတိန်နှင့် အိုင်ယာလန်တို့တွင် စုစုပေါင်းဘဏ်ခွဲ ၇,၁၅၁ ခု ရှိသည်။ ဘဏ်ကြီး ၄ ခုတို့တွင် ဘဏ်ခွဲပေါင်း ၄၀၀ ကျော်စီ ရှိ သည်။ (၄၄၇ ခုမှ ၆၈၉ ခုအထိ)။ ၄ ခုတွင် ဘဏ်ခွဲပေါင်း ၂၀၀ ကျော်စီ ရှိပြီး နောက်ထပ် ၁၁ ခုတွင် ဘဏ်ခွဲပေါင်း ၁၀၀ ကျော်စီ ရှိသည်။

ပြင်သစ်နိုင်ငံတွင် ရှေ့ာမဘဏ်ကြီး <u>သုံးခု</u>ဖြစ်သည့် ခရေးဒီလီယွန်နိုင်း(Credit Lyonnais)၊ ကွမ်တွိုင်နာ စယွန်နာ (Comptoir Nationals) နှင့် ဆိုစီယေးတေး ယေနေရားလ် (Societe Generale) တို့သည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုနှင့် ဘဏ်ခွဲပိုက်ကွန်တို့ကို အောက်ပါအတိုင်း ဖြန့်ကြက်ထားသည်။*

---

*ယူဂျင်းကောဖ့်မန်း **(Eugen Kaufman)**၊ <u>ပြင်သစ်ဘဏ်လုပ်ငန်း</u>၊ တူဘင်ကိန်း၊ ၁၉၁၁၊ စာမျက်နှာ ၃၅၆ နှင့် ၃၆၂

| | ဘဏ်ခွဲနှင့် ရုံးများ၏ အရေအတွက် | | | အရင်းအနှီး (ဖရန့်ငွေ သန်းပေါင်း) | |
|---|---|---|---|---|---|
| | ပြည်နယ်များ၌ | ပဲရစ်၌ | စုစုပေါင်း | ကိုယ်ပိုင်အရင်း | ချေးယူထားသည့်အရင်း |
| ၁၈၇၀ | ၄၇ | ၁၇ | ၆၄ | ၂၀၀ | ၄၂၇ |
| ၁၈၉၀ | ၁၉၂ | ၆၆ | ၂၅၈ | ၂၆၅ | ၁, ၂၄၅ |
| ၁၉၀၉ | ၁, ၀၃၃ | ၁၉၆ | ၁, ၂၂၉ | ၈၈၇ | ၄, ၃၆၃ |

ခေတ်မီဘဏ်ကြီးများ၏"အဆက်အသွယ်များ"ကို ဖော်ပြရန်အတွက် ရိုက်ဆာက ဂျာမဏီနိုင်ငံနှင့် ကမ္ဘာပေါ်တွင် အကြီးဆုံးဘဏ်ကြီးတခုဖြစ်သည့် (၁၉၁၄ ခုနှစ်က ယင်း၏အရင်းအနှီးမှာ မတ် ၃၀၀,၀၀၀, ၀၀၀ ရှိသည်။) ဒစ္စကွန်တိုဂယ်ဆယ်ရှပ်ဖ်၏ စာပေးစာယူအရေအတွက်ကို အောက်ပါကိန်းဂဏန်းများဖြင့် ဖော်ပြထားသည်။

| | စာဝင် | စာထွက် |
|---|---|---|
| ၁၈၅၂ | ၆,၁၃၅ | ၆,၂၉၂ |
| ၁၈၇၀ | ၈၅,၈၀၀ | ၈၇,၅၁၃ |
| ၁၉၀၀ | ၅၃၃,၁၀၂ | ၆၂၆,၀၄၃ |

ခရေးဒီလီယွန်နိုင်းဆိုသော ပဲရစ်ဘဏ်ကြီး၏ ငွေစာရင်းပေါင်းမှာ ၁၈၇၅ ခုနှစ်တွင် ၂၈,၅၃၅ ရှိရာမှ ၁၉၁၂ ခုနှစ်တွင် ၆၃၃,၅၃၉ ရှိလာသည်။* ယင်းစုပြုံမှုနှင့် ဘဏ်အမြတ်ငွေများသည် ဘဏ်များ၏ အရေးပါမှုအား အခြေခံမှနေ၍ မည်ကဲ့သို့ ပြောင်းလဲနေစေကြောင်းကို ဤသာမန်ကိန်းဂဏန်းများသည် ရှည်လျားသောကျမ်းဂန်များထက် ပိုမိုကောင်းမွန်စွာ ပြသနိုင်သည်။ ကျဲကွဲနေသော အရင်းရှင်များအား တခုတည်းသော စုပေါင်းအရင်းရှင်အဖြစ် ပြောင်းလဲပစ်ခဲ့သည်။ ဘဏ်တခုအနေဖြင့် အရင်းရှင်အနည်းငယ်၏ စာရင်းရှင်များကို လည်ပတ်စေရာတွင် အလွတ်သဘောသက်သက်နှင့် အထောက်အကူလုပ်ငန်းအဖြစ်နှင့်သာ ဆောင်ရွက်ပေးသည်။ သို့သော် ဤလုပ်ငန်းသည် ရောမအတိုင်းအတာသို့ ကြီးထွားလာသောအခါတွင်မူ လက်ဝါးကြီးအုပ်အရင်းရှင်လက်တဆုပ်စာက အရင်းရှင်လူ့အဖွဲ့အစည်းတခုလုံး၏ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းအပါအဝင် လုပ်ငန်းမှန်သမျှကို သူတို့ထင်သလို ကိုယ့်အောက် ဆွဲသွင်းလိုက်ကြသည်။ အကြောင်းမှာ ၎င်းတို့သည် ၎င်းတို့၏ ဘဏ်အဆက်များမှတဆင့်သော်လည်းကောင်း၊ ငွေစာရင်းရှင်များနှင့် အခြားသော ငွေရေးကြေးရေးလုပ်ငန်းများမှတဆင့်သော်လည်းကောင်း၊ ဦးစွာအားဖြင့် အရင်းရှင်အသီးသီး၏ ငွေကြေးအခြေအနေကို <u>အတိအကျ သိခွင့်ရ</u>ကြသည်။ ထို့နောက် ချုပ်ကိုင်ခွင့်ရကြသည်။ ငွေချေးပေးခြင်းကို ကန့်သတ်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း လွယ်ကူစေခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းများ လုပ်ခွင့်ရသည်။ နောက်ဆုံးတွင် သူတို့၏ကံကြမ္မာကို <u>လုံးဝအဆုံးအဖြတ်ပေး</u>ခွင့် ရကြသည်။ ထိုအရင်းရှင်များ၏ ဝင်ငွေကို ပြဋ္ဌာန်းခြင်း၊ အရင်းမရှိအောင် လုပ်ပစ်ခြင်း၊ သို့တည်းမဟုတ် သူတို့၏အရင်းအနှီးများကို လျင်မြန်စွာနှင့် ရောမအတိုင်းအတာအထိ ကြီးထွားခွင့်ပေးခြင်းများအထိ လုပ်ခွင့်ရလာကြသည်။

ကျွန်ုပ်တို့အနေဖြင့် အခုနကပဲ ဘာလင်မှ ဒစ္စကွန်တိုဂယ်ဆယ်ရှပ်ဖ်၏ အရင်းငွေ မတ် ၃၀၀, ၀၀၀,၀၀၀ အကြောင်း ပြောဖူးခဲ့ပြီး ဤဘဏ်၏အရင်းအနှီးတိုးများလာခြင်းမှာ အကြီးဆုံးဒွိုက်ချ်ဘဏ်နှင့် ဒစ္စကွန်တိုဘဏ်ဟူ သော ဘာလင်ဘဏ်ကြီး နှစ်ခုတို့၏ လွှမ်းမိုးရေးတိုက်ပွဲ၏ ဖြစ်စဉ်များထဲမှ တခုဖြစ်သည်။

---

* ယီးန်လက်စကယူး **(Jean Lescure)**၊ ပြင်သစ်နိုင်ငံငွေချေးဘဏ်လုပ်ငန်း။ ပဲရစ်၊ ၁၉၁၄၊ စာမျက်နှာ ၅၂

၁၈၇၀ ခုနှစ်တုန်းက ဒွိုက်ချ်ဘဏ်မှာ အသစ်ကလေးမျှသာဖြစ်ပြီး အရင်းမှာလည်း မတ် ၁၅,၀၀၀,၀၀၀ မျှသာ ရှိသည်။ ဒစ္စကွန်တိုကတော့ အရင်းငွေ မတ် ၃၀,၀၀၀,၀၀၀ ရှိနေသည်။ ၁၉၀၈ ခုနှစ်တွင် ဒွိုက်ချ်ဘဏ်၏ အရင်းမှာ မတ် ၂၀၀,၀၀၀,၀၀၀ ဖြစ် လာပြီး ဒစ္စကွန်တိုမှာ ၁၇၀,၀၀၀,၀၀၀ ဖြစ်လာသည်။ ၁၉၁၄ ခုနှစ်တွင် ဒွိုက်ချ်ဘဏ်သည် အရင်းကို မတ် ၂၅၀,၀၀၀,၀၀၀ အထိတိုးမြှင့်လိုက်ပြီး ဒစ္စကွန်တိုမှာမူ ရှပ်ဖ်ဟော်ဆင်ရှာ ဆိုသော ပထမတန်းစားဘဏ်ကြီးတခုနှင့် ပူးပေါင်းလိုက်ခြင်းဖြင့် အရင်းကို ၃၀၀,၀၀၀,၀၀၀ သို့ တိုးမြှင့်လိုက် သည်။ အမှန်ပဲ ဤလွှမ်းမိုးရေးတိုက်ပွဲနှင့်အတူ ဘဏ် နှစ်ခုအကြား ပို၍ပို၍ ခံနိုင်ရည်လက္ခဏာရှိလာသည့် "သဘောတူညီချက်များ" အကြိမ် ပို၍ပို၍ ချုပ်ဆိုခြင်းများလည်း ပါရှိသည်။ ဘောဂဗေဒပြဿနာများနှင့် ပတ်သက်လျှင် သဘောထားမပြင်းထန်ဆုံးနှင့် သတိအကြီးဆုံး ခေတ်ပြုပြင်ရေးဝါဒထက် နည်းနည်းမှမပို သော ဘဏ်လုပ်ငန်းကျွမ်းကျင်သူများက ဘဏ်အင်အားစု ဖြစ်ပေါ်တိုးပွားမှုနှင့် ပတ်သက်ပြီး အောက်ပါအ တိုင်း ကောက်ချက်ဆွဲယူကြသည်။

ဒစ္စကွန်တိုဂယ်ဆယ်ရှပ်ဖ်ဘဏ်ကြီး၏ အရင်းအနှီး မတ်ငွေ ၃၀၀,၀၀၀,၀၀၀ ဖြစ်လာခြင်းနှင့် ပတ် သက်ပြီး မှတ်ချက်ချရာတွင် ဘဏ်ဟူသော ဂျာမန်ဂျာနယ်က ယခုကဲ့သို့ ရေးထားသည်။ "အခြားဘဏ်များ သည်လည်း ဤလမ်းအတိုင်းသာ လိုက်ကြလိမ့်မည်။ ဂျာမဏီပြည်အား ယနေ့အခါ စိုးမိုးထားသူ ၃၀၀ သည် အချိန်တခုကြာသောအခါ တဖြည်းဖြည်းနှင့် ၅၀၊ ၂၅ သို့မဟုတ် ထို့ထက်နည်းသည်အထိ လျော့ကျသွား မည်။ စုပြုံမှုဆီသို့ ဦးတည်သွားသော ဤနောက်ဆုံးရွေ့လျားမှုသည် ဘဏ်လုပ်ငန်းတွင်သာ ကန့်သတ်ထား လိမ့်မည်ဟု မျှော်လင့်ထား၍မရချေ။ ဘဏ်တခုချင်း၏ အကြားတွင်ရှိ နီးကပ်စွာဆက်သွယ်မှုသည် ၎င်းတို့နှင့် ပဏာရသော စက်မှုစင်ဒီကိတ်များအချင်းချင်း နီးကပ်သွားစေမည်ဖြစ်သည်။… … …သာယာသော နံနက် ခင်းတခုတွင် ကျွန်ုပ်တို့အိပ်ရာမှထပြီး ကြည့်လိုက်သောအခါ၌ မျက်စိအောက်တွင် ထရပ်စ်များမှတပါး အ ခြားဘာမျှမရှိသည်ကို တွေ့ကြရပေလိမ့်မည်။ နောက်ပြီး နိုင်ငံတော်လက်ဝါးကြီးအုပ်များအား ပုဂ္ဂလိကလက် ဝါးကြီးအုပ်များနှင့် အစားထိုးရမည့်ကိန်းနှင့် ကြုံနေသည်ကိုလည်း တွေ့ကြရပေလိမ့်မည်။ သို့သော် အခြေအ နေတွေကို သူ့လမ်းကြောင်းအတိုင်း ဖြစ်သွားစေခြင်းနှင့် စတော့ရှယ်ယာများကို ကစားခြင်းဖြင့် အချိန် နည်း နည်း ပိုမြန်သွားစေခြင်းမှလွဲလျှင် ကျွန်ုပ်တို့အနေဖြင့် ကိုယ့်ကိုယ်ကို အပြစ်တင်စရာ ဘာမျှမရှိ ပေ။" *

ဤသည် ခေတ်ရှင်စာနယ်ဇင်းများ၏ အစွမ်းမရှိမှုကို ဖော်ပြသော ဥပမာတခု ဖြစ်သည်။ ယင်းနှင့် ခေတ်ရှင်သိပ္ပံပညာတို့၏ ခြားနားမှုမှာ ခေတ်ရှင်သိပ္ပံပညာက လေးနက်မှုပိုနည်းပြီး ပြဿနာ၏အနှစ်သာရကို ပိုပြီးဖုံးကွယ်စေလိုသည့် သဘောမျိုးရှိသည်။ သစ်တပင်ဖြင့် သစ်တောတတောလုံးကို ဖုံးကွယ်လိုသည့် စုပြုံ မှု၏ရလဒ်များကို "အံ့သြခြင်း"၊ အရင်းရှင်ဂျာမဏီနိုင်ငံ၏အစိုးရ သို့မဟုတ် "အရင်းရှင်လူ့အဖွဲ့အစည်း" ("ကိုယ့်ကိုယ်ကိုယ်") အား အပြစ်တင် ခြင်း၊ ဂျာမဏီမှ "ကာတယ်" ဆိုင်ရာ ကျွမ်းကျင်သူ ချီယားစကီးက အမေရိကန်ထရပ်စ်များအား စိုးရိမ်သကဲ့သို့ စတော့နှင့်ရှယ်ယာများ ပြုလုပ်လာခြင်းသည် စုပြုံမှု"အရှိန်မြင့် လာ" စေလိမ့်မည်ဟု စိုးရိမ်ခြင်း။ ထရပ်စ်များကဲ့သို့ နည်းပညာနှင့် စီးပွားရေးတိုးတက်မှုကို အလွန်အမင်း လျင်မြန်စေလိမ့်မည်မဟုတ်" ဟုဆိုကာ ဂျာမဏီမှ ထရပ်စ် များကို "ရွေးချယ်ခြင်း"** ။ ဤသည်တို့မှာ အစွမ်းမရှိမှုပင် မဟုတ်လော။

သို့သော် အဖြစ်မှန်မှာ အဖြစ်မှန်ပင် ဖြစ်နေပေသည်။ ဂျာမဏီတွင် ထရပ်စ်ဟူ၍ မရှိချေ။ ကာတယ် များ"သာ"ရှိသည်။ ဂျာမဏီနိုင်ငံအား သုံးရာထက်မပိုသော အရင်းအနှီးသူကြွယ်ကြီးများက စိုးမိုးထားကြ သည်။ နောက်ပြီး ဤအရေအတွက်မှာလည်း မပြတ် လျော့နည်းလိုက်နေသည်။ အရင်းရှင်နိုင်ငံအားလုံးတွင် တနိုင်ငံနှင့်တနိုင်ငံ ဘဏ်ဥပဒေ ခြားနားမှုများရှိလင့်ကစား မည်သည့်ကိစ္စတွင်မဆို ဘဏ်များသည် အရင်းအ နှီးစုပြုံမှုနှင့် လက်ဝါးကြီးအုပ် ဖြစ်ပေါ်မှုကို အကြီးအကျယ် သိပ်သည်းစေ၊ မြန်ဆန်စေလေသည်။

လွန်ခဲ့သည့် ရာစုနှစ်တဝက်တုန်းက မာ့က်စ်သည် အရင်းကျမ်းတွင် ဘဏ်စနစ်သည် "အကယ်ပင်

---

* အေလင်းစ်ဘာ့ဂ်၊ ဘဏ် ဂျာနယ်တွင် ပါသော သန်း ၃၀၀ ဘဏ်၊ ၁၉၁၄၊ စာမျက်နှာ ၄၂၆

** အက်စ် ချီးယားစကီး၊ ရှေ့ပိုင်းတွင် ကိုးကားခဲ့သော စာအုပ်၊ စာမျက်နှာ ၁၂၈။

ဘုံစာရင်းကိုင်ပညာသဏ္ဍာန်နှင့် လူ့အဖွဲ့အစည်းအတိုင်းအတာအရ ထုတ်လုပ်မှုပစ္စည်းခွဲဝေမှုတို့ကို ဖော်ထုတ်ခဲ့သည်။ သို့သော် သဏ္ဍာန်ကိုယ်မျှသာ ဖော်ထုတ်ခြင်းဖြစ်သည်။'' ဟုရေးသားခဲ့သည်။ (ရုရှားဘာသာပြန်၊ အတွဲ -၃၊ အခန်း၂ ၊ စာမျက်နှာ ၁၄၄။) ဘဏ်အရင်းအနှီးတိုးပွားမှု၊ အကြီးဆုံးဘဏ်ကြီးများ၏ ဘဏ်ခွဲနှင့်ရုံးများ တိုးများလာမှု၊ ၎င်းတို့၏စာရင်းများ တိုးများလာမှု၊ စသည့်ကိန်းဂဏန်းများသည် အရင်းရှင်လူတန်းစား<u>တခုလုံး</u>၏ ''ဘုံစာရင်းကိုင်ပညာ''ရဲ့ ပကတိရုပ်ပုံကို ဖော်ပြခဲ့သည်။ အရင်းရှင်များသာမက ဘဏ်များသည် ယာယီပင်ဖြစ်စေဦးတော့ လုပ်ငန်းရှင်ကလေးများ၊ ရုံးစာရေးများနှင့် အလုပ်သမား လူတန်းစားထဲမှာ အထက်လွှာနည်းနည်းလေးတို့၏ ဝင်ငွေမှန်သမျှကိုပါ ကောက်ယူခဲ့သဖြင့် ထိုသူတို့၏ ပကတိရုပ်ပုံကိုပါ ဖော်ပြနေပေသည်။ အရေအတွက်အားဖြင့် ပြင်သစ်တွင် သုံးခုမှခြောက်ခု၊ ဂျာမဏီတွင် ခြောက်ခုမှ ရှစ်ခုရှိပြီး ငွေကုဋေပေါင်းများစွာကို ချုပ်ကိုင်ထားသော ခေတ်သစ်ဘဏ်များမှနေ၍ တရားဝင်သဏ္ဍာန်အရ ပြောမည်ဆိုလျှင် ''ထုတ်လုပ်မှုပစ္စည်း ဘုံခွဲဝေမှု'' <u>ပေါ်ထွက်</u>လာခြင်းဖြစ်သည်။ <u>အနှစ်သာရအရ</u> ဆိုလျှင်မူ ထုတ်လုပ်မှုပစ္စည်းခွဲဝေမှုသည် ''ဘုံ'' မဟုတ်ချေ။ ပုဂ္ဂလိက ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းသည် အရင်းအနှီးကြီးများ၏အကျိုးစီးပွားနှင့် ကိုက်ညီသည်။ အရင်းခံအားဖြင့် ကြီးမားသော လက်ဝါးကြီးအုပ် အရင်းအနှီးများ၏ အကျိုးစီးပွားနှင့် ကိုက်ညီသည်။ ဤအရင်းအနှီးများသည် လူဦးရေအများစုတို့ ဆင်းရဲမွဲတေစွာ နေထိုင်ရခြင်း၊ လယ်ယာဖြစ်ပေါ်တိုးပွားမှုက စက်မှုဖြစ်ပေါ်တိုးပွားမှု၏ နောက်တွင် ကျန်ရစ်ခဲ့ခြင်း၊ စက်မှုမှာတောင်မှ ''အလေးစားစက်မှုလုပ်ငန်းများ''က အခြားသော စက်မှုလုပ်ငန်းခွဲများထံမှ အခွန်ဘဏ္ဍာရယူခြင်း စသည့် အခြေအနေများတွင် လုပ်ရှားလည်ပတ်နေကြခြင်း ဖြစ်သည်။

အရင်းရှင်စီးပွားရေးအား လူ့အဖွဲ့အစည်းလက္ခဏာဆောင်အောင် ပြုလုပ်ရာတွင် ငွေစုဘဏ်များနှင့် စာတိုက်များသည် ဘဏ်များကို ယှဉ်ပြိုင်စပြုလျက်ရှိသည်။ ၎င်းတို့သည် ပိုပြီး ''စုစည်းချုပ်ကိုင်မှု လျော့နည်း''သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ဂယက်သြဇာသည် ပိုမိုများပြားသောဒေသများ၊ ပိုမိုဝေးသီသော နေရာများ၊ ပိုမိုကျယ်ပြန့်သော လူ့အလွှာများထံ ရောက်ရှိသည်။ ဘဏ်များသည် ငွေစုဘဏ်များရှိ အပ်ငွေများ နှိုင်းစာခြင်းအားဖြင့် ကြီးထွားလာမှုနှင့်ပတ်သက်ပြီး အမေရိကန်ကော်မရှင်တခုမှ ကောက်ယူရရှိသော ဇယားတခု* ကို ယခု ဖော်ပြလိုက်သည်။

**<u>အပ်နှံငွေများ (မတ် ဘီလျံပေါင်း)</u>**

| အင်္ဂလန် | | | ပြင်သစ် | | | ဂျာမဏီ | |
|---|---|---|---|---|---|---|---|
| | ဘဏ်များ | ငွေစုဘဏ်များ | ဘဏ်များ | ငွေစုဘဏ်များ | ဘဏ်များ | ငွေချေးရေးအဖွဲ့အစည်းများ | ငွေစုဘဏ်များ |
| ၁၈၈၀ | ၈. ၄ | ၁. ၆ | ? | ၀. ၉ | ၀. ၅ | ၀. ၄ | ၂. ၆ |
| ၁၈၈၈ | ၁၂. ၄ | ၂. ၀ | ၁. ၅ | ၂. ၁ | ၁. ၁ | ၀. ၄ | ၄. ၅ |
| ၁၉၀၈ | ၂၃. ၂ | ၄. ၂ | ၃. ၇ | ၄. ၂ | ၇. ၁ | ၂. ၂ | ၁၃. ၉ |

စုငွေဘဏ်များသည် အပ်နှံငွေများအတွက် အတိုးကို ၄ ％ နှင့် ၄¼ ％ ပေးရသည်ဖြစ်ရာ ၎င်းတို့ အနေဖြင့် ''အမြတ်ရသော'' ရင်းနှီးမြှုပ်နှံမှုများ ပြုရပေသည်။ ငွေလွှဲငွေပြောင်းလက်မှတ်များ၊ အပေါင်ခံခြင်း စသည်များ လုပ်ရပေမည်။ ဘဏ်များနှင့် ငွေစုဘဏ်များအကြား ခွဲခြားမှုမှာ ''ပျောက်ကွယ်သထက် ပျောက်ကွယ်'' လာသည်။ ပမာအားဖြင့် ဘိုချမ်နှင့် အာဖတ်ရှိ ကုန်သွယ်ရေးအသင်းကြီးက ငွေစုဘဏ်များအား အတိုးဖြင့် ငွေချေးခြင်းကဲ့သို့သော ''ရိုးရိုး'' ဘဏ်လုပ်ငန်းမျိုးများ မလုပ်ရန် ''တားမြစ်''ပေးဖို့ တောင်းဆိုကြသည်။ စာတိုက်၏ ''ဘဏ်လုပ်ငန်း''လုပ်ကိုင်မှုကိုလည်း ကန့်သတ်ရန် တောင်းဆိုကြသည်။** ဘဏ်ထိပ်

---

* <u>အမျိုးသားငွေကြေးကော်မရှင်၏ စာရင်းဇယားများ၊ ဘဏ်ဂျာနယ်။ ၁၉၁၀၊ အမှတ် - ၁၊ စာမျက်နှာ ၁၂၀၀။</u>

** <u>ဘဏ်</u>ဂျာနယ်၊ ၁၉၁၃၊ စာမျက်နှာ ၈၁၁၊ ၁၀၂၂။ ၁၉၁၄ စာမျက်နှာ ၇၁၃။

သီးများအနေဖြင့် ၎င်းတို့အပေါ် နိုင်ငံတော်လက်ဝါးကြီးအုပ်စနစ်က မမျှော်လင့်သည့်ထောင့်မှ ကြောသွားမည်ကို စိုးရိမ်ကြသည်။ သို့သော် ဤစိုးရိမ်မှုမှာ ပြိုင်ဘက်လက္ခဏာဖော်ပြမှုသာ ဖြစ်ကြောင်း ပြောစရာပင်မလိုအပ်ပေ။ ရုံးတရုံးထဲရှိ ဌာနမန်နေဂျာနှစ်ဦးတို့၏ ပြိုင်ဘက်လက္ခဏာပုံမျိုးသာ ဖြစ်သည်။ တဖက်က ပြောရလျှင် ငွေစုဘဏ်များတွင် အပ်နှံထားသော ငွေကုဋေပေါင်းများစွာတို့အား တကယ်တမ်းနောက်ဆုံး သတ္တုချကြည့်လိုက်သောအခါ ဤ<u>ဘဏ်ထိပ်သီးကြီးများ</u>ကသာ ချုပ်ကိုင်ထားကြောင်း တွေ့ရသည်။ တဖက်တွင်မူ အရင်းရှင်လူ့အဖွဲ့အစည်းရှိ နိုင်ငံတော် လက်ဝါးကြီးအုပ်အရင်းအနှီးဆိုသည်မှာ ဒေဝါလီခံရလုနီးပါး ဖြစ်နေသည်။ စက်မှုလုပ်ငန်းခွဲ တခုမဟုတ်တခုမှ သန်းကြွယ်သူဌေးများ၏ ဝင်ငွေတိုးများရေးနှင့် အာမခံရေးအတွက် နည်းနာသက်သက်သာ ဖြစ်ပေသည်။

လွတ်လပ်စွာ ပြိုင်ဆိုင်မှုလွှမ်းမိုးသည့် ပုံစံဟောင်းအရင်းရှင်စနစ်မှနေ၍ လက်ဝါးကြီးအုပ်မှုစိုးမိုးသော အရင်းရှင်စနစ်ဆီသို့ ကူးပြောင်းရာတွင် ဖော်ပြချက်များအနက် စတော့ရောင်းဝယ်မှု၏ အရေးပါမှု ကျဆင်းသွားခြင်းလည်း ပါဝင်သည်။ "ဘဏ်များက ငွေစက္ကူသစ်တပုံတပင်ကို သူ့ဖောက်သည်များအတွက် ထုတ်မပေးနိုင်မီကာလက စတော့ရောင်းဝယ်ရေးမှာ မရှိမဖြစ်သော ကြားခံဖြစ်ခဲ့သော်လည်း ယခုအခါတွင် ကြားခံအဖြစ်မှ ရပ်စဲသွားသည်မှာ ကြာလှပေပြီ။"*

ဘဏ်တိုင်းသည် စတော့ရောင်းဝယ်ရေးဌာန ဖြစ်သည်။ "ဘဏ်ပိုကြီးလေ၊ ဘဏ်၏စုပြုံမှု အောင်မြင်လေ ဤခေတ်သစ်ဆိုရိုးစကားမှာ ပိုပြီးမှန်ကန်လေ ဖြစ်သည်။"** ယခင် ခုနစ်ဆယ်စုနှစ်များဆီတုန်းက စတော့ရောင်းဝယ်မှုသည် လူငယ်တို့၏နုပျိုမှု"(၁၈၇၃ ခုဆီက စတော့ရောင်းဝယ်မှု ပြိုကျမှုကြီး၊ ကုမ္ပဏီကိစ္စနာမည်ပျက်မှုများ စသည်တို့ကို ပညာပါစွာ သွယ်ဝိုက်ရည်ညွှန်းထားခြင်း)"သည် ဂျာမဏီနိုင်ငံ၏ စက်မှုတပ်ဆင်မှုခေတ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ယခုအခါတွင်မူ ဘဏ်များနှင့်စက်မှုလုပ်ငန်းများသည် ဤသည်ကို "တဦးတည်းလုပ်" နိုင်ကြပေပြီ။ ကျွန်ုပ်တို့၏ဘဏ်ကြီးများက စတော့ရောင်းဝယ်မှုအပေါ် လွှမ်းမိုးမှုမှာ… ဂျာမန်နိုင်ငံတော်၏ လုံးဝစည်းလုံးမှုရှိသော စက်မှုလုပ်ငန်းအနေအထားကို ဖော်ပြခြင်းမှတပါး အခြားမရှိပေ။ အကယ်၍သာ အလိုအလျောက် လည်ပတ်နေသော ဘောဂဗေဒဥပဒေသများကို ယခုကဲ့သို့ ကန့်သတ်လိုက်လျှင်သော်လည်းကောင်း၊ ဘဏ်များ၏ အသိရှိရှိလှည့်ပတ်မှုက လွှမ်းမိုးခြင်းကို သိသိသာသာ တိုးချဲ့လိုက်လျှင်သော်လည်းကောင်း အမျိုးသားစီးပွားရေးကို ဦးဆောင်နေသည့် ဦးနှောက်အနည်းငယ်တို့မှာ တာဝန် အများကြီး ပိုကြီးသွားပေမည်။*** ဟု ဂျာမန်ပါမောက္ခ ရှုလ်ဇ် ဂဗာနဇ္ဇဆိုသော ဂျာမန်နယ်ချဲ့ဝါဒ၏ ရှေ့နေကြီးက ရေးသားခဲ့သည်။ သူ့အား နိုင်ငံအားလုံးမှ နယ်ချဲ့သမားများက အခွင့်အာဏာရှိသူတဦးဟု သဘောထားကြသည်။ ဘဏ်များက စီးပွားရေးဘဝကို "အသိရှိရှိ လှည့်ပတ်"သည်ဆိုခြင်းမှာ "လုံးဝ စည်းလုံးမှုရှိသည့်" လက်တဆုပ်စာလက်ဝါးကြီးအုပ်အရင်းရှင်ကြီးများက လူထုအား သွေးစုပ်ခြင်းဖြစ်သည်ဆိုသော "အသေးစိတ်" အချက်အလက်ကို သူသည် ကျော်လွှားရန် ကြိုးစားခဲ့သည်။ ခနရှင်ပါမောက္ခတဦး၏ တာဝန်မှာ လည်ပတ်မှုတခုလုံးကို ဖွင့်ပြရန် သို့တည်းမဟုတ် ဘဏ်လက်ဝါးကြီးအုပ်များ၏ ယန္တရားတခုလုံးကို ဖွင့်ချရန် မဟုတ်ပေ။ ၎င်းတို့ကို ကြည့်ကောင်းရှုကောင်းအောင် ပွဲထုတ်ရန်သာ ဖြစ်သည်။

အလားတူပင် သူ့ထက် အခွင့်အာဏာ ပိုမိုရှိပြီး ကိုယ်တိုင်ကလည်း "ဘဏ်လုပ်ငန်း သမား"တဦးဖြစ်သည့် ရိုက်ဆာကလည်း မငြင်းကွယ်နိုင်သော အချက်အလက်များကို အဓိပ္ပာယ်မရှိသည့်စကားများဖြင့် လှည့်ထွက်ရန် ကြိုးစားခဲ့သည်။ "… … စတော့ရောင်းဝယ်မှုသည် အမျိုးသားစီးပွားရေးတခုလုံး၊ အထူးသဖြင့် အာမခံစာချုပ်များ လည်ပတ်ရေးအတွက် လုံးဝမရှိမဖြစ်သောအရာ ဆိုသည့်လက္ခဏာမှာ တဖြည်းဖြည်း မှေးမှိန်လိုက်လာနေသည်။ အတိကျဆုံးတိုင်းတာသည့် ပေတံဆိုသည်သာမက ၎င်းအပေါ်တွင် ဗဟိုပြုနေသော စီးပွားရေးလုပ်ငန်းများအား အလိုအ လျောက်နီးပါး လှည့်ပတ်ပေးသူဆိုသော လက္ခဏာမှာလည်း

* ဘဏ်ဂျာနယ်၊ ၁၉၁၄ ခု၊ အမှတ် – ၁၊ စာမျက်နှာ ၃၁၆။

** ဒေါက်တာအောစကာ စတီးလစ် ( **Dr. Oscar Stillich**) နှင့် ဘဏ်လုပ်ငန်း၊ ဘာလင်၊ ၁၉၀၇ ခု၊ စာမျက်နှာ – ၁၆၉။

*** ရှုလ်ဇ်ဂဗာနဇ္ဇ။ <u>လူမှုစီးပွားရေးပုံကြမ်းရှိ ဂျာမန်မြို့ရှင်ဘဏ်</u>၊ တူဘင်ဂင်၊ ၁၉၁၅၊ စာမျက်နှာ ၁၀၁။

တဖြည်းဖြည်း မေးမိုန်လိုက်လာနေသည်။*

တနည်းပြောရလျှင် လွတ်လပ်စွာပြိုင်ဆိုင်မှုရှိသည့် အရင်းရှင်စနစ်ဟောင်းနှင့် ၎င်း၏ မရှိမဖြစ် လှည့်ပတ်ပေးသူ စတော့ရောင်းဝယ်မှုတို့မှာ ချုပ်ငြိမ်းနေလေပြီ။ လွတ်လပ်စွာပြိုင်ဆိုင်မှုနှင့် လက်ဝါးကြီးအုပ်တို့ ရောယှက်နေခြင်းဟူသော စပ်ကူးမပ်ကူးကာလ၏ ထင်ရှားသည့်လက္ခဏာများ ပါရှိသည့် အရင်းရှင်စနစ်သစ်တခုက အစားထိုးလာနေသည်။ ဤတွင် သဘာဝကျစွာပင် မေးခွန်းတခု ပေါ်လာသည်။ ဤနယ်ချဲ့စနစ်သစ်သည် မည်သည့်ဆီသို့ ဦးတည် "သွားနေ"သနည်း။ သို့သော် ခေရှင်ပညာရှင်များကမူ ဤမေးခွန်းကို မေးရန် ကြောက်လန့်နေကြသည်။

"လွန်ခဲ့သည့် အနှစ် ၃၀ က စီးပွားရေးသမားများသည် ၎င်းတို့အချင်းချင်း လွတ်လပ်စွာ ပြိုင်ဆိုင်ကာ ၎င်းတို့၏ စီးပွားရေးနှင့်ပတ်သက်နေသည့် ကာယလုပ်ငန်းမဟုတ်သော လုပ်ငန်းအားလုံး၏ ၁၀ ပုံ ၉ ပုံကို လုပ်ဆောင်ခဲ့ကြသည်။ ယခုအခါ၌မူ ဤ"ဉာဏလုပ်ငန်း" ၏ ၁၀ ပုံ ၉ ပုံကို အရာရှိများက လုပ်ဆောင်ကြသည်။ ဤတစတစ ဖြစ်ပေါ်ပြောင်းလဲမှု၏ရှေ့တန်းတွင် ဘဏ်လုပ်ငန်း ပါဝင်သည်။"** ရှုလ်ဇ် ဂဗားနဗ္ဗ၏ ဤဝန်ခံချက်သည် ကျွန်ုပ်တို့အား အောက်ပါမေးခွန်းဆီသို့ ခေါ်ဆောင်ခဲ့ပြန်သည်။ နယ်ချဲ့အဆင့်၏ အရင်းရှင်စနစ်ဖြစ်သော ဤအရင်း ရှင်စနစ်သစ် သည် မည်သည့်ဆီသို့ ဦးတည်သွားနေသနည်း။ ... ... ...

စုပြုံမှုဖြစ်စဉ်ရဲ့ရလဒ်ကြောင့် အရင်းရှင်စီးပွားရေး၏ခေါင်းပိုင်းတွင် ကျန်ရှိနေသော ဘဏ်အနည်းငယ်ကြား၌ လက်ဝါးကြီးအုပ် သဘောတူညီချက်များ၊ ဘဏ်ထရပ်စ်များဆီသို့ ပိုမိုတိမ်းညွတ်လာသည်ကို သဘာဝကျစွာပင် တွေ့မြင်ကြရသည်။ အမေရိကန်နိုင်ငံတွင် သန်းပေါင်း ထောင်နှင့်ချီပြီးပိုင်ဆိုင်သော ရောမ ဘဏ်ကြီး ၂ ခု ( ၉ ခု မဟုတ်) သည် မတ်ငွေ ၁၁ ဘီလျံကို ချုပ်ကိုင်ထားကြသည်။*** ဂျာမဏီတွင် ကျွန်ုပ်တို့ အထက်၌ပြောခဲ့ကြသည့် ရုပ်ဖ်ဟော်စင်ဂျာဘဏ်အား ဒစ္စကွန်တိုဂယ်ဆယ်ရှပ်ဖ်က သိမ်းသွင်းယူလိုက်ခြင်းကို စတော့ရောင်းဝယ်မှု၏ အကျိုးစီးပွားရဲ့အာဘော်ဖြစ်သည့် ဖရင့်ဖွတ်သတင်းစာကြီးတွင် ယခုကဲ့သို့ ကောက်ချက်ချထားသည်။

"ဘဏ်များ၏ စုပြုံရေးလှုပ်ရှားမှုသည် ချေးယူရရှိနိုင်သော လုပ်ငန်းအဝန်းအဝိုင်းကို ကျဉ်းမြောင်းလိုက်လာနေစေသည်။ အကျိုးဆက်အားဖြင့် စက်မှုလုပ်ငန်းကြီးများသည် ဘဏ်အစု အနည်းငယ်လေးပေါ်မှီခိုရမှု ပိုမိုတိုးများလာစေသည်။ စက်မှုလုပ်ငန်းနှင့် ဘဏ္ဍာရေးလောကတို့အကြား နီးကပ်စွာ ဆက်သွယ်နေမှုအရပြောရလျှင် ဘဏ်၏အရင်းအနှီးကို လိုအပ်သော စက်မှုကုမ္ပဏီများ၏ လွတ်လပ်စွာလှုပ်ရှားမှုမှာ ကန့်သတ်ခံထားရသည်။ ဤအကြောင်းကြောင့်ပင် စက်မှုလုပ်ငန်းကြီးများသည် ဘဏ်များ ထရပ်စ်ဖွဲ့လာမှု ပိုမိုများပြားလာခြင်းကို ဝမ်းနည်းဝမ်းသာဖြင့် စောင့်ကြည့်နေသည်။ အမှန်ပင် ပြိုင်ဆိုင်မှုကိုကန့်သတ်ရန် ရည်ရွယ်သော ဘဏ်လုပ်ငန်းကြီး တခုချင်းအကြား အချို့သောသဘောတူညီမှုများ စတင်ရရှိလာကြသည်ကို အထပ်ထပ်တွေ့ခဲ့ကြရသည်။"****

ထပ်ပြန်တလဲလဲဆိုသလိုပင် ဘဏ်လုပ်ငန်း ဖြစ်ပေါ်တိုးပွားမှု၏ နောက်ဆုံးစကားမှာ လက်ဝါးကြီးအုပ်မှု ဖြစ် သည်။

ဘဏ်များနှင့်စက်မှုလုပ်ငန်းတို့၏ နီးကပ်စွာဆက်သွယ်မှုနှင့် ပတ်သက်၍ပြောရလျှင် ဘဏ်များ၏ အခန်းသစ်ကို ဤနယ်ပယ်တွင်ပင် တွေ့ရခြင်းဖြစ်သည်။ အသိသာဆုံး ကြုံတွေ့ရခြင်းဟု ဆိုနိုင်မည်ထင်သည်။ ဘဏ်တခုက ကုမ္ပဏီလုပ်ငန်းတခု၏ ငွေပေးငွေယူခြင်းအတွက် အတိုးယူသည်။ ငွေစာရင်းရှင် ဖွင့်သည်။–– ဆိုရာ၌ ဘဏ်၏ အခန်းသည် နှိမ့်ချသော ကြားလူဆိုသည်ထက် မပိုချေ။ သို့သော် ဤသို့ ဆောင်

---

* ရိုက်ဆာ၊ ရှေ့ပိုင်းတွင် ကိုးကားခဲ့သော စာအုပ်၊ စတုတ္ထအကြိမ် ထုတ်ဝေခြင်း၊ စာမျက်နှာ ၆၂၉။

** ရှုလ်ဇ်ဂဗားနဗ္ဗ ၊ အထက်ပါစာအုပ်၊ ၁၉၁၅၊ စာမျက်နှာ ၁၅၁။

*** ဘဏ်ဂျာနယ်၊ ၁၉၁၂၊ အမှတ် – ၁၊ စာမျက်နှာ ၄၃၅။

**** ရှုလ်ဇ်ဂဗာနဗ္ဗ၊ အထက်ပါစာအုပ်၊ စာမျက်နှာ ၁၅၅။

ရွက်မှုတွေ များလာပြီး ကျင့်ထုံးတခုဖြစ်လာပြီဆိုလျှင်သော်လည်းကောင်း၊ ဘဏ်၏လက်ထဲတွင် ရောမအရင်းအနှီးကို "စုဆောင်းမိ"ပြီဟုဆိုလျှင်သော်လည်းကောင်း၊ တခုသော ကုမ္ပဏီလုပ်ငန်းအတွက် စာရင်းရှင်ဖွင့်ပေးခြင်းသည် ဘဏ်အား(ဒီအတိုင်းလည်း ဖြစ်သည်။) သူ့ဖောက်သည်၏စီးပွားရေးအနေအထားကို ပိုမိုပြည့်စုံ၊ ပိုမိုအသေးစိတ်ကျစွာ သိလာစေသည်ဆိုလျှင်သော်လည်းကောင်း အဖြေမှာ အဆိုပါစက်မှု အရင်းရှင်အနေဖြင့် ဘဏ်အပေါ်တွင် လုံးဝမှီခိုလာရခြင်းပင် ဖြစ်သည်။

တချိန်တည်းတွင် ဘဏ်များနှင့် အကြီးဆုံးစက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းကိုင်ငန်းများကြား (ပြောကြပါစို့) ပုဂ္ဂိုလ်ရေးအရ ပေါင်းစည်းမှုများလည်း ထူထောင်မိလာခဲ့ကြသည်။ ရှယ်ယာများ ဝယ်ယူခြင်းဖြင့် တခုနှင့်တခု ပေါင်းစပ်မိခြင်း၊ စက်မှုလုပ်ငန်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းကိုင်ငန်းများ၏ အုပ်ချုပ်မှုဘုတ်အဖွဲ့များ (သို့မဟုတ် ဒါရိုက်တာဘုတ်အဖွဲ့များ) တွင် ဘဏ်ဒါရိုက်တာများအား ခန့်ထားခြင်း၊ သို့မဟုတ် အပြန်အလှန် ခန့်ထားခြင်းတို့မှတဆင့်လည်း ပုဂ္ဂိုလ်ရေးပေါင်းစည်းမှုများ ထူထောင်မိလာကြသည်။ ဤသို့သော အရင်းအနှီးနှင့် လုပ်ငန်းကိုင်ငန်း စုပြုံမှုသဏ္ဌာန်နှင့် ပတ်သက်ပြီး အသေးစိတ်အကျဆုံးဇယားကို ဂျာမန်ဘောဂဗေဒပညာရှင် ဂျေဒယ်လ်က စုဆောင်းပြုစုခဲ့သည်။ အကြီးဆုံး ဘာလင်ဘဏ်ကြီး ၆ ခုတို့၏ ဒါရိုက်တာများသည် ကုမ္ပဏီပေါင်း (၃၄၄) ခုတွင် ကိုယ်စားပြု ပါဝင်နေကြသည်။ ဘုတ်အဖွဲ့ဝင်များသည်လည်း ကုမ္ပဏီပေါင်း(၄၀၇) ခုတွင် ပါဝင်နေကြသည်။ စုစုပေါင်း ကုမ္ပဏီ (၇၅၁) ခုပင် ရှိသည်။ ဤကုမ္ပဏီများအနက် (၂၈၉) ခုတို့၏ အုပ်ချုပ်မှုဘုတ်အဖွဲ့များတွင် ဘဏ်များ၏ ကိုယ်စားလည် နှစ်ဦးစီ သို့မဟုတ် ဥက္ကဋ္ဌများအဖြစ် ပါဝင်နေကြသည်။ ဤစက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးကုမ္ပဏီများ၏ အမျိုးအမည်များမှာလည်း ထွေပြားလှသည်။ အာမခံလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ စားသောက်ဆိုင်၊ ဇာတ်ရုံများ၊ အနုပညာ စက်မှုလုပ်ငန်း စသဖြင့် ဖြစ်သည်။ တဖက်အနေဖြင့်မူ ဤဘဏ်ကြီး ၆ ခု၏ အုပ်ချုပ် မှုဘုတ်အဖွဲ့များမှာ (၁၉၁၀) ခုနှစ်တွင် အကြီးဆုံးစက်မှုလုပ်ငန်း(၅၁) ခုမှ ကိုယ်စားလှယ်များ ပါရှိနေသည်။ ဤအထဲတွင် ခရက်မှ ဒါရိုက်တာ၊ အားကြီးလှသော "ဟက်ပ်ဖဂ်" (ဟမ်းဘက်–အမေရိကန်လိုင်း) စသည် စသည်တို့ ပါဝင်သည်။ ၁၈၉၅ ခုနှစ်မှ ၁၉၁၀ ခုနှစ် ကာလအတွင်း ဤဘဏ် ၆ ခုထဲမှ တခုစီသည် ရာပေါင်းများစွာသော စက်မှုကုမ္ပဏီများ (၂၈၁ခုမှ ၄၁၉ ခုအထိ) ဤရှယ်ယာများနှင့် ဘွန်းစာချုပ်လက်မှတ်များ ပိုင်ဆိုင်မှုတွင် ပါဝင်နေကြသည်။* ဘဏ် များနှင့် စက်မှု လုပ်ငန်းတို့ကြားရှိ "ပုဂ္ဂိုလ်ရေးပေါင်းစည်းမှု" ကို ၎င်းတို့နှစ်ဦးစလုံးနှင့် အစိုးရတို့၏ "ပုဂ္ဂိုလ်ရေးပေါင်း စည်းမှု" ဖြင့် ထပ်ဖြည့်ခဲ့သည်။ "အုပ်ချုပ်မှုဘုတ်အဖွဲ့များတွင် ဘွဲ့ထူးရှိသော ပုဂ္ဂိုလ်များအား ပေါပေါများများပင် နေရာပေးခဲ့ကြသည်။ လုပ်ငန်းလည်ပတ်ရန် အများကြီး စွမ်းဆောင်နိုင်သော အစိုးရအမှုထမ်းဟောင်းများကိုလည်း ပေးခဲ့သည်။" "အာဏာပိုင်များနှင့် ဆက်သွယ်မှုများ"…… … "ဘဏ်ကြီးများ၏ အုပ်ချုပ်မှုဘုတ်အဖွဲ့တွင် ပါလီမန်အမတ်တဦး သို့မဟုတ် ဘာလင်မြို့တော် ကောင်စီဝင်တဦးဦး ပါဝင်နေလေ့ရှိသည်" ဟု ဂျေဒယ်လ်က ရေးထားသည်။

ပြောကြစို့ဆိုလျှင် ရောမလက်ဝါးကြီးအုပ်အရင်းရှင်ကြီးများ၏ အဆောက်အအုံမှာ "သဘာဝကျစွာ"ရော၊ "သဘာဝလွန်"နည်းများအရပါ ရှေ့ကို အရှိန်အဟုန်ပြင်းစွာ ချီတက်လျက်ရှိသည်။ ခေတ်သစ်အရင်းရှင် လူ့အဖွဲ့အစည်းကြီးကို အုပ်စိုးသော ဘဏ္ဍာဘုရင် ရာအချို့အတွင်းတွင် အလုပ်ခွဲဝေမှုဆန်ဆန်မျိုး စနစ်တကျ တည်ဆောက် ပြီးလေပြီ။

"အချို့သော ရောမစက်မှုလုပ်ငန်းရှင်ကြီးများ၏ လှုပ်ရှားမှုနယ်ပယ် ကျယ်ပြန့်လာမှု"(ဘဏ်များ၏ ဘုတ်အဖွဲ့များနှင့် ဆက်စပ်မှု စသည်) "နောက်ပြီး တိကျသော စက်မှုဒေသများတွင် ပြည်နယ်ဆိုင်ရာ ဘဏ်မန်နေဂျာများအား ခန့်ထားခြင်းနှင့် တချိန်တည်းတွင် ဘဏ်ကြီးများ၏ ဒါရိုက်တာများကြား အထူးပြုခြင်းများ တိုးများလာလျက် ရှိသည်။ ယေဘုယျပြောရလျှင် ဤအထူးပြုခြင်းများမှာ ဘဏ်လုပ်ငန်းကို ကျယ်ပြန့်သော ဆက်သွယ်မှုများ ရှိသော အခါမှပင် တွေ့ရှိရပေသည်။ ဤအလုပ်ခွဲဝေမှုကို နှစ်မျိုးနှစ်စား တွေ့ရသည်။

---

* ဂျေဒယ်လ်၊ ရှေ့ပိုင်းတွင် ကိုးကားခဲ့သော စာအုပ်၊ ရိုက်ဆာ၊ ရှေ့ပိုင်းတွင် ကိုးကားခဲ့သော စာအုပ်

တဖက်တွင် စက်မှုလုပ်ငန်းနှင့် ဆက်သွယ်မှုများကို ဒါရိုက်တာ တဦးဦးအား သူ၏အထူးတာဝန်အဖြစ် ပေးအပ်ထားလိုက်သည်။ တဖက်တွင်မူ ဒါရိုက်တာတဦးစီသည် မတူကွဲပြားသောလုပ်ငန်းကိုင်ငန်းများ၊သို့မဟုတ် တူညီသောစက်မှုလုပ်ငန်းခွဲ သို့မဟုတ် အလားတူ အကျိုးတူသည့် လုပ်ငန်းကိုင်ငန်း အစုတခုကို ကြီးကြပ်ရန် တာဝန်ယူသည်။''... ... ...(အရင်းရှင်စနစ်သည် လုပ်ငန်းကိုင်ငန်းတခုစီအား စည်းရုံးမှုရှိရှိ ကြီးကြပ်သော အဆင့်သို့ ရောက်သွားလေပြီ။) ... ... ... '' တဦးက ဂျာမန်စက်မှုလုပ်ငန်း၊ တခါတရံတွင် ဂျာမဏီ အနောက်ပိုင်း၏ စက်မှုလုပ်ငန်းကိုသာ အထူးပြုသည်။'' (အနောက်ပိုင်းသည် ဂျာမဏီ၏စက်မှုလုပ်ငန်း အများဆုံးအပိုင်း ဖြစ်သည်။) ''အခြားလူများက ပြည်ပနိုင်ငံများနှင့် ပြည်ပစက်မှုလုပ်ငန်းတို့နှင့် ဆက်ဆံမှု၊ စက်မှုလုပ်ငန်းရှင်များနှင့် အခြားလုပ်ငန်းများမှ လုပ်ငန်းရှင်များ၏ ပုဂ္ဂိုလ်ရေးအကြောင်းများ၊ စတော့ရောင်းဝယ်ရေး ပြဿနာများ စသည်တို့ကို အထူးပြုကြသည်။ ထို့ပြင် ဘဏ်ဒါရိုက်တာ တဦးစီအား သီးသန့်ဒေသတခု သို့မဟုတ် သီးသန့်စက်မှုလုပ်ငန်းခွဲတခုတွင် တာဝန်ပေးတတ်သည်။ တဦးက လျှပ်စစ်ကုမ္ပဏီများ၏ အုပ်ချုပ်မှုအဖွဲ့တွင် ပါဝင်သည်။ နောက်တဦးက ဓာတုလုပ်ငန်း၊ အရက်ချက်ခြင်း သို့မဟုတ် မုံလာဥသကြားစက်များ၌တွင် ပါဝင်သည်။ တတိယတဦးက သီးခြားစက်မှုလုပ်ငန်းကိုင်ငန်း အနည်းငယ်တွင် ပါဝင်သည်။ သို့သော် တချိန်တည်းတွင် အာမခံကုမ္ပဏီများ၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့များတွင်လည်း ပါဝင်လုပ်ကိုင်ပြန်သည်။ ......

ချုပ်ပြီးပြောရလျှင် ဘဏ်ကြီးများ၏လုပ်ငန်းတွေ အတိုင်းအတာကြီးမားပြီး အမျိုးအမည် ထွေပြားလာသည်နှင့်အမျှ ၎င်းတို့၏ ဒါရိုက်တာများအတွင်း အလုပ်ခွဲဝေမှုသည် ရိုးရိုးဘဏ်လုပ်ငန်းထဲမှ မြှင့်တင်ရန်၊ ပိုမိုကျွမ်းကျင်သူများ ဖြစ်လာစေရန်၊ စက်မှုလုပ်ငန်း၏အထွေထွေပြဿနာများကို ပိုမိုအကဲဖြတ်တတ်သူများ ဖြစ်လာစေရန်ဟူသော ဦးတည်ချက်(ရလဒ်လည်း ဖြစ်သည်) ပူးတွဲပါလာတော့သည်။ သို့ဖြင့် ၎င်းတို့အား သက်ဆိုင်ရာဘဏ်၏ စက်မှုလုပ်ငန်း ဩဇာအဝန်း အပိုင်းအတွင်း ပိုမိုလုပ်ဆောင်လာနိုင်စေတော့သည်။ ဤစနစ်တွင် စက်မှုလုပ်ငန်းရှင်များကဲ့သို့သော စက်မှုဘက်တွင် ကျွမ်းကျင်သူများ၊ အရာရှိဟောင်းများ၊ အထူးသဖြင့် ယခင်က မီးရထားလုပ်ငန်း သို့မဟုတ် သတ္တုတွင်းလုပ်ငန်းမှ ပုဂ္ဂိုလ်များကို ဘဏ်အုပ်ချုပ်မှုအဖွဲ့များတွင် ရွေးချယ်တင်မြှောက်ရန် ကြိုးစားခြင်းကို ထပ်ဖြည့်စွက်ခဲ့ပေသည်။*

ဤစနစ်ကိုပင် ပြင်သစ်ဘဏ်လုပ်ငန်း၌ အနည်းငယ်မျှ ခြားနားသောသဏ္ဍာန်ဖြင့် တွေ့ကြရသည်။ ဥပမာအားဖြင့် အကြီးဆုံး ပြင်သစ်ဘဏ်ကြီးသုံးခုအနက်မှ တခုဖြစ်သော ခရေဒီလီယွန်နိုင်းသည် အင်ဂျင်နီယာ၊ စာရင်းအင်း ကျွမ်းကျင်သူများ၊ ဘောဂဗေဒပညာရှင်များ၊ ရှေ့နေများ စသူ ငါးဆယ်ကျော်ပါဝင်သော ဘဏ္ဍာရေးသုတေသနလုပ်ငန်းကို ထူထောင်ထားသည်။ ဤအတွက် နှစ်စဉ် ဖရန့် ၆ သိန်းမှ ၇ သိန်း ကုန်ကျသည်။ ဤလုပ်ငန်းကို ဌာန(၈) ခု ခွဲထားသည်။ တဦးက စက်မှုလုပ်ငန်းများနှင့် ပတ်သက်သော အချက်အလက်စုစည်းခြင်းကို အထူးပြုခြင်း၊ နောက်တဦးက အထွေထွေစာရင်းအင်း၊ တတိယတဦးက မီးရထားနှင့် သင်္ဘောလုပ်ငန်း၊ စတုတ္ထက အာမခံလုပ်ငန်း၊ ပဉ္စမက ဘဏ္ဍာရေးအစီရင်ခံစာ စသဖြင့် အထူးပြုခဲ့ကြသည်။**

ရလဒ်မှာ တဖက်တွင် ပူးပေါင်းမှုများ ကြီးထွားသထက် ကြီးထွားလာခြင်း၊ သို့မဟုတ် အနင် အိုင်ဘုခါရင်၏ အပြောပိုင်လှသော စကားအတိုင်းဆိုလျှင် ဘဏ်အရင်းနှင့် စက်မှုလုပ်ငန်းအရင်းတို့၏ ပေါင်းစည်းမှုဖြစ်ပြီး တဖက်တွင် ဘဏ်များအနေဖြင့် တကယ့်''ကမ္ဘာလုံးဆိုင်ရာလက္ခဏာ''ဆောင်သော အဆောက်အအုံများအဖြစ် ကြီးထွားလာခြင်းဖြစ်သည်။ ဤပြဿနာနှင့်ပတ်သက်ပြီး ဤအကြောင်းအရာကို အကောင်းဆုံးလေ့လာထားသော ဂျေ ဒယ်လ်က အသုံးပြုခဲ့သည့် စကားလုံးအတိအကျအား ကိုးကားရန် လိုသည်ဟု ထင်မိသည်။

''စက်မှုလုပ်ငန်းများ၏ဆက်သွယ်မှုများအား စုစည်းပေါင်းချုပ်ထားခြင်းကို လေ့လာလိုက်လျှင် စက်

---

* ဂျေဒယ်လ်၏ ရှေ့ပိုင်းတွင် ကိုးကားခဲ့သော စာအုပ်၊ စာမျက်နှာ – ၁၅၇။

** ယူဂျင်း ဟော့ဖ်မန်း၊ ဘဏ်ဂျာနယ်တွင် ပါသော ပြင်သစ်ဘဏ်များအကြောင်းဆောင်းပါး၊ ၁၉၀၉ ခု၊ အမှတ် – ၂၊ စာမျက်နှာ – ၈၅၁။

မှုလုပ်ငန်းအတွက် လုပ်ကိုင်နေသော ဘဏ္ဍာရေးအဆောက်အအုံများ၏ ကမ္ဘာလုံးဆိုင်ရာလက္ခဏာ ဆောင်မှု ပေါ်ထွက်လာလေသည်။ အခြားဘဏ်များနှင့် မတူခြားနားစွာအားဖြင့်လည်းကောင်း၊ ဘဏ်များအနေဖြင့် စာစောင်စာတမ်းများထဲတွင် တခါတရံ ဖော်ပြတောင်းဆိုထားသကဲ့သို့ လက်မမြဲခြေမြဲအောင်ဆိုသလို စီးပွားရေးလုပ်ငန်းတခုခု သို့မဟုတ် စက်မှုလုပ်ငန်းခွဲတခုခုတွင် အထူးပြုရန်ဟူသည့် တောင်းဆိုချက်နှင့် ဆန့်ကျင်စွာပင် ၎င်းဘဏ်ကြီးများသည် စက်မှုလုပ်ငန်းကိုင်ငန်းများနှင့် အဆက်အသွယ်ကို အမျိုးအမည် စုံသထက်စုံအောင် လုံးပန်းနေကြသည်။ ဤသည်မှာ ဒေသအရရော လုပ်ငန်းအမျိုးအစားအရပါ စုံအောင် လုံးပန်းခြင်းဖြစ်ပြီး လုပ်ငန်းကိုင်ငန်းတခုစီ၏ ဖြစ်ပေါ်တိုးပွားမှုသမိုင်းကြောင့် ဖြစ်ရသော ဒေသတခုနှင့်တခုအကြား၊ စက်မှုလုပ်ငန်းခွဲ တခုနှင့်တခုအကြား အရင်းအနှီးဖြန့်ခွဲခြင်း မညီမျှမှုကို ပယ်ဖျောက်ပစ်ရန် လုံးပန်းနေပေသည်။”
“တိမ်းညွှတ်မှုတခုမှာ စက်မှုလုပ်ငန်းနှင့်ဆက်သွယ်မှုကို ယေဘုယျတရားဖြစ်အောင် လုပ်ရေးဖြစ်သည်။ နောက်တိမ်းညွှတ်မှုတခုမှာ ယင်းဆက်သွယ်မှုတို့ကို ခံနိုင်ရည်ရှိအောင်နှင့် ပိုမိုနီးကပ်အောင် လုပ်ရေးဖြစ်သည်။ ဘဏ်ကြီး ခြောက်ခုစလုံးတွင် ဤတိမ်းညွှတ်မှုနှစ်ခုစလုံးကို အကောင်အထည်ဖော်ခဲ့ပေပြီ။ အပြည့်အဝ မဟုတ်သေး။ သို့သော် အတော်ကျယ်ပြန့်သော၊ ထိရောက်သော အတိုင်းအတာအထိ အကောင်အထည် ဖော်ပြီးလေပြီ။”

မကြာခဏဆိုသလိုပင် စက်မှုနှင့်ကုန်သွယ်ရေး အသိုင်းအဝိုင်းတို့က ဘဏ်များ၏“အကြမ်းဖက်မှု” အကြောင်း ပြစ်တင်တိုင်ကြားကြသည်။ ယင်းသို့ ပြစ်တင်တိုင်ကြားသည်မှာလည်း ဆန်းတော့မဆန်းလှချေ။ အကြောင်းမှာ အောက်တွင်ဖော်ပြမည့် ဥပမာမှာ တွေ့ရသကဲ့သို့ပင် ဘဏ်ကြီးများသည် “အမိန့်ပေး” ကြလေသည်။ ၁၉၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တုန်းက ဘာလင်မှ“ဒီ”ဘဏ်များ စာရင်းဝင်သော (အကြီးဆုံး ဘဏ်ကြီး ၄ ခုတို့၏ အမည်စာလုံးပေါင်းမှာ ဒီဖြင့်စသည်) ဘဏ်ကြီးများထဲမှ တခုက ဂျာမန်အလယ်ပိုင်းနှင့် အနောက်မြောက် ဘိလပ်မြေဆင်ဒီကိတ်သို့ အောက်ပါအသုံးအနှုန်းများဖြင့် စာရေးခဲ့သည်။ “ယခုလ ၁၈ ရက်နေ့ထုတ် တခုသောသတင်းစာတွင် ဖော်ပြခဲ့သည့် သင်တို့၏ နို့တစ်စာအရဆိုလျှင် ယခုလ ၃၀ ရက်နေ့တွင် ကျင်းပမည့် သင်တို့ဆင်ဒီကိတ်၏ အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်များသည် ကျွန်ုပ်တို့ လက်မခံနိုင်သော သင်တို့ဘက်မှ တာဝန်ယူမှုများ ဖြစ်လာနိုင်သည်–ဆိုသည့်အချက်ကို ကျွန်ုပ်တို့ သတိပြုရပေမည်။ ဤအကြောင်းများကြောင့်ပင် ကျွန်ုပ်တို့အနေဖြင့် သင်တို့အား ခွင့်ပြုထားသော ချေးငွေများအား ဝမ်းနည်းစွာဖြင့် ရုပ်သိမ်းရပေတော့မည်။ ...... သို့သော် လာမည့်အထွေထွေညီလာခံသည် ကျွန်ုပ်တို့ လက်မခံနိုင်သောအချက်များကို မဆုံးဖြတ်ဘူးဆိုပါက နောက်ပြီး ဤကိစ္စနှင့်ပတ်သက်ပြီး နောင်တွင် သင့်တော်သော အာမခံချက်များ ရရှိမည်ဆိုပါက ကြွေးသစ်ထုတ်ချေးပေးရေးအတွက် ညှိနှိုင်းလိုသောဆန္ဒများ ကျွန်ုပ်တို့တွင် ရှိပေသည်။” *

တကယ်တော့ ဤသည်မှာ အရင်းအနှီးကြီးသူက အရင်းအနှီးသေးငယ်သူကို ဖိနှိပ်ပါသည် ဟူသော ပြစ်တင်တိုင်ကြားမှုဟောင်းမျိုးပင် ဖြစ်သည်။ သို့သော် ဤကိစ္စတွင် “သေးငယ်” သော အရင်းအနှီး စာရင်းဝင်သွားသည်မှာ ဆင်ဒီကိတ်တခုလုံး ဖြစ်နေချေတော့သည်။ အရင်းအနှီးကြီးသူနှင့် အရင်းအနှီးသေးငယ်သူတို့၏အကြားမှ တိုက်ပွဲဟောင်းမှာ နှိုင်းစာ၍မရအောင်မြင့်သော ဖြစ်ပေါ်တိုးပွားမှုအဆင့်သစ်တွင် ဆက်လက်ဖြစ်ပေါ်နေလေသည်။ ကုဋေပေါင်းများစွာတန်သော ဘဏ်လုပ်ငန်းကိုင်ငန်းကြီးများက အတိတ်ကနှင့် နှိုင်းစာ၍မရသောနည်းများဖြင့် နည်းပညာတိုးတက်မှုကို အရှိန်မြှင့်နိုင်ခြင်းမှာ ကျိုးကြောင်းဆီလျော်လှပေသည်။ ဥပမာအားဖြင့် ဘဏ်များသည် နည်းပညာသုတေသန အထူးအဖွဲ့အစည်းများ ဖွဲ့ထားကြသည်။ ဓမ္မတာဘဲ၊ ဤလုပ်ငန်းမှ“ရင်းနှီးသော”စက်မှုလုပ်ငန်းကိုင်ငန်းများသာ အကျိုးခံစားကြရသည်။ ဤအမျိုးအစားထဲတွင် လျှပ်စစ်မီးရထားသုတေသနအသင်း၊ သိပ္ပံနှင့် နည်း ပညာ သုတေသနဗဟိုဗျူရို စသည်တို့ ပါဝင်သည်။

---

* ဒေါက်တာ အော်စကာစတီးလစ်၊ ... ... ... နှင့် ဘဏ်လုပ်ငန်း၊ ဘာလင်၊ ၁၉၀၇၊ စာမျက်နှာ ၁၄၈။

ဘဏ်ကြီးများ၏ ဒါရိုက်တာများကိုယ်တိုင်လည်း အမျိုးသားစီးပွားရေးအတွက် အခြေအနေသစ်များ ဖန်တီးပြီဖြစ်ကြောင်း မသိဘဲမနေကြချေ။ သို့သော် သူတို့သည် ဤအကြောင်းခြင်းရာ၏ ရှေ့မှောက်တွင် အစွမ်းမဲ့နေကြသည်။

ဂျေဒယ်လ်က "ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း ဘဏ်ကြီးများ၏ ဒါရိုက်တာနှင့် အုပ်ချုပ်မှုဘုတ်အဖွဲ့တို့၏ တာဝန်ဝတ္တရားများ ပြောင်းလဲမှုကို မြင်တွေ့ခဲ့ရသူတဦးအနေဖြင့် စက်မှုလုပ်ငန်း၏ အထွေထွေဖြစ်ပေါ်တိုးပွားမှုတွင် ဘဏ်ကြီးများ၏ တက်ကြွသောစွက်ဖက်မှုမှာ လိုလည်းလိုအပ်၊ ပို၍လည်း အရေးပါလာနေသည်ဟု ယူဆသူများ၏လက်သို့ အာဏာ တစတစ လွှဲပြောင်းသွားကြောင်း သတိမပြုဘဲမရပေ။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး လူသစ်များနှင့် ဘဏ်ဒါရိုက်တာဟောင်းများအကြားတွင် လုပ်ငန်းဆန်သော၊ တခါတရံ ပုဂ္ဂိုလ်ရေးဆန်သော သဘောကွဲလွဲမှုများ ပေါ်ပေါက်လျက်ရှိသည်။ ကွဲလွဲကြသည်မှာ စက်မှုလုပ်ငန်းတွင် ဤသို့ဝင်ရောက်စွက်ဖက်မှုကြောင့် ငွေချေးပေးသော အဆောက်အအုံများဖြစ်သည့် ဘဏ်များအနေဖြင့် ထိခိုက်မှု ရှိမရှိ၊ ငွေချေးပေးရာတွင် ကြားလူအခန်းကဏ္ဍ ဆိုသည်နှင့် ဘာမျှမဆိုင်သော လုပ်ငန်းတွင် ပါဝင်ခြင်းအပြင် ဘဏ်များကို ကုန်သွယ်ရေးအတက်အကျ၏ မမြင်ရသောအင်အားများ၏ ရှေ့မှောက်သို့ ပို့လွှတ်ခြင်းဖြင့် စမ်းသပ်ခံပြီးသားမှုများနှင့် အာမခံချက်ရှိသော အမြတ်အစွန်းများကို စွန့်လွှတ်ခြင်း ဟုတ် မဟုတ် ဆိုသည်ပင် ဖြစ်သည်။ ဤသည်မှာ အသက်အရွယ်ကြီးရင့်သော ဘဏ်ဒါရိုက်တာကြီးများ၏အမြင်ဖြစ်သည်။ လူငယ်များကမူ တက်ကြွစွာစွက်ဖက်မှုသည် ခေတ်သစ်အကြီးစားစက်မှုလုပ်ငန်းနှင့် တပြိုင်နက်တည်းတွင် ဘဏ်ကြီးများနှင့် ခေတ်သစ်စက်မှုဘဏ်လုပ်ငန်းတို့ကို ဖြစ်ပေါ်စေသကဲ့သို့ပင် ကြီးကျယ်သော မဖြစ်မနေလိုအပ်မှုဟူ၍ သဘောထားကြသည်။ ၎င်းတို့နှစ်ဖက်သည် အချက်တချက်တွင်သာ သဘောတူညီမှု ရရှိကြသည်။ ဘဏ်ကြီးများ၏ ဆောင်ရွက်မှုအသစ်များတွင် ခိုင်မာသော မူလည်းမရှိ၊ တိကျသော ရည်ရွယ်ချက်လည်းမရှိ ဆိုသည့်အချက်ပင် ဖြစ်သည်။"*

အရင်းရှင်စနစ်ဟောင်းသည် သူ့ခေတ်ကောင်းနှင့်သူ ရှိခဲ့သည်။ အရင်းရှင်စနစ်သစ်သည် တခုခုသို့ ပြောင်းလဲမှုအား ကိုယ်စားပြုနေသည်။ လက်ဝါးကြီးအုပ်မှုနှင့် လွတ်လပ်စွာပြိုင်ဆိုင်မှုတို့အား "စေ့စပ်ပေး" ရန် ဟူသော ရည်ရွယ်ချက်ဖြင့် "ခိုင်မာသောမူများနှင့် တိကျသောရည်ရွယ်ချက်များ" ကို ရှာဖွေနေခြင်းမှာ အမှန်ပင် မျှော်လင့်ချက် ကင်းမဲ့ပေသည်။ လက်တွေ့ကျသူများ၏ဝန်ခံမှုမှာ "စည်းရုံးမှုရှိသော အရင်းရှင်စနစ်၏ ရှေ့နေများဖြစ်သော ရှုလ်ဇ်ဂဗားနဇ္ဇ၊ လိုက်ဖ်မန်းနှင့် အလားတူ" "သဘောတရားရေးဆရာများ" ၏ ဤစနစ်ရဲ့အလှအပများအား တရားဝင်ထောမနာ ပြုမှုများနှင့် အပုံကြီး ခြားနားလှပေသည်။

ဘဏ်ကြီးများ၏ "ဆောင်ရွက်မှုအသစ်များ"မှာ မည်သည့်ကာလတွင် နောက်ဆုံးအသား ကျသွားသနည်း။ ဤအရေးပါသောမေးခွန်းနှင့် ပတ်သက်ပြီး ဂျေဒယ်လ်က အတော်လေးတိကျသည့် အဖြေတရပ်ကို ပေးခဲ့သည်။ "အနှစ်သာရအသစ်၊ သဏ္ဍာန်အသစ်နှင့် အစိတ်အပိုင်းအသစ်များ၊ ဆိုလိုသည်မှာ စုစည်းချုပ်ကိုင်မှု ရှိခြင်းနှင့်မရှိခြင်း အခြေခံပေါ်တွင် ဖွဲ့စည်းထားသော စက်မှုလုပ်ငန်းကိုင်ငန်းကြီးများနှင့် ဘဏ်များအကြား ဆက်သွယ်မှုမှာ ၉၀ စုနှစ်များ မတိုင်မီကဆိုလျှင် ရှားပါးလှသော ဘောဂဗေဒနိယာမတခု ဖြစ်သည်။ အခြားအဓိပ္ပာယ်အရ ပြောရလျှင် အရေးကြီးသော "ပူးပေါင်းမှုများ" ပေါ်ပေါက်သည့်အချိန်၊ ဘဏ်များ၏ စက်မှုလုပ်ငန်းပေါ်လစီနှင့် လျော်ညီအောင် စုစည်းချုပ်ကိုင်မှုမဲ့သော စည်းရုံးမှုသဏ္ဍာန်သစ်ကို စတင်ဖော်ထုတ်သော အချိန်ဖြစ်သည့် ဤအစပြုသည့်နေ့စွဲကို အမှန်ပင် ၁၈၉၇ ခုသို့ ထားပေးရပေမည်။ ဤအစပြုချက်ကို သည့်ထက်နောက်ကျသောရက်စွဲသို့ ပြောင်းပေးလျှင်ပင် ရကောင်းရပေလိမ့်မည်။ အကြောင်းမှာ စက်မှုလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတို့၏စုပြုံမှုဖြစ်စဉ်ကို အလွန်အင်မတန် လျင်မြန်သည်းသန်စေခြင်း၊ ယင်းဖြစ်စဉ်ကို တောင့်တင်းစေခြင်း၊ စက်မှုလုပ်ငန်းနှင့် ဆက်သွယ်မှုကို ပထမဆုံးအကြိမ်အဖြစ် ဘဏ်ကြီး

---

* ဂျေဒယ်လ်၏ ရှေ့ပိုင်းတွင် ကိုးကားခဲ့သော စာအုပ်၊ စာမျက်နှာ ၁၈၃– ၈၄။

များ၏ တကယ့်လက်ဝါးကြီးအုပ်မှုအဖြစ် ပထမဆုံးအကြိမ် ပြောင်းလဲပစ်ခြင်း၊ ဤဆက်သွယ်မှုကို ပိုမိုနီးကပ်၊ ပိုမိုအသက်ပါစေခြင်းတို့မှာ ၁၉၀၀ ခုနှစ် စီးပွားပျက်ကပ်ကြောင့် ဖြစ်ခြင်းကြောင့်ပင်။" *

သို့ဖြင့် နှစ်ဆယ်ရာစုနှစ်သည် အရင်းရှင်စနစ်ဟောင်းမှ အသစ်သို့၊ ယေဘုယျအရင်း၏ စိုးမိုးမှုမှ ဘဏ္ဍာအရင်း၏ စိုးမိုးမှုဆီသို့ ပြောင်းလဲခြင်းကို ကမ္ပည်းထိုးအပ်ပေသည်။

---

* အထက်ပါစာအုပ် စာမျက်နှာ ၁၈၁။

# ၃။ ဘဏ္ဍာအရင်းနှင့် ဘဏ္ဍာရေးသက်ဦးဆံပိုင်စနစ်

ဟီဖာဒင်းက မှန်မှန်တိုးများလာနေသော (စက်မှုလုပ်ငန်းရှိ အရင်းအနှီးအချိုးအစား) သည် အရင်းစိုက်ထားသော စက်မှုလုပ်ငန်းရှင်များပိုင်ဆိုင်သော အရင်းမဟုတ်တော့ချေ။ ၎င်းတို့အနေဖြင့် အဆိုပါအရင်းကို ဘဏ်များမှတဆင့်သာ အသုံးပြုနိုင်တော့သည်။ စက်မှုလုပ်ငန်းရှင်များနှင့် နှိုင်းစာလျှင် ဘဏ်များသည် အဆိုပါ အရင်း အနှီးများကို ပိုင်ဆိုင်ရာမှာ ပို၍ ကိုယ်စားပြုနေသည်။ တဖက်တွင်မူ ဘဏ်များမှာလည်း စက်မှုလုပ်ငန်း၏ အရင်းအနှီးတွင် ရှယ်ယာတွေ ပို၍ပို၍မြှုပ်နှံရန် ဖိအားပေးခံနေရသည်။ သို့ဖြင့် ဘဏ်လုပ်ငန်းရှင်သည် စက်မှုအရင်းရှင်အဖြစ်သို့ တိုး၍တိုး၍ ပြောင်းလဲခြင်းခံနေရသည်။ ယခုကဲ့သို့ စက်မှုအရင်းအဖြစ်သို့ တကယ်ပင် ပြောင်းလဲခြင်းခံရသော ဘဏ်အရင်း၊ ဆိုလိုတာက ငွေသဏ္ဍာန်ဖြင့် အရင်းအနှီးကို ကျွန်ုပ်အနေဖြင့် ‘ဘဏ္ဍာအရင်း’ ဟု ခေါ်သည်။ “ဘဏ္ဍာအရင်းဆိုသည်မှာ ဘဏ်များက ချုပ်ကိုင်ပြီး စက်မှုလုပ်ငန်းရှင်များက အသုံးချသော အရင်းအနှီးပင်ဖြစ်သည်”* ဟု ရေးသားခဲ့သည်။

ဤအနက်ဖွင့်ဆိုချက်သည် အင်မတန်အရေးကြီးသော အချက်တချက်နှင့်ပတ်သက်၍ နှုတ်ပိတ်ပြီး နေသရွေ့ မပြည့်စုံဘဲ ရှိပေမည်။ ထုတ်လုပ်မှုနှင့် အရင်းအနှီးတို့၏စုပြုံမှု တိုးများလာမှုသည် စုပြုံမှုမှ လက်ဝါးကြီးအုပ်မှုသို့ သယ်ဆောင်သွားသည့်၊ ရောက်ရှိစေခဲ့သည့် အတိုင်းအတာအထိပင် ဖြစ်သည်ဆိုသော အချက်ပင်။ သို့သော် သူ့ကျမ်းတစောင်လုံးတွင် အထူးသဖြင့် ဤဖွင့်ဆိုချက်ကို ထုတ်နုတ်ယူထားသော အခန်း၏ရှေ့ရှိ အခန်းနှစ်ခန်းတွင် ဟီလ်ဖာဒင်းသည် <u>လက်ဝါးကြီးအုပ်အရင်းရှင်များ</u>ပါဝင်သည့်ကဏ္ဍကို အလေးထား ဖော်ပြထားသည်။

ထုတ်လုပ်မှုစုပြုံခြင်း။ ယင်းမှနေ၍ လက်ဝါးကြီးအုပ်များ ပေါ်ထွက်ခြင်း၊ ဘဏ်များနှင့် စက်မှုလုပ်ငန်းများ ပေါင်းစည်းမှု ပေါ်ပေါက်လာခြင်း။ ဤသည် ဘဏ္ဍာအရင်းပေါ်ပေါက်လာမှုသမိုင်းနှင့် ဤဝေါဟာရ၏ အတွင်းသဘောပင် ဖြစ်လေသည်။

အထွေထွေထုတ်လုပ်မှုနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုတို့၏ ယေဘုယျအခြေအနေအောက်တွင် လက်ဝါးကြီးအုပ်အရင်းရှင်များ၏ “စီးပွားရေးလုပ်ငန်းများ”မည်သို့မည်ပုံဖြင့် ဘဏ္ဍာသက်ဦးဆံပိုင်စနစ်၏ စိုးမိုးခြင်းခံရပုံကို ယခု ရှင်းပြရပေတော့မည်။ ရိုက်ဆာ၊ ရှုလ်ဇ်ဂဗာနဇ်၊ လိုက်ဖ်မန်းနှင့် အခြားသောပုဂ္ဂိုလ်များကဲ့သို့ ဂျာမန် (ဂျာမန်လူမျိုးတင်မကပါ) နေရှင်သိပ္ပံပညာကို ကိုယ်စားပြုသူအားလုံးသည် နယ်ချဲ့စနစ်နှင့် ဘဏ္ဍာအရင်းတို့၏ ရှေ့နေများ ဖြစ်သည် ဆိုခြင်းကို သတိပြုသင့်သည်။ သက်ဦးဆံပိုင်စနစ် ပေါ်ပေါက်လာသည့် “မက္ကင်းနစ်တရား”၊ ၎င်း၏နည်းနာ “အပြစ်မဲ့သော၊ အပြစ်ရှိသော” အခွန်ပဏ္ဏာများ၏ပမာဏ၊ ပါလီမန်များနှင့် ၎င်းတို့၏ဆက်သွယ်မှုများ စသည်စသည်တို့ကို ဖော်ထုတ်ရမည့်အစား ယင်းတို့ကို မှုန်ဝါးအောင်လုပ်၊ အလှခြယ်ပေးကြသည်။ သူတို့သည် ဤ“အပြင်းအထန် ငြင်းခုံနေကြသော ပြဿနာများကို ကြီးကျယ်ပြီး ဝေဝါးသည့် စကားလုံးများသုံးကာ ဘဏ်ဒါရိုက်တာများအား “တာဝန်ယူမှု”ရှိရန် မေတ္တာရပ်ခံကြသည်။ ထိုသို့ပြုလုပ်ရာတွင် ပရပ်ရှားအရာရှိများ၏ “ဝတ္တရားစိတ်ဓာတ်”ကို ချီးကျူးခြင်း၊ လက်ဝါးကြီးအုပ်လုပ်ငန်းများအား“ကြီးကြပ်ရန်”နှင့်“ပုံမှန်လည်ပတ်စေရန်”အတွက် အင်မတန်ကြောင်သော ပါလီမန်ဥပဒေများ၏ နုပ်လှသော အသေးစိတ်များကို အလေးအနက်ထား လေ့လာခြင်းနှင့် အောက်တွင်ဥပမာပေးထားသည့် ပါမောက္ခ လိုက်ဖ်မန်း၏ “သိပ္ပံနည်းကျ”အနက်ဖွင့်ဆိုချက်ကဲ့သို့သော သဘောတရားများနှင့် ကြောင်ရေချိုးခြင်းများ ပြုလုပ်နေကြပေသည်။ “<u>ကူးသန်းရောင်းဝယ်ရေး</u>ဆိုသည်မှာ <u>ကုန်ပစ္စည်းများ စုဆောင်းခြင်း၊ သိုလှောင်ခြင်းနှင့် ဝယ်ယူနိုင်ရန် စီစဉ်ခြင်းဖြစ်သည်။</u>” ** (ပါမောက္ခကြီး မျဉ်းသားထားခြင်း ဖြစ်သည်။)
... ဤသည်မှနေ၍ ကူးသန်းရောင်းဝယ်ရေးဆိုသည်မှာ ဖလှယ်မှုအကြောင်း ဘာမှမသိသည့် ရှေးဦးလူသားတို့ လက်ထက်ကတည်းက ရှိခဲ့ပြီး ဆိုရှယ်လစ်စနစ်တွင်လည်း ရှိနေလိမ့်မည်ဟု ဖြစ်လာပေလိမ့်တကား။

---

* အာရ်၊ ဟီလ်ဖာဒင်း၊ <u>ဘဏ္ဍာအရင်း</u> ။ မော်စကို၊ ၁၉၁၂ ခု၊ စာမျက်နှာ ၃၃၈ – ၃၉။
** အာရ်၊ လိုက်ဖ်မန်း၊ <u>အထက်တွင်ကိုးကားခဲ့သောစာအုပ်</u>။ စာမျက်နှာ ၄၇၆

သို့သော် ဤဘဏ္ဍာသက်ဦးဆံပိုင်းစနစ်၏ ကြောက်မက်ဖွယ်အုပ်စိုးမှုနှင့်ပတ်သက်သော ကြောက်မက်ဖွယ် အချက်အလက်များမှာ အမေရိကန်၊ ပြင်သစ်နှင့် ဂျာမဏီ– အရင်းရှင်နိုင်ငံအားလုံးတွင် အလွန်ပင် ထင်ရှားပေါ်လွင်နေပေရာ ရေးသားချက်တပြုံတခေါင်းကြီး ပေါ်ထွက်လာတော့သည်။ ယင်းတို့ကို __ဓနရှင်__ အမြင်ဖြင့် ရေးသားခြင်းဖြစ်သော်လည်း မည်သို့ပင်ဖြစ်ပစေ ဤသက်ဦးဆံပိုင်စနစ်အား အတော်လေး မှန်ကန်သော ရုပ်ပုံကားချပ်နှင့် ဝေဖန်မှု (သဘာဝကျစွာပဲ ဓနရှင်ပေါက်စ ဝေဖန်မှု) များဖြင့် ခြယ်မှုန်းပြထားသည်။

အထက်တွင် အကျဉ်းချုပ် ညွှန်းဆိုခဲ့ပြီဖြစ်သော "ဦးပိုင်စနစ်"အား အုတ်မြစ်အဖြစ် ထားရပေမည်။

ဤကိစ္စအပေါ် အာရုံစိုက်လာအောင် ပထမဆုံးလှုံ့ဆော်ခဲ့သူဖြစ်ဟန်ရှိသူ ဟေးမန်းက အနှစ်သာရကို ဤသို့ ရေးပြထားသည်။

"ကွန်စန်း၏ ထိပ်ပိုင်းက အဓိကကုမ္ပဏီကြီးကို ချုပ်ကိုင်သည်။"(အတိအကျပြောရလျှင် "မိခင်ကုမ္ပဏီ" ဖြစ်သည်။) "ယင်းကုမ္ပဏီကြီးက လက်အောက်ခံကုမ္ပဏီအပေါ် အုပ်စိုးသည်။" ("သမီးကုမ္ပဏီများ" အပေါ်ဖြစ်)။ "သူတို့ကတဖန် အခြားလက်အောက်ခံများစသည်တို့ကို ချုပ်ကိုင်ပြန်သည်။ ("မြေးကုမ္ပဏီများ")။ "ဤနည်းဖြင့် နှိုင်းစာခြင်းအားဖြင့် သေးငယ်သောအရင်းအနှီးဖြင့် ကျယ်ပြန့်သော ထုတ်လုပ်မှုနယ်ပယ်များကို လွှမ်းမိုးနိုင်ပေသည်။ ကုမ္ပဏီတခုအား ချုပ်ကိုင်ရန် အရင်း၏ ၅၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်လျှင် လုံလောက်ပြီဟုဆိုပါက ကွန်စန်းခေါင်းဆောင်အနေဖြင့် ဒုတိယလက်အောက်ခံကုမ္ပဏီများ၏ ငွေရှစ်သန်းကို ချုပ်ကိုင်ရန် ငွေတသန်းမျှသာ လိုပေလိမ့်မည်။ အကယ်၍ ဤ'ချိတ်စက်မှု'ကို တိုးချဲ့လိုက်မည်ဆိုလျှင် ငွေတသန်းအနေဖြင့် တဆယ့်ခြောက်သန်း၊ သုံးဆယ့်နှစ် သန်းစသဖြင့် ချုပ်ကိုင်နိုင်ပေလိမ့်မည်။" *

တကယ့်တကယ်တွင်မူ ကုမ္ပဏီတခု၏အရေးကိစ္စများကို ညွှန်ကြားရန် ယင်းကုမ္ပဏီ၏ ရှယ်ယာများထဲမှ ၄၀ % ပိုင်ဆိုင်လျှင်ပင် လုံလောက်ကြောင်း အတွေ့အကြုံက ပြသနေပေသည်။** အကြောင်းမှာ လက်တွေ့တွင် သေးငယ်ပြီး ကျဲကျဲနေသော ရှယ်ယာပိုင်ရှင်များအနေဖြင့် အထွေထွေညီလာခံ စသောကိစ္စမျိုးကို မတတ်နိုင်သောကြောင့် ဖြစ်သည်။ ဓနရှင်ဆိုဖီဝါဒီများနှင့် အချောင်ဆန်သည့် "ဆိုရှယ်ဒီမိုကရက်" ဆိုသူများသည် ရှယ်ယာပိုင်ဆိုင်မှုကို "ဒီမိုကရေစီဆန်စေခြင်း"မှာ "အရင်းအနှီးတွင် ဒီမိုကရေစီဆန် စေခြင်း"ဖြစ်သည်။ အသေးစား ထုတ်လုပ်မှုလုပ်ငန်း၏ အခန်းကဏ္ဍနှင့်ထူးခြားမှုကို အားကောင်းစေခြင်းဖြစ်သည် စသဖြင့် မျှော်လင့်ကြ (သို့မဟုတ် မျှော်လင့်သည်ဟု ဆိုကြ၏)သည် တကယ်တော့ ဤသည်မှာ ဘဏ္ဍာသက်ဦးဆံပိုင်စနစ်အား ပိုမိုအားကောင်းစေသည့် နည်းတနည်းသာဖြစ်သည်။ တိုက်ဆိုင်စွာပင် ပိုရှေ့တန်းရောက်သော သို့မဟုတ် ပိုအသက်ကြီးပြီး ပို"အတွေ့အကြုံရှိသော အရင်းရှင်နိုင်ငံများတွင် တန်ဖိုးနည်းသည့်ရှယ်ယာများ သတ်မှတ်ရောင်းချခြင်းကို ဥပဒေက ခွင့်ပြုထားသည်မှာ ဤအကြောင်းကြောင့်ဖြစ်သည်။ ဂျာမဏီနိုင်ငံတွင် မတ်ငွေ တထောင်ထက်နည်းသော ရှယ်ယာများ သတ်မှတ်ရောင်းချခြင်းကို ဥပဒေက ခွင့်မပြုချေ။ ထို့ကြောင့် ဂျာမဏီ ဘဏ္ဍာရေးထိပ်သီးကြီးများသည် တပေါင်တန် (မတ် ၂၀၊ ရူဘယ် ၁၀ ခန့်နှင့် ညီမျှသည်) ရှယ်ယာများကို ခွင့်ပြုထားသည့် အင်္ဂလန်နိုင်ငံကို အားကျလျက်ရှိကြသည်။ ဂျာမဏီနိုင်ငံမှ အကြီးဆုံးစက်မှုလုပ်ငန်းရှင်ကြီးတဦးနှင့် "ဘဏ္ဍာဘုရင်ကြီး"တပါးဖြစ်သော စီမန်းစ်က ၁၉၀၀ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့၌ ရိုက်ချ်စတက်လွှတ်တော်တွင် "တပေါင်တန် ရှယ်ယာဟာ ဗြိတိသျှနယ်ချဲ့စနစ်ရဲ့ အခြေခံဖြစ်တယ်"*** ဟု ပြောခဲ့သည်။ ရုရှားနိုင်ငံ၏မာ့က်စ်ဝါဒအား ထူထောင်သူတဦးဟု ယူဆခံရသူလည်းဖြစ်၊ နယ်ချဲ့စနစ်ဆိုသည်မှာ နိုင်ငံအချို့၏အကျင့်ဆိုးသာဖြစ်သည်...ဟု ယုံကြည်သူလည်းဖြစ်သော စားစရာမရှိသည့် စာရေးသူတဦးထက်ပင် နယ်ချဲ့စနစ်နှင့် ပတ်သက်သော ဤကုန်သည်၏ နားလည်မှုမှာ ပို၍နက်ရှိုင်းပြီး ပို၍ "မာ့က်စ်ဝါဒ" ဆန်ပေသည်။

---

*ဟန်းစ်ဒီယွန်ဖလိုင်းမင်း (**Hans Gideon Fleymann**)__ဂျာမဏီသံထည် စက်မှုလုပ်ငန်းကြီးများရှိ ပူးပေါင်းစက်ရုံများ၊__ စတူးဂတ် ၁၉၀၄ ခု၊ စာမျက်နှာ ၂၆၈– ၆၉။

** လိုက်ဖ်မန်း၊ __ဦးပိုင်ကုမ္ပဏီများစသည့်__ ။ ပထမအကြိမ်ပုံနှိပ်ခြင်း၊ စာမျက်နှာ ၂၅၈။

*** ရှုလ်ဇ် ဂဗားနဇ္ဇ၊ __အထက်တွင် ကိုးကားခဲ့သောစာအုပ်__။ အတွဲ ၂၊ စာမျက်နှာ ၁၁၀။

သို့သော် “ဦးပိုင်စနစ်”သည် လက်ဝါးကြီးအုပ်လုပ်ငန်းကြီးများ၏ အခွင့်အာဏာကို တိုးပွားစေရန် အလွန်အမင်း ကျေးဇူးပြုရုံသာမကပေ။ ၎င်းသည် လူထုအားလှည့်စားရန်အတွက် ခိုးကြောင်ခိုးဝှက်နိုင်ပြီး ညစ်ပတ်သည့် နည်းနာများကို အတားအဆီးမရှိ လုပ်ကိုင်နိုင်စေသည်။ အကြောင်းမှာ “မိခင်ကုမ္ပဏီများ”၏ ဒါရိုက်တာများအနေဖြင့် “လွတ်လပ်သည်”ဟု ယူဆရသော “သမီးကုမ္ပဏီများ”အတွက် တရားဥပဒေအရ တာဝန်မရှိပေ။ ၎င်းတို့အနေဖြင့် ဤကြားခံမှတဆင့် ဘာကိုမဆို “ဆွဲထုတ်”သွားနိုင်ကြပေသည်။ အောက်ပါဥပမာမှာ ၁၉၁၄ ခုနှစ်၊ မေလထုတ် ဘဏ်ဂျာနယ်ထဲမှ ဖြစ်သည်။

“လွန်ခဲ့သည့်နှစ်အနည်းငယ်တုန်းက ကာဆယ်လ်ရှိ နွေဦးသံမဏိကုမ္ပဏီကို ဂျာမဏီနိုင်ငံရှိ အမြတ်အရဆုံး ကုမ္ပဏီတခုဟု သဘောထားခဲ့ကြသည်။ စီစဉ်အုပ်ချုပ်မှု ညံ့ဖျင်းခြင်းကြောင့် အမြတ်ခွဲဝေမှုရာနှုန်းမှာ ၁၅ မှ သုညသို့ ကျသွားခဲ့သည်။ ဘုတ်အဖွဲ့ဝင်များအနေဖြင့် ရှယ်ယာပိုင်ရှင်များနှင့် မတိုင်ပင်ဘဲ အရင်းအနှီး သတ်မှတ်ချက် မတ်ငွေသိန်းအချို့သာရှိသော ဟာစီယာလီမိတက်ဆိုသည့်“သမီးကုမ္ပဏီတခုအား မတ်ခြောက်သန်း ချေးပေးလိုက်သည်။ မိခင်ကုမ္ပဏီ၏ အရင်းရဲ့သုံးဆနီးပါးရှိသော ဤငွေလွှဲပြောင်းမှုကို ငွေစာရင်းများထဲတွင် မဖော်ပြခဲ့ချေ။ ဤသို့ချန်လှပ်ထားခြင်းမှာ တရားဝင်သည်။ ယင်းသည် ကုမ္ပဏီ၏ မည်သည့် ဥပဒေကိုမျှ ဖောက်ဖျက်ခြင်းမရှိသဖြင့် ၂ နှစ်တိတိ ဖုံးအုပ်ထား၍လည်း ရပေသည်။ မမှန်ကန်သော ငွေစာရင်းရှင်းတမ်းများအား တာဝန်ခံတဦးအနေဖြင့် လက်မှတ်ထိုးခဲ့သူမှာ ကြီးကြပ်မှုဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ပြီး ကာဆလ်ကုန်သွယ်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်ခဲ့သူ၊ ဆက်ဖြစ်နေသူပင် ဖြစ်သည်။ သို့ဖြင့် အချိန်အကြာကြီးနေလို့ မှားပြီဖြစ်ကြောင်း (စာရေးသူသည် ဤစကားလုံးများကို မျက်တောင်အဖွင့်အပိတ် ထည့်ပေးခဲ့သင့်၏) ပေါ်ထွက်လာပြီး အကြောင်းသိသူများက ရှယ်ယာများကို ရောင်းထုတ်ပစ်သဖြင့် ဤနွေဦးသံမဏိကုမ္ပဏီ၏ ရှယ်ယာများ၏ တန်ဖိုးမှာ ၁၀၀ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ရသည်။ ရှယ်ယာပိုင်ရှင်များအနေဖြင့် ဟာစီယာလီမိတက်သို့ ငွေချေးပေးသည့် ဤကိစ္စကို ထိုစဉ်ကျမှ သိရလေသည် … … ။ ”

ပူးတွဲစတော့ကုမ္ပဏီများတွင် အင်မတန်တွေ့ရလေ့ရှိသည့် ဤစံကျသော စာရင်းရှင်းတမ်းမျက်လှည့်ပြမှုသည် ဒါရိုက်တာဘုတ်အဖွဲ့အနေဖြင့် အဘယ်ကြောင့် တဦးချင်းစီးပွားရေးသမားများထက် ပိုပြီး အရှုံးအမြတ် မရေရာသော အရောင်းအဝယ်များကို စိတ်လက်ပေ့ါပါးစွာဖြင့် လုပ်ကိုင်လိုကြကြောင်းကို ရှင်းပြနေပေသည်။ ခေတ် သစ်ငွေစာရင်းရှင်းတမ်း ရေးဆွဲနည်းများသည် သာမန်ရှယ်ယာပိုင်ရှင်များ မသိအောင် သံသယဖြစ်ဖွယ် ဆောင်ရွက်ချက်များကို ဖုံးကွယ်ထားနိုင်ရုံမက တာဝန်အရှိဆုံးပုဂ္ဂိုလ်များအား မအောင်မြင်သော ရောင်းဝယ်မှုများမှ လွတ်အောင်လည်း ဆောင်ကြဉ်းပေးပေသည်။ ၎င်းတို့အနေဖြင့် ၎င်းတို့၏ ရှယ်ယာများကို အချိန်မီ ရောင်းထုတ်နိုင်ပြီး တဦးချင်းစီးပွားရေးသမားမှာမူ ခြေလှမ်းတိုင်းတွင် အန္တရာယ်ရှိနေပေသည်။ … …

“ပူးတွဲစတော့ကုမ္ပဏီ အမြောက်အမြား၏ ငွေစာရင်းရှင်းတမ်းများသည် ကျွန်ုပ်တို့အား အလယ်ခေတ်က သားရေသင်ပုန်းများကို သတိရစေသည်။ ထိုသင်ပုန်းများအား ဖတ်ရာတွင် စာတမ်း၏ တကယ့်အဓိပ္ပာယ်ကို ဖော်ပြသည့်စာများ ပေါ်လာရန် မြင်နေရသောစာသားများကို အရင်ဖျက်ပစ်ရလေသည် (သားရေသင်ပုန်းဆိုသည်မှာ မူရင်းစာသားကို မှေးမှိန်စေပြီး အခြားစာသားများ ထပ်ရေးထားသည့် သားရေချပ်စာတမ်းများဖြစ်သည်။)

“ထို့ကြောင့် ငွေစာရင်းရှင်တမ်းများအား အဓိပ္ပာယ်ဖော်မရရန် အလွယ်ကူဆုံးနှင့် အသုံးများဆုံးသောနည်းမှာ လုပ်ငန်းတခုကို ‘သမီးကုမ္ပဏီများ’တည်ထောင်ခြင်းကဲ့သို့ တစိတ်တပိုင်းစီ ခွဲပစ်လိုက်ခြင်း သို့မဟုတ် ယင်းသို့သော ကုမ္ပဏီများကို တွဲဖက်ယူလိုက်ခြင်းပင်ဖြစ်သည်။ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ရည်ရွယ်ချက်အမျိုးမျိုးအတွက် ဤစနစ်၏သာလွန်ချက်များမှာ ထင်ရှားလှသဖြင့် ဤစနစ်ကို အသုံးမပြုသော ကုမ္ပဏီဆိုသည်မှာ ခြွင်းချက်ပင် ဖြစ်နေသည်။”*

---

*** အယ်လ်၊ အက်စ်ဝက်ချက် (L.Eschwege)၊ ဘဏ်ဂျာနယ်။ ၁၉၁၄ ခု၊ အမှတ် ၁၊ နှာ ၅၄၅ တွင် ပါသည့် လက်အောက်ခံကုမ္ပဏီ များ ဆောင်းပါး။**

စာရေးသူက နာမည်ကျော် ဂျီအီးစီခေါ် အထွေထွေလျှပ်စစ်ကုမ္ပဏီကြီး (နောင်တွင် သူ့အား ထပ်မံကိုးကားပါဦးမည်) အား ဤစနစ်ကို အကျယ်အပြန့်အသုံးပြုသည့် ရောမလက်ဝါးကြီးအုပ်ကုမ္ပဏီကြီး တခုအဖြစ် ဥပမာ ပေးခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် ဤကုမ္ပဏီသည် အခြားသော ကုမ္ပဏီပေါင်း ၁၇၅ ခုမှ ၂၀၀ တွင် ရှယ်ယာများ ဝင်ထားသည်ဟု တွက်ချက်သိရသည်။ အမှန်ပင် ယင်းကုမ္ပဏီများတွင် စိုးမိုးသည့် အနေအထား၌ရှိပြီး အရင်း စုစုပေါင်း မတ် ၁,၅၀၀,၀၀၀,၀၀၀ ကို ချုပ်ကိုင်ထားပေသည်။ *

ရည်ရွယ်ချက်ကောင်းမွန်သော ပါမောက္ခများနှင့် အရာရှိများ (အရင်းရှင်စနစ်အားကာကွယ်ရန်နှင့် အမွှန်းတင်ရန်တည်းဟူသော ရည်ရွယ်ချက်ကောင်းများ အပြည့်ရှိသူများ) က ပြည်သူလူထုအား လေရှည်ကြီးဖြင့် ပြောကြားလေ့ရှိသည့် ငွေစာရင်းရှင်းတမ်း ထုတ်ပြန်ခြင်း၊ သတ်မှတ်ထားသောပုံစံတခုနှင့်အညီ ငွေစာရင်းရှင်းတမ်းများ ရေးဆွဲခြင်း၊ လူသိရှင်ကြား စာရင်းစစ်ခြင်းစသည့် ချုပ်ကိုင်မှုဥပဒေများမှာလည်း ဘာမျှဖြစ်မလာပေ။ အကြောင်းမှာ ပုဂ္ဂလိကပိုင်ဆိုင်မှုဆိုသည်မှာ အထွတ်အမြတ်ပစ္စည်းမဟုတ်ပါလား။ နောက်ပြီး မည်သူ့မျှကိုလည်း မဝယ်ရ၊ မရောင်းရ၊ မလဲလှယ်ရ၊ မပေါင်နှံရဟု မတားမြစ်ထားဘူးလေ။

ရုရှားဘဏ်ကြီးများတွင် "ဦးပိုင်စနစ်" မည်မျှအထိ ထွန်းကားနေကြောင်းကို အီး၊ အဂ္ဂါဒ် **(E.Agalid)** ထုတ်ဖော်သော ကိန်းဂဏန်းများဖြင့် ဆုံးဖြတ်နိုင်သည်။ သူသည် ရုရှား – တရုတ် ဘဏ်တွင် အရာရှိအဖြစ် ၁၅ နှစ်လုပ်ခဲ့ပြီး ၁၉၁၄ မေလတွင် နာမည်ပေးမှု သိပ်မမှန်ကန်သော ဘဏ်ကြီးများနှင့် ကမ္ဘာ့ဈေးကွက် ဆိုသောစာအုပ်ကို ထုတ်ခဲ့သည်။ စာရေးသူသည် ရုရှားဘဏ်ကြီးများအား အဓိက နှစ်မျိုးခွဲခြားလိုက်သည်။ (က) "ဦးပိုင်စနစ်" ထားသောဘဏ်များ (ခ) "လွတ်လပ်"သည့် ဘဏ်များ၊ "လွတ်လပ်သည်" ဆိုခြင်းမှာ ပြည်ပဘဏ်များမှ လွတ်လပ်ခြင်းဟု အလွယ်တကူ အဓိပ္ပာယ်ဖွင့်ထားခြင်းဖြစ်သည်။ စာရေးသူက ပထမအစုအား အစုခွဲ ၃ ခု ခွဲလိုက်သည်။ (၁) ဂျာမန်ဦးပိုင်များ (၂) ဗြိတိသျှဦးပိုင်များနှင့် (၃) ပြင်သစ်ဦးပိုင်များ။ တိုင်းပြည်နာမည်ဖော်ပြထားသော ပြည်ပဘဏ်ကြီးများ၏ "ဦးပိုင်"မှုနှင့် စိုးမိုးမှုဆိုသော အမြင်ဖြင့် ခွဲထားခြင်းဖြစ်သည်။ စာရေးသူက ဘဏ်များ၏ အရင်းအနှီးကို "ထုတ်လုပ်ရန်" မြှုပ်နှံထားသည့် အရင်းအနှီး (စက်မှုနှင့်ကုန်သွယ်ရေးလုပ်ငန်းများ)နှင့် "အရှုံး အမြတ်စွန့်စားရန်"မြှုပ်နှံထားသည့် အရင်းအနှီးဟူ၍ ခွဲခြားထားသည်။ ဤသည်မှာ အရင်းရှင်စနစ်အောက်တွင် ပထမရင်းနှီးမြှုပ်နှံမှုပုံစံနှင့် ဒုတိယ ရင်းနှီးမြှုပ်နှံမှုပုံစံကို ခွဲခြားနိုင်သည်။ ဒုတိယပုံစံကို ဖျက်သိမ်းပစ်နိုင်သည် ဟူသော သူ၏ ဓနရှင်ပေါက်စ ပြုပြင်ရေးအမြင်ဖြင့် ရေးသားထားခြင်းဖြစ်သည်။

သူပေးသော ကိန်းဂဏန်းများမှာ တဖက်ပါဇယားအတိုင်းဖြစ်သည်။ (စာမျက်နှာ ၄၂ ရှိဇယား)

ဤကိန်းဂဏန်းများအရဆိုလျှင် ဘဏ်ကြီးများ၏ အကြမ်းဖျင်းအားဖြင့် ရူဘယ်သန်း ၄,၀၀၀ ခန့်ရှိသော "အလုပ်လုပ်နေသည့်" အရင်းအနှီးအနက် ၄ ပုံ ၃ ပုံကျော် သည့် ရူဘယ်သန်း ၃,၀၀၀ ကျော်သည် တကယ့်တကယ်တွင် ပြည်ပဘဏ်များ၊ အဓိကအားဖြင့် ပဲရစ်ဘဏ်များ (နာမည်ကျော် ယူနီယွန်ပါရီစီယန်း၊ ပါရီ အေပိုင်း–ဘားနှင့်ဆိုစီယေးတေးယေနေရားလ်)တို့ဖြစ်သည်။ ဘာလင်ဘဏ်များ (အထူးသဖြင့် ဒွိုက်ချ်ဘဏ်နှင့် ဒစ္စကွန်တို ဂယ်ဆယ်ရှပ်ဖ်)၏ "သမီးကုမ္ပဏီ"များသာ ဖြစ်သည်။ အကြီးဆုံး ရုရှားဘဏ်ကြီး နှစ်ခုဖြစ်သည့် ရုရှားဘဏ် (ပြည်ပကုန်သွယ်ရေး ရုရှားဘဏ်)နှင့် နိုင်ငံတကာဘဏ် (စိန့်ပီတာစဘတ် – နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဘဏ်) တို့သည် ၁၉၀၆ ခုနှစ် ၁၉၁၂ ခုနှစ်အကြားတွင် "ဂျာမန်အရင်းအနှီး ၄ ပုံ ၃ ပုံကို အသုံးပြုပြီး" ၎င်းတို့၏အရင်းအနှီးကို ရူဘယ် ၄၄,၀၀၀,၀၀၀ မှ ၉၈,၀၀၀,၀၀၀ သို့လည်းကောင်း၊ အရန်ငွေကို ၁၅,၀၀၀,၀၀၀ မှ ၃၉,၀၀၀,၀၀၀ သို့လည်းကောင်း တိုးမြှင့်ပေးခဲ့ကြသည်။ ယင်းတို့နှစ်ဦးအနက် ပထမဘဏ်သည် ဘာလင်ဒွိုက်ချ်ဘဏ်"ကွန်စန်း"ထဲတွင် အကျုံးဝင်ပြီး ဒုတိယဘဏ်မှာ ဘာလင် ဒစ္စကွန်တို ဂယ်ဆယ်ရှပ်ဖ်ထဲတွင် အကျုံးဝင်သည်။ လေးစားအပ်သော အဂ္ဂါဒ်သည် ရှယ်ယာ အများ

---

* **ကတ်၊ ဟေးနစ် (Kurt Heinig)၊ ခေတ်သစ်မဂ္ဂဇင်း၊ ၁၉၁၂၊ ဇန်နဝါရီ၂၊ စာမျက်နှာ ၄၈၄ တွင်ပါသည့် လျှပ်စစ်ထရပ်စ်ကြီးများ၏ လမ်းကြောင်းမှ။**

ဘဏ်ပိုင်ဆိုင်မှုများ

(၁၉၁၃ ခုနှစ်၊ အောက်တိုဘာ – နိုဝင်ဘာ အစီရင်ခံစာများအရဖြစ်) ရူဘယ်သန်းပေါင်း

| ရုရှား ဘဏ်အစုများ | မြှုပ်နှံထားသည့် အရင်းအနှီး | | |
|---|---|---|---|
| | ထုတ်လုပ်ရန် | အရှုံးအမြတ်စွန့်စားရန် | စုစုပေါင်း |
| က (၁) ဘဏ် ၄ ခု။ ဆိုက်ဘေးရီးယား ကူးသန်းရောင်းဝယ်ရေးဘဏ်၊ရုရှားဘဏ်၊ နိုင်ငံတကာဘဏ်၊ အထူးနှုန်းဘဏ် | ၄၁၃ . ၇ | ၈၅၉ . ၁ | ၁,၂၇၂ ၏ ၈ |
| က (၂) ဘဏ် ၂ ခု။ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှု ဘဏ်၊ ရုရှား – ဗြိတိန်ဘဏ် | ၂၃၉ . ၅ | ၁၆၉ .၁ | ၄၀၈ . ၄ |
| က (၃) ဘဏ် ၅ ခု။ ရုရှား – အာရှဘဏ်၊ စိန့်ပီတာစဘက်ပုဂ္ဂလိကဘဏ်၊ အဇော့ဗ်–ဒွန်ဘဏ်၊ ယူနီယံမော်စကိုဘဏ်၊ ရုရှား – ပြင်သစ်ကူးသန်းရောင်းဝယ်ရေး ဘဏ် | ၇၁၃ . ၈ | ၆၆၀ . ၂ | ၁,၃၇၃ . ၀ |
| (ဘဏ်ပေါင်း ၁၁ ခု) စုစုပေါင်း ... ... ... (က) | ၁,၃၆၄ . ၈ | ၁,၆၈၉ . ၄ | ၃,၀၅၄ . ၂ |
| ခ ဘဏ် ၈ ခု။ မော်စကိုကုန်သည်များဘဏ်၊ ဗော်လဂါ–ကာမာဘဏ်၊ ဂျန်ကာနှင့်အဖွဲ့ဘဏ်၊ စိန့်ပီတာစဘက်ကူးသန်းရောင်းဝယ်ရေးဘဏ် (ယခင်ဝါဝယ်လ်ဘာ့ဂ် ဘဏ်)၊ မော်စကိုဘဏ် (ယခင်ရယာဘူရှင်စကီးဘဏ်) မော်စကိုအထူးနှုန်းဘဏ်၊ မော်စကိုကူးသန်းရောင်းဝယ်ရေးဘဏ်၊ မော်စကို ပုဂ္ဂလိကဘဏ် | ၅၁၄ . ၂ | ၃၈၁ . ၁ | ၈၉၅ . ၃ |
| (ဘဏ် ၁၉ ခု ) စုစုပေါင်း ... ... ... | ၁,၈၆၉ . ၀ | ၂,၀၈၀ . ၅ | ၃,၉၄၅ . ၅ |

စုကို ဘာလင်ဘဏ်များက ပိုင်ဆိုင်ထားမှုနှင့် ယင်းကြောင့်မို့ ရုရှားရှယ်ယာပိုင်ရှင်များ အခွင့်အာဏာ မဲ့နေရမှုတို့အပေါ် အလွန်မခံမရပ်နိုင် ဖြစ်လျက်ရှိသည်။ သဘာဝကျစွာပင် အရင်းတင်ပို့သော တိုင်းပြည်သည် အညွှန့်ကို ခူးပေသည်။ ဥပမာအားဖြင့် ဘာလင်ဒွက်ချ်ဘဏ်သည် ဆိုက်ဘေးရီးယား ကူးသန်းရောင်းဝယ်ရေးဘဏ်၏ ရှယ်ယာများအား ဘာလင်စျေးကွက်၌ တင်ရာတွင် တနှစ်လုံးလုံး ဒီအတိုင်းထားလိုက်သည်။ သည့်နောက် တရာတန်ရှယ်ယာများကို ၁၉၃ နှုန်းဖြင့် ရောင်းပစ်လိုက်သည်။ ဤသည်မှာ မူလသတ်မှတ်သည့် တန်ဖိုးထက် တဆနီးပါး တိုးရောင်းခြင်းဖြစ်ပြီး ရူဘယ် ၆,၀၀၀,၀၀၀ နီးပါး အမြတ်ရရှိ လိုက်သည်။ ဤသည်ကို ဟီးလ်ဖာဒင်းက "ပွဲထုတ်သူ၏အမြတ်များ"ဟု ခေါ်ဆိုသည်။ ကျွန်ုပ်တို့၏ စာရေးသူ ကတော့ စိန့်ပီတာစဘတ် အဓိကဘဏ်များ၏ "စွမ်းအား"စုစု ပေါင်းကို ရူဘယ် ၈,၂၃၅,၀၀၀,၀၀၀၊ ၈ ၌ ဘီလီယံ ရှိသည်ဟုဆိုပြီး "ဦးပိုင်"သို့မဟုတ် ပြည်ပဘဏ်များက ယင်းတို့အပေါ် စိုးမိုးသည့်အတိုင်းအတာကိုမူ

ပြင်သစ်ဘဏ် များ ၅၅ ％ ၊ အင်္ဂလိပ်ဘဏ်များ ၁၀ ％၊ ဂျာမန်ဘဏ်များ ၃၅ ％ ဟု ခန့်မှန်းထားသည်။ ယင်းစာရေးသူက လည်ပတ်နေသော အရင်းအနှီး စုစုပေါင်းရူဘယ် ၈,၂၃၅,၀၀၀,၀၀၀ အနက် ရူဘယ် ၃,၆၈၇,၀၀၀,၀၀၀ သို့မဟုတ် ၄၀ ％ ကျော်သည် ပရိုဒူဂိုလ် (Produgol)နှင့် ပရိုဒါမက် (Prodomet)* ဆင်ဒီကိတ်များနှင့် ရေနံ၊ ဓာတ်သတ္တု၊ ဘိလပ်မြေလုပ်ငန်းတို့၏ဆင်ဒီကိတ်များထဲမှ ရှယ်ယာဖြစ်သည်။ သို့ဖြင့် လက်ဝါးကြီးအုပ်အရင်းရှင်များ ဖြစ်ပေါ်မှုကြောင့် ရုရှားပြည်တွင်လည်း ဘဏ်နှင့် စက်မှုအရင်းအနှီးတို့၏ ပေါင်းစပ်မှုမှာ အတော်ကြီး ခရီးရောက်နေပေပြီ။

လူအနည်းငယ်၏လက်တွင်သာ စုပြုံထားပြီး တကယ်ကို လက်ဝါးကြီးအုပ်ထားသည့် ဘဏ္ဍာအရင်းအနှီးသည် ကုမ္ပဏီရှယ်ယာတန်ဖိုးများကို အရှင်ထားခြင်း၊ ရှယ်ယာများထုတ်ဝေခြင်း၊ နိုင်ငံတော်ချေးငွေစသည်တို့မှာ အလွန်များပြားပြီး မပြတ်တိုးများလာနေသည့် အမြတ်များကို ရရှိသည်။ ယင်းသည် ဘဏ္ဍာသက်ဦးဆံပိုင်စနစ်ကို ခိုင်မြဲစေပြီး လက်ဝါးကြီးအုပ်အရင်းရှင်များ၏ အကျိုးအတွက် လူ့အဖွဲ့အစည်း တရပ်လုံးအပေါ် အခွန်ကောက်ယူလေသည်။ ဥပမာအများအပြားထဲမှ ဟီလ်ဖာဒင်း ကိုးကားခဲ့သော အမေရိကန်ထရပ်စ်များ၏ "စီးပွားရေးလုပ်ငန်း"နည်းနာကို ဥပမာအဖြစ် ထုတ်ပြလိုက်ရပေသည်။ ၁၈၈၇ ခုနှစ်တွင် ဟယ်ဗီမေးယားသည် ကုမ္ပဏီကလေး ၁၅ ခုကို ပေါင်းကာ သကြားထရပ်စ် ဖွဲ့စည်းခဲ့သည်။ သူ့အရင်းအနှီးစုစုပေါင်းမှာ ဒေါ်လာ ၆,၅၀၀,၀၀၀ ရှိသည်။ ယင်းကို အမေရိကန်များ ပြောလေ့ရှိသကဲ့သို့ သင့်တော်စွာ "ရေရော"** လိုက်သောအခါ ဤထရပ်စ်၏အရင်းအနှီးသည် ဒေါ်လာ ၅၀,၀၀၀,၀၀၀ ဖြစ်လာသည်။ ယူနိုက်တက်စတိတ်ကော်ပိုရေးရှင်းက ရနိုင်သမျှသော သံရိုင်းတွင်းများအား ဝယ်ယူခြင်းဖြင့် အနာဂတ် လက်ဝါးကြီးအုပ်အမြတ်များအား ကြိုတင်ရယူသကဲ့သို့ပင် ဤ"အရင်းအနှီး အလွန်အကျွံ မြှုပ်နှံမှု"သည် လက်ဝါးကြီးအုပ်အမြတ်များအား ကြိုတင်ရယူခြင်းပင် ဖြစ်ပေသည်။ တကယ်ကျတော့ ဤသကြားထရပ်စ်သည် လက်ဝါးကြီးအုပ်ဈေးနှုန်းများ သတ်မှတ်ခဲ့သည်။ သို့ဖြင့် ခုနစ်ဆ "ရေရောထားသော"အရင်းအနှီး သို့မဟုတ် ထရပ်စ်တည်ထောင်စဉ်က အမှန်တကယ် မြှုပ်နှံခဲ့သည့်အရင်းအနှီး၏ ၇၀ ％မျှသော အရင်းအနှီး အတွက် ရှယ်ယာအမြတ်ခံစားခွင့် ၁၀ ％ပေးနိုင်သည်အထိ အမြတ်များ ရခဲ့ပေတော့၏။ ၁၉၀၉ ခုနှစ်တွင် ဤသကြားထရပ်စ်၏ အရင်းအနှီးမှာ ဒေါ်လာ ၉၀,၀၀၀,၀၀၀ ဖြစ်လာသည်။ ၂၂ နှစ်အတွင်း အရင်းအနှီးကို ဆယ်ဆမျှတိုး ချဲ့ခဲ့ခြင်းပင်။

ပြင်သစ်နိုင်ငံတွင် "ဘဏ္ဍာသက်ဦးဆံပိုင်စနစ်"၏ စိုးမိုးမှု (လိုက်စစ္စ (Lysis) ၏ လူသိများသောစာအုပ်အမည်ဖြစ်သည့် ပြင်သစ်နိုင်ငံ၏ ဘဏ္ဍာသက်ဦးဆံပိုင်စနစ်အား ဆန့်ကျင်လျက် ၁၉၀၈ ခုနှစ်တွင် ပဥ္စမအကြိမ် ရိုက်နှိပ်ခြင်းကို ထုတ်ဝေခဲ့သည်) ၏သဏ္ဍာန်မှာ အနည်းငယ်မျှသာ ကွဲပြားပေသည်။ အားအကြီးဆုံး ဘဏ်ကြီး ၄ ခုတို့သည် ဘွန်းလက်မှတ်များ ထုတ်ရောင်းရာတွင် (နှိုင်းစာခြင်းမဟုတ်)" အကြွင်းမဲ့ လက်ဝါးကြီးအုပ်မှု" ရရှိထားကြသည်။ တကယ်တော့ ဤသည်မှာ "ဘဏ်ကြီးများ၏ထရပ်စ်"ပင်ဖြစ်သည်။ လက်ဝါးကြီးအုပ်စနစ်သည် ဘွန်းလက်မှတ်များ ထုတ်ရောင်းရာမှ လက်ဝါးကြီးအုပ်အမြတ်များရရန် အာမခံချက် ရှိစေသည်။ ယေဘုယျအားဖြင့် ချေးယူသောနိုင်ငံသည် ချေးငွေ၏ ၉၀ ％ ထက် ပိုမရတတ်ပေ။ ကျန် ၁၀％ မှာ ဘဏ်များနှင့် အခြားကြားလူများထံ ရောက်သွားသည်။ ဖရန့် ၄၀၀,၀၀၀,၀၀၀ တန်ဖိုးရှိသော ရုရှား–တရုတ် ချေးငှားမှုမှ ဘဏ်များသည် ၈ ％ မြတ်ခဲ့သည်။ ဖရန့် ၈၀၀,၀၀၀,၀၀၀ တန်ဖိုးရှိသော (၁၉၀၄ ခု) ရုရှား ချေးငှား မှုမှ ရရှိသော အမြတ်သည် ၁၀ ％ ရှိသည်။ ဖရန့် ၆၂,၅၀၀,၀၀၀ တန်ဖိုးရှိသော (၁၉၀၄ ခု) မော်ရိုကိုချေးငှားမှုမှ အမြတ်သည် ၁၈.၇၅ ％ ရှိသည်။ အသေးစား အတိုးကြီးစားအရင်းအနှီးဖြင့် စတင်

---

* ပရိုဒူဂိုလ် – ၁၉၀၆ ခုနှစ်တွင် ထူထောင်သော ဒိုနက်မြစ်ဝှမ်း သတ္တုနှင့် လောင်စာရောင်းဝယ်ရေး ကုမ္ပဏီ။ ပရိုဒါမက် – ၁၉၀၁ ခုနှစ်တွင် တည်ထောင်သော ရုရှားဓာတ်သတ္တုထုတ်ကုန် ရောင်းဝယ်ရေးကုမ္ပဏီ။

**ရေရောသည် ဆိုခြင်းမှာ အရင်းအနှီးတိုးပွားလာမှုကြောင့် ပေါ်လာသော ပိုင်ဆိုင်မှုများအတွက် ရှယ်ယာများ ထုတ်ရောင်းခြင်း ဖြစ် သည်။ (ဘာသာပြန်သူ)

ဖြစ်ထွန်းခဲ့သော အရင်းရှင်စနစ်သည် မိမိ၏ဖြစ်ထွန်းမှုကို ရောမ အတိုးကြီးစားအရင်းအနှီးဖြင့် နိဋ္ဌိတံ စေလေပြီ။ လိုက်စစ္စက "ပြင်သစ်တို့သည် ဥရောပတိုက်၏ အတိုးကြီးစား ငွေချေးသူများဖြစ်သည်"ဟု ရေးခဲ့သည်။ ဤအရင်းရှင်စနစ်ပြောင်းလဲမှုက စီးပွားရေးဘ၀ အခြေအနေအားလုံးကို နက်ရှိုင်းစွာ ပြုပြင်ခဲ့သည်။ လူဦးရေလည်း မပြောင်းလဲ၊ စက်မှုလုပ်ငန်း၊ ကူးသန်းရောင်း၀ယ်ရေးနှင့် သင်္ဘောလုပ်ငန်းတို့ သေနေသည့်အကြားမှာ "နိုင်ငံ"သည် အတိုး ကြီးစားငွေ ချေးပေးခြင်းဖြင့် ချမ်းသာနိုင်ပေသည်။ "ဖရန့်ငွေ ၈,၀၀၀,၀၀၀ အား ကိုယ်စားပြုသော ပုဂ္ဂိုလ်ငါးဆယ်တို့သည် ဘဏ်လေးခုတွင် အပ်နှံထားသော ဖရန့်ငွေ ၂,၀၀၀,၀၀၀,၀၀၀ အား ချုပ်ကိုင်နိုင်သည်။" ကျွန်ုပ်တို့အနေဖြင့် အကျွမ်း၀င်နေပြီဖြစ်သည့် "ဦးပိုင်စနစ်"သည် အလားတူအဖြေမျိုးပင် ရရှိစေသည်။ ဥပမာအားဖြင့် အကြီးဆုံးဘဏ်ကြီးများအနက်မှ တခုဖြစ်သည့် ဆိုစီယေးတေး ယေနေရားလ်သည် အီဂျစ်သကြားချက် စက်ရုံဖြစ်သော ၎င်း၏ "သမီးကုမ္ပဏီ"အတွက် ဘွန်းလက်မှတ် ၆၄,၀၀၀ ထုတ်ရောင်းခဲ့သည်။ ဘွန်းလက်မှတ်များအား ၁၅၀ ရာခိုင်နှုန်းဖြင့် ထုတ်ရောင်းခဲ့သည်။ ဤသည် ဖရန့်တကျပ်အတွက် စင်တီးမ် ၅၀ အမြတ်ရရှိသည်။ ဤကုမ္ပဏီအသစ်၏ အကျိုးအမြတ်ခွဲ၀ေမှုဆိုသည်မှာ လိမ်ညာတီထွင်ထားခြင်းသာ ဖြစ်ကြောင်းတွေ့ရပြီး "လူထု"အနေဖြင့် ဖရန့်သန်း ၉၀ မှ ၁၀၀ အထိ ဆုံးရှုံးခဲ့ကြရသည်။ "ဆိုစီယေးတေးယေနေရားလ်၏ ဒါရိုက်တာတဦးမှာ သကြားချက်စက်၏ ဒါရိုက်တာ ဘုတ်အဖွဲ့၀င် ဖြစ်နေသည်။" စာရေးသူအား "ပြင်သစ်သမ္မတနိုင်ငံသည် ဘဏ္ဍာဘုရင့် နိုင်ငံဖြစ်သည်" ဟူသော ကောက်ချက်မျိုးဆွဲသည့်အဖြစ်သို့ ရောက်စေခြင်းမှာ အံ့သြစရာ မရှိပေ။ "ယင်းသည် ဘဏ္ဍာသက်ဦး ဆံပိုင်စနစ်၏ လုံး၀စိုးမိုးမှုပင် ဖြစ်သည်။ ဤသက်ဦး ဆံပိုင်စနစ်က သတင်းစာနှင့် အစိုးရအပေါ်စိုးမိုးပေ သည်"။*

ဘဏ္ဍာအရင်း၏ အဓိကဆောင်ရွက်ချက်တရပ်ဖြစ်သည့် အာမခံစာချုပ်များ ထုတ်ရောင်းခြင်းမှ ရရှိသည့် တရားလွန်အမြတ်အစွန်းသည်လည်း ဘဏ္ဍာသက်ဦးဆံပိုင်စနစ်ဖြစ်ပေါ်တိုးပွားမှုနှင့် ကြံ့ခိုင်တောင့်တင်းမှုတွင် အင်မတန်အရေးပါသော အခန်းမှ ပါ၀င်သည်။ <u>ဘဏ်</u>ဆိုသော ဂျာမန်ဂျာနယ်က "ပြည်ပမှ ချေးငွေများအား နှုန်းအရင်ထားခြင်းမှ ရရှိသောအမြတ်အစွန်းနှင့် ရိုးစွဲလိုက်သည့် အမြတ်အစွန်းမျိုးမှာ ပြည်တွင်း၌ တခုမျှပင် မရှိချေ"**ဟု ရေးသားထားသည်။

"အာမခံစာချုပ်ထုတ်ရောင်းခြင်းမှ ရရှိသောအမြတ်နှုန်းနှင့် ယှဉ်နိုင်သော အမြတ်မျိုးကို မည်သို့သောဘဏ်လုပ်ငန်းကမျှ မရရှိပါကလား"။ <u>ဂျာမန်အီကောနော့မစ်</u> အရဆိုလျှင် စက်မှုလုပ်ငန်းစတော့များများကို ထုတ် ရောင်းခြင်းမှ ရရှိသော နှစ်စဉ်ပျမ်းမျှအမြတ်သည် အောက်ပါအတိုင်း ရှိသည်။

| | ရာနှုန်း | | ရာနှုန်း |
|---|---|---|---|
| ၁၈၉၅ ... ... ... ... ... | ၃၈.၆ | ၁၈၉၈ ... ... ... ... | ၆၇.၈ |
| ၁၈၉၆ ... ... ... ... ... | ၃၆.၁ | ၁၈၉၉ ... ... ... ... | ၆၆.၉ |
| ၁၈၉၇ ... ... ... ... ... | ၆၆.၇ | ၁၉၀၀ ... ... ... ... | ၅၅.၂*** |

"၁၈၉၁ ခုမှ ၁၉၀၀ ခုနှစ်အထိ ဆယ်နှစ်အတွင်း ဂျာမန်စက်မှုလုပ်ငန်း စတော့များ ထုတ်ရောင်းခြင်းမှ <u>၁ ဘီလီယံကျော်</u>"ရရှိခဲ့သည်။ စက်မှုလုပ်ငန်း စန်းပွင့်မှုကာလများတုန်းက ဘဏ္ဍာအရင်း၏အမြတ်မှာ များပြားလှသည်။ သို့သော် စီးပွားရေးပျက်သည့်ကာလများတွင်မူ သေးငယ်ပြီး အခြေအနေ မကောင်းလှသော လုပ်ငန်းများ ပျောက်ထွက်သွားကြသည်။ ဘဏ်ကြီးများသည် မဖြစ်စလောက် တန်ကြေးပေးပြီး ယင်းတို့ကို ၀ယ်ယူကာ "ဦးပိုင်" ၀ယ်ယူကြသည်။ သို့မဟုတ် ယင်းလုပ်ငန်းများ "ပြန်လည်တည်ဆောက်

---

*လိုက်စစ္စ။ ပြင်သစ်နိုင်ငံရှိ ဘဏ္ဍာသက်ဦးဆံပိုင်စနစ်အား ဆန့်ကျင်လျက်။ ပဲရစ်၊ ၁၉၀၀ ခု၊ စာမျက်နှာ ၁၊ ၁၂၊ ၂၆၊ ၃၉၊ ၄၀၊ ၄၈

** <u>ဘဏ်</u> ဂျာနယ်၊ ၁၉၁၃ ခု၊ အမှတ် ၇၊ စာမျက်နှာ ၆၃၀

*** စတီးလစ်၊ <u>အထက်တွင် ကိုးကားခဲ့သော စာအုပ်</u>။ စာမျက်နှာ ၁၄၃နှင့် ဒဗလျူ၊ ဆွန်းဘတ်၊ <u>၁၉ ရာစုနှစ်ဂျာ မန်အမျိုးသား စီးပွားရေး</u>။

ရေး" ပြန်လည်ဖွဲ့စည်းရေးအတွက် အမြတ်ရသော အစီအစဉ်များတွင် ဝင်ပါကြသည်။ အရှုံးပြနေသော လုပ်ငန်းတို့ကို ဝယ်ယူကာ "ဦးပိုင်"ဝယ်ယူကြသည်။ သို့မဟုတ် ယင်းလုပ်ငန်းများ "ပြန်လည်တည်ဆောက်ရေး" ပြန်လည်ဖွဲ့စည်းရေးအတွက် အမြတ်ရသော အစီအစဉ်များတွင် ဝင်ပါကြသည်။ အရှုံးပြနေသော လုပ်ငန်းများကို ပြန်လည်တည်ဆောက်ရာတွင် "အရင်းအနှီး၏ ရှယ်ယာတန်ဖိုး ချထားသည်။ ဆိုလိုတာက အမြတ်များကို ယင်းသေးငယ်သောအရင်းအနှီးအတိုင်း ခွဲဝေပေးကာ သေးငယ်သောအခြေခံအရပင် ဆက်ပြီး တွက်ချက်သည်။ သို့တည်းမဟုတ် ဝင်ငွေမှာ သုညအထိ ရောက်သွားပြီဆိုလျှင် အရင်းအနှီးသစ်များ သွင်းယူလာသည်။ ဤအရင်းအနှီးသစ်သည် ဝင်ငွေမကောင်းလှသော အရင်းအနှီးဟောင်းနှင့်ပေါင်းပြီး ဝင်ငွေအတော်အသင့် ရရှိလာစေသည်။ တိုက်ဆိုင်စွာပင် ဤပြန်လည်ဖွဲ့စည်းမှုများနှင့် ပြန်လည်တည်ဆောက်မှုများမှာ ဘဏ်များအတွက် နှစ်မျိုးထူးခြားမှုရှိသည်။ ဦးစွာအားဖြင့် အမြတ်ရနိုင်သည့် အရောင်းအဝယ်များ လုပ်နိုင်စေသည်။ ဒုတိယအားဖြင့် ဒုက္ခရောက်နေသော ကုမ္ပဏီများကို ချုပ်ကိုင်ခွင့်ရ အောင် အခွင့်အလမ်းများ ရရှိစေသည်" ဟု ဟီလ်ဖာဒင်းက ရေးခဲ့သည်။ *

ဥပမာတခု။ ဒေါ့တ်မန်မြို့မှ ယူနီယံသတ္တုတူးဖော်ရေး ကုမ္ပဏီကို ၁၈၇၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ အရင်းအနှီးအဖြစ် မတ်၄၀,၀၀၀,၀၀၀ ဖိုးမျှ ရှယ်ယာများ ထုတ်ရောင်းခဲ့သည်။ပထမနှစ်အတွက်၁၂% ဖြင့် အမြတ်ဝေစုပေးပြီးသောအခါ ရှယ်ယာတန်ဖိုးမှာ ၁၇၀ သို့ မြင့်တက်လာသည်။ ဘဏ္ဍာအရင်းက အညွန့်ကို စားလိုက်ရပြီး မတ် ၂၈,၀၀၀,၀၀၀ ဆိုသလို မပြောပလောက်သော ငွေကလေးကို ရလိုက်သည်။ ဤကုမ္ပဏီအား အဓိကကြီးမှူးသူမှာ မတ်၃၀၀,၀၀၀,၀၀၀ အရင်းအနှီးကို အောင်မြင်စွာရရှိလိုက်သည့် ဂျာမဏီမှ ဒစ္စကွန်တိုဂယ်ဆယ်လ်ရှပ်ဖ်ကြီးပင် ဖြစ်လေသည်။ နောက်ပိုင်းတွင် ယူနီယံကုမ္ပဏီ၏ အမြတ်ဝေစုခွဲဝေပေးမှုမှာ သုညသို့ ဆင်းလာသည်။ ရှယ်ယာပိုင်ရှင်များအနေဖြင့် အရင်းအနှီးကို "ဈေးချရန်" သဘောတူရတော့သည်။ ဤသည်မှာ အကုန်အရှုံးခံမည့်အစား အချို့ကို အရှုံးခံခြင်းဖြစ်သည်။ "ပြန်လည်တည်ဆောက်မှု"တွေ တသီကြီးလုပ်ရင်း အနှစ် ၃၀ ကာလအတွင်း ယူနီယံကုမ္ပဏီ၏အရင်းအနှီးထဲမှာ မတ် ၇၃,၀၀၀,၀၀၀ ကို အရှုံးပြလိုက်ရတော့သည်။ "လောလောဆယ်တွင် ကုမ္ပဏီမူလရှယ်ယာပိုင်ရှင်များသည် သူတို့ရှယ်ယာများ၏ သတ်မှတ်တန်ဖိုး ၇.၅% မျှကိုသာ ပိုင်ဆိုင်ကြသည်။"** သို့သော် ဘဏ်များမှာမူ "ပြန်လည်တည်ဆောက်မှုတိုင်းမှ" "တခုခုတော့ ရရှိလိုက် သည်ချည်းပင်။

အလျင်အမြန်ကြီးထွားနေသော မြို့ကြီးများ၏ ဆင်ခြေဖုံးရပ်ကွက်များရှိမြေတို့ကို စွန့်စားပြီးရောင်းဝယ်ခြင်းမှာလည်း ဘဏ္ဍာအရင်းအတွက် ထူးထူးခြားခြားမြတ်သော လုပ်ငန်းဖြစ်သည်။ ဤနေရာတွင် လက်ဝါးကြီးအုပ်ဘဏ်များသည် မြေအငှားချလက်ဝါးကြီးလုပ်ငန်းများ၊ လက်ဝါးကြီးအုပ် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ပေါင်းမိကြသည်။ အကြောင်းက မြေတန်ဖိုးမြင့်တက်မှု၊ အမြတ်အစွန်းရှိရှိ အပိုင်းလိုက်အပိုင်းလိုက် ရောင်းချနိုင်မှု စသည်တို့မှာ မြို့လယ်ခေါင်နှင့် ဆက်သွယ်မှုကောင်းမကောင်းဆိုသည့်အပေါ် မူတည်နေသောကြောင့်ဖြစ်သည်။ နောက်ပြီး ဤဆက်သွယ်ရေးကုမ္ပဏီများမှာ ဦးပိုင်စနစ်အရလည်းကောင်း၊ ဒါရိုက်တာလူကြီးများ ဖြန့်ခွဲထားမှုအရလည်းကောင်း၊ စိတ်ပါဝင်စားသည့် ဘဏ်များနှင့် ဆက်စပ်နေကြသည်။ ရလဒ်မှာ အိုးအိမ်လုပ်ငန်းများနှင့် ပေါင်နှံမှုများစသည်တို့ကို အထူးပြုလေ့လာထားသည့် ဘဏ်ဂျာနယ်တွင် ရေးနေကျ ဂျာမန်စာရေးဆရာ အယ်၊အက်စ်ဝက်ချ် (L.Eschwege) ပြောသည့် နွံအိုင်ကြီးဖြစ်လာသည်။ ဆင်ခြေဖုံး အဆောက်အအုံများအား အကြီးအကျယ်စွန့်စား ရောင်းဝယ်ယူကြခြင်း၊ အဆောက်အအုံ လုပ်ငန်းကိုင်ငန်းကြီးများပြိုကွဲခြင်း ("ကြွံခိုင်တောင့်တင်းသည့် ဒွိုက်ချ်ဘဏ်ကြီး၏ အကူအညီ ဖြင့် မတ် ၁၀၀,၀၀၀,၀၀၀ အထိ အိတ်ထဲထည့်နိုင်ခဲ့သည့် ဘာလင်မှ ဘော့စ်ဝေါနှင့် နော်အာကုမ္ပဏီလိုဟာမျိုး ပြိုကွဲ ခြင်းဖြစ်သည်။ ဒွိုက်ချ်ဘဏ်မှာမူ ဦးပိုင်စနစ်မှတဆင့် လုပ်ဆောင်ခြင်း၊ ဆိုလိုတာက နောက်ကွယ်မှ တိတ်တိတ်လုပ်ကိုင်ခြင်း

---

* ဘဏ္ဍာအရင်း၊ စာမျက်နှာ ၁၇၂။

** စတီးလစ်၊ အထက်တွင် ကိုးကားခဲ့သော စာအုပ်၊ စာမျက်နှာ ၁၃၈ နှင့် လိုက်ဖ်မန်း၊ စာမျက်နှာ ၅၁။

ဖြစ်သဖြင့် မတ် ၁၂,၀၀၀,၀၀၀“သာ”ပဲ အရှုံးခံပြီး ရုန်းထွက်သွားခဲ့သည်။) ထို့နောက် တည်ဆောက်ရေး ကွက်လပ်တင်ဒါများ၊ အဆောက်အဦးပိုင်းစသည်စသည်တို့ ရရှိရေးအတွက် “ရိုးသားသော” ဘာလင်ပုလိပ်နဲ့ အုပ်ချုပ်မှုအပိုင်းတို့နဲ့တွဲကာ တကယ်မရှိသော တည်ဆောက်ရေးကုမ္ပဏီများ၊ စာချုပ်လိမ်များတို့မှ တပြားမှ ပြန်မရသော လုပ်ငန်းရှင်ကလေးများနှင့် အလုပ်သမားများမှာလည်း ဒုက္ခလှလှတွေ့ကြရခြင်း။ *

ဥရောပပါမောက္ခများနှင့် ရည်ရွယ်ချက်ကောင်းသော ဓနရှင်များက ဟန်ဆောင်ပန်ဆောင်နှင့် အင်မတန် တ,သကြသော “အမေရိကန်ကျင့်ဝတ်”သည် ဘဏ္ဍာအရင်းခေတ်တွင် အမှန်ပင် နိုင်ငံတိုင်း၏ ကျင့်ဝတ်ဖြစ်လာခဲ့ သည်။

၁၉၁၄ ခုနှစ် အစပိုင်းတွင် ဘာလင်၌“သယ်ယူပို့ဆောင်ရေးထရပ်စ်”တခု ဖွဲ့စည်းရေးအကြောင်း ပြောခဲ့ကြသည်။ ဆိုလိုသည်မှာ မြို့တော် လျှပ်စစ်မီးရထား၊ ဓာတ်ရထားကုမ္ပဏီနှင့် ဘတ်စ်ကား ကုမ္ပဏီဆိုသော ဘာလင်သယ်ယူပို့ဆောင်ရေးလုပ်ငန်း ၃ ခုအကြား “အကျိုးတူအဖွဲ့အစည်း”တရပ် ဖော်ထုတ်ရေးဖြစ်သည်။ “ဘတ်စ်ကားကုမ္ပဏီ၏ ရှယ်ယာအများစုကို အခြားသယ်ယူပို့ဆောင်ရေးကုမ္ပဏီ ၂ ခုက ရရှိထားကြောင်း သိကြပြီးကတည်းက ဤအစီအစဉ်ကို စဉ်းစားခဲ့ကြကြောင်း ကျွန်ုပ်တို့ သိခဲ့သည်။ ... ... ...

သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပေါင်းစည်းလိုက်ခြင်းအားဖြင့် စီးပွားရေးများကို အာမခံချက်ရှိစေမည်။ သို့ဖြင့် အများပြည်သူအားလည်း အချိန်မီအကျိုးရှိစေမည်ဟု ဤရည်ရွယ်ချက်ကို အကောင်အထည် ဖော်နေကြသူများက ပြောသောအခါ ကျွန်ုပ်တို့အနေဖြင့် အပြည့်အဝ ယုံကြည်ကောင်း ယုံကြည်ပေမည်။ သို့သော် ယခုဖွဲ့စည်းလိုက်သော ဤသယ်ယူပို့ဆောင်ရေး ထရပ်စ်၏နောက်တွင် ဘဏ်များရှိနေသည်ဆိုသောအချက်က အခြေအနေများကို ရှုပ်ထွေးသွားစေပေသည်။ ဘဏ်များသည် ၎င်းတို့၏ အိမ်ရာစီးပွားရေးလုပ်ငန်း၏ အကျိုးစီးပွားအတွက် ၎င်းတို့ဆန္ဒရှိလျှင် ၎င်းတို့လက်ဝါးကြီးအုပ်ထားနိုင်ပြီဖြစ်သော သယ်ယူပို့ဆောင်ရေးကို လက်အောက်ခံပြုနိုင်စေပေသည်။ ဤသို့စဉ်းစားကြည့်ခြင်းမှာ ကျိုးကြောင်းဆီလျော်ကြောင်းပြဖို့ဆိုလျှင် မီးရထားကုမ္ပဏီ ဖွဲ့စည်းချိန်တွင် ထိုသို့ဖွဲ့စည်းရန် အားပေးသောဘဏ်ကြီးများ၏ အကျိုးစီးပွားများမှာ ထိုအထဲ၌ ပါရှိနေပြီးဖြစ်သည်ဆိုသောအချက်ကို ပြန်ကြည့်လိုက်လျှင် သိနိုင်ပေသည်။ ဆိုလိုသည်မှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ အကျိုးစီးပွားများမှာ အိမ်ရာလုပ်ငန်းအကျိုးစီးပွားနှင့် ရောထွေးနေသည်ဆိုခြင်းပင် ဖြစ်သည်။ သော့ချက်က ဤမီးရထားလုပ်ငန်းက အရှေ့ဘက်လမ်းကို ဖောက်သောအခါ ဖြတ်ဖောက်ရမည့်မြေများကို ဘဏ်က မိမိအတွက်ရော အရောင်းအဝယ်တွင်ပါဝင်သည့် အခြားသူများအတွက်ပါ အမြတ်အများကြီးရအောင် ရောင်းချခဲ့လေသည်။ ** ... ... ...

လက်ဝါးကြီးအုပ်အဖွဲ့အစည်းတရပ်ဆိုသည်မှာ တည်ထောင်လိုက်ပြီးနောက် သန်းထောင်ပေါင်းများစွာကို ချုပ်ကိုင်ပြီဆိုသည်နှင့် မည်သို့သောအစိုးရပုံသဏ္ဍာန်ပဲဖြစ်ဖြစ် အခြားမည်သည့် “အသေးစိတ်အချက်တွေ”ပဲရှိရှိ လူထုဘဝ၏နယ်ပယ်<u>အားလုံး</u>ကို ထိုးဖောက်ဝင်ရောက်တော့သည်။ ဂျာမဏီပြည်၏ ဘောဂဗေဒနှင့်ပတ်သက်သော ရေးသားချက်များတွင် ပရပ်ရှားဗျူရိုကရေစီယန္တရား၏ ပြီးပြည့်စုံမှုအကြောင်း အောက်ကျနောက်ကျခံပြီး ချီးကျူးချက်များ၊ ပြင်သစ်၏ပနာမာနာမည်ပျက်မှုနှင့် အမေရိကန်နိုင်ငံရှိ နိုင်ငံရေးပိုင်း ခြစားပျက်စီးမှုတို့အကြောင်း သွယ်ဝိုက်ရေးသားချက်များကို ကြုံတွေ့ရလေ့ရှိသည်။ သို့သော် ပြောစရာအချက်မှာ ဂျာမဏီနိုင်ငံ၏ ဘဏ်ကိစ္စများကို အာရုံစိုက်ရေးသားသော ဓနရှင်အရေးအသားများ<u>ပင်လျှင်</u> အမြဲဆိုသလို ရိုးရိုးဘဏ်လုပ်ငန်းဆိုသည့်နယ်ပယ်ကို အများကြီးကျော်လွန်ကာ “ဘဏ်များ၏ ဆွဲဆောင်မှု”ဆိုသည်မျိုးအကြောင်း ရောက်ရှိသွားတတ်ခြင်းဖြစ်သည်။ ယင်းမှာ အစိုးရအမှုထမ်းများ ဘဏ်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်း ပိုမိုများပြားလာမှုကို ရည်ညွှန်းခြင်းဖြစ်ပြီး အောက်ပါအတိုင်း ဖော်ပြထားသည်။ “ဘာရင်စထရပ်စ် (ဒိုက်ချ်ဘဏ်ရုံးချုပ်တည်ရှိသော ဘာလင်မြို့မှလမ်း) တွင် သက်သာသော အလုပ်တခုခု

---

* <u>ဘဏ်ဂျာနယ်။</u> ၁၉၁၃ ခု၊ စာမျက်နှာ ၉၅၂၊ အယ်လ်အက်စ်ဝက်ချ်ရေး။

** ဘဏ်ဂျာနယ်၊ ၁၉၁၄ ခု၊ အမှတ် ၁ စာမျက်နှာ ၈၉ ပါ <u>ထရပ်စ်များ၏ ဆက်စပ်မှုဆောင်းပါး</u>

ရရန် စိတ်ထဲမှတောင့်တနေသော အစိုးရအရာရှိတယောက်၏ ဖြောင့်မတ်မှုမှာ မည်သို့ရှိမည်နည်း”။* ၁၉၈၉ ခုနှစ်တွင် <u>ဘဏ်</u>ဂျာနယ်ကို ထုတ်ဝေသူ အဲဖရက်လင်းစ်ဘော့ဂ်က “ဘိုင်ဇင်တင်းဝါဒ၏ စီးပွားရေး ထူးခြားမှု”ဆိုသော ဆောင်းပါးတပုဒ်ကို ရေးခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုဆောင်းပါးထဲတွင် သူက ဒုတိယမြောက် ဝီလ်ဟိုင်မ်ဘုရင်၏ ပါလက်စတိုင်းခရီးနှင့် “ယင်းခရီး၏ လတ်တလောခြင်းရလဒ်၊ ဘက်ဒက် မီးရထားလမ်းဖောက်လုပ်မှု၊ ဝိုင်းဝန်းထားမှုအတွက် ကျွန်ုပ်တို့၏နိုင်ငံရေးအမှားများ အားလုံးပေါင်းထားသည်ထက် ပိုမိုတာဝန်ရှိသော “ဂျာမန်လုပ်ငန်းကိုင်းငန်းကြီးများ၏ မဟာထုတ်လုပ်မှုကြီး”တို့ကို ရည်ညွှန်းထားသည်။ (ဝိုင်းဝန်းထားမှုဆိုသည်မှာ သတ္တမမြောက် အက်ဒဝပ်ဘုရင်၏ဂျာမဏီအား အထီးကျန်ဖြစ်စေရေးအတွက် ဂျာမန်ဆန့်ကျင်ရေး နယ်ချဲ့မဟာမိတ်အဖွဲ့နှင့် ဝိုင်းထားရေးပေါ်လစီကို ဆိုလိုသည်။) ၁၉၁၁ ခုနှစ်တွင် ယင်းဂျာနယ်ထဲမှာပင် ရေးသားလေ့ရှိပြီး အထက်တွင် ကိုးကားခဲ့ဖူးပြီဖြစ်သူ အက်စ်ဝက်ချ်က “ပလူတိုကရေစီ”**နှင့် ဗျူရိုကရေစီဆိုသော ဆောင်းပါးတပုဒ်ကို ရေးခဲ့သည်။ ယင်းဆောင်းပါးထဲတွင် သူက ဗိုးလ်ကာဆိုသူ ဂျာမန်အရာရှိတဦးအကြောင်း ဖွင့်ချထားသည်။ ထိုသူသည် ကာတယ်ကော်မတီ၏ အင်မတန်တက်ကြွသော အဖွဲ့ဝင်တဦးဖြစ်ပြီး အချိန်အတန်ကြာသောအခါ သံမဏိဆင်ဒီကိတ်ဆိုသော အကြီးဆုံးကာတယ်ကြီးတွင် လခကောင်းသော အလုပ်တခု ရရှိသွားသည်။ မတော်တဆမဟုတ်သော အလားတူကိစ္စများက အဆိုပါ ခနရှင်စာရေးသူကို ယခုကဲ့သို့ ဝန်ခံစေခဲ့သည်။ “ဂျာမဏီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အာမခံထားသော စီးပွားရေးလွတ်လပ်မှုဆိုသည်မှာ စီးပွားရေးဘဝ၏ အစိတ်အပိုင်းများစွာတွင် အဓိပ္ပာယ်မဲ့သော စကားစု ဖြစ်သွားချေပြီ “... နောက်ပြီး လက်ရှိ ပလူတိုကရေစီစနစ်၏ အုပ်စိုးမှုအောက်တွင် အတားအဆီးမရှိဆုံးနိုင်ငံရေး လွတ်လပ်မှုကပင် ကျွန်ုပ်တို့ အမျိုးသားများအား မလွတ်လပ်သော ပြည်သူများအဖြစ်ပြောင်းပစ်ခြင်းမှ ကယ်တင်နိုင်မည်မဟုတ်ချေ။ ”***

ရုရှားနိုင်ငံနှင့် ပတ်သက်၍မူ ဥပမာတခုတွင်သာ ကန့်သတ်ထားပါတော့မည်။ လွန်ခဲ့သည့်နှစ်အနည်း ငယ်က အစိုးရငွေတိုက်ချေးငွေဌာနမှ ဒါရိုက်တာဖြစ်သူ ဒါဗီဒေ့ါဗ်သည် အလုပ်မှ နှုတ်ထွက်ပြီး ဘဏ်ကြီးတခုတွင် အလုပ်လက်ခံခဲ့သည်။ ရမည့်လစာမှာ စာချုပ်အရဆိုလျှင် နှစ်အချို့အတွင်း ရူဘယ်တသန်းကျော်ရစေမည် ဖြစ် သည်။ ချေးငွေဌာနဆိုသည်မှာ အဆောက်အအုံတခုဖြစ်ပြီး သူ့လုပ်ငန်းမှာ “တိုင်းပြည်ရှိ ချေးငွေအဆောက်အအုံအားလုံး၏ လုပ်ငန်းရပ်များကို ထိန်းညှိပေးခြင်း”ဖြစ်ပြီး စိန့်ပီတာစဘက်နှင့် မော်စကိုရှိဘဏ်များအား ရူဘယ် သန်းပေါင်း ၈၀၀ နှင့် ၁၀၀၀ အကြားရှိ ပံ့ပိုးငွေများ ထုတ်ပေးခဲ့သည်။ **** ... ...

ယေဘုယျ အရင်းရှင်စနစ်၏ ထူးခြားချက်မှာ အရင်းပိုင်ဆိုင်မှုကို ထုတ်လုပ်မှုတွင် အရင်းအားအသုံးပြု ခြင်းနှင့် ခွဲခြားထားသည်။ ငွေသားအရင်းအား စက်မှုအရင်း သို့မဟုတ် ထုတ်လုပ်မှုအရင်းနှင့် ခွဲခြားထားသည်။ ငွေသားအရင်းပေါ်မှ အမြတ်ကို စားသူအား လုပ်ငန်းလည်ပတ်သူနှင့် ၎င်းအရင်းအား တကယ်တမ်း စီမံခန့်ခွဲမှုတွင် တိုက်ရိုက်ပါဝင်သူအားလုံးနှင့်လည်းကောင်း ခွဲခြားထားသည်။ နယ်ချဲ့စနစ်သို့မဟုတ် ဘဏ္ဍာအရင်း၏ စိုးမိုးမှုမှာ ဤခွဲခြားမှုများအကြီးမားဆုံးအတိုင်းအတာသို့ ရောက်ရှိသည့်အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့်ဖြစ်သည်။ အရင်း၏အခြားသော သဏ္ဌာန်အားလုံးအပေါ်၊ ဘဏ္ဍာအားလုံးအပေါ် ဘဏ္ဍာအရင်း၏ စိုးမိုးမှုဆိုသည်မှာ ငွေသားအရင်းအပေါ်မှ အမြတ်ကိုစားသူနှင့် ဘဏ္ဍာသက်ဦးဆံပိုင်စနစ်တို့၏ စိုးမိုးမှုပင်ဖြစ်သည်။ အဓိပ္ပာယ်မှာ ကျန်နိုင်ငံအားလုံးထဲမှ ဘဏ္ဍာရေးအရ“အားကြီးသော” နိုင်ငံအနည်းငယ်ကို ရွေးထုတ်လိုက်ခြင်းပင် ဖြစ်သည်။ ဤဖြစ်စဉ် မည်သည့်အတိုင်းအတာအထိရောက်နေသည်ဆိုခြင်းကို ငွေထုတ်မှုစာရင်းဇယားများ၊ ဆိုလိုတာက အာမခံစာချုပ်အမျိုးအားလုံး ထုတ်

---

* ဘဏ်ဂျာနယ်၊ ၁၉၀၉ ခု၊ အတွဲ ၁၊ စာမျက်နှာ ၇၉ပါ <u>ဘဏ်များ၏ ဆွဲဆောင်ချက်မှုဆောင်းပါး</u>။

** ပလူတိုကရေစီဆိုသည်မှာ ချမ်းသာသောသူများက အုပ်စိုးသော စနစ်ဖြစ်သည်။ (ဘာသာပြန်သူ)

*** အထက်တွင်ကိုးကားပြီးစာအုပ်၊ ၁၉၁၁ခု၊ အတွဲ၂ စာမျက်နှာ၁၉၆၂။

**** အီး၊ အဂ္ဂါဒ်၊ အထက်တွင် ကိုးကားပြီးစာအုပ်၊ စာမျက်နှာ၂၀၂။

ဝေမှု စာရင်းဇယားများပေါ်မှ ဆုံးဖြတ်ရမည်ဖြစ်သည်။

အေ၊ နေးမတ်ခ် (A. Neymarck)က နိုင်ငံတကာ စာရင်းဇယားအဖွဲ့အစည်းသတင်းစဉ်*တွင် တကမ္ဘာလုံးမှ အာမခံစာချုပ်များ ထုတ်ဝေမှုနှင့်ပတ်သက်၍ အကျယ်ပြန့်ဆုံး၊ အပြည့်စုံဆုံးနှင့် နှိုင်းယှဉ်ထားသော ကိန်းဂဏန်းများကို ဖော်ပြထားပြီး ယင်းတို့ကို စီးပွားရေးဆိုင်ရာ ရေးသားချက်များတွင် အစိတ်ပိုင်းအလိုက် မကြာခဏ ကိုးကားခဲ့ကြသည်။ အောက်ပါတို့မှာ ဆယ်စုနှစ်ပေါင်းများစွာအတွက် သူဖော်ပြသော စုစုပေါင်းတန်ဖိုးများဖြစ်သည်။

ဖရန့်ငွေဘီလီယံဖြင့် ပြထားသော ထုတ်ဝေမှု စုစုပေါင်း (ဆယ်စုနှစ်များ)

| | |
|---|---|
| ၁၈၇၁ – ၁၈၈၀ ... ... ... ... | ၇၆. ၁ |
| ၁၈၈၁ – ၁၈၉၀ ... ... ... ... | ၆၄. ၅ |
| ၁၈၉၁ – ၁၉၀၀ ... ... ... ... | ၁၀၀. ၄ |
| ၁၉၀၁ – ၁၉၁၀ ... ... ... ... | ၁၉၇. ၈ |

၁၈၇၀ စုနှစ်များတွင် တကမ္ဘာလုံးအတွက် ထုတ်ဝေမှုတန်ဖိုးမှာ များလှသည်။ အကြောင်းမှာ အထူးသဖြင့် ပြင်သစ် – ပရပ်ရှားစစ်ပွဲနှင့် ဆက်ပြီး အကြွေးများကို ချေးထားခြင်းနှင့် ယင်းစစ်ပွဲအပြီး ဂျာမဏီတွင် ပေါ်ထွက်လာသော ကုမ္ပဏီများကို တွန်းတင်သည့် စန်းပွင့်မှုကြောင့် ဖြစ်သည်။ တခုလုံးခြုံလိုက်လျှင် ၁၉ရာစုနှစ်၏နောက်ဆုံးဆယ်စုနှစ် ၃ ခုတွင် နှိုင်းစာခြင်းအားဖြင့် တိုးများမှုမှာ သိပ်မများလှချေ။ ၂၀ ရာစု၏ ပထမဆယ်နှစ်တွင်မှ ၁၀၀ ရာခိုင်နှုန်းနီးပါးရှိသော ရောမတိုးများမှုကြီးကို တွေ့ရခြင်းဖြစ်သည်။ သို့ဖြင့် ၂၀ ရာစု၏အစသည် ကျွန်ုပ်တို့ဆိုခဲ့ပြီးသော ကာတယ်၊ ဆင်ဒီကိတ်၊ ထရပ်စ် လက်ဝါးကြီးအုပ် အဖွဲ့အစည်းများ၏ ကြီးထွားမှုဘက်မှသာမက ဘဏ္ဍာအရင်းကြီးထွားမှုဘက်မှလည်း ကွေ့ချိုးတခုအဖြစ် ဖော်ညွှန်းနေပေသည်။

၁၉၁၀ ခုနှစ်၏ တကမ္ဘာလုံးတွင် ထုတ်ဝေခဲ့သော အာမခံစာချုပ်စုစုပေါင်း၏ တန်ဖိုးမှာ ဖရန့် ၈၁၅,၀၀၀, ၀၀၀,၀၀၀ ရှိသည်ဟု နေးမတ်စ်က ခန့်မှန်းခဲ့သည်။ ဤအရေအတွက်ထဲမှ ထပ်နေလောက်သည့်အရေအတွက်ကို နုတ်လိုက်သောအခါ စုစုပေါင်းတန်ဖိုးမှာ ၅၇၅–၆၀၀ ဘီလီယံဖြစ်သွားသည်။ ယင်းကို နိုင်ငံအသီးသီးအရ အောက်ပါအတိုင်း ခွဲနိုင်သည်။ (၆၀၀,၀၀၀,၀၀၀,၀၀၀ ဟု ယူလိုက်မည်)

---

* နိုင်ငံတကာ စာရင်းဇယားအဖွဲ့အစည်း သတင်းစဉ်။ အတွဲ ၁၉၊ အုပ် ၂၊ လာဟေး၊ ၁၉၁၂ ခု။ ဒုတိယ ဇယားတွင်ပါသော နိုင်ငံငယ်များနှင့် ပတ်သက်သည့် ကိန်းဂဏန်းများမှာ ၁၉၀၂ ခုနှစ် ကိန်းဂဏန်းများကို ၂၀ ရာခိုင်နှုန်း ထည့်ပေါင်းပြီး အကြမ်းဖျင်းတွက်ထားခြင်းဖြစ်သည်။

**၁၉၁၀ ခုနှစ်ရှိ ဘဏ္ဍာရေးအာမခံစာချုပ်များ**
**(ဖရန့်ငွေ ဘီလီယံပေါင်း)**

| | | |
|---|---|---|
| ဗြိတိန် | ... ... ... ... ... | ၁၄၂ |
| အမေရိကန် | ... ... ... ... ... | ၁၃၂ |
| ပြင်သစ် | ... ... ... ... ... | ၁၁၀ |
| ဂျာမဏီ | ... ... ... ... ... | ၉၅ |
| ရုရှား | ... ... ... ... ... | ၃၁ |
| သြစတြီးယား –ဟန်ဂေရီ | ... | ၂၄ |
| အီတလီ | ... ... ... ... ... | ၁၄ |
| ဂျပန် | ... ... ... ... ... | ၁၂ |
| ဟော်လန် | ... ... ... ... ... | ၁၂.၅ |
| ဘယ်လ်ဂျီယန် | ... ... ... ... | ၇.၅ |
| စပိန် | ... ... ... ... | ၇.၅ |
| ဆွစ်ဇာလန် | ... ... ... ... | ၆.၂၅ |
| ဒိန်းမတ် | ... ... ... ... | ၃.၇၅ |
| ဆွီဒင်၊ နော်ဝေ၊ ရူမေးနီးယားစသည် | | ၂.၅ |
| စုစုပေါင်း | ... ... ... ... | ၆၀၀ |

ဤကိန်းဂဏန်းများအရ တနိုင်ငံလျှင် အာမခံစာချုပ် အကြမ်းဖျင်းအားဖြင့် ဖရန့်ဘီလီယံ ၁၀၀ မှ ၁၅၀ ဘီလီယံအထိ ပိုင်ဆိုင်ကြသော အချမ်းသာဆုံး အရင်းရှင်နိုင်ငံကြီး ၄ ခုတို့ကို သိသိသာသာကြီး စွန်းထွက်နေသည်ကို ချက်ချင်းပင် တွေ့ရပေသည်။ ဤလေးနိုင်ငံအနက် အင်္ဂလန်နှင့် ပြင်သစ်ဆိုသော နိုင်ငံ ၂ ခုမှာ ရှေးအကျဆုံး အရင်းရှင်နိုင်ငံများဖြစ်ပြီး ကိုလိုနီအများဆုံး ပိုင်ဆိုင်သူများဖြစ်သည်ကိုလည်း တွေ့ကြရပေမည်။ အခြား ၂ ခုဖြစ်သော အမေရိကန်နှင့် ဂျာမဏီတို့မှာ တိုးတက်မှုမြန်ဆန်ခြင်းနှင့် စက်မှုလုပ်ငန်း၌ အရင်းရှင်လက်ဝါးကြီးအုပ်မှု ဖြန့်ကျက်မှုအတိုင်းအတာတို့တွင် ရှေ့ဆောင်နေသော အရင်းရှင်နိုင်ငံများဖြစ်သည်။ ဤနိုင်ငံ ၄ ခု စုစုပေါင်းလျှင် ဖရန့် ၄၇၉,၀၀၀,၀၀၀,၀၀၀။ ဆိုလိုသည်မှာ ကမ္ဘာ့ဘဏ္ဍာအရင်း၏ ၈၀ ရာခိုင်နှုန်းနီးပါး ပိုင်ဆိုင်ကြသည်။ ဤကမ္ဘာတခုလုံးမှာ ကမ္ဘာ့ဘဏ္ဍာအရင်း၏ "မဏ္ဍိုင်"ကြီး ၄ ခုဟု ဆိုရမည့် ဤနိုင်ငံတကာ ဘဏ်နိုင်ငံများ၏ အနည်းနှင့်အများဆိုသလို မြီစား သို့မဟုတ် ၎င်းတို့အား အခွန်ဆက်နေရသူများဖြစ်လေသည်။ နိုင်ငံတကာမြီခိုမှုပိုက်ကွန်ကြီးနှင့် ဘဏ္ဍာအရင်း၏ အဆက်အသွယ်များ ဖန်တီးရာတွင် အရင်းတင်ပို့မှုပါဝင်သော အခန်းကဏ္ဍကို လေ့လာရန် အထူးအရေးကြီးလှပေသည်။

# ၄။ အရင်းတင်ပို့မှု

လွတ်လပ်စွာပြိုင်ဆိုင်မှုက အတုမရှိစိုးမိုးနေသော အရင်းရှင်စနစ်ဟောင်း၏ စံကျသောအချက်မှာ ကုန်ပစ္စည်းတင်ပို့မှုပင် ဖြစ်သည်။ လက်ဝါးကြီးအုပ်အဖွဲ့အစည်းများ မင်းမူချိန်ဖြစ်သည့် အရင်းရှင်စနစ်၏ နောက်ဆုံးအဆင့်တွင် စံကျသောအချက်မှာ အရင်း တင်ပို့မှုဖြစ်သည်။

အရင်းရှင်စနစ်ဆိုသည်မှာ ဖြစ်ပေါ်တိုးပွားမှု အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေသော ကုန်စည်ထုတ်လုပ်မှု ဖြစ်သည်။ ဤအဆင့်တွင် လုပ်အားသည်ပင်လျှင် ကုန်စည်ဖြစ်နေသည်။ အရင်းရှင်စနစ်အား အခြားအရာတို့နှင့်ခွဲခြားသော ထူးခြားချက်မှာ ပြည်တွင်းဖလှယ်မှုနှင့် (အထူးသဖြင့်)နိုင်ငံတကာဖလှယ်မှု ကြီးထွားလာခြင်းဖြစ်သည်။ အရင်းရှင်းစနစ်အောက်တွင် တဦးချင်းလုပ်ငန်းကိုင်ငန်းများ၊ စက်မှုလုပ်ငန်းခွဲများနှင့် နိုင်ငံတခုစီတို့၏ ဖြစ်ပေါ်တိုးပွားမှု မညီမျှခြင်းနှင့် ပြတ်တောင်းပြတ်တောင်းဖြစ်မှုတို့မှာ မရှောင်မလွှဲသာချေ။ အင်္ဂလန်နိုင်ငံသည် သူများအရင် အရင်းရှင်နိုင်ငံတနိုင်ငံ ဖြစ်လာခဲ့သည်။ ၁၉ ရာစု အလယ်ပိုင်းအရောက်တွင် လွတ်လပ်စွာကုန်သွယ်မှုကို ချမှတ်ကျင့်သုံးပြီး "ကမ္ဘာ့ဝပ်ရှော့"အဖြစ်လည်းကောင်း၊ နိုင်ငံအားလုံးသို့ အချောကိုင်ပြီးပစ္စည်းများ တင်ပို့သူအဖြစ်လည်းကောင်း ကြေညာခဲ့ပြီး ထိုနိုင်ငံများက သူ့အား ကုန်ကြမ်းများ ဖလှယ်ပေးသွင်းခဲ့ကြသည်။ သို့သော် ၁၉ ရာစုနှစ်၏ နောက်ဆုံး အနှစ်အစိတ်တွင် ဤလက်ဝါးကြီးအုပ် အဖွဲ့အစည်းကြီးမှာ ပျက်စီးစပြုနေလေပြီ။ အကြောင်းမှာ အခြားသောနိုင်ငံများသည် မိမိကိုယ်မိမိ "ကိုယ်ကျိုးစီးပွား ကာကွယ်ရေး"အခွန်အကောက်များဖြင့် ကာကွယ်ရင်း လွတ်လပ်သော အရင်းရှင်နိုင်ငံများအဖြစ်သို့ ဖြစ်ပေါ်တိုးပွားလာကြသောကြောင့် ဖြစ်သည်။ ၂၀ ရာစုနှစ်သို့ အရောက်တွင် ပုံစံသစ် လက်ဝါးကြီးအုပ် တရပ် ဖြစ်ပေါ်လာသည်ကို တွေ့ကြရသည်။ ဦးစွာအားဖြင့် အရင်းရှင်စနစ်အရ ဖွံ့ဖြိုးပြီးသော နိုင်ငံအားလုံးတွင် လက်ဝါးကြီးအုပ်အရင်းရှင်ကွန်ဘိုင်းများ၊ ဒုတိယအားဖြင့် အရင်းအနှီးစုစည်းမှုမှာ အင်မတန်ကြီးမားသော အတိုင်းအတာသို့ ရောက်ရှိလာသည့် အလွန်အမင်းချမ်းသာသည့် နိုင်ငံအနည်းငယ်၏ လက်ဝါးကြီးအုပ်မှုအနေအထားတို့ကို တွေ့ကြရသည်။ ရှေ့တန်းရောက်သောနိုင်ငံများတွင် "အရင်း အလွန်တရာ ပေါများမှု" ကြီး ပေါ်ပေါက်ခဲ့သည်။

အကယ်၍ အရင်းရှင်စနစ်သည် အံ့သြဖွယ်ရာ နည်းပညာတိုးတက်မှုများအကြားဝယ် ယနေ့အခါ နေရာတကာ၌ စက်မှုလုပ်ငန်း၏နောက်တွင် ကြောက်မက်ဖွယ်ရာ နောက်ကျကျန်ရစ်သော လယ်ယာလုပ်ငန်းအား ဖွံ့ဖြိုးစေနိုင်လျှင်၊ ထမင်းမဝတဝနှင့် ဆင်းရဲတွင်းနက်သော လူထုများ၏ နေထိုင်မှုအဆင့်ကို မြှင့်တင်နိုင်လျှင် အရင်း အလွန်တရာပေါများခြင်းဆိုသောပြဿနာ မရှိနိုင်တော့ချေ။ အရင်းရှင်စနစ်၏ ခနရှင်ပေါက်စဝေဖန်ရေးသမားများက ဤ"ချေ ပချက်"ကို မကြာခဏပင် ဖော်ထုတ်လာကြသည်။ ထိုအရင်းရှင်စနစ်သည် ဤအချက်များကို စွမ်းဆောင်နိုင်ပါက အရင်းရှင်စနစ်ပင် မဖြစ်နိုင်တော့ချေ။ အကြောင်းမှာ မညီမျှသော ဖြစ်ပေါ်တိုးပွားမှုနှင့် ပြည်သူလူထု၏ မငတ်တငတ် နေထိုင်မှုအဆင့်ဆိုသည်မှာ ဤထုတ်လုပ်မှုနည်းနာ၏ အခြေခံနှင့် မလွှဲမရှောင်သာသော အခြေအနေများ၊ အတိုင်းအတာဘောင်များ ဖြစ်ပေသည်။ အရင်းရှင်စနစ်သည် အရင်းရှင်စနစ်ဖြစ်နေသေးသမျှကာလပတ်လုံး ပိုလျှံသောအရင်းကို တိုင်းပြည်တပြည်၏ ပြည်သူလူထုနေထိုင်မှုအဆင့်အတန်း တိုးတက်ရေးအတွက် အသုံးချမည်မဟုတ်ပေ။ အကြောင်းမှာ ထိုသို့အသုံးချလျှင် အရင်းရှင်များအတွက် အမြတ်ကျဆင်းစေမည်ဖြစ်ပြီး ခေတ်နောက်ကျသောနိုင်ငံများသို့ အရင်းတင်ပို့ခြင်းဖြင့် အမြတ်တိုးများစေရန်အတွက်သာ အသုံးပြုပေလိမ့်မည်။ ယင်းခေတ်နောက်ကျသောနိုင်ငံများတွင် အရင်းက ရှား၊ မြေဈေးက နှုန်းစာခြင်းအားဖြင့်ပေါ၊ လုပ်ခက နည်း၊ ကုန်ကြမ်းများက ဈေးပေါသဖြင့် အမြတ်မှာ များလေ့ရှိသည်။ နောက်ကျသောနိုင်ငံအမြောက်အမြား ကမ္ဘာ့အရင်းရှင် အပြန်အလှန်ဆက်သွယ်မှုထဲ ပါဝင်လာခြင်းဆိုသည့်အချက်က အရင်းတင်ပို့မှုဖြစ်နိုင်ရန် အခြေအနေ ဖန်တီးပေးပေသည်။ အဓိက မီးရထားလမ်း ဖောက်လုပ်ပြီး သို့မဟုတ် ဖောက်လုပ်နေခြင်း၊ စက်မှုဖြစ်ပေါ်တိုးပွားမှုအတွက် အခြေခံအချက်အလက်

များ ဖန်တီးပြီးနေခြင်း စသည်တို့ဖြစ်သည်။ အရင်းတင်ပို့ရန် လိုအပ်လာရခြင်းမှာ နိုင်ငံအနည်းငယ်တွင် အရင်းရှင်စနစ်မှာ “အမှည့်လွန်”ပြီး (လယ်ယာခေတ်နောက်ကျသည့်အဆင့်နှင့် လူထု၏ဆင်းရဲမွဲတေမှုကြောင့်) အရင်းမှာ “အမြတ်ရနိုင် သော”ရင်းနှီးမြှုပ်နှံမှုပြုစရာ နေရာမရှိဘဲ ဖြစ်နေခြင်းဆိုသော အချက်ကြောင့် ဖြစ်သည်။

အဓိကနိုင်ငံကြီး ၃ နိုင်ငံတို့က ပြည်ပတွင်ရင်းနှီးမြှုပ်နှံထားသည့် အရင်း၏တန်ဖိုးကို အောက်ပါ အကြမ်း ဖျင်း ကိန်းဂဏန်းများဖြင့် ဖော်ပြထားသည်။ *

**ပြည်ပတွင်မြှုပ်နှံထားသော အရင်းအနှီး**
**(ဖရန့်ငွေ ဘီလီယံပေါင်း)**

| ခုနှစ် | ဗြိတိန် | ပြင်သစ် | ဂျာမဏီ |
|---|---|---|---|
| ၁၈၆၂ | ၃. ၆ | | – |
| ၁၈၇၂ | ၁၅. ၀ | ၁၀(၁၈၆၉) | – |
| ၁၈၈၂ | ၂၂. ၀ | ၁၅(၁၈၈၀) | ? |
| ၁၈၉၃ | ၄၂. ၀ | ၂၀(၁၈၉၀) | ? |
| ၁၉၀၂ | ၆၂. ၀ | ၂၇–၃၇ | ၁၂. ၅ |
| ၁၉၁၄ | ၇၅–၁၀၀. ၀ | ၆၀ | ၄၄. ၀ |

အရင်းတင်ပို့မှုမှာ ၂၀ ရာစုနှစ် အစပိုင်းတွင်မှာ ကြောက်မက်ဖွယ်အတိုင်းအတာသို့ ရောက်ရှိလာကြောင်း ဤဇယားက ပြဆိုနေသည်။ စစ်မဖြစ်မီက အဓိကနိုင်ငံကြီး ၃ ခုတို့၏ ပြည်ပတွင် ရင်းနှီးမြှုပ်နှံထားသော အရင်းမှာ ဖရန့် ၁၇၅,၀၀၀,၀၀၀,၀၀၀ နှင့် ၂၀၀,၀၀၀,၀၀၀,၀၀၀ အကြားရှိသည်။ ၅ ရာခိုင်နှုန်းဆိုသော လျှော့လျှော့ပေါ့ပေါ့ တွက်ထားသည့်နှုန်းအရ ဤအရေအတွက်မှဝင်ငွေသည် တနှစ်လျှင် ဖရန့်ငွေ ၈ ဘီလီယံမှ ၁၅ ဘီလီယံအထိ ရှိပေမည်။ ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်အမျိုးသားအများစုအား ဖိနှိပ်သွေးစုပ်ရန်၊ ကြွယ်ဝသောနိုင်ငံ လက်တဆုပ်စာအတွက် အရင်းရှင် ကပ်ပါးသွေးစုပ်ရန် တောင့်တင်းသော အခြေခံပေတကား။

ပြည်ပတွင် ရင်းနှီးမြှုပ်နှံထားသော ဤအရင်းအနှီးအား နိုင်ငံအသီးသီးတွင် မည်သို့ဖြန့်ခွဲထားသနည်း။ မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံထားသနည်း။ ဤမေးခွန်းအတွက် အကြမ်းဖျင်းအဖြေသာ ပေးနိုင်သည်။ သို့သော် ခေတ်သစ်နယ်ချဲ့စနစ်၏ အချို့သောအထွေထွေဆက်စပ်မှုနှင့် အဆက်အသွယ်များကို မီးမောင်းထိုးပြရန်အတွက်တော့ လုံလောက်သည်။ (ဇယားကို တဖက်စာမျက်နှာ တွင်ကြည့်ပါ)။

*ဟော့ဘ်ဆင်၊ နယ်ချဲ့စနစ်၊ လန်ဒန်၊ ၁၉၀၂ ခု၊ စာမျက်နှာ ၅၈။ ရိုက်ဆာ၊ အထက်တွင် ကိုးကားပြီး စာအုပ်၊ စာမျက်နှာ ၃၉၅ နှင့် ၄၀၄။ ကမ္ဘာ့စီးပွားရေးမှတ်တမ်းများတွင် ပါရှိသောပီ၊အန့် **(P.Arndt)** ၏ ဆောင်းပါး၊ ၁၉၁၆ ခု။ သတင်းစဉ်တွင် ပါသောနေးမတ်စ်၏ ဆောင်းပါး။ ဟီလ်ဖာဒင်းရေး ဘဏ္ဍာအရင်း စာမျက်နှာ ၄၉၂။ ၁၉၁၅ ခု၊ မေလထုတ် ဒေးလီးတယ်လီဂရပ်ဖ်တွင် ပါရှိသည့် လွိုက်ဂျော့ **(Lloyd George)** ၏ အောက်လွှတ်တော်မိန့်ခွန်း။ ဘီ၊ ဟမ်စ် **(B.Harms)**၊ ကမ္ဘာ့စီးပွားရေးပြဿနာများ။ ဂျင်နာ **(Jena)**၊ ၁၉၁၂ခု၊ ဒေါက်တာဆိုက်မန်ရှီလ်ဒါ **(Dr.Siegmund Schildar)**၊ ကမ္ဘာ့ စီးပွားရေးဖွံ့ဖြိုးမှုလမ်းကြောင်းများ၊ ဘာလင် ၁၉၁၂ ခု။ ဂျော့ပိုက်ရှ် **(George Paish)**၊ တော်ဝင်စာရင်းအင်းအဖွဲ့ဂျာနယ်တွင်ပါသော ဗြိတိန်၏ ရင်းနှီး မြှုပ်နှံမှုစသည့်ဆောင်းပါး၊ ၁၉၁၀–၁၁၊ စာမျက်နှာ ၁၆၇။ ဂျော့ဒီယိုရစ် **(George Diouritch)**၊ ဂျာမဏီနိုင်ငံ စီးပွားရေးဖြစ်ပေါ်တိုးပွားမှုနှင့် ဆက်စပ် လျက်ရှိသောဂျာမန်ဘဏ်များ၏ တိုးချဲ့မှု၊ ပဲရစ်၊ ၁၉၀၉ ခု၊ စာမျက်နှာ ၈၄။

ဗြိတိသျှ အရင်းအနှီး၏ အဓိကမြှုပ်နှံရာနယ်ပယ်မှာ ဗြိတိသျှကိုလိုနီများတွင် ဖြစ်သည်။ ယင်းကိုလိုနီများမှာ အာရှတိုက်စသည်တို့ မပါဘဲနှင့်ပင်လျှင် အမေရိကတိုက် (ဥပမာ ကနေဒါ) တွင်လည်း အလွန်ကျယ်ပြန့်သည်။ ဤနေရာတွင် အရင်းအနှီးတင်ပို့မှုအပြောင်းအလဲများမှာ နောင်တွင် ကျွန်ုပ်တို့ဖော်ပြမည့် အရေးပါမှုကြောင့် ကျယ်ပြန့်သောကိုလိုနီများနှင့် အနီးကပ်ဆုံးဆက်စပ်နေပေသည်။ ပြင်သစ်နိုင်ငံ၏အခြေအနေမှာမူ မတူခြားနားသည်။

**နိုင်ငံခြားအရင်းအနှီး ဖြန့်ခွဲထားမှု အကြမ်းဖျင်းဇယား**
**(၁၉၁၀ ခုနှစ်ခန့်)**

| | မတ် ဘီလီယံပေါင်း | | | |
|---|---|---|---|---|
| | ဗြိတိန် | ပြင်သစ် | ဂျာမဏီ | စုစုပေါင်း |
| ဥရောပ | ၄ | ၂၃ | ၁၈ | ၄၅ |
| အမေရိက | ၃၇ | ၄ | ၁၀ | ၅၁ |
| အာရှ၊ အာဖရိကနှင့် သြစတြေးလျား | ၂၉ | ၈ | ၇ | ၄၄ |
| စုစုပေါင်း | ၇၀ | ၃၅ | ၃၅ | ၁၄၀ |

ပြင်သစ်၏ အရင်းတင်ပို့မှုများကို အဓိကအားဖြင့် ဥရောပတွင် အထူးသဖြင့် ရုရှားတွင် (အနည်းဆုံး ဖရန့် ၁၀ ဘီလီယံ) ရင်းနှီးမြှုပ်နှံထားသည်။ ဤသည် အဓိကအားဖြင့် ချေးငွေ အရင်းအနှီးဖြစ်သည်။ အစိုးရချေးငွေများဖြစ်ပြီး စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမဟုတ်ချေ။ ဗြိတိသျှကိုလိုနီနယ်ချဲ့စနစ်နဲ့ မတူဘဲ၊ ပြင်သစ်နယ်ချဲ့စနစ်ကို အတိုးကြီးစားနယ်ချဲ့စနစ်ဟု ကင်ပွန်းတပ်ရပေမည်။ ဂျာမဏီနိုင်ငံကမူ တတိယပုံစံဖြစ်သည်။ ကိုလိုနီပိုင်ဆိုင်မှုမှာ မပြောပလောက်ဘဲ မြှုပ်နှံထားသောအရင်းအနှီးမှာ ဥရောပနှင့် အမေရိကန်အကြား ညီမျှစွာခွဲဖြန့်ထားသည်။ အရင်းတင်ပို့မှုသည် တင်ပို့ခံရသောနိုင်ငံများ၌ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှုအပေါ် အကျိုးသက်ရောက်မှုရှိပြီး နှုန်းထားလည်း အလွန်မြန်ဆန်စေသည်။ ထို့ကြောင့် အရင်းတင်ပို့မှုသည် တင်ပို့သောနိုင်ငံများ၏ ဖြစ်ပေါ်တိုးပွားမှုကို တစုံတခုသောအတိုင်းအတာအထိ ချုပ်ထိန်းထားတတ်သော်လည်း ကမ္ဘာတခွင်လုံးတွင် အရင်းရှင်စနစ် ထပ်မံဖြစ်ပေါ်တိုးပွားမှုကို တိုးချဲ့၊ နက်ရှိုင်းစေခြင်းဖြင့်သာလျှင် တင်ပို့နိုင်သည်။ အရင်းတင်ပို့သောနိုင်ငံများအနေဖြင့် အမြဲလိုလိုပင် အချို့သော "အားသာချက်များ" ရရှိနိုင်ကြသည်။ ဤလက္ခဏာကပင် ဘဏ္ဍာအရင်းနှင့် လက်ဝါးကြီးအုပ်စနစ်တို့ခေတ်၏ ထူးခြားချက်များကို ပြသနေပေသည်။ ဥပမာအားဖြင့် ၁၉၁၃ ခု၊ အောက်တိုဘာလထုတ် ဘဏ်ဂျာနယ်တွင် အောက်ပါစာပိုဒ် ပါရှိလာသည်။

"မကြာမီက နိုင်ငံတကာ့အရင်းဈေးကွက်တွင် အရစ္စတိုဖိန်း၏ ကလောင်မျိုးနှင့်သာ တန်သော ပြဇာတ်တထုပ် ကပြသွားသည်။ စပိန်မှသည် ဘော်လ်ကန်နိုင်ငံများ၊ ရုရှားမှ အာဂျင်တီးနား၊ ဘရာဇီးလ်နှင့် တရုတ်၊ ပြည်ပနိုင်ငံအများအပြားသည် ချေးငွေရဖို့အတွက် အသပြာဈေးကွက်ကြီးဆီသို့ တောင်းဆိုချက်များဖြင့် ပြောင် သို့မဟုတ် လျှို့ဝှက်ရောက်ရှိလာကြသည်။ အချို့များဆိုလျှင် အတင်းတောင်းဆိုနေကြသည်။ လက်ရှိအချိန်တွင် အသပြာဈေးကွက်မှာ ထွန်းလင်းတောက်ပမှု သိပ်မရှိလှဘဲ နိုင်ငံရေးအလား အလာမှာလည်း အာမခံချက်မရှိလှချေ။ သို့သော် မည်သည့် အသပြာဈေးကွက်ကမှ ပြည်ပမှ ချေးငှားမှုကို မငြင်းဝံ့ကြချေ။ အကြောင်းမှာ ကိုယ့်အိမ်ဘေးမှလူက လက်ဦးသွားပြီး ချေးပေးဖို့ သဘောတူကာ အဲဒီကရရှိမည့် အကျိုးဆက်များကို ရယူသွားမည်စိုးသောကြောင့် ဖြစ်သည်။ ဤနိုင်ငံတကာ့ ငွေပေးချေးမှုများတွင် မြီရှင်အနေဖြင့် အမြဲလိုလိုပင် အပိုအခွင့်အရေးများ ရရှိတတ်သည်။ ကူးသန်းရောင်းဝယ်ရေးစာချုပ်တွင် ကိုယ့်အတွက် အကျိုးရှိသည့်ဝါကျတခု၊ ကျောက်မီးသွေး တင်ပို့သည့် ဌာနတခု၊ ဆိပ်ကမ်း တည်ဆောက်ရေး ကန်

ထရိုက်တခု၊ အတော်ပွသော အလျှော့ပေးမှုတရပ် သို့မဟုတ် လက်နက်မှာယူခြင်းစသည်တို့ဖြစ်သည်။'' *

ဘဏ္ဍာအရင်းသည် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများခေတ်ကို ဖန်တီးခဲ့ပြီး ဤလက်ဝါးကြီးအုပ်အဖွဲ့အစည်းများက နေရာတကာတွင် လက်ဝါးကြီးအုပ်စနစ် အခြေခံတရားများကို တင်သွင်းခဲ့ကြသည်။ ပြောင်စျေးကွက်တွင် ပြိုင်ဆိုင်မှုအစား အမြတ်ရနိုင်သော ငွေပေးချေမှုများအတွက် ''အဆက်အသွယ်များ'' အသုံးချရေးက အစားဝင်ရောက်ခဲ့သည်။ အများဆုံးလုပ်လေ့ရှိသည်မှာ ချေးငှားသောငွေ၏တစိတ်တပိုင်းကို မြီရှင်နိုင်ငံမှ ဝယ်ယူခြင်း၊ အထူးသဖြင့် စစ်ပစ္စည်းသို့မဟုတ် သင်္ဘောဝယ်ယူခြင်းစသည်တို့အတွက် အသုံးပြုရမည်ဟု စာချုပ်တွင် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ပြီးခဲ့သည့်ဆယ်စုနှစ် ၂ ခုအတွင်း (၁၈၉၀ – ၁၉၁၀ ခုနှစ်) ပြင်သစ်သည် ဤနည်းကို မကြာခဏ ကျင့်သုံးခဲ့သည်။ သို့ဖြင့် ပြည်ပသို့ အရင်းတင်ပို့မှုသည် ကုန်စည် တင်ပို့မှုအတွက် အားပေးသည့်နည်းနာတရပ် ဖြစ်လာခဲ့သည်။ ဤဆက်သွယ်မှုတွင် ကုမ္ပဏီကြီးများအကြား အရောင်းအဝယ်လုပ်မှုမှာ ရှီလ်ဒါ** က ''ညှာညှာတာတာ'' ရေးခဲ့သလို ''အကျင့်ပျက်မှု အနားစွန်း''တွင် ရှိသော ပုံစံမျိုးဖြစ်သည်။ ဂျာမဏီမှ ခရပ်၊ ပြင်သစ်မှ ရှနေဒါ၊ အင်္ဂလန်မှ အမ်းစထရောင်းတို့မှာ ဩဇာကြီးသောဘဏ်ကြီးများ၊ အစိုးရများနှင့် နီးကပ်သော ဆက်သွယ်မှုများရှိပြီး ချေးငွေတရပ်ပေးတော့မည်ဆိုလျှင် အလွယ်တကူ ''ဥပက္ခာမပြု''နိုင်သော ကုမ္ပဏီတချို့၏ သာဓကပင်ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ရုရှားနိုင်ငံအား ငွေချေးပေးရာတွင် ၁၉၀၅ ခု၊ စက်တင်ဘာ ၁၆ ရက်နေ့ စီးပွားရေးစာချုပ်ကို ချုပ်ရင်း ရုရှားကို ''ညစ်ယူ''ခဲ့သည်။ ထိုစာချုပ်တွင် အချို့သော အလျှော့ပေးမှုများကို ၁၉၁၇ ခုနှစ်အထိ သတ်မှတ်ထားလေသည်။ ပြင်သစ်သည် ၁၉၁၁ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့က ပြင်သစ်–ဂျပန်ကူးသန်းရောင်းဝယ်ရေးစာချုပ် ချုပ်ဆိုရာတွင်လည်း အလားတူပြုကျင့်ခဲ့သည်။ ၁၉၀၆ ခုနှစ်နဲ့ ၁၉၁၁ ခုနှစ်အကြား ၇ လသာ ရပ်နားခဲ့သော ဩစတြီးယားနှင့် ဆာဘီးယားတို့၏ အခွန်အကောက်စစ်ပွဲ ဖြစ်ရခြင်းမှာလည်း ဆာဘီးယားနိုင်ငံအား စစ်ပစ္စည်းများရောင်းချရန် ဩစတြီးယားနှင့် ပြင်သစ်တို့ ပြိုင်ဆိုင်မှုကြောင့် တစိတ်တဒေသ ပါဝင်သည်။ ၁၉၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ပေါလ်ဒက်ရှ်နဲလ်က ၁၉၀၈ ခုနှင့် ၁၉၁၁ ခုအတွင်း ပြင်သစ်ကုမ္ပဏီများသည် ဆာဘီးယားနိုင်ငံသို့ ဖရန့် ၄၅,၀၀၀,၀၀၀ တန်ဖိုးရှိသော စစ်ပစ္စည်းများပေးပို့ခဲ့သည်ဟု လွှတ်တော်တွင် ပြောကြားခဲ့သည်။

ဆော်ပိုလို (ဘရာဇီးလ်နိုင်ငံ) ရှိ ဩစတြီးယား–ဟန်ဂေရီကောင်စစ်ဝန်ရုံးက ယခုကဲ့သို့ကြေညာခဲ့သည်။ ''ဘရာဇီးလ် မီးရထားလုပ်ငန်းကို အဓိကအားဖြင့် ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဗြိတိန်နှင့် ဂျာမန်အရင်းအနှီးတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဤမီးရထားလုပ်ငန်းတည်ဆောက်ခြင်းနှင့် ဆက်စပ်နေသည့် ဘဏ္ဍာရေးဆောင်ရွက်ချက်များကို ပါဝင်ပတ်သက်နေသောနိုင်ငံများက လိုအပ်သောမီးရထားပစ္စည်းများ ဝယ်ယူရန် စာချုပ်တွင် သတ်မှတ် ပြဋ္ဌာန်းကြသည်။ ''

သို့ဖြင့် ဘဏ္ဍာအရင်းသည် တကမ္ဘာလုံးရှိ နိုင်ငံအားလုံးအပေါ် ၎င်း၏ပိုက်ကွန်ကို ဖြန့်ကြက်လိုက်သည်ဟု အမှန်တကယ်ဆိုနိုင်ပေသည်။ ဤကိစ္စတွင် ကိုလိုနီနိုင်ငံများ၌ တည်ထောင်ထားသော ဘဏ်များနှင့် ၎င်းတို့၏ ဘဏ်ခွဲများက အရေးကြီးသောအခန်းမှ ပါဝင်ခဲ့သည်။ ဤသည့်ဘက်တွင် ကိုယ့်အတွက်ကိုယ် ရယူရာ၌ အထူး ''အောင်မြင်''နေကြသော ကိုလိုနီပိုင်ရှင်နိုင်ငံ''ဟောင်း''များကို ဂျာမန်နယ်ချဲ့သမားသည် အားကျလျက်ရှိသည်။ ၁၉၀၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံသည် ကိုလိုနီဘဏ် ၅၀ နှင့် ဘဏ်ခွဲ ၂,၂၇၉ ရှိသည်။ (၁၉၁၀ ခုနှစ်တွင် ဘဏ် ၇၂ ခု၊ ဘဏ်ခွဲ ၅,၄၄၉ ရှိသည်။) ပြင်သစ်သည် ဘဏ် ၂၀ နှင့် ဘဏ်ခွဲ ၁၃၆ ရှိသည်။ ဟော်လန်သည် ဘဏ် ၁၆ ခုနှင့် ဘဏ်ခွဲ ၆၈ ခုရှိသည်။ ဂျာမဏီအဖို့မူ ဘဏ် ၁၃ ခု ''မျှ''နှင့် ဘဏ်ခွဲ ၇၀ ရှိသည်။*** တဖန် အမေရိကန် အရင်း ရှင်များကလည်း အင်္ဂလန်နှင့် ဂျာမဏီတို့ကို မနာလိုလျက်ရှိသည်။

---

* ဘဏ် ဂျာနယ်၊ ၁၉၁၃ ခု၊ အတွဲ ၂၊ စာမျက်နှာ ၁၀၂၄။

** ရှီလ်ဒါ၊ အထက်တွင် ကိုးကားပြီးစာအုပ်၊ စာမျက်နှာ ၃၄၆၊ ၃၅၀၊ ၃၇၁။

*** ရိုက်ဆာ၊ အထက်တွင် ကိုးကားပြီးစာအုပ်၊ စတုတ္ထအကြိမ်ပုံနှိပ်၊ စာမျက်နှာ ၃၇၅၊ ဒီယိုရစ်ချ်၊ နှာ ၂၈၃။

သူတို့က တောင်အမေရိကတိုက်တွင် ဂျာမန် ဘဏ် ၅ ခုက ဘဏ်ခွဲ ၇၀ ရှိသည်။ ... ... ပြီးခဲ့သည့် ၂၅ နှစ်အတွင်း အင်္ဂလန်နှင့် ဂျာမဏီတို့သည် အာဂျင်တီးနား၊ ဘရာဇီးလ်နှင့် ဥရုဂွေးတို့တွင် အကြွမ်းဖျင်းအားဖြင့် ဒေါ်လာသန်းပေါင်း လေးထောင်ဖိုးမျှ ရင်းနှီးမြှုပ်နှံခဲ့သည်။ ယင်း၏ ရလဒ်အနေဖြင့် ဤနိုင်ငံ ၃ ခုတို့၏ ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းရဲ့ ၄၆ ရာခိုင်နှုန်းကို ၎င်းတို့နှစ်နိုင်ငံ ခံစားကြရသည်။* ဟု မကျေမနပ် ပြောဆိုခဲ့သည်။

အရင်းတင်ပို့သည့်နိုင်ငံများသည် သူတို့အချင်းချင်းအကြား ကမ္ဘာကြီးအား ကိန်းဂဏန်းသဘောအရ ခွဲဝေယူကြပြီးလေပြီ။ သို့သော် ဘဏ္ဍာအရင်းသည် ကမ္ဘာကြီးအား တကယ်ခွဲဝေယူခြင်းသို့ ဖြစ်ပေါ်သွားစေသည်။

---

*** အမေရိကန် နိုင်ငံရေးသိပ္ပံနှင့် လူမှုရေးသိပ္ပံတက္ကသိုလ်တို့၏ မှတ်တမ်းများ၊ အတွဲ ၅၉၊ မေ ၁၉၁၅၊ စာမျက်နှာ ၃၀၁။ ယင်းအတွဲ၏ စာမျက်နှာ ၃၃၁ တွင် လူသိများသော စာရင်းဇယား ပညာရှင် ပိုက်ရှ်က စတက်တစ္စဆိုသော ဘဏ္ဍာရေးမဂ္ဂဇင်း၏ နောက်ဆုံးစာစောင်၌ အင်္ဂလန်၊ ဂျာမဏီ၊ ပြင်သစ်၊ ဘယ်ဂျီယံနှင့် ဟော်လန်တို့၏ အရင်း တင်ပို့မှုကို ဒေါ်လာ ၄၀,၀၀၀,၀၀၀,၀၀၀။ ဆိုလိုတာဖရန့် ၂၀၀,၀၀၀,၀၀၀,၀၀၀ ဟု ခန့်မှန်းထားသည်။**

# ၅။ ကမ္ဘာကြီးအား အရင်းရှင်ကွန်ဘိုင်းများ ခွဲဝေယူကြခြင်း

လက်ဝါးကြီးအုပ် အရင်းရှင်ကွန်ဘိုင်းများ၊ ကာတယ်များ၊ ဆင်ဒီကိတ်များနှင့် ထရပ်စ်များသည် ဦးစွာအားဖြင့် ပြည်တွင်းဈေးကွက်ကို ခွဲဝေယူကြသည်။ နိုင်ငံတနိုင်ငံ၏ စက်မှုလုပ်ငန်းများ အနည်းနှင့်အများ ဆိုသလို လုံးဝပိုင်ဆိုင်မှုရအောင် လုယူကြသည်။ သို့သော် အရင်းရှင်စနစ်အောက်တွင် ပြည်တွင်းဈေးကွက်သည် မုချပင် ပြည်ပဈေးကွက်နှင့် ဆက်စပ်လျက်ရှိသည်။ အရင်းတင်ပို့မှု တိုးများလာသည်နှင့်အမျှ နောက်ပြီး ပြည်ပအဆက်အသွယ်များ၊ ကိုလိုနီအဆက်အသွယ်များနှင့် လက်ဝါးကြီးအုပ်ကွန်ဘိုင်းကြီးများ၏ "သြဇာခံနယ်ပယ်"များ ဘက်ပေါင်းစုံသို့ ချဲ့ကားလာသည်နှင့်အမျှ "သဘာဝကျစွာပင်" ဤကွန်ဘိုင်းကြီးများအကြား နိုင်ငံတကာသဘောတူညီချက်များနှင့် နိုင်ငံတကာကာတယ်များ ထူထောင်ရန် ဖြစ်လာတော့သည်။

ဤသည်မှာ ယခင်အဆင့်များနှင့် မနှိုင်းယှဉ်သာလောက်အောင်မြင့်သည့် ကမ္ဘာ့အရင်းစုပြုံမှုနှင့် ထုတ်လုပ်မှုစုပြုံမှု အဆင့်သစ်ဖြစ်သည်။ ဤအဆင့်တန်းလွှန် လက်ဝါးကြီးအုပ်စနစ် မည်သို့ဖြစ်ပေါ်တိုးပွားသည် ဆိုသည်ကို ကြည့်ကြပါစို့။

နောက်ဆုံးပေါ် နည်းပညာ ရရှိချက်များအနက် လျှပ်စစ်စက်မှုလုပ်ငန်းသည် စံအကျဆုံးဖြစ်သည်။ ၁၉ ရာစုနှစ်အကုန်နှင့် ၂၀ ရာစုနှစ်အစရှိ အရင်းရှင်စနစ်၏ စံအကျဆုံးအရာ ဖြစ်သည်။ ဤစက်မှုလုပ်ငန်းသည် အရင်းရှင်နိုင်ငံသစ်များထဲမှ ရှေ့တန်းအရောက်ဆုံး နိုင်ငံ ၂ ခုဖြစ်သော အမေရိကန်နှင့် ဂျာမဏီတို့တွင် အထွန်းကားဆုံး ဖြစ်သည်။ ဂျာမဏီနိုင်ငံတွင် ၁၉၀၁ ခုနှစ် စီးပွားရေးကပ်က လျှပ်စစ်စက်မှုလုပ်ငန်း စုပြုံမှုဖြစ်စေရန် အထူးပင်အားကြီးသော တွန်းအားပေးခဲ့သည်။ စက်မှုလုပ်ငန်းနှင့် အတော်လေးပေါင်းစည်းမိနေပြီဖြစ်သော ဘဏ်များသည် ဤစီးပွားရေးကပ်အတွင်းတွင် နှိုင်းစာခြင်းအားဖြင့် သေးငယ်သော ကုမ္ပဏီလေးများ ပျက်စီးခြင်းနှင့် ၎င်းတို့ကို ကြီးမားသောကုမ္ပဏီများက ဝါးမျိုပစ်ခြင်းတို့ကို အလွန်မြန်ဆန်စေသည်။ သိပ်သည်းများပြားစေခဲ့သည်။ "ဘဏ်များသည် အရင်းအနှီး အင်မတန်လိုအပ်နေသော ယင်းကုမ္ပဏီများကို အကူအညီမပေးဘဲ ထားရှိခြင်းအားဖြင့် အစပထမတွင် အရှူးအမူးစန်းပွင့်မှုကြီး ဖြစ်ပေါ်စေပြီး နောက်ပိုင်းတွင် ၎င်းတို့နှင့်လုံလောက်အောင် နီးနီးကပ်ကပ် တွဲဖက်မထားသည့် ကုမ္ပဏီများကို မျှော်လင့်ချက်ကင်းမဲ့အောင် ဆုံးရှုံးမှုဖြစ်ပေါ်စေသည်"ဟု ဂျေဒယ်က ရေးခဲ့သည်။

ရလဒ်အနေဖြင့် ၁၉၀၀ ခု နောက်ပိုင်းတွင် ဂျာမဏီနိုင်ငံ၌ စုပြုံမှုမှာ ရောမခြေလှမ်းကြဲကြီးများဖြင့် တိုးတက်လာခဲ့တော့သည်။ ၁၉၀၀ ခုနှစ်အထိ လျှပ်စစ်စက်မှုလုပ်ငန်းတွင် "အုပ်စု"၈ ခု၊ ၇ ခုလောက်ရှိသည်။ အစုတခုစီတွင် ကုမ္ပဏီအချို့ (စုစုပေါင်း ၂၈ ခု) စီ ပါရှိပြီး၊ ၎င်းတို့ကို ဘဏ် ၂ ခုမှ ၁၀ ခုတို့က ကျောထောက်နောက်ခံပြုထားသည်။ ၁၉၀၈ ခုနှင့် ၁၉၁၂ ခုနှစ်အတွင်း ဤအစုအားလုံးကို အစု ၂ စု သို့မဟုတ် တစုတည်းအဖြစ် ပေါင်းစည်းပစ်ခဲ့သည်။ အောက်ဖော်ပြပါ ဇယားသည် ယင်းဖြစ်စဉ်ကို ဖော်ပြနေသည်။

ဖယ်လတန် လာမေယာ ယူနီယံ ဆီးမန်းစ် ရှုးကတ် ဘာ့ဂ် – ကွမ်မား
နှင့် ဂွိလော်မီ အေအီးဂျီ နှင့်ဟာလစ် နှင့်ကုမ္ပဏီ မန်း

၁၉၀၀ ပြည့်နှစ် မတိုင်မီ | ဖယ်လတန်နှင့် လာမေယာ | အေအီးဂျီ(အထွေထွေ လျှပ်စစ်ကုမ္ပဏီ | ဆီးမန်းစ်နှင့် ဟာ့လ်စ်ရှုးကတ် | မန်း | ၁၉၀၀ပြည့်နှစ်တွင် ရုံးသွားသည်

၁၉၁၂ ခုနှစ်တွင် | အေအီးဂျီ (အထွေထွေ လျှပ်စစ် ကုမ္ပဏီ) | ဆီးမန်းစ်နှင့် ဟာလ်စ်–ရှုးကတ်

(၁၉၀၈ ခု မှစပြီး နီးကပ်စွာ ပူးတွဲလုပ်ကိုင်သည်။)

ဤနည်းဖြင့် ကြီးထွားလာခဲ့သော နာမည်ကျော် အေအီးဂျီ (အထွေထွေ လျှပ်စစ်ကုမ္ပဏီသည် ကုမ္ပဏီပေါင်း ၁၇၅ ခုမှ ၂၀၀ (“ဦးပိုင်”စနစ်မှတဆင့်) နှင့် အကြွမ်းဖျင်းအားဖြင့် အရင်းအနှီးစုစုပေါင်း မတ် ၁,၅၀၀,၀၀၀,၀၀၀ ခန့်ကို ချုပ်ကိုင်ထားသည်။ ပြည်ပရှိ တိုက်ရိုက်ဌာနခွဲသက်သက်အနေဖြင့်ပင်လျှင် နိုင်ငံပေါင်း ၁၀ ခုကျော်၌ ၃၄ ခု ကျော် ရှိပြီး ၎င်းတို့အနက် ၁၂ ခုမှာ ဖက်စပ်စတော့ကုမ္ပဏီများဖြစ်သည်။ ၁၉၀၄ ခုနှစ်ကတည်းကပင် ဂျာမန် လျှပ်စစ်စက်မှုလုပ်ငန်းက ပြည်ပတွင် မြှုပ်နှံထားသော အရင်းအနှီးများ မတ် ၂၃၃,၀၀၀,၀၀၀ ရှိသည်ဟု ခန့်မှန်းရသည်။ ၎င်းတို့အနက် မတ် ၆၂,၀၀၀,၀၀၀ ကို ရုရှားပြည်တွင် ရင်းနှီးမြှုပ်နှံထားသည်။ အေအီးဂျီမှာ ရောမ “ကွန်ဘိုင်း”ကြီးတခု ဖြစ်ကြောင်း ပြောနေစရာပင် မလိုပေ။ သူ့တွင် စက်ရုံကုမ္ပဏီပေါင်းကိုက ၁၆ ခုထက် မနည်းရှိပြီး ဝါယာကြိုးနှင့် လျှပ်စစ်ပစ္စည်းမှအစ မော်တော်ကားနှင့် လေယာဉ်ပျံအထိ မျိုးစုံနေအောင် ထုတ်လုပ်သည်။

သို့သော် ဥရောပတိုက်၌ စုပြုံမှုမှာလည်း အမေရိကတိုက် စုပြုံမှု၏ အစိတ်အပိုင်းတခုဖြစ်ပြီး အောက်ပါအတိုင်း ဖြစ်ပေါ်တိုးပွားခဲ့သည်။

အထွေထွေ လျှပ်စစ်ကုမ္ပဏီ

| | | | |
|---|---|---|---|
| အမေရိကန် ပြင်သစ်အယ်ဒီဆင်ကုမ္ပဏီကို | သွမ်ဆင် – ဟူစတင် ကုမ္ပဏီက ဥရောပတွင် ကုမ္ပဏီတခု တည်ထောင်။ | အယ်ဒီဆင်ကုမ္ပဏီက ကို တည်ထောင်သည်။ ယင်းကမှတဆင့် | ဥရောပတွင် တီထွင်ချက်ပိုင်ဆိုင်ခွင့်များကို ဂျာမဏီ ကုမ္ပဏီသို့ လွှဲပေးသည်။ |
| ဂျာမဏီ | ယူနီယံလျှပ်စစ် ကုမ္ပဏီ | အထွေထွေ လျှပ်စစ်ကုမ္ပဏီ ( အေအီးဂျီ ) | |

အထွေထွေ လျှပ်စစ်ကုမ္ပဏီ(အေအီးဂျီ)

သို့ဖြင့် လျှပ်စစ် “အင်အားကြီး” နှစ်ရပ်ပေါ်ထွက်လာတော့သည်။ “၎င်းတို့နှင့် လုံးဝသီးခြားကင်းလွတ်သော လျှပ်စစ်ကုမ္ပဏီဟူ၍ ကမ္ဘာပေါ်တွင် တခုမျှမရှိတော့”ဟု ဟေးနစ်က “လျှပ်စစ်ထရပ်စ်၏ လမ်းကြောင်း” ဆောင်းပါးတွင် ရေးခဲ့သည်။ ဤ“ထရပ်စ်”၂ ခုတို့၏ဝင်ငွေနှင့် လုပ်ငန်းအတိုင်းအတာကို တဖက်ပါ ကိန်းများအား ကြည့်ခြင်းအနေဖြင့် အပြည့်အစုံဖြစ်ရန် အတော်လိုသေးသော်လည်း စဉ်းစားနိုင်ပေသည်။ (ဂျေဒယ်၊ အထက်တွင် ကိုးကားပြီးစာအုပ်၊ စာမျက်နှာ ၂၃၂)

| | | ဝင်ငွေ (မတ်သန်းပေါင်း) | ဝန်ထမ်းဦးရေ | အမြတ် (မတ်သန်းပေါင်း) |
|---|---|---|---|---|
| အမေရိကန် အထွေထွေ လျှပ်စစ် ကုမ္ပဏီ (ဂျီအီးစီ) | ၁၉၀၇<br>၁၉၁၀ | ၂၅၂<br>၂၉၈ | ၂၈,၀၀၀<br>၃၂,၀၀၀ | ၃၅ . ၄<br>၄၅ . ၆ |
| ဂျာမနီ အထွေထွေ လျှပ်စစ် ကုမ္ပဏီ (အေအီးဂျီ) | ၁၉၀၇<br>၁၉၁၁ | ၂၁၆<br>၃၆၂ | ၃၀,၈၀၀<br>၆၀,၈၀၀ | ၁၄ . ၅<br>၂၁ . ၇ |

အမှန်ပဲ။ ၁၉၀၇ ခုနှစ်တွင် ဂျာမနီနှင့် အမေရိကန်ထရပ်စ်တို့သည် ကမ္ဘာကြီးအား ၎င်းတို့အကြား ခွဲဝေယူသည့် သဘောတူညီချက်တခုကို ချုပ်ဆိုခဲ့ကြသည်။ သူတို့နှစ်ဦးကြားမှ ပြိုင်ဆိုင်မှုမှာ ရပ်သွားသည်။ အမေရိကန် အထွေထွေလျှပ်စစ်ကုမ္ပဏီ (ဂျီအီးစီ) က အမေရိကန်နှင့် ကနေဒါတို့ကို “ရရှိ”သွားသည်။ ဂျာမဏီ အထွေထွေလျှပ်စစ်ကုမ္ပဏီ (အေအီးဂျီ) က ဂျာမဏီ၊ သြစတြီးယား၊ ရုရှား၊ ဟော်လန်၊ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ တူရကီနှင့် ဘော်လ်ကန်နိုင်ငံများကို “ရရှိ”သွားသည်။ “သမီးကုမ္ပဏီများ”အနေဖြင့် စက်မှုလုပ်ငန်းခွဲ အသစ်များ၊ ခွဲတမ်းမချရသေးသော နိုင်ငံသစ်များအတွင်းထိုးဖောက်ရေးတို့နှင့်ပတ်သက်၍ အထူးသဘောတူညီချက်များ (သဘာဝကျစွာပင် လျှို့ဝှက်သဘောတူညီချက်) ကိုလည်း ချုပ်ဆိုခဲ့ကြသည်။ ထရပ်စ် ၂ ခု တို့အနေဖြင့် ၎င်းတို့အကြား၌ တီထွင်ချက်များနှင့် စမ်းသပ်ရရှိချက်များကို ဖလှယ်ကြမည်ဖြစ်သည်။ *

လက်တွေ့တွင် ကမ္ဘာ့အနှံ့တည်ရှိပြီး အရင်းအနှီးကလည်း ဘီလီယံပေါင်းများစွာရှိကာ ကမ္ဘာ့ထောင့်တိုင်းတွင် “ကုမ္ပဏီခွဲ”၊ ဌာနခွဲ၊ ကိုယ်စားလှယ်၊ အဆက်အသွယ်စသည်တို့ရှိသော ဤကုမ္ပဏီနှင့် ယှဉ်ပြိုင်ရသော အခက်အခဲမှာ မြင်သာလှသည်။ သို့သော် မညီမညာသော ဖြစ်ပေါ်တိုးပွားမှု၊ စစ်ပွဲ၊ ဒေဝါလီခံမှုစသည်တို့ကြောင့်မို့ ဤအားကောင်းသော ထရပ်စ်ကြီး ၂ ခုအကြားမှ အင်အားဆက်စပ်မှုမှာ ပြောင်းလဲသွားသည်ဆိုလျှင် ၎င်းတို့ အကြားမှ ကမ္ဘာကြီးအားခွဲဝေမှုသည် ထပ်မံခွဲဝေယူမှု ကို မထားဆီးနိုင်ပေ။

ယင်းသို့ ထပ်မံခွဲဝေယူရန် ကြိုးစားမှု၊ ထပ်မံခွဲဝေယူရန် တိုက်ပွဲတို့အကြောင်း ပညာရစေသည့် သာဓကတရပ်ကို ရေနံလုပ်ငန်းက ပြသနေသည်။

၁၉၀၅ ခုနှစ်တွင် ဂျေဒယ်လ်က ယခုကဲ့သို့ ရေးခဲ့သည်။ ယနေ့အထိပင်လျှင် ကမ္ဘာ့ရေနံဈေးကွက်ကို ရော့မ ဘဏ္ဍာရေးအစုကြီး ၂ ခုဖြစ်သည့် ရော့ဖဲလား၏ အမေရိကန်စတန်းဒတ် ရေနံကုမ္ပဏီနှင့် ရော့သ်ချိုင်းလ်နှင့် နိုဘယ်တို့အကြား ခွဲဝေယူထားကြသည်။ ယင်းအနက် ဒုတိယအစုသည် ဘာကူးရှိ ရုရှားရေနံမြေ၏ အကျိုးစီးပွားများကို ချုပ်ကိုင်ထားသည်။ ဤနှစ်စုမှာ နီးကပ်စွာ ဆက်သွယ်နေသည်။ သို့သော် နှစ်အ

*** ရိုက်ဆာ၊ အထက်တွင်ကိုးကားခဲ့သောစာအုပ်။ ဒီအိုရစ်ချ်၊ အတက်တွင်ကိုးကားခဲ့သောစာအုပ် စာမျက်နှာ ၂၃၉။ ကတ်ဟေးနစ်၊ (Kurt Heinig)အထက်တွင်ကိုးကားခဲ့သောစာအုပ်။**

တော်များများအတွင်း ၎င်းတို့၏ လက်ဝါးကြီးအုပ်မှုကို ရန်သူငါးဦးက ခြိမ်းခြောက်လျက်ရှိခဲ့သည်။* (၁) အမေရိကန်ရေနံတွင်းများ ခန်းခြောက်မှု (၂) ဘာကူးရှိ မန်တာရှက်ဗ်ကုမ္ပဏီ၏ပြိုင်ဆိုင်မှု (၃) ဩစတြီးယားရေနံမြေ (၄) ရူမေးနီးယားရေနံမြေ (၅) ပင်လယ်ရပ်ခြားရေနံမြေများ အထူးသဖြင့် ဒပ်ချ်ကိုလိုနီ ဒေသများ (အလွန်ကြွယ်ဝသော ကုမ္ပဏီများဖြစ်သည့် ဆင်မြူရယ်နှင့် ရှဲလ်တို့ရှိပြီး ဗြိတိသျှအရင်းအနှီးနှင့်လည်း ဆက်စပ်လျက်ရှိသည်။) အထက်ပါအနက်မှ နောက်ဆုံးအစု ၃ စုသည် ဒွိုက်ချ်ဘဏ်ကြီးက ခေါင်းဆောင်သည့် ဂျာမန်ဘဏ်ကြီးများနှင့် ဆက်စပ်လျက်ရှိသည်။ ဥပမာအားဖြင့် ဤဘဏ်များသည် ၎င်းတို့၏ "ကိုယ်ပိုင်"ခြေကုပ်ရယူရန် ရူမေးနီးယားရေနံလုပ်ငန်းကို လွတ်လပ်စွာနှင့်စနစ်ကျစွာ ထွန်းကားစေခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် ရူမေးနီးယားရေနံလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားသော အရင်းအနှီးတန်ဖိုးမှာ ဖရန့် ၁၈၅,၀၀၀,၀၀၀ ဟုခန့်မှန်းရပြီး ၎င်းအနက် ဖရန့် ၇၄,၀၀၀,၀၀၀ မှာ ဂျာမန်အရင်းအနှီးဖြစ်သည်။**

ဘောဂဗေဒရေးသားချက်များတွင် သုံးနှုန်းလေ့ရှိသည့်အတိုင်း "ကမ္ဘာကြီးအားခွဲဝေယူရန် တိုက်ပွဲ တရပ် စတင်ခဲ့တော့သည်။ ဘက်တဘက်တွင် ရော့ဖဲလား"ရေနံထရပ်စ်"သည် အရာရာကို ရရှိလိုသော ဆန္ဒရှိပြီး ဟော်လန်နိုင်ငံထဲ၌ပင် "သမီးကုမ္ပဏီ" တခု တည်ထောင်ခဲ့သည်။ ၎င်း၏ အဓိကရန်သူဖြစ်သော အင်္ဂလိပ်နှင့်ဒပ်ချ် (ဟော်လန်) ပိုင် ရှဲလ်ထရပ်စ်အား ထိုးနှက်ရန် ဒပ်ချ်ပိုင် အရှေ့တောင်အာရှရှိ ရေနံမြေများကို ဝယ်ယူတော့သည်။ အခြားတဖက်တွင် ဒပ်ချ်ဘဏ်နှင့် အခြားဂျာမန်ဘဏ်များသည် ရော့ဖဲလားနှင့် စင်ပြိုင် ရူးမေးနီးယားကို "ကိုယ့်အတွက် ထိန်းသိမ်း"ကာ ရုရှားနှင့်သွေးစည်းရန် ရည်မှန်းကြသည်။ ရော့ဖဲလားတွင် အရင်းအနှီးပိုင်ဆိုင်မှုပိုများပြီး အလွန်ကောင်းမွန်သော ရေနံသယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဝေရေး စနစ်များ ရှိသည်။ ဤတိုက်ပွဲမှာ အဆုံးတိုင်တိုက်မှ ဖြစ်မည်။ ၁၉၀၇ ခုနှစ်တွင် တကယ်လည်း အဆုံးတိုင်ခဲ့သည်။ ဒွိုက်ချ်ဘဏ်က လုံးဝရှုံးနိမ့်ပြီး ငွေသန်းပေါင်းများစွာ အဆုံးခံကာ "ရေနံအကျိုးစီးပွား"များကို ဖျက်သိမ်းမလား။ သို့တည်းမဟုတ် သူ့အောက်မှာ လျှို့ဝင်မလားဆိုသော ရွေးစရာ လမ်းနှစ်သွယ်ကို ရင်ဆိုင်ရတော့သည်။ သူသည် လျှို့ဝင်သည့်လမ်းကို ရွေးခဲ့ပြီး သူ့အတွက် အင်မတန်နစ်နာသော သဘောတူညီချက်များကို ချုပ်ဆိုခဲ့ရသည်။ "အမေရိကန် အကျိုးစီးပွားများအား ထိခိုက်စေမည့် မည်သည့်ကိစ္စကိုမျှ မကြိုးစားရန်" ဒွိုက်ချ်ဘဏ်က သဘောတူခဲ့သည်။ သို့သော် ဂျာမဏီနိုင်ငံအနေဖြင့် နိုင်ငံတော် ရေနံလက်ဝါးကြီးအုပ်လုပ်ငန်းတရပ် ထူထောင်သည်ဆိုပါက ဤသဘောတူညီချက်ကို ဖျက်သိမ်းရန်ဆိုသည့် အပိုဒ်တပိုဒ်ကိုမူ ထည့်သွင်းထားသည်။

ထို့နောက် "ရေနံဇာတ်ထုပ်ကြီး"ကို စခင်းတော့သည်။ ဂျာမန်ဘဏ္ဍာဘုရင်များထဲမှ တဦးဖြစ်သော ဒွိုက်ချ်ဘဏ်ဒါရိုက်တာတဦးဖြစ်သည့် ဗွန်ဂွင်နာသည် သူ၏အတွင်းရေးမှူးစတော့စ်မှတဆင့် နိုင်ငံတော် ရေနံလက်ဝါး ကြီးအုပ်လုပ်ငန်းတရပ် ဖော်ထုတ်ရန် စီမံကိန်းကို စတင်ခဲ့သည်။ ဤဂျာမန်ဘဏ်ကြီး၏ ရောမယန္တရားကြီးနှင့် ၎င်း၏ကျယ်ပြန့်လှသော"အဆက်အသွယ်များ"ကို လှုပ်ရှားစေခဲ့သည်။ စာနယ်ဇင်းများတွင် အမေရိကန်ထရပ်စ်၏ "ထမ်းပိုး"အား"ပြည်ချစ်စိတ်ဖြင့်"နာကြည်းဒေါသထွက်မှုများ ရှန်းရှန်းဝေနေသည်။ ထို့နောက် ၁၉၁၁ ခု မတ်လ ၁၅ ရက်နေ့တွင် ရိုက်ချ်စတက် လွှတ်တော်သည် ရေနံလက်ဝါးကြီးအုပ်လုပ်ငန်းတရပ် ထူထောင်သည့် ဥပဒေတရပ် တင်သွင်းရန် အစိုးရအားမေတ္တာရပ်ခံကြောင်းအဆိုကို တညီတညွတ်တည်းနီးပါး သဘောတူ ဆုံးဖြတ်ခဲ့သည်။ အစိုးရက ဤ"လူကြိုက်များ"သော အကြံဉာဏ်ကို ဖမ်းဆုပ်ခဲ့သည်။ မိမိ၏ လုပ်ကိုင်ဖက်ဖြစ်သူ အမေရိကန်အား တပတ်ရိုက်ပြီး နိုင်ငံတော်လက်ဝါးကြီးအုပ်လုပ်ငန်းမှတဆင့် မိမိ၏ စီးပွားရေးအား တိုးတက်ကောင်းမွန်စေရန် ဆိုသည့် ဒွိုက်ချ် ဘဏ်၏အယူအဆမှာ အနိုင်ရရှိသွားသကဲ့သို့ ရှိသည်။ ဂျာမန် ရေနံသူကြွယ်ကြီးများအနေဖြင့် ရုရှားသကြားချက်သူများထက်

---

* ဂျေဒယ်လ်၊ <u>အထက်တွင် ကိုးကားခဲ့သောစာအုပ်</u>၊ စာမျက်နှာ ၁၉၃။
** ဒီအိုရစ်ချ်၊ <u>အထက်တွင် ကိုးကားခဲ့သောစာအုပ်</u>၊ စာမျက်နှာ ၂၄၅

မလျော့နည်းသော ရောမ အမြတ်များကိုပင် မြင်ယောင်လျက်ရှိကြလေပြီ။ ……… သို့သော် ဦးစွာအားဖြင့် ဂျာမန်ဘဏ်ကြီးများသည် ၎င်းတို့အချင်းချင်း တိုက်ရာပါပစ္စည်း ခွဲယူရေးအတွက် စကားများကြသည်။ ဒစ္စကွန်တိုဂယ်ဆယ်ရှပ်ဖ်က ဒွိုက်ချ်ဘဏ်၏ လောဘရမက်ကို ဖွင့်ချသည်။ ဒုတိယအားဖြင့် အစိုးရသည် ရော့ဖ်လားနှင့် တိုက်ပွဲပေါ်မည့်အလားအလာကို စိုးရိမ်နေသည်။ အကြောင်းမှာ ဂျာမဏီအနေဖြင့် အခြားနေရာများမှ ရေနံရနိုင်ပါ့မလားဆိုသည်မှာ မရေရာသောကြောင့်ဖြစ်သည်။ (ရူမေနီးယားမှ ရေနံအထွက်မှာ နည်းသည်)။ တတိယအားဖြင့် ထိုအချိန်မှာပင် ဂျာမဏီနိုင်ငံ၏ စစ်ပြင်ဆင်မှုအတွက် ၁၉၁၃ ခုနှစ် ချေးငွေ မတ်သန်း ၁၀၀၀ ကို သတ်မှတ်ပြီး ဖြစ်နေသည်။ ရေနံလက်ဝါးကြီးအုပ် လုပ်ငန်းစီမံကိန်းကို ရွှေ့ဆိုင်းလိုက်သည်။ ရော့ဖဲလား"ရေနံထရပ်စ်"သည် ဤတိုက်ပွဲ အတွင်း၌ ကာလတခု အောင်ပွဲခံခဲ့သည်။

ဤသည်နှင့်ပတ်သက်ပြီး ဘာလင်မှထုတ်ဝေသော ဘဏ်ဂျာနယ်က ဂျာမဏီအနေဖြင့် လျှပ်စစ် လက်ဝါးကြီးအုပ်လုပ်ငန်းရှိမှ၊ ရေအားကို ဈေးပေါသည့်လျှပ်စစ်အားအဖြစ် ပြောင်းလဲပစ်နိုင်မှ ဤရေနံထရပ်စ်ကို တိုက်နိုင်မည်ဟု ရေးခဲ့သည်။ "သို့သော် လျှပ်စစ်လက်ဝါးကြီးအုပ်လုပ်ငန်းသည် ထုတ်လုပ်သူများက လိုအပ်သောအခါတွင် ပေါ်လာမည်ဖြစ်သည်။ ဆိုလိုတာက လျှပ်စစ်လုပ်ငန်း၏ တံခါးပေါက်၌ စီးပွားပျက်ကပ်ကြီး ရောက်နေသောအခါတွင် ဖြစ်မည်။ နောက်ပြီးပုဂ္ဂလိက လျှပ်စစ်'ကွန်စန်း'များက နေရာတကာမှာ တည်ထောင်ထားသော မြို့၊ ပြည်နယ်စ သည်တို့မှ တစိတ်တပိုင်း လက်ဝါးကြီးအုပ်မှုကို ရရှိနေကြသော ကြီးမားပြီး ကုန်ကျစရိတ်ကြီးမားလှသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ အမြတ်မရသောအခါမျိုးတွင် ဖြစ်မည်။ ထိုအခါတွင် ရေအားကို အသုံးပြုလိမ့်မည်။ သို့သော် ယင်းကို နိုင်ငံတော်စရိတ်ဖြင့် ဈေးပေါသည့် လျှပ်စစ်ဓာတ်အားအဖြစ် ပြောင်းလဲရေးမှာမူ မဖြစ်နိုင်ချေ။ နောက်ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းမှာ ကန်ထရိုက်စာချုပ် အတော်များများ ချုပ်ဆိုထားပြီး လျော်ကြေးအမြောက်အမြားပေးရန် သတ်မှတ်ထားသည်ဖြစ်သဖြင့် ယင်းကို 'နိုင်ငံတော်က ချုပ်ကိုင်သော ပုဂ္ဂလိကလက်ဝါး ကြီးအုပ်လုပ်ငန်း' လက်သို့ လွှဲပြောင်းပေးရပေလိမ့်မည်။ နိုင်ထရိုက်လက်ဝါးကြီးအုပ်သည်လည်းကောင်း၊ ရေနံလက်ဝါးကြီးအုပ် လုပ်ငန်းသည်လည်းကောင်း ယင်းသို့သာဖြစ်ခဲ့သည်။ လျှပ်စစ်ဓာတ်အားလုပ်ငန်းသည်လည်း အလားတူပင် ဖြစ်ပေလိမ့်မည်။ ဂျာမဏီနိုင်ငံတွင် လက်ဝါးကြီးအုပ်လုပ်ငန်းများသည် ထိုရည်ရွယ်ချက်နောက်သို့ မလိုက်ခဲ့ကြောင်း၊ စားသုံးသူအား အကျိုးရှိစေခဲ့သည့် ရလဒ်မျိုး မရရှိနိုင်ခဲ့ကြောင်း၊ သို့တည်းမဟုတ် အမြတ်အချို့ကို နိုင်ငံတော်အား ပေးခြင်းမျိုးပင် မရှိကြောင်းကို လှပသော မူတရပ်ဖြင့် မျက်စိပိတ်ဖုံးခြင်းခံခဲ့သော ကျွန်ုပ်တို့၏ နိုင်ငံတော်ဆိုရှယ်လစ်များအနေဖြင့် နောက်ဆုံးတွင် နားလည်ချိန်တိုင်ပါပြီ။ ၎င်းတို့သည် နိုင်ငံတော်၏စရိတ်ဖြင့် လည်ပတ်ရန်၊ ဒေဝါလီခံလု နီးပါးဖြစ်နေသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ပြန်လည်နာလန်ထူစေရန်တို့အတွက်သာ လုပ်ကိုင်ခဲ့ကြသည်ကို နားလည်ချိန်တိုင်ပါပြီဟု ရေးသားထားသည်။ *

ဤသည်တို့မှာ ဂျာမန်ဓနရှင်ဘောဂဗေဒသမားများ မတတ်သာ၍ ဝန်ခံခဲ့ရသော အဖိုးတန်ဝန်ခံချက်များ ဖြစ်ပေသည်။ ဘဏ္ဍာအရင်းခေတ်တွင် ပုဂ္ဂလိကလက်ဝါးကြီးအုပ်မှုနှင့် နိုင်ငံတော်လက်ဝါးကြီးအုပ်မှုတို့ မည်သို့မည်ပုံ ထွေးယှက်နေကြောင်း ဤနေရာတွင် ရှင်းလင်းစွာတွေ့ရသည်။ ဤနှစ်မျိုးစလုံးသည် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများ၏ ကမ္ဘာကြီးအား ခွဲဝေယူရေးအတွက် နယ်ချဲ့သည့် တိုက်ပွဲမှ ဂိုဏ်းကွဲများသာ ဖြစ်ကြောင်း မြင်သာပေသည်။

ကူးသန်းရောင်းဝယ်မှုသင်္ဘောလုပ်ငန်းတွင် စုပြုံမှုအကြီးအကျယ်ဖြစ်ပေါ်တိုးပွားမှုသည်လည်း ကမ္ဘာကြီးအား ခွဲဝေယူခြင်းဖြင့် အဆုံးသတ်ခဲ့ရသည်။ ဂျာမဏီတွင် အားကောင်းသော ကုမ္ပဏီကြီး ၂ ခုတို့ ရှေ့တန်း ရောက်လာကြသည်။ ဟမ်းဘတ် – အမေရိကနှင့် နော့ဒွိုက်ချာလွိုက်တို့ ဖြစ်ပြီး အရင်းအနှီးအားဖြင့် မတ် –– –––––၂၀၀,၀၀၀,၀၀၀ စီ (စတော့နှင့် ဘွန်းစာချုပ်များအရ) ရှိကြပြီး သင်္ဘောတန်ချိန်တန်ဖိုးမှာ မတ်သန်းပေါင်း ၁၈၅ မှ ၁၈၉ အထိရှိကြသည်။ အတ္တလန္တိတ်သမုဒ္ဒရာ တဖက်ကမ်းတွင်မူ အမေရိ

---

* ဘဏ်ဂျာနယ်၊ ၁၉၁၂ ခု၊ အမှတ် ၁၊ စာမျက်နှာ ၁၀၃၆၊ အမှတ် ၂၊ စာမျက်နှာ ၆၂၉၊ ၁၉၁၃ ခု၊ အမှတ် ၁၊ စာမျက်နှာ ၃၈၈။

ကန်နိုင်ငံ၌ ၁၉၀၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၌ မော်ဂန်ထရပ်စ်ဆိုသော နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး ရေကြောင်းကုမ္ပဏီကြီးကို တည်ထောင်ခဲ့ကြသည်။ အမေရိကန်နှင့် ဗြိတိန်ကုမ္ပဏီ ၉ ခုကို စုစည်းထားသည့် ဤကုမ္ပဏီကြီးသည် အရင်းအနှီးအားဖြင့် ဒေါ်လာ ၁၂၀,၀၀၀,၀၀၀ (မတ် ၄၈၀,၀၀၀,၀၀၀) ရှိသည်။ ၁၉၀၃ ခုကတည်းကပင် ဂျာမန်ကုမ္ပဏီကြီးများနှင့် ဤအမေရိကန်–ဗြိတိသျှ ထရပ်စ်တို့သည် အမြတ်ခွဲဝေမှုနှင့် ဆက်စပ်ပြီး ကမ္ဘာကြီးအားခွဲဝေယူရန် သဘောတူညီချက် ရရှိပြီးဖြစ်နေသည်။ ဂျာမန်ကုမ္ပဏီများအနေဖြင့် အင်္ဂလိပ်–အမေရိကန်လမ်းကြောင်းတွင် ဝင်မပြိုင်ရန် တာဝန်ယူထားခြင်း၊ တဦးစီအတွက် မည်သည့် ဆိပ်ကမ်းများအား "ခွဲတမ်းချ"ပေးမည်ဆိုသည်ကို အတိအကျ သတ်မှတ်ထားခြင်း၊ ကွပ်ကဲရေး ပူးတွဲကော်မတီတခုကို တည်ထောင်ထားခြင်းစသည်တို့ ပါရှိသည်။ ဤသဘောတူညီချက်ကို အနှစ် ၂၀ အတွက်သာ အတည်ပြုထားသည်။ စစ်ဖြစ်လာလျှင် သဘောတူညီချက်ကို ဖျက်သိမ်းရန်ဆိုသော အပိုဒ်တပိုဒ်ကို စဉ်းစဉ်းစားစား ထည့်သွင်းထားသည်။*

နိုင်ငံတကာ မီးရထားကာတယ်ကို ဖွဲ့စည်းထားပုံမှာလည်း အလွန်ပင် ပညာရစေသည်။ ဗြိတိန်၊ ဘယ်လ်ဂျီယံနှင့် ဂျာမန်မီးရထားလမ်းထုတ်လုပ်သူများအနေဖြင့် ထိုကဲ့သို့သော ကာတယ်မျိုးကို ပထမဆုံးအကြိမ် ဖွဲ့စည်းရန်အတွက် စက်မှုစီးပွားရေးကျဆင်းမှုကြီး အသည်းအသန်ဖြစ်နေသည့် ၁၈၈၄ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့ကြသည်။ ၎င်းတို့အနေဖြင့် ကိုယ့်ပြည်တွင်းဈေးကွက်များတွင် တဦးနှင့်တဦး မပြိုင်ဆိုင်ရန် သဘောတူကြပြီး ပြည်ပဈေးကွက်ကိုမူ အောက်ပါအတိုင်း ခွဲတမ်းချခဲ့သည်။ ဗြိတိန်က ၆၆%၊ ဂျာမဏီက ၂၇%၊ ဘယ်ဂျီယံက ၇ %၊ အိန္ဒိယကိုမူ ဗြိတိန်အတွက် လုံးလုံးလျားလျား ဖယ်ထားသည်။ ဤကာတယ်၏ ပြင်ပတွင်ရှိနေသော ဗြိတိသျှကုမ္ပဏီတခုကို ပူးတွဲစစ်ကြေညာကြပြီး ယင်းအတွက် ရောင်းရငွေထဲမှ ရာနှုန်းဖြင့် သတ်မှတ်ကောက်ခံပြီး အကုန်အကျခံမည်ဖြစ်သည်။ သို့သော် ၁၈၈၆ ခုနှစ်ရောက်သောအခါတွင် ဗြိတိသျှကုမ္ပဏီ၂ ခု အနားယူသွားသဖြင့် ဤကာတယ်မှာ ပျက်သွား သည်။ နောက်မှာ ဖြစ်ပေါ်လာသည့် စီးပွားရေးစန်းပွင့်မှုကာလများတွင် ဤစာချုပ်ကို မချုပ်ဆိုနိုင်ခြင်းမှ ထူးခြားချက်ပင်ဖြစ်သည်။

၁၉၀၄ ခုနှစ်အစတွင် ဂျာမန်သံမဏိဆင်ဒီကိတ်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၀၄ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတကာ မီးရထားလမ်းကာတယ်ကို အောက်ပါခွဲတမ်း သတ်မှတ်ချက်များဖြင့် ပြန်ဖော်ထုတ်ခဲ့သည်။ အင်္ဂလန်က ၅၃ .၅ %၊ ဂျာမဏီက ၂၈ . ၈၃ %၊ ဘယ်ဂျီယံက ၁၇ . ၆၇% ၊ ပြင်သစ်သည် နောက်ပိုင်းတွင် ပါဝင်လာပြီး ပထမနှစ်တွင် ၄ . ၈ %၊ ဒုတိယနှစ်တွင် ၅ . ၈% ၊ တတိယနှစ်တွင် ၆ . ၄ %စသဖြင့် ၁၀၀ ရာခိုင်နှုန်းသတ်မှတ်ချက် အထက်တွင် ရရှိခဲ့သည်။ ဆိုလိုသည်မှာ စုစုပေါင်း ၁၀၄. ၈ ရာခိုင်နှုန်း စသည့် သတ်မှတ်ချက်မျိုးအပေါ်တွင် ရရှိခြင်းဖြစ်သည်။ ၁၉၀၅ ခုနှစ်တွင် ဤကာတယ်ထဲသို့ အမေရိကန်သံမဏိကော်ပိုရေးရှင်း ပါဝင်လာပြီးနောက်တွင် ဩစတြီးယားနှင့်စပိန်တို့ ပါဝင်လာကြသည်။ "မျက်မှောက်အခါတွင် ကမ္ဘာကြီးအား ခွဲဝေမှု ပြီးဆုံးသွားလေပြီ။ ရောမ စားသုံးသူများ အထူးသဖြင့် နိုင်ငံတော် မီးရထားလုပ်ငန်းတို့အနေဖြင့် ဂျူပီတာ၏ဘုံဗိမာန်ရှိ ကဗျာဆရာကဲ့သို့ နေသွားနိုင်ပေပြီ။ အကြောင်းမှာ ၎င်းတို့၏အကျိုးစီးပွားများအား ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကမ္ဘာကြီးအား ခွဲဝေပြီးစီးသွားသောကြောင့် ဖြစ်သည်"ဟု ၁၉၁၀ ခုနှစ်တွင် ဗိုဂယ်စတိန်းက ရေးခဲ့သည်။**

၁၉၀၉ ခုနှစ်တွင် တည်ထောင်ပြီး ၎င်းတို့၏ စက်ရုံအစု ၅ ခုအား တကယ်ကို ထုတ်လုပ်မှုခွဲတမ်းချထားသည့် နိုင်ငံတကာ့ သွပ်ဆင်ဒီကိတ်ကြီးအကြောင်းကိုလည်း ပြောရဦးမည်။ အစု ၅ စုမှာ ဂျာမဏီ၊ ဘယ်ဂျီယံ၊ ပြင်သစ်၊ စပိန်နှင့် ဗြိတိန်တို့ဖြစ်သည်။ နောက်ပြီး နိုင်ငံတကာ ဒိုင်းနမိုက်ထရပ်စ်ကြီးအကြောင်းကိုလည်း ပြောရ ဦးမည် ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ လိုက်ဖ်မန်းက "ပြင်သစ်၊ အမေရိကန် ဒိုင်းနမိုက်ထုတ်လုပ်သူများနှင့်လည်း အလားတူ ဖွဲ့စည်းထားပြီး သူတို့အချင်းချင်း ကမ္ဘာကြီးအား ခွဲဝေယူ

---

* ရိုက်ဆာ <u>အထက်တွင် ကိုးကားထားပြီးစာအုပ်၊</u> စာမျက်နှာ ၁၂ ။

** ဗိုဂယ်စတိန်း၊ <u>ဖွဲ့စည်းမှုသဏ္ဍာန်များ</u>၊ စာမျက်နှာ ၁၀၀

ထားသည်ဟု ဆိုရမည့် အတော်ခေတ်မီသော ဂျာမန် ဖောက်ခွဲရေးပစ္စည်း ထုတ်လုပ်သူများ၏ ရင်းနှီးသော မဟာမိတ်အဖွဲ့တဖွဲ့ ဖြစ်သည်။”**

၁၈၉၇ ခုနှစ်တွင် ဂျာမဏီမှ ရှယ်ယာပါဝင်သော နိုင်ငံတကာ့ ကာတယ်စုစုပေါင်း ၄၀ ခန့်ရှိပြီး ၁၉၁၀ ခုနှစ် တွင် တရာခန့် ရှိသည်ဟု လိုက်ဖ်မန်းက တွက်ချက်ထားသည်။

အချို့သော ခေနရှင်စာရေးသူများ (မိမိ၏ မာ့က်စ်ဝါဒရပ်တည်မှုကို လုံးဝစွန့်လွှတ်လိုက်ပြီဖြစ်သော သူ(ဥပမာ – ကေ၊ ကောက်စကီက ၁၉၀၉ ခုနှစ်တွင် ပူးပေါင်းခဲ့သူများ) က အရင်း၏ နိုင်ငံတကာလက္ခဏာ ဆောင်မှု အထူးခြားဆုံးသော ဖော်ပြချက်ဖြစ်သော နိုင်ငံတကာ့ကာတယ်များသည် အရင်းရှင်စနစ်အောက်၌ အမျိုးသားများအကြား ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို ပေးသည်ဆိုသော အမြင်ကို ဖော်ထုတ်ခဲ့ကြသည်။ သဘောတရားအရဆိုလျှင် ဤအမြင်မှာ အဓိပ္ပာယ် လုံးဝမရှိပေ။ လက်တွေ့အရမူ ဤသည် ဟိတ်ဟန်ထုတ်မှုနှင့် အဆိုးဆုံးသော အချောင်ဝါဒကို မရိုးမသား ကာကွယ်ခြင်းသာ ဖြစ်သည်။ နိုင်ငံတကာ့ ကာတယ်များသည် အရင်းရှင်လက်ဝါးကြီးအုပ်လုပ်ငန်းများ မည်သည့်အဆင့်အထိ ထွန်းကားနေပြီ၊ နောက်ပြီး နယ်ချဲ့ကွန်ဘိုင်းအမျိုးမျိုးအကြား တိုက်ပွဲ၏ရည်ရွယ်ချက်ကို ပြသနေပေသည်။ ဤနောက်ဆုံးအချက်မှာ အရေးကြီးဆုံး ဖြစ်သည်။ ဤတချက်တည်းကပင် ဘာတွေဖြစ်နေသည်ဆိုခြင်း၏ သမိုင်းရေးနှင့် ဘောဂဗေဒရေးအရ အဓိပ္ပာယ်ကို ပြသနေသည်။ အကြောင်းမှာ တိုက်ပွဲသဏ္ဌာန်ဆိုသည်မှာ ပြောင်းလဲနေသော၊ နှိုင်းစာခြင်းအားဖြင့် တိကျသော၊ ယာယီအကြောင်းရင်းများနှင့်အညီ မပြတ်ပြောင်းလဲနေသော်လည်း တိုက်ပွဲ၏အနှစ်သာရ၊ ယင်း၏လူတန်းစားလက္ခဏာတို့မှာ လူတန်းစားများတည်ရှိနေသရွေ့ ဘယ်လိုမှမပြောင်းလဲနိုင်သောကြောင့် ဖြစ်သည်။ သဘာဝကျစွာပင် လက်ရှိစီးပွားရေးတိုက်ပွဲ (ကမ္ဘာကြီးအား ခွဲဝေယူခြင်း)၏ အနှစ်သာရကို မှုံဝါးအောင်လုပ်ရေးနှင့် တိုက်ပွဲသဏ္ဌာန်ကို အခုတမျိုး၊ အခုတမျိုး အလေးထား ထောက်ပြရေးတို့မှာ ဥပမာအားဖြင့် ဂျာမန်ခေနရှင်လူတန်းစား၏ အကျိုးစီးပွားပင်ဖြစ်သည်။ ကောက်စကီမှာ သူ၏ သဘောတရားရေးငြင်းခုံချက်များအရ ၎င်းတို့ဘက်သို့ လက်တွေ့တွင် ပါသွားချေပြီ။ (ဤအကြောင်းကို နောက်တွင် ရေးပါဦးမည်။) ကောက်စကီသည် ဤအမှားကိုပင် မှားခဲ့သည်။ အမှန်ပင် ကျွန်ုပ်တို့၏ခေါင်းထဲတွင် ဂျာမန်ခေနရှင်လူတန်းစားသာမက တကမ္ဘာလုံးမှ ခေနရှင်လူတန်းစား ရှိနေပေသည်။ အရင်းရှင်များက ကမ္ဘာကြီးကို ခွဲဝေယူကြခြင်းမှာ ထူးထူးခြားခြား မစ္ဆရိယစိတ် ရှိသောကြောင့် မဟုတ်ချေ။ သို့သော် ထိုအချိန်ထိုအခါတွင် ရောက်ရှိနေသော စုပြုံမှုရေချိန်က ၎င်းတို့အား အမြတ်ရဖို့အတွက် ဤနည်းကိုကျင့်သုံးရန် တွန်းပို့သောကြောင့် ဖြစ်သည်။ သို့ဖြင့် ၎င်းတို့သည် “အရင်းအနှီးအချိုးအစားအရ”၊ “အင်အားအချိုးအစားအရ”ခွဲဝေယူကြသည်။ အကြောင်းမှာ ကုန်စည်ထုတ်လုပ်မှုနှင့် အရင်းရှင်စနစ်အောက်တွင် ခွဲဝေရန် အခြားနည်းလမ်း မရှိသောကြောင့်ဖြစ်သည်။ သို့သော် အင်အားမှာ စီးပွားရေးနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးပွားမှုအရ ကွဲပြားကြသည်။ ဘာတွေဖြစ်နေသည်ဆိုခြင်းကို နားလည်ဖို့ဆိုလျှင် အင်အားပြောင်းလဲမှုကြောင့် ဘယ်ပြဿနာတွေ ဖြေရှင်းခဲ့သည် ဆိုခြင်းကို သိရပေမည်။ ဤပြောင်းလဲမှုများမှာ စီးပွားရေး“သက်သက်”လား၊ သို့တည်းမဟုတ် စီးပွားရေးမဟုတ်သော (ဥပမာ စစ်ရေး) ကိစ္စလားဆိုသည် မှာ ဒုတိယ ပြဿနာသာ ဖြစ်သည်။ ယင်းသည် အရင်းရှင်စနစ်၏ နောက်ဆုံးခေတ်နှင့် ပတ်သက်သည့် အခြေခံ အမြင်များကို နည်းနည်းမှ ဂယက်မရိုက်ချေ။ အရင်းရှင်ကွန်ဘိုင်းများအကြားမှ တိုက်ပွဲနှင့် သဘောတူညီချက်များ၏ အနှစ်သာရ ပြဿနာအား ၎င်းတို့၏ သဏ္ဌာန်ပြဿနာ (ယနေ့ အေးအေးချမ်းချမ်း၊ မနက်ဖြန်ကျတော့ စစ်ဖြစ်မည့်အလား၊ တခါ နောက်တနေ့ကျလည်း စစ်ဖြစ်မည့်အလားပဲ) ဖြင့် အစားထိုးခြင်းများ ဆိုဖီများအဆင့်သို့ လျှောကျသွားခြင်းပင် ဖြစ်ပေသည်။

---

** လိုက်ဖ်မန်း၊ ကာတယ်နှင့် ထရပ်စ်များ၊ အမှတ် ၂ အေ၊ စာမျက်နှာ ၁၆၁။

အရင်းရှင်ကွန်ဘိုင်းများအကြားမှ အချို့သောဆက်စပ်မှုများ တိုးပွားမှုမှာ ကမ္ဘာကြီးအား စီးပွားရေးအရ ခွဲဝေယူမှုအပေါ် အခြေခံသည်ဆိုခြင်းကို အရင်းရှင်စနစ်၏ နောက်ဆုံးအဆင့်ခေတ်က ပြသနေပေသည်။ တချိန်တည်းတွင် ယင်းနှင့် ယှဉ်ပြိုင်ဆက်စပ်လျက် နိုင်ငံရေးကွန်ဘိုင်းများ၊ နိုင်ငံတော်များအကြားတွင် ကမ္ဘာကြီးအား နယ်မြေဒေသအရ ခွဲဝေယူရေးအတွက် ကိုလိုနီနယ်ပယ်ရရှိရေးတိုက်ပွဲအတွက်၊ "စီးပွားရေးနယ်ပယ် ရရှိရေး တိုက်ပွဲအတွက်" အချို့သောဆက်သွယ်မှုများ ကြီးထွားလာခဲ့ပေသည်။

## ၆။ အင်အားကြီး နိုင်ငံများ အကြား ကမ္ဘာကြီးအား ခွဲဝေကြခြင်း။

ပထဝီဆရာ အေ–စူပန် (A.Supan)*က သူ၏ "ဥရောပကိုလိုနီများ၏ နယ်မြေဖြစ်ပေါ်တိုးပွားမှု" ဆိုသော စာအုပ်ထဲတွင် ၁၉ ရာစုနှစ်အကုန်ပိုင်း ဤဖြစ်ပေါ်တိုးပွားမှုနှင့်ပတ်သက်ပြီး အောက်ပါအကျဉ်းရုံး သုံးသပ်ချက်ကို တင်ပြထားသည်။

**ဥရောပ ကိုလိုနီ အင်အားရှင်များ (အမေရိကန် အပါအဝင် ) ၏**
**နယ်မြေပိုင်ဆိုင်မှု ရာခိုင်နှုန်း**

| | ၁၈၇၆ | ၁၉၀၀၀ | တိုးခြင်း(သို့)လျော့ခြင်း |
|---|---|---|---|
| အာဖရိကတိုက် | ၁၀.၈% | ၉၀.၄% | +၇၉.၆% |
| ပိုလီနီးရှားကျွန်းစု | ၅၆.၈% | ၉၈.၉% | +၄၂.၁% |
| အာရှတိုက် | ၅၁.၅% | ၅၆.၆% | +၅.၁ |
| သစတြေးလျားတိုက် | ၁၀၀.၀% | ၁၀၀.၀% | – |
| အမေရိကတိုက် | ၂၇.၅% | ၂၇.၂% | – ၀.၃% |

"ထို့ကြောင့် ဤကာလ၏ထူးခြားချက်မှာ အာဖရိကနှင့်ပိုလီနီးရှားတို့ကို ခွဲဝေခြင်းပင်"ဟု သူက သုံးသပ်ထားသည်။ အာရှတိုက်နှင့် အမေရိကတိုက်တို့တွင် မသိမ်းပိုက်ရသေးသော နယ်မြေများ၊ ဆိုလိုသည်မှာ မည်သည့်နိုင်ငံကမျှ မပိုင်သောနယ်မြေများဟူ၍ မရှိလေရာ စူပန်၏သုံးသပ်ချက်အား ယခုကဲ့သို့ ထပ်မံဖြည့်စွက်ဖို့ လိုနေပေသည်၊ ယခု သုံးသပ်နေသောကာလ၏ ထူးခြားချက်မှာ ကမ္ဘာကြီးအား နောက်ဆုံး ခွဲဝေကြခြင်းဖြစ်သည်။ နောက်ဆုံးဆိုရာ၌ ပြန်လည်ခွဲဝေမှုများမှာ မဖြစ်နိုင်တော့ဟု ဆိုလိုခြင်းမဟုတ်၊ ဤသည်နှင့်ပြောင်းပြန် ပြန်လည်ခွဲဝေမှုများမှာ ဖြစ်နိုင်၊ မုချလည်း ဖြစ်ဦးမည်ဖြစ်သည်။ သို့သော် အရင်းရှင်နိုင်ငံများ၏ ကိုလိုနီပေါ်လစီသည် ကျွန်ုပ်တို့၏ဂြိုဟ်ပေါ်ရှိ မသိမ်းပိုက်ရသေးသောနယ်မြေများအား လုယူမှု အပြီး သတ်ခဲ့ပြီဟူသော အဓိပ္ပာယ်ဖြင့် ဆိုလိုခြင်းဖြစ်သည်။ ပထမဦးဆုံးအကြိမ်အဖြစ် ကမ္ဘာကြီးအား အပြည့်အဝ ခွဲဝေယူပြီးသွားကြပေပြီ။ ထို့ကြောင့်နောင်တွင် ပြန်လည်ခွဲဝေခြင်းသာ ဖြစ်နိုင်ပေတော့မည်။ ဆိုလိုတာက ပိုင်ရှင်မဲ့နယ်မြေများ 'ပိုင်ရှင်' လက်သို့ရောက်ရှိခြင်းမဟုတ်ဘဲ 'ပိုင်ရှင်' တဦးထံမှ တဦးထံသို့ လက်ပြောင်းခြင်းသာ ဖြစ်နိုင်ပေတော့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် 'အရင်းရှင်စနစ်ကို ဖြစ်ပေါ်တိုးပွားမှု နောက်ဆုံးအဆင့်' ဖြစ်သော ဘဏ္ဍာအရင်းနှင့် နီးကပ်စွာဆက်သွယ်နေသည့် ကမ္ဘာ့ကိုလိုနီ ပေါ်လစီ၏ ထူးခြားသော ခေတ်တခေတ်ကို ဖြတ်သန်းနေကြရခြင်းဖြစ်သည်၊ ဤအကြောင်းကြောင့်ပင် ဤခေတ်အား သူ့အရင်းခေတ်များနှင့် မည်သို့ခွဲခြားသည်၊ လက်ရှိအခြေအနေမှာ မည်သို့ရှိသည်တို့ကို အတတ်နိုင်ဆုံး အတည် ပြုနိုင်ရန် အတွက် ဦးစွာအားဖြင့် အချက်အလက်များကို ပိုမို အသေးစိတ်ကျကျ လေ့လာရပေမည်။ ပထမအနေဖြင့် ဤနေရာတွင် အချက်အလက်ဆိုင်ရာ ပြဿနာနှစ်ခု ပေါ်လာသည်၊ ကိုလိုနီပေါ်လစီ ပိုမိုသည်းသန် ပြင်းပြလာခြင်း၊ ကိုလိုနီများအတွက် တိုက်ပွဲပြင်းထန်လာခြင်းတို့မှာ တကယ်ပင် ဤဘဏ္ဍာအရင်းခေတ်တွင်မှ တွေ့

* အေ–စူပန်၊ အထက်ပါခေါင်းစဉ်ပါစာအုပ် ၊ ၁၉၀၆ဘ ခု၊ စာမျက်နှာ ၂၅၃

တွေ့ရခြင်းဖြစ်သလော။ နောက်ပြီး ဤမှာဘက်တွင် ယခုအခါ ကမ္ဘာကြီးအား မည်သို့ခွဲဝေယူထားကြသနည်း။

အမေရိကန် စာရေးဆရာ မောရစ္စက သူ၏ ကိုလိုနီပြုခြင်းသမိုင်းနှင့် ပတ်သက်သောအလုပ်* တွင် ဗြိတိန်၊ ပြင်သစ်နှင့်ဂျာမဏီတို့၏ ၁၉ရာစုနှစ်အတွင်း မတူသောကာလများ၌ ကိုလိုနီပိုင်ဆိုင်မှုများနှင့် ပတ်သက်ပြီး နိဂုံးချုပ်သုံးသပ်သော ဇယားတခု ရေးဆွဲရန်ကြိုးပမ်းခဲ့သည်၊ အောက်ပါဇယားမှာ သူရရှိခဲ့သော ရလဒ်များ၏ အကျဉ်း ရုံးသုံးသပ်ချက် ဖြစ်သည်၊

**ကိုလိုနီ ပိုင်ဆိုင်မှုများ**

| ခုနှစ် | ဗြိတိန် | | ပြင်သစ် | | ဂျာမဏီ | |
|---|---|---|---|---|---|---|
| | ဧရိယာ(စတုရန်းမိုင် သန်းပေါင်း) | လူဦးရေ (သန်းပေါင်း) | ဧရိယာ (စတုရန်းမိုင် သန်းပေါင်း) | လူဦးရေ (သန်းပေါင်း) | ဧရိယာ (စတုရန်းမိုင်သန်း ပေါင်း) | လူဦးရေ (သန်း ပေါင်း) |
| ၁၈၁၅–၃၀ | | ၁၂၆.၄ | ၀.၀၂ | – | – | – |
| ၁၈၆၀ | ၂.၅ | ၁၄၅.၁ | ၀.၂ | ၃.၄ | – | – |
| ၁၈၈၀ | ၇.၇ | ၂၆၇.၉ | ၀.၇ | ၇.၅ | – | – |

ဗြိတန်အတွက် ကိုလိုနီနယ်မြေများ အကြီးအကျယ်ကျယ်ပြန့်လာသော ကာလမှာ ၁၈၆၀နှင့်၁၈၈၀ အကြား ဖြစ်ပြီး ၁၉ရာစု နှစ်အကုန် နောက်ဆုံး အနှစ် ၂၀ တွင်လည်း အတော်အတန်များပေသည်။ ပြင်သစ်နှင့် ဂျာမဏီတို့အတွက်မူ ဤသို့သောကာလမှာ ဤအနှစ် ၂၀ အတွင်းမှာပင် ကျရောက်ခြင်းဖြစ်သည်၊ အထက်က ဇယားကိုကြည့်ခြင်းအားဖြင့် လွတ်လပ်စွာပြိုင်ဆိုင်မှု လွှမ်းမိုးသည့် လက်ဝါးကြီးအုပ်ခေတ်မတိုင်မီ အရင်းရှင်စနစ်မှာ ၁၈၆၀ ခုနှစ်များနှင့် ၁၈၇၀ ခုနှစ်များတွင် အဆုံးသတ်သွားသည်ကို တွေ့ရသည်။ အတိအကျအားဖြင့် ယင်းကာလ ပြီးနောက်မှပင် ကိုလိုနီသိမ်းပိုက်မှု 'စန်းပွင့်မှု' ကြီး စတင်ခြင်းဖြစ်ပြီး ကမ္ဘာကြီးအား နယ်မြေအရခွဲဝေယူရေး တိုက်ပွဲမှာလည်း အလွန်အကျွံ သည်းသန်လာခြင်း ဖြစ်သည်။ ထို့ကြောင့် အရင်းရှင်စနစ်၏ လက်ဝါးကြီးအုပ်အဆင့်သို့၊ ဘဏ္ဍာအရင်းသို့ ပြောင်းလဲမှုမှာ ကမ္ဘာကြီးအား ခွဲဝေရန် တိုက်ပွဲ သည်းသန်လာခြင်းနှင့် ဆက်စပ်နေကြောင်းမှာ သံသယ ရှိစရာ မလိုချေ၊

ဟော့ဘ်ဆင်က နယ်ချဲ့စနစ်နှင့်ပတ်သက်သော သူ၏ကျမ်းထဲတွင် ၁၈၈၄ ခုနှစ်မှ ၁၉၀၀ပြည့်နှစ်အထိ နှစ်များသည် အဓိက ဥရောပနိုင်ငံများ၏ 'တိုးချဲ့မှု'သည်းသန်လာသောနှစ်များဟု သတ်မှတ်ခဲ့သည်။ သူ၏ ခန့်မှန်းချက်အရဆိုလျှင် ဤကာလအတွင်း ဗြိတိန်သည် နယ်မြေဒေသ စတုရန်းမိုင်ပေါင်း ၃၇၀၀,၀၀၀ နှင့်လူဦးရေ – – – ၅၇၀၀၀,၀၀၀ ကိုလည်းကောင်း၊ ပြင်သစ်က စတုရန်းမိုင် ၃,၆၀၀,၀၀၀ နှင့် လူဦးရေ ၃၆,၅၀၀,၀၀၀ ကိုလည်းကောင်း၊ ဂျာမဏီက စတုရန်းမိုင် ၁,၀၀၀,၀၀၀ နှင့်လူဦးရေ ၁၄,၇၀၀,၀၀၀ ကိုလည်းကောင်း၊ ဘယ်လ်ဂျီယံက စတုရန်းမိုင် ၉၀၀,၀၀၀နှင့်လူဦးရေ ၃၀,၀၀၀,၀၀၀ကိုလည်းကောင်း၊ ပေါ်တူဂီက စတုရန်းမိုင် ၈၀၀,၀၀၀နှင့် လူဦးရေ ၉,၀၀၀,၀၀၀ ကိုလည်းကောင်းရရှိခဲ့ကြသည်။ ၁၉ ရာစု အကုန်ပိုင်းနှင့် အထူးသဖြင့် ၁၈၈၀ ခုနှစ်များအတွင်း အရင်းရှင်နိုင်ငံအားလုံးတို့ ကိုလိုနီရရှိရန် ကြိုးပမ်းကြမှုမှာ သံတမန်ဆက်ဆံ ရေးနှင့် ပြည်ပရေးရာနိုင်ငံရေးတွင် အားလုံးသိနေကြသည့် အချက်ဖြစ်သည်။

***ဟင်နရီ ၊စီ၊မောရစ္စ (Henery C. Morris)'ကိုလိုနီပြုခြင်းသမိုင်း ' နယူးရောက်။**

ဗြိတိန်နိုင်ငံတွင် လွတ်လပ်စွာ ပြိုင်ဆိုင်မှု အထွန်းကားဆုံးကာလဖြစ်သည့် ၁၈၄၀ ခုနှစ်နှင့် ၁၈၆၀ ခုနှစ်အကြားတွင် ဗြိတိသျှထိပ်တန်းဓနရှင်နိုင်ငံရေးသမားများသည် ကိုလိုနီပြုသည့်ပေါ်လစီကို ဆန့်ကျင်ကြသည်၊ ကိုလိုနီများလွတ်မြောက်ရေး ဗြိတိန်နှင့်လုံးဝခွဲပစ်ရေးတို့မှာ မရှောင်လွှဲနိုင်ဘဲ လိုအပ်သည် ဟုယူဆကြသည်၊ မစ္စတာဘီယာ (M. Beer) က ၁၈၉၈ ခုနှစ်က ထုတ်ဝေသော ‘ခေတ်သစ်ဗြိတိသျှ နယ်ချဲ့စနစ်’ ဆိုသောဆောင်းပါးထဲ၌ နယ်ချဲ့ဝါဒကို လိုလားလေ့ရှိသည့် နိုင်ငံရေးသမားကြီး ဒစ္စရေလီ (Disraeli) က ၁၈၅၂ ခုနှစ်တွင် ‘ကိုလိုနီများဟာ ကျွန်တော်တို့အတွက် ဖြဟ္မာကြိုးဦးခေါင်းပဲ’ ဟုကြေညာခဲ့ကြောင်း ဖော်ပြခဲ့သည်။ သို့သော် ၁၉ ရာစု နှစ်အကုန်ပိုင်းတွင်မူ ထိုကာလ၏ သူရဲကောင်းများမှာ နယ်ချဲ့စနစ်ကို ဖြောင်ကာကွယ်ပြီး နယ်ချဲ့ပေါ်လစီကို အရူးအမူးအနိုင်ဆုံး ကျင့်သုံးခဲ့သည့် စီစီလ်ရိုဒ်စ် (Cecil Rhodes) နှင့် ဂျိုးဇက် ချိန်ဘာလိန် (Joseph Chamberlain) တို့ပင် ဖြစ်တော့သည်။

ထိုအချိန်အခါ၌ပင် ဗြိတိသျှ ထိပ်တန်းဓနရှင်နိုင်ငံရေးသမားများအနေဖြင့် ခေတ်သစ်နယ်ချဲ့စနစ်၏ စီးပွားရေးသက်သက်ဟုဆိုရမည့် ရေသောက်မြစ်များနှင့် နိုင်ငံရေး၊ လူမှုရေး ရေသောက်မြစ်များ၏ ဆက်သွယ်မှုကို မြင်တွေ့ခဲ့သည်ဆိုသောအချက်မှာ စိတ်ဝင်စားစရာကောင်းလှသည်။ ချိန်ဘာလိန်က နယ်ချဲ့စနစ်သည် ‘စစ်မှန်၊ ဉာဏ်ပညာနှင့်ပြည့်စုံပြီး စီးပွားရေးဆန်သော ပေါ်လစီဖြစ်သည်’ဟု ကာကွယ်ခဲ့ပြီး ကမ္ဘာ့ဈေးကွက်တွင် ဗြိတိန်နိုင်ငံ ရင်ဆိုင်နေရသော ဂျာမာန်၊ အမေရိကန်နှင့် ဘယ်လ်ဂျီယံတို့ ပြိုင်ဆိုင်မှုကို ထောက်ပြခဲ့သည်။ အရင်းရှင်များသည် ကာတယ်၊ ဆင်ဒီကိတ်နှင့် ထရပ်စ်များ တည်ထောင်စဉ်က လက်ဝါးကြီးအုပ်လုပ်ငန်းများကသာ ကယ်တင်နိုင်သည်ဟုဆိုခဲ့ကြသည်။ ခွဲဝေခြင်းမပြုရသေးသည့် ကမ္ဘာ့အစိတ်အပိုင်းများ သိမ်းပိုက်ရေးကို လှုံ့ဆော်သည့်အနေဖြင့် ဓနရှင်လူတန်းစား၏နိုင်ငံရေးခေါင်းဆောင်များကလည်း လက်ဝါးကြီးအုပ်လုပ်ငန်းများကသာ ကယ်တင်နိုင်သည်ဟု ပွဲတင်ထပ် ပြောဆိုခဲ့ကြသည်။ နောက်ပြီး စီစီလ်ရိုဒ်စ်၏ သူ့မိတ်ဆွေ သတင်းစာဆရာစတက်၏ပြောပြချက်အရဆိုလျှင် ရိုဒ်စ်က သူ၏နယ်ချဲ့အမြင်များအား ၁၈၉၅ ခုနှစ်တွင် သူ့အား အောက်ပါအတိုင်းပြောပြခဲ့သည်။ “မနေ့တုန်းက လန်ဒန်အရှေ့ဖျား” (အလုပ်သမားလူတန်းစားရပ်ကွက်) ကို ရောက်သွားပြီး အလုပ်လက်မဲ့တွေရဲ့ အစည်းအဝေးတခုကို တက်ခဲ့ရတယ်။ “ပေါင်မုန့်ပေး” “ပေါင်မုန့်ပေး” ဆိုတဲ့ သဘောသာ သက်ရောက်တဲ့ အထိန်းအချုပ်မဲ့ မိန့်ခွန်းတွေကို နားထောင်ခဲ့ရတယ်။ ဒီလိုနဲ့ အိမ်အပြန်လမ်းမှာ အဲဒီမြင်ကွင်းကို ကျွန်တော် စဉ်းစားမိရင်း နယ်ချဲ့စနစ်ရဲ့ အရေးပါမှုကို ဘယ်အခါထက်မဆို ပိုပြီးသဘောပေါက်ခဲ့တယ်။ ကျွန်တော့်ခေါင်းထဲမှာ အမြဲ ကိန်းအောင်းခဲ့တဲ့ အကြံတခုကတော့ လူမှုပြဿနာအတွက် ဖြေရှင်းချက်ပဲ။ အဲဒါကတော့ အင်္ဂလန်နိုင်ငံရဲ့ နေထိုင်သူ ၄၀,၀၀၀,၀၀၀ ကို သွေးထွက်သံယို ပြည်တွင်းစစ်က ကာကွယ်ဖို့ဆိုရင် ကျွန်တော်တို့ ကိုလိုနီနိုင်ငံရေးသမားတွေအနေနဲ့ ပိုလျှံတဲ့ လူဦးရေကို နေရာချထားရေးနဲ့ စက်ရုံနဲ့သတ္တုတွင်းများက ထုတ်လုပ်လိုက်တဲ့ ကုန်တွေအတွက် ဈေးကွက်ရရေးအတွက် မြေသစ်တွေ ရယူရမယ် ဆိုတာဖြစ်တယ်။ ကျွန်တော် အမြဲပြောခဲ့သလိုပဲ အင်ပါယာ ပိုင်ဆိုင်မှုဆိုတာဟာ ပေါင်မုန့်နဲ့ထောပတ် ပြဿနာပဲ။ ပြည်တွင်းစစ်ကို ရှောင်ကြဉ်ချင်တယ်ဆိုရင် နယ်ချဲ့သမား လုပ်ရမယ်”* ဤသည်မှာ အင်္ဂလိပ် ဘိုးဝါးစစ်ပွဲအတွက် အဓိကတာဝန်ရှိသော ဘဏ္ဍာဘုရင် သန်းကြွယ်သူဌေးကြီး တဦးဖြစ်သူ စီစီလ်ရိုဒ်စ်က ၁၈၉၅ ခုနှစ် တွင်ပြောခဲ့ခြင်းဖြစ်သည်။ အမှန်ပဲ နယ်ချဲ့စနစ်အား သူကာကွယ်ပုံမှာ ဖြောင်ကျပြီး အရူးအမူးနိုင်သည်။ သို့သော် အနှစ်သာရအရဆိုလျှင် ဤသည်မှာ မာစလော့ဗ် (Maslov)၊ စူဒီကွန် (Sudekum)၊ ပိုထရက်ဆော့ဗ် (Potresov) ဒေးဗစ် (David)နှင့် ရုရှားပြည်မာ့က်စ်ဝါဒ ထူထောင်သူနဲ့ အခြားသောပုဂ္ဂိုလ်များ တင်ပြခဲ့ကြသော ‘သဘောတရား’ နှင့် မခြားနားပေ။ စီစီလ်ရိုဒ်စ်ကမှ ပို၍ ရိုးသားသော ဆိုရှယ်လစ် ရှော်ဗင်ဝါဒီတဦးဟု ဆိုရမ လိုလို ––––––။

ကမ္ဘာကြီးအား နယ်မြေအရခွဲဝေယူမှုနှင့် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွက် ဤကိစ္စတွင် ဖြစ်ပျက်ခဲ့သော အပြောင်းအလဲများနှင့် ပတ်သက်ပြီး အတတ်နိုင်ဆုံးတိကျသော ပုံကားချပ်တချပ်ကို ရရန်အတွက်

* အထက်ပါကျမ်း၊ စာမျက်နှာ ၃၀၄

စူပန်တင်ပြခဲ့သည့် ရှေ့တွင်ကိုးကားခဲ့ပြီးသော ကမ္ဘာ့အင်အားရှင်နိုင်ငံများ၏ ကိုလိုနီပိုင်ဆိုင်မှုအကြောင်း စာရင်းဇယားကိုသာ အသုံးပြုသွားပါမည်။ စူပန်က ၁၈၇၆ ခုနှစ်နှင့် ၁၉၀၀ ပြည့်နှစ်တို့ကို ယူခဲ့သည်။ ကျွန်ုပ်တို့ကမူ ၁၈၇၆ ခုနှစ်ကို ယူမည်။ ဤအချိန်တွင် အနောက်ဥရောပ အရင်းရှင်စနစ်၏ လက်ဝါးကြီးအုပ်အဆင့် မတိုင်မီ ဖြစ်ပေါ်တိုးပွားမှုမှာ အဓိကအားဖြင့် ပြီးဆုံးပြီဟု ဆိုရမည်ဖြစ်ခြင်းကြောင့် ဤသက္ကရာဇ်ကို ထိုက်သင့်စွာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ နောက်ပြီး ၁၉၁၄ ခုနှစ် စူပန်၏ကိန်းဂဏန်းများအစား ပိုမို လောလောလတ်လတ်ကျသော ဟူဘနာ၏ ပထဝီနှင့်စာရင်းဇယားများကို ကိုးကားသွားပါမည်။ စူပန်၏ကိန်းဂဏန်းများမှာ ကိုလိုနီများအတွက်သာ ဖြစ်သည်။ ကမ္ဘာကြီးအား ခွဲဝေယူခြင်းအတွက် ပြည့်စုံသော ပုံကားချပ်တချပ် တင်ပြဖို့ဆိုလျှင် ကိုလိုနီမဟုတ်သည်နှင့် ကိုလိုနီတပိုင်းနိုင်ငံများအကြောင်း ကိန်းဂဏန်းအနည်းငယ်ကို ဖြည့်လျှင် အကျိုးရှိမည်ဟုထင်သည်။ ဤအမျိုးအစားထဲတွင် ပါရှား၊ တရုတ်နှင့် တူရကီနိုင်ငံတို့ကိုလည်း ထည့်သွင်းထားပါသည်။ ၎င်းတို့အနက် ပထမနိုင်ငံသည် ကိုလိုနီနိုင်ငံ လုံးဝနီးပါး ဖြစ်နေပြီဖြစ်၍ ဒုတိယနှင့်တတိယနိုင်ငံတို့မှာ ထိုအတိုင်း ဖြစ်လာနေသည်။ အောက်ပါသုံးသပ်ချက် ထွက်လာပါသည်။

**အင်အားကြီးနိုင်ငံများ ၏ ကိုလိုနီ ပိုင်ဆိုင်မှု**

| ကိုလိုနီနိုင်ငံများ | | | | | မြို့ပြနိုင်ငံများ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| ၁၈၇၆ | | | ၁၉၁၄ | | ၁၉၁၄ | | ၁၉၁၄ | |
| ဧရိယာ | ဧရိယာ | လူဦးရေ | ဧရိယာ | လူဦးရေ | ဧရိယာ | လူဦးရေ | ဧရိယာ | လူဦးရေ |
| ဗြိတိန် | ၂၂.၅ | ၂၅၁.၉ | ၃၃.၅ | ၃၉၃.၅ | ၀.၃ | ၄၆.၅ | ၃၃.၈ | ၄၄၀. |
| ရုရှား | ၁၇.၀ | ၁၅.၉ | ၁၇.၄ | ၃၃.၂ | ၅.၄ | ၁၃၆.၂ | ၂၂.၈ | ၁၆၉.၄ |
| ပြင်သစ် | ၀.၉ | ၆.၀ | ၁၀.၆ | ၅၅.၅ | ၀.၅ | ၃၉.၆ | ၁၁.၁ | ၉၅.၁ |
| ဂျာမဏီ | – | – | ၂.၉ | ၁၂.၃ | ၀.၅ | ၆၄.၉ | ၃.၄ | ၇၇.၂ |
| အမေရိကန် | – | – | ၀.၃ | ၉.၇ | ၉.၄ | ၉၇.၀ | ၉.၇ | ၁၀၆.၇ |
| ဂျပန် | – | – | ၀.၃ | ၁၉.၂ | ၀.၄ | ၅၃.၀ | ၀.၇ | ၇၂.၂ |
| အင်အားကြီး (၆)ခုတို့၏ စုစုပေါင်း | ၄၀.၄ | ၂၇၃.၈ | ၆၅.၀ | ၅၂၃.၄ | ၁၆.၅ | ၄၃၇.၂ | ၈၁.၅ | ၉၆၀.၆ |

**အခြားနိုင်ငံများ၏ ကိုလိုနီများ( ဘယ်လ်ဂျီယံ၊ ဟော်လန် စသည်=** ၉. ၉ ၄၅. ၃

**ကိုလိုနီတပိုင်းနိုင်ငံများ၊ အခြားနိုင်ငံများ(ပါရှား၊ တရုတ်၊ တူရကီ)** ၁၄. ၅ ၃၆၁.၂

၂၈. ၀ ၂၈၉. ၉

**တကမ္ဘာလုံးစုစုပေါင်း** ၁၃၃.၉ ၁,၆၅၇.၀

အထက်ပါ ဂဏန်းများကို ကြည့်ခြင်းအားဖြင့် ၁၉ ရာစုနှစ် ၂၀ ရာစုနှစ်တို့တွင် ကမ္ဘာကြီးအား ခွဲဝေမှုမှာ မည်မျှ 'ပြည့်စုံ' သွားကြောင်း ရှင်းလင်းစွာ မြင်ကြရပေသည်၊ ၁၈၇၆ ခုနှစ်နောက်တွင် ကိုလိုနီပိုင်ဆိုင်မှု ရောမအတိုင်းအတာဖြင့် ကြီးထွားလာခဲ့သည့် အင်အားအကြီးဆုံးနိုင်ငံ ၆ ခုအတွက် စတုရန်းကီလိုမီတာ ၄၀,၀၀၀,၀၀၀ မှ ၆၅,၀၀၀,၀၀၀ အထိ ၅၀% ကျော်မျှ တိုးများလာခဲ့သည်။ တိုးများလာခြင်းမှာ စတုရန်း ကီလိုမီတာ ၂၅,၀၀၀,၀၀၀ မျှရှိရာ မြို့ပြနိုင်ငံများ ဧရိယာ (စတုရန်း ကီလိုမီတာ ၁၆,၅၀၀,၀၀၀) ထက် ၅၀% မျှပိုများပေသည်။ ၁၈၇၆ ခုနှစ်တွင် အင်အားကြီးနိုင်ငံသုံးခုတွင် ကိုလိုနီနိုင်ငံမရှိသေးဘဲ ပြင်သစ်နိုင်ငံလည်း ရှိသည်ဆိုရုံမျှသာဖြစ်သည်။ ၁၉၁၄ ခုနှစ် ရောက်သောအခါတွင် ဤအင်အားကြီးနိုင်ငံ ၄ခု တို့သည် ဧရိယာ စတုရန်းကီလိုမီတာ ၁၄,၀၀၀,၀၀၀ မျှရှိသော ကိုလိုနီနိုင်ငံများကို ရရှိခဲ့ကြသည်။ ဤသည် ဥရောပတိုက်ထက် ၅၀%ပိုကြီးပြီး လူဦးရေ ၁၀၀,၀၀၀,၀၀၀ ရှိ၏။ ကိုလိုနီများ ပိုင်ဆိုင်မှုကြီးထွားရာ၌

မညီမျှမှုမှာ အင်မတန်သိသာသည်။ ဥပမာအားဖြင့် ဧရိယာ အကျယ်အဝန်းနှင့် လူဦးရေ မကွာခြားလှသော ပြင်သစ်၊ ဂျာမဏီနှင့်ဂျပန်တို့ကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ပြင်သစ်သည် အခြားနိုင်ငံ နှစ်ခုပေါင်းသည်ထက် ကိုလိုနီနယ်ပယ်သုံးဆမျှ ရရှိထားသည်ကို တွေ့ပေမည်။ ဘဏ္ဍာအရင်းနှင့်ပတ်သက်လျှင် ယခုပြောနေသော အချိန်ကာလ၏အစပိုင်းတွင် ပြင်သစ်သည် ဂျာမဏီနှင့်ဂျပန်တို့ နှစ်နိုင်ငံပေါင်းသည်ထက် အဆပေါင်းများစွာ ချမ်းသာသည်။ စီးပွားရေးအခြေအနေသက်သက်အပြင် ယင်းအခြေခံပေါ်တွင်ပင် ပထဝီဆိုင်ရာနှင့် အခြားအခြေအနေများသည်လည်း ကိုလိုနီပိုင်ဆိုင်မှုအတိုင်းအတာကို ဂယက်ရိုက်ပေသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း အကြီးစား စက်မှုလုပ်ငန်း၊ ဖလှယ်မှုနှင့် ဘဏ္ဍာအရင်းတို့၏ ဖိအားပေးမှုကြောင့် ကမ္ဘာကြီးအား တပြေးညီစေသည့် မတူသောနိုင်ငံများတွင်စီးပွားရေးနှင့် နေထိုင်မှုအခြေအနေများ တပြေးညီစေသည့်ဖြစ်စဉ်မှာ မည်မျှအားကောင်းသည်ဖြစ်စေကာမူ အတော်ကြီးမားသော ခြားနားမှုများ ကျန်မြဲကျန်သေးသည်။ ပြောခဲ့သော အင်အားကြီး နိုင်ငံ ၆ ခု အတွင်းမှာပင် အောက်ပါအတိုင်း တွေ့ရသည်။ ဦးစွာအားဖြင့် တိုးတက်မှုအလွန်အမင်းမြန်ဆန်သော နုပျိုသည့်အရင်းရှင်နိုင်ငံများ (အမေရိကန်၊ ဂျာမဏီနှင့် ဂျပန်) ဒုတိယအားဖြင့် ယင်းနိုင်ငံများထက် ယခုနောက်ပိုင်းတွင် တိုးတက်မှုနှေးကွေးသော အရင်းရှင်ဖြစ်ပါတိုးပွားမှုအဟောင်း ရှိသည့်နိုင်ငံများ (ပြင်သစ်နှင့်ဗြိတိန်) တတိယအားဖြင့်ပြောလျှင် အထူးအကွက်စိပ်သည့် အရင်းရှင်စနစ်မတိုင်မီ ဆက်ဆံမှုပိုက်ကွန်နှင့် ခေတ်သစ်အရင်းရှင်နယ်ချဲ့စနစ်တို့ ငြိတွယ်ရှုပ်ထွေးနေသည့် စီးပွားရေးအရနောက်အကျဆုံးဖြစ်သည့် နိုင်ငံတခု (ရုရှား) တို့ဖြစ်သည်။ အင်အားကြီးနိုင်ငံများ၏ ကိုလိုနီပိုင်ဆိုင်မှုနှင့် အတူ နိုင်ငံငယ်များ၏ကိုလိုနီငယ်များကိုလည်း ထည့်သွင်းထားသည်။ ဤနယ်မြေများသည် ဖြစ်နိုင်ပြီး အလားအလာရှိသော ကိုလိုနီများ ‘ပြန်လည်ခွဲဝေမှု’၏ နောက်ထပ်ပစ်ကွင်းများ ဖြစ်သည်။ ဤနိုင်ငံငယ် အများစုအနေဖြင့် သူတို့၏ကိုလိုနီများကို ရထားနိုင်သည်မှာ အင်အားကြီးနိုင်ငံများအကြား တိုက်ရာပါပစ္စည်းများ ခွဲဝေယူရေးအတွက် အတားအဆီး ဖြစ်စေသည့် အကျိုးစီးပွားကွဲလွဲမှု၊ ပွတ်တိုက်မှု စသည်တို့ရှိနေခြင်းကြောင့် ဖြစ်သည်။ ‘ကိုလိုနီတပိုင်း၏’နိုင်ငံများမှာ သဘာဝလောကနှင့် လူ့အဖွဲ့အစည်းတိုင်းတွင် တွေ့ရနိုင်သည့် စပ်ကူးမပ်ကူးသဏ္ဍာန်များ၏ ဥပမာပင် ဖြစ်သည်။ ပြောရလျှင် ဘဏ္ဍာအရင်း သည် စီးပွားရေးဆက်ဆံမှုနှင့် နိုင်ငံတကာဆက်ဆံမှု အားလုံးတွင် အင်မတန်အားကောင်းပြီး အဆုံးအဖြတ် အင်အားတရပ် ဖြစ်နေပေရာ နိုင်ငံရေးလွတ်လပ်မှု အပြည့်ဝဆုံးခံစားနေရသည့် နိုင်ငံများကိုပင် လက်အောက်ခံ ပြုနိုင်စွမ်းရှိသည်။ ပြုလည်း ပြုခဲ့သည်။ လက်အောက်ခံပြုခံရသော နိုင်ငံများနှင့်ပြည်သူများအနေဖြင့် နိုင်ငံရေးလွတ်လပ်မှု ဆုံးရှုံးခြင်းပါ ပါဝင်သော လက်အောက်ခံပြုမှုမျိုးမှာ ဘဏ္ဍာအရင်း အမြတ်အများဆုံးရနိုင်ပြီး ‘အသက်သာ’ ဆုံးလည်း ဖြစ်ပေသည်။ ဤမှာဘက်တွင် ကိုလိုနီတပိုင်းနိုင်ငံများမှာ ‘အလယ်ဆင့်’၏ စံကျသော ဥပမာပင် ဖြစ်သည်။ ကျန်ကမ္ဘာတခုလုံးအား ခွဲဝေယူပြီးပြီဖြစ်သည့် ဘဏ္ဍာအရင်းလက်ထက်တွင် ဤတပိုင်းလွတ်လပ်သော နိုင်ငံများအတွက် တိုက်ပွဲ အထူးပြင်း ထန်လာသည်မှာ သဘာဝကျလှသည်။

ကိုလိုနီပေါ်လစီနှင့်နယ်ချဲ့ဝါဒတို့မှာ ဤအရင်းရှင်စနစ်၏ နောက်ဆုံးအဆင့် မတိုင်မီကပင် တည်ရှိခဲ့သည်။ အရင်းရှင်စနစ် မတိုင်မီကပင် တည်ရှိခဲ့သည်။ ကျေးကျွန်စနစ်ပေါ်တွင် တည်ထောင်ခဲ့သော ရောမနိုင်ငံသည် ကိုလိုနီပေါ်လစီ ကျင့်သုံးပြီး နယ်ချဲ့ဝါဒအတိုင်း အကောင်အထည်ဖော်ခဲ့သည်။ သို့သော် လူမှုစီးပွားရေးစနစ်များအကြား အခြေခံခြားနားချက်ကို လျစ်လျူရှုသော သို့မဟုတ် နောက်တန်းသို့ပို့ပစ်သော နယ်ချဲ့စနစ်နှင့်ပတ်သက်သည့် ‘ယေဘုယျ’ကျသော ကျမ်းပြုချက်များမှာ ‘မဟာရောမနှင့်မဟာဗြိတိန်’ ဟူသည့် နှိုင်းယှဉ်ချက်များကဲ့သို့သော ထိရောက်မှုမရှိဆုံး အပေါစားစာပေ သို့မဟုတ် လေပန်းမှုများအဖြစ်သို့ မလွဲမသွေ ကျဆင်းသွားတော့သည်။ အရင်းရှင်စနစ်ရဲ့ ရှေ့ပိုင်းအဆင့်များ၏ အရင်းရှင်ကိုလိုနီ ပေါ်လစီသည်ပင်လျှင် ဘဏ္ဍာအရင်း၏ကိုလိုနီပေါ်လစီနှင့် အနှစ်သာရအရ ခြားနားပေသည်။ အရင်းရှင်စနစ် နောက်ဆုံးအဆင့်၏ အဓိကလက္ခဏာမှာ အရင်းရှင်ကြီးများရဲ့ လက်ဝါးကြီးအုပ် ကွန်ဘိုင်းများ စိုးမိုးမှုပင်ဖြစ်သည်။ ကုန်ကြမ်းရေသောက်မြစ်များအား အစုတစုက အုပ်စီးမိသောအခါ ဤလက်ဝါးကြီးအုပ် အဖွဲ့အစည်းများမှာ အမြဲမြံဆုံး တည်ထောင်ပြီးပြီဖြစ်ပြီး နိုင်ငံတကာ အရင်းရှင်ကွန်ဘိုင်းများသည် သံတွင်းများ၊ ရေနံတွင်းများ

စသည်တို့ကို ဝယ်ပစ်ကာ ၎င်းတို့၏ပြိုင်ဘက်များအနေဖြင့် ၎င်းတို့ကို မယှဉ်ပြိုင်နိုင်ရန် မည်မျှ သဲကြီးမဲကြီး ကြိုးပမ်းကြကြောင်း တွေ့မြင်ခဲ့ကြပေပြီ။ လက်ဝါးကြီးအုပ်အဖွဲ့အစည်းများအား ကိုလိုနီပိုင်ဆိုင်မှုကသာလျှင် ပြိုင်ပွဲများနှင့်တိုက်ပွဲတွင် မရေရာမှုများဘေးရန်မှ လုံးဝအာမခံချက်ပေးနိုင်ပေသည်။ ဤမရေမရာမှုတွင် ပြိုင်ဘက်များက နိုင်ငံတော်လက်ဝါးကြီးအုပ်စနစ် ထူထောင်သည့်ဥပဒေ ကြေညာပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့်လူမျိုးလည်း ပါဝင်သည်။ အရင်းရှင်စနစ် ပိုမိုဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်ကြမ်းပြတ်လပ်မှုများ ပိုမိုသိသာလာသည်။ ကမ္ဘာတခုလုံးတွင် ကုန်ကြမ်းအရင်းအမြစ်များအတွက် ယှဉ်ပြိုင်မှုနှင့် ရှာဖွေမှု ပိုမိုသည်းသန်လာသည်။ ကိုလို နီများရရှိရန် တိုက်ပွဲလည်း ပိုမို သွေးရူးသွေးတန်း နိုင်လာပေသည်။

ရှီလ်ဒါက ‘အချို့လူများအတွက် ရှေ့နောက်မညီဟု ထင်မှတ်စရာ ရှိနိုင်သော်လည်း အနည်းနှင့် အများဆိုသလို မျှော်မှန်းနိုင်သော ရှေ့အနာဂတ်တွင် မြို့ပြနှင့်စက်မှု လူဦးရေကြီးထွားမှုမှာ စားနပ်ရိက္ခာ ပြတ်လပ်မှုထက် ကုန်ကြမ်းပြတ်လပ်မှုက အတားအဆီးပြုမည့်သဘော ရှိနေပေသည်’ ဟုရေးသားခဲ့သည်။ ဥပမာအားဖြင့် ဈေးနှုန်း တတိတိတက်နေသော သစ်၊ သားရေနှင့် အထည်အလိပ်လုပ်ငန်းအတွက် ကုန်ကြမ်းများမှာ ပို၍ပို၍ပြတ်လပ်လာနေသည်။‘စက်ရုံပိုင်ရှင်များအသင်းတို့သည် ကမ္ဘာ့စီးပွားရေးတခုလုံးတွင် လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းတို့အကြား ညီမျှရန် ကြိုးပမ်းလျက်ရှိပေသည်။ ဤအတွက် ဥပမာအနေဖြင့် ပြောရလျှင် အရေးပါဆုံးစက်မှုနိုင်ငံများ အများအပြားတွင် ၁၉၀၄ ခုနှစ်၌ တည်ထောင်ခဲ့သည့် ရက်လုပ်သူများအသင်း၊ နိုင်ငံတကာအဖွဲ့ချုပ်နှင့် ယင်းပုံစံအတိုင်း ၁၉၁၀ ခုနှစ်တွင် တည်ထောင်ခဲ့သော ဥရောပ လျှော်မျှင် ရက်လုပ်သူများအသင်း ဥရောပအဖွဲ့ချုပ်တို့ ဖြစ်သည်။’*

ခေတ်ရှင်ပြုပြင်ရေးသမားများနှင့် အထူးသဖြင့် ၎င်းတို့အထဲမှ ယနေ့ခေတ် ကောက်စကီ နောက်လိုက်များသည် ‘တန်ဖိုးကြီးပြီး အန္တရာယ်များသော’ ကိုလိုနီပေါ်လစီကို မကျင့်သုံးဘဲ ဖြောင်ဈေးကွက်တွင် ကုန်ကြမ်းများ ရရှိ‘နိုင်လိမ့်မည်’ဟု အကြောင်းပြကာ အထက်တွင်ဆိုခဲ့သော အချက်မျိုးများ၏အရေးပါမှုကို သေးသိမ်အောင် လုပ်ကြသည်။ နောက်ပြီး လယ်ယာလုပ်ငန်း၏အခြေအနေ အထွေထွေကို ကောင်းမွန်အောင် လုပ်ရုံ‘မျှ’ဖြင့် ကုန်ကြမ်းရရှိမှုကို ရောမအတိုင်းအတာအထိ တိုးချဲ့နိုင်သည်ဟု ဆိုကြသည်။ သို့သော် ဤသို့သော အကြောင်းပြချက်များမှာ နယ်ချဲ့စနစ်အတွက် လျှောက်လဲချက်၊ အမွှမ်းတင်ရန် ကြိုးပမ်းချက်သာ ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့သည် နယ်ချဲ့စနစ်နောက်ဆုံးအဆင့်၏ အဓိကလက္ခဏာဖြစ်သည့် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများကို ဥပေက္ခာပြုသောကြောင့် ဖြစ်သည်။ လွတ်လပ်သည့် ဈေးကွက်များဆိုသည်မှာ အတိတ်ကအရာ ဖြစ်သထက်ဖြစ်လာပေပြီ။ လက်ဝါးကြီးအုပ် ဆင်ဒီကိတ်နှင့်ထရပ်စ်များသည် ၎င်းတို့အား ကန့်သတ်သထက်ကန့်သတ်လာနေသည်။ နောက်ပြီး လယ်ယာလုပ်ငန်းအခြေအနေများ ပိုမိုကောင်းမွန်အောင်လုပ်ရုံ‘မျှ’ဆိုသည်မှာ လစာတိုးမြှင့်ခြင်း၊ အမြတ်လျှော့ချခြင်း စသည့် လူထု၏ဘဝအား ပိုမိုကောင်းမွန်အောင်လုပ်ခြင်း မည်ပေသည်။ ကိုလိုနီသိမ်းပိုက်ရေးထက် လူထု၏အခြေအနေကို ပိုမို စိတ်ဝင်စားသော ထရပ်စ်များဆိုသည်မှာ စိတ်ကူးယဉ်သော ပြုပြင်ရေးသမား၏စိတ်ကူးများထဲမှလွဲလျှင် အဘယ်မှာများ ရှိနိုင်ပါသနည်း။

ဘဏ္ဍာအရင်းသည် တွေ့ရှိပြီးသား ကုန်ကြမ်းအရင်းအမြစ်များကိုသာ စိတ်ဝင်စားသည်မဟုတ်။ အလားအလာရှိသော အရင်းအမြစ်များကိုလည်း စိတ်ဝင်စားပေသည်။ အကြောင်းမှာ ယနေ့ခေတ် နည်းပညာဖြစ်ပေါ်တိုးပွားမှုမှာ မြန်ဆန်လှသောကြောင့်ဖြစ်သည်။ ယနေ့ အသုံးမကျသောမြေများအား နက်ဖြန်တွင် နည်းနာသစ်များ အသုံးပြုခြင်းဖြင့် (ဤနည်းနာသစ်များအသုံးပြုနိုင်ရန်အတွက် ဘဏ်ကြီးတခုသည် အင်ဂျင်

---

၀* ရှီလ်ဒါ ။ ရှေ့တွင် ကိုးကားခဲ့ပြီးသောစာအုပ်စာမျက်နှာ ၃၈–၄၂

နီယာများ၊ လယ်ယာပါရဂူများစသည်တို့ ပါဝင်သည့် အထူးအဖွဲ့တဖွဲ့ ပို့ပေးနိုင်သည်။) မြေကောင်းများ ဖြစ်သွားစေနိုင်သည်။ ဤသည် ဓာတ်သတ္တု ရှာဖွေမှု၊ ကုန်ကြမ်းများအား ရှာဖွေမှုနှင့် အသုံးချမှု စသည့်စသည့် နယ်ပယ်များနှင့်လည်း သက်ဆိုင်သည်။ ထို့ကြောင့် ဘဏ္ဍာအရင်းသည် ၎င်း၏စီးပွားရေးနယ်ပယ် ယေဘုယျနယ်ကိုပင် မုချမသွေ တိုးချဲ့တော့သည်။ ထရပ်စ်များအနေဖြင့် အမြတ်အလားအလာများ (လက်ရှိ မဟုတ်)နှင့် လက်ဝါးကြီးအုပ်မှု၏နောက်ထပ်ရလဒ်များကို ထည့်တွက်ပြီး ၎င်းတို့၏လုပ်ငန်းကို တန်ဖိုးထက် နှစ်ဆသုံးဆမျှ ရင်းနှီးမြှုပ်နှံသကဲ့သို့ပင် ဘဏ္ဍာအရင်းသည်လည်း နေရာတိုင်းတွင် ရှိသမျှနည်းနာဖြင့် အများဆုံးသောမြေတို့ကို လုယူရန် ကြိုးပမ်းသည်။ ထိုသို့ကြိုးပမ်းရာတွင် ကုန်ကြမ်းအရင်းအမြစ် အလားအလာများကိုလည်းကောင်း၊ မခွဲဝေရသေးသော နောက်ဆုံးနယ်မြေ အစအနအတွက် ပြင်းထန်လှသည့်တိုက်ပွဲတွင် နောက်မကျန်ရစ်ရန် သို့မဟုတ် ခွဲဝေပြီးသားများအား ထပ်မံခွဲဝေရေးကိုလည်းကောင်း ထည့်သွင်းစဉ်းစားခဲ့ကြသည်။ ဗြိတိသျှအရင်းရှင်များသည် ၎င်းတို့၏ကိုလိုနီ အီဂျစ်နိုင်ငံတွင် ဝါချည်စိုက်ပျိုးမှု တိုးတက်ရန် အစွမ်းကုန် အားထုတ်လျက်ရှိသည်။(၁၉ဝ၄ခုနှစ်တွင် စိုက်ပျိုးသည့်မြေဟက်တာ၂,၃ဝဝ,ဝဝဝအနက် ဟက်တာ ၆ဝဝ,ဝဝဝ သို့မဟုတ် လေးပုံတပုံကျော်ကို ဝါချည်စိုက်ပျိုးရန် အသုံးပြုခဲ့သည်။) ရုရှားတို့သည်လည်း ၎င်းတို့၏ကိုလိုနီ တာကစ္စတန်တွင် အလားတူပြုလုပ်လျက်ရှိသည်။ အကြောင်းမှာ ဤသို့လုပ်ခြင်းဖြင့် ပြည်ပ ပြိုင်ဘက်များကို ပိုမိုအနိုင်ရနိုင်မည်။ ကုန်ကြမ်းအရင်းအမြစ်များကို လက်ဝါးကြီးအုပ်နိုင်မည်။ နောက်ပြီး ဝါချည်ထုတ်လုပ်မှုနှင့်အသုံးချမှု ဖြစ်စဉ်အားလုံးကို 'ပေါင်းစည်း'ပြီး ပိုင်ရှင်တစု၏လက်ထဲတွင် စုစည်းထားနိုင်၊ ပိုမိုချောတာ၊ ပိုမိုအမြတ်ရရှိသည့် အထည်လုပ်ငန်းထရပ်စ်တခု တည်ထောင်နိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။

အရင်းအနှီးတင်ပို့မှုမှ အကျိုးစီးပွားများသည်လည်း ကိုလိုနီများ သိမ်းပိုက်မှုကို တွန်းအားဖြစ်စေသည်။ အကြောင်းမှာ လက်ဝါးကြီးအုပ်နည်းနာများ အသုံးပြုရန် (တခါတရံတွင် ဤနည်းတနည်းတည်းကိုသာ အသုံးပြုနိုင်သည်။) ပြိုင်ဆိုင်မှုကို ဖယ်ရှားရန် ကန်ထရိုက်များ အပိုင်ရရန်လိုအပ်သော 'အဆက်အသွယ်များ'ရရှိရန် စသည်တို့ အတွက် ကိုလိုနီဈေးကွက်များမှာ ပိုမိုလွယ်ကူသောကြောင့် ဖြစ်သည်။

ဘဏ္ဍာအရင်းအခြေခံပေါ်တွင် ကြီးထွားသော စီးပွားရေးမဟုတ်သည့် အထက်ထပ်အဆောက်အအုံ ၎င်း၏နိုင်ငံရေးနှင့်အတွေးအခေါ်တို့သည် ကိုလိုနီသိမ်းပိုက်ရန် စေ့ဆော်သည်။ ဟီလ်ဖာဒင်းက မှန်ကန်စွာ ပြောခဲ့သလိုပင် "ဘဏ္ဍာအရင်းသည် လွတ်လပ်ရေးကို လိုလားသည်မဟုတ်၊ စိုးမိုးမှုကို လိုလားပေသည်။" ပြင်သစ် ခေရှင်စာရေးသူတဦးက အထက်တွင် ကိုးကားခဲ့သော စီစီလ်ရိုဒ်စ်၏အယူအဆများကို တိုးပွားဖြည့်စွက်ကာ ခေတ်သစ်ကိုလိုနီဝါဒ၏ စီးပွားရေးအကြောင်းရင်းများတွင် လူမှုရေးအကြောင်းရင်းများကိုလည်း ထပ်ဖြည့်ရမည်ဟု ရေးသားခဲ့သည်။ "အလုပ်သမားထုအပေါ်မှာသာမက အလတ်တန်းစားများ အပေါ်မှာပါ ဖိစီးနေသော ဘဝအရှုပ်အထွေးနှင့် အခက်အခဲများ တိုးများလာမှုကြောင့် ယဉ်ကျေးမှုဟောင်း နိုင်ငံအားလုံးတွင် သည်းမခံမှု၊စိတ်တိုမှုနှင့်မုန်းတီးမှုများ စုပုံလာနေပြီး လူ့အဖွဲ့အစည်းအား အန္တရာယ်ပေးသည်ထက် ပေးလာနေသည်။ ကိုယ့်အိမ်တွင်းမှပေါက်ကွဲမှုကို လမ်းလွှဲပစ်ရန်အတွက် တိကျသောလူတန်းစား လမ်းကြောင်းအတိုင်း ထွက်လာသောခွန်အားကို ပြည်ပတွင် အလုပ်အကိုင်ရှာပေးရမည်။"*

ကျွန်ုပ်တို့အနေဖြင့် အရင်းရှင်နယ်ချဲ့စနစ်အဆင့်ရှိ ကိုလိုနီဝါဒအကြောင်း ပြောနေကြသည်ဖြစ်ရာ ကမ္ဘာကြီးအား စီးပွားရေးနှင့်နိုင်ငံရေးအရ ခွဲဝေရေးအတွက် အင်အားကြီးနိုင်ငံများ၏တိုက်ပွဲအဖြစ်သို့ ရောက်သွားစေသော ဘဏ္ဍာအရင်းနှင့် ၎င်း၏ သက်ဆိုင်ရာနိုင်ငံခြားရေးဝါဒတို့သည် နိုင်ငံတော်မှီခိုမှု စပ်ကူးမပ်ကူးသဏ္ဍာန် အတော်များများ ဖြစ်စေသည်ဆိုခြင်းကို သတိပြုရမည်။ ဤခေတ်၏ စံကျသော အချက်မှာ ကိုလိုနီပိုင်ဆိုင်သူနှင့် ကိုလိုနီများဟူသော အဓိကနိုင်ငံအုပ်စု နှစ်စုတည်းသာမကဘဲ တရားဝင်အားဖြင့် လွတ်လပ်သော်လည်း တကယ်တွင် ဘဏ္ဍာရေးအရနှင့် သံတမန်ရေးအရ မှီခိုမှု ပိုက်ကွန်ထဲတွင် ငြိထွေးနေ

* ဟင်နရီ ရှဆီယာ **(Henri Russier)** ရေး အိုရှင်းနီးယားဒေသအား ခွဲဝေယူခြင်း၊ စာအုပ်ထဲ၌ကိုးကားခဲ့သည့် ဝေါလ် **(Wahl)** ရေး ကိုလိုနီများရှိ ပြင်သစ် နိုင်ငံဆောင်းပါး၊ ပဲရစ်။ ၁၉ဝ၅ ၊စာမျက်နှာ ၁၆၅။

သည့် မိုခိုသူနိုင်ငံ သဏ္ဍာန်အမျိုးမျိုးတို့လည်း ပါရှိသည်။ ကိုလိုနီတပိုင်းဆိုသော မှီခိုမှုသဏ္ဍာန်တမျိုးကို အထက်တွင် ညွှန်းဆိုခဲ့ပြီးပေပြီ။ အခြားသဏ္ဍာန် ဥပမာတခုမှာ အာဂျင်တီးနား ဖြစ်သည်။

ရှုလ်ဇ်ဂဗားနဗ္ဗ်က ဗြိတိသျှအရင်းရှင်စနစ်နှင့်ပတ်သက်သော သူ၏စာအုပ်ထဲ၌ 'တောင်အမေရိက၊ အထူးသဖြင့် အာဂျင်တီးနားနိုင်ငံသည် လန်ဒန်အပေါ်တွင် ဘဏ္ဍာရေးအရ မှီခိုလိုက်ရသမှ ယင်းကို ဗြိတိသျှ၏ ကူးသန်းရောင်းဝယ်ရေး ကိုလိုနီဟူ၍သာ ခေါ်ဆိုထိုက်တော့သည်။'* ဟု ရေးသားခဲ့သည်။ ပြူနိုအေရီမြို့ရှိ ဩစတြီးယား၊ ဟန်ဂေရီ ကောင်စစ်ဝန်ရုံး၏ ၁၉၀၉ ခုနှစ်အတွက် အစီရင်ခံစာအပေါ်တွင် အခြေခံကာ ရှီလ်ခါက အာဂျင်တီးနားတွင် မြှုပ်နှံထားသော ဗြိတိသျှအရင်းအနှီးတန်ဖိုးမှာ ဖရန့်ငွေ ၈,၇၅၀,၀၀၀,၀၀၀ ဟု ခန့်မှန်းခဲ့သည်။ ဗြိတိသျှဘဏ္ဍာအရင်းအနေဖြင့် (၎င်း၏သစ္စာရှိသော 'မိတ်ဆွေ'ဖြစ်သူ သံတမန်ရေးနှင့်အတူ) အာဂျင်တီးနား ဓနရှင်လူတန်းစား၊တိုင်းပြည်၏ စီးပွားရေးနှင့်နိုင်ငံရေး ဘဝတခုလုံးကို ချုပ်ကိုင်သည့် အဝန်းအဝိုင်းများနှင့် မည်သို့သော ခိုင်မြဲသည့် အဆက်အသွယ်များ ရှိမည်ဆိုသည်မှာ စဉ်းစားရမခက်ပေ။

နိုင်ငံရေးလွတ်လပ်မှု တွဲဖက်ထားသော ဘဏ္ဍာရေးနှင့် သံတမန်ရေးအရ မှီခိုရမှုတွင် တစုံတရာ မတူညီသည့် သဏ္ဍာန်တမျိုးမှာ ပေါ်တူဂီနိုင်ငံပင်ဖြစ်သည်။ ပေါ်တူဂီနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်တခု ဖြစ်သော်လည်း စပိန်ဆက်ခံမှုစစ်ပွဲ (၁၇၀၁–၁၄ ခုနှစ်) မှစပြီး ဗြိတိသျှ အစောင့်အရှောက်ခံ နိုင်ငံတခု ဖြစ်နေခဲ့သည်။ ဗြိတိန်သည် သူ၏ပြိုင်ဘက်များဖြစ်သည့် စပိန်၊ ပြင်သစ်တို့နှင့် တိုက်ခိုက်ရာတွင် ကိုယ့်အနေအထားကို ခိုင်မာစေရန်အတွက် ပေါ်တူဂီနိုင်ငံနှင့်သူ၏ကိုလိုနီများကို ကာကွယ်ခဲ့သည်။ အတုံ့အလှယ်အားဖြင့် ဗြိတိန်သည် ကူးသန်းရောင်းဝယ်ရေး အခွင့်ထူးများ ပေါ်တူဂီနိုင်ငံနှင့် ပေါ်တူဂီကိုလိုနီများသို့ သွင်းကုန်ပို့ခွင့် အထူးသဖြင့် အရင်းအနှီး တင်သွင်းရန် ဦးစားပေးအစီအစဉ်များ၊ ပေါ်တူဂီကျွန်းများရှိ ဆိပ်ကမ်းများကို အသုံးပြုခွင့်၊ ပေါ်တူဂီကြေးနန်းလိုင်းများကို အသုံးပြုခွင့်စသည်များ ခံစားခဲ့ရသည်။** နိုင်ငံကြီးများနှင့် နိုင်ငံငယ်များအကြား ဤသို့သော ဆက်ဆံရေးမျိုးမှာ အမြဲပင် ရှိခဲ့သည်။ သို့သော် အရင်းရှင်နယ်ချဲ့စနစ်ခေတ်တွင်မူ ၎င်းတို့သည် ယေဘုယျစနစ်တခု ဖြစ်လာသည်။ 'ကမ္ဘာ ကြီးအား ခွဲဝေယူရေး' ဆက်ဆံမှုစုစုပေါင်းတွင် အစိတ်အပိုင်း၊ ကမ္ဘာ့ဘဏ္ဍာအရင်းလည်ပတ်မှု ချိန်းကြိုးတွင် ကွင်းဆက်များဖြစ်လာသည်။ ကမ္ဘာကြီးအား ခွဲယူမှုပြဿနာကိစ္စ အဆုံးသတ်ရန်အတွက် အောက်ပါဖြည့်စွက်လေ့လာချက်ကိုလည်း ထည့်သွင်းရပေမည်။ ဤပြဿနာနှင့်ပတ်သက်ပြီး စပိန် – အမေရိကန် စစ်ပွဲအပြီး အမေရိကန် စာပေ၊ ထို့နောက် အင်္ဂလိပ် ဘိုးဝါးစစ်ပွဲအပြီးနှင့် ၁၉ ရာစုနှစ်အကုန်ပိုင်းနဲ့ ၂၀ ရာစုနှစ် အစပိုင်း အင်္ဂလိပ်စာပေတို့တွင်သာ မေးခွန်းထုတ်ခဲ့သည်မဟုတ်ချေ။ ဤအချက်နှင့်ပတ်သက်ပြီး 'ဗြိတိသျှနယ်ချဲ့စနစ်'အား 'မနာလိုဝန်တိုမှု အများဆုံး'ဖြင့် စောင့်ကြည့်ခဲ့သည့် ဂျာမန်စာပေကသာ သုံးသပ်ခဲ့သည် မဟုတ်ချေ။ ပြင်သစ်ဓနရှင်စာပေတွင်လည်း ဓနရှင်ရှုထောင့်မှနေ၍ အတတ်နိုင်ဆုံး ကျယ်ပြန့်တိကျသော အသုံးအနှုန်းများဖြင့် ဤပြဿနာကို ဖော်ထုတ်ခဲ့သည်။ ၁၉ ရာစုနှစ်အကုန်ပိုင်း နိုင်ငံရေးနှင့်လူမှုရေး ပြဿနာများ စာအုပ်ထဲမှ 'အင်အားကြီးနိုင်ငံများနှင့် ကမ္ဘာကိုခွဲဝေယူမှု'ဆိုသောအခန်းတွင် အောက်ပါအတိုင်း ရေးထားသည့် သမိုင်းပညာရှင် ဒရီယော့လ် (J.E. Driault) ကို ကိုးကားသွားပါမည်။ 'ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း တရုတ်ပြည်မှတပါး ကမ္ဘာပေါ်ရှိ လွတ်လပ် သည့် နယ်မြေအားလုံးကို ဥရောပနှင့်မြောက်အမေရိကရှိ အင်အားများက သိမ်းပိုက်ခဲ့ကြလေပြီ။ ဤကိစ္စနှင့်ပတ် သက်ပြီး ပဋိပက္ခများနှင့် ဩဇာအဝန်းဝိုင်း ရွှေ့ပြောင်းမှုများလည်းပေါ်ပေါက်ခဲ့ပြီ။ ဤသည် မကြာတော့သည့် အနာ ဂတ်အတွင်း ကြောက်စရာ အုံကြွမှုကြီးများ ထပ်မံပေါ်ပေါက်နိုင်ကြောင်း ညွှန်ပြနေသည်။ တက်သုတ်ရိုက်မှ ဖြစ်မည်။ "ကိုယ့်အတွက်

---

***ရှုလ်ဇ် ဂဗားနဗ္ဗ်။ ၂၀ ရာစုနှစ် အစပိုင်း ဗြိတိသျှ နယ်ချဲ့စနစ်နှင့်အင်္ဂလိပ် လွတ်လပ်စွာ ကုန်သွယ်မှု။ လိုက်ပ်ဇစ် ၁၉၀၆ ခု စာမျက်နှာ ၃၈၁။ စာတိုးရီးယား ဝေါ်တာရှော်ဆင် (Sartorius v. Waltershausen) ကလည်း ပြင်ပ အရင်းအနှီးမြှုပ်နှံမှုများ၏ အမျိုးသား စီးပွားရေးစနစ်ထဲတွင် အလားတူ ရေးထားသည်။ ဘာလင်၊ ၁၉၀၇။ စာမျက်နှာ ၄၆။**

*** ရှီလ်ဒါ ။ အထက်တွင် ကိုးကားခဲ့သောစာအုပ် စာမျက်နှာ ၁၆၀– ၆၁**

မရသေးသော နိုင်ငံများအနေဖြင့် ဝေစုမရလိုက်ခြင်း၊ လာမည့်ရာစုနှစ် (၂၀ ရာစုနှစ်)၏ အရေးပါဆုံး လက္ခဏာတခု ဖြစ်လာမည့် ကမ္ဘာကြီးအား အကြီးအကျယ် သွေးစုပ်ပွဲကြီးတွင် မပါလိုက်ရခြင်းများ ဖြစ်သွားနိုင်ပေသည်။ ထို့ကြောင့်လည်း ဥရောပတိုက်နှင့် အမေရိကတိုက်တခုလုံးသည် ကိုလိုနီတိုးချဲ့မှုနှင့် ၁၉ ရာစုနှစ်အကုန်ပိုင်း၏ မှတ်သားဖွယ်အကောင်းဆုံး လက္ခဏာဖြစ်သည့် 'နယ်ချဲ့ဝါဒ' ရောဂါတက်နေခြင်းဖြစ်သည်။" စာရေးသူက ဆက်လက်၍ 'ဤကမ္ဘာကြီးအား ခွဲဝေမှု၊ ကမ္ဘာပေါ်ရှိ ရတနာများနှင့်ဈေးကွက်ကြီးများကို အရူးအမူးရှာဖွေမှုတွင် ဤ ၁၉ ရာစုနှစ်အတွင်း တည်ထောင်ခဲ့သော ကေရာဇ်နိုင်ငံများ၏ အင်အားနှိုင်းယှဉ်ချက်မှာ ထိုဥရောပတိုက်ရှိ တည်ထောင်သူများ၏ အနေအထားနှင့် လုံးဝ အချိုးအစားမညီ ဖြစ်နေပေသည်။ ဥရောပတိုက်၏ကံကြမ္မာအား အဆုံးအဖြတ်ပေးသည့် လွှမ်းမိုးထားသည့် အင်အားကြီးနိုင်ငံများသည် ကမ္ဘာတခုလုံးတွင် အညီအမျှ လွှမ်းမိုးနေသည်မဟုတ်ချေ။ မတွက်ချက်ရသေးသောခနအား ထိန်းချုပ်ရန်ဟူသော မျှော်လင့်ချက်အရ ကိုလိုနီအင်အားကြီးများသည် ဥရောပအင်အားကြီးများ၏ နှိုင်းယှဉ်ချက်စွမ်းအား အပေါ်တွင် မုချပင် အကျိုးသက်ရောက်ပေလိမ့်မည်။ ဥရောပတိုက်၏ နိုင်ငံရေးအခြေအနေများအား ကိုယ်တိုင်ပြုပြင်ပြောင်းလဲခဲ့သော ကိုလိုနီပြဿနာဖြစ်သည့် 'နယ်ချဲ့ဝါဒ' သည် ယင်းအခြေအနေများကို ပို၍ ပြုပြင်ပြောင်းလဲပေလိမ့်ဦးမည်။

## (၇) အရင်းရှင်စနစ်၏ အထူးအဆင့်ဖြစ်သော နယ်ချဲ့စနစ်

အရင်းရှင်စနစ်အကြောင်းနှင့်ပတ်သက်ပြီး အထက်တွင်ဆိုခဲ့ပြီးသည်တို့ကို ပြန်လည်ပေါင်းချုပ်ကြရပေမည်။ နယ်ချဲ့စနစ်သည် ယေဘုယျအားဖြင့် အရင်းရှင်စနစ်၏ အခြေခံဝိသေသလက္ခဏာများ ဖြစ်ပေါ်တိုးပွားမှုနှင့် တိုက်ရိုက်အဆက်အဖြစ် ပေါ်ထွက်လာခြင်းဖြစ်စသည်။ သို့သော် အရင်းရှင်စနစ်သည် ဖြစ်ပေါ်တိုးပွားမှု အလွန်မြင့်သည့် အဆင့်ဖြစ်သော တိကျသည့်အဆင့်တဆင့်တွင်မှ အရင်းရှင်နယ်ချဲ့စနစ် ဖြစ်လာသည်။ ထိုအဆင့်မှာ ၎င်း၏ အချို့သောအခြေခံဝိသေသလက္ခဏာများက ဆန့်ကျင်ဘက်သို့ ပြောင်းလဲစပြုသည့်အချိန်၊ အရင်းရှင်စနစ်သည် ပိုမြင့်သော လူမှုရေးနှင့်နိုင်ငံရေးစနစ်သို့ ပြောင်းလဲသည့်ကာလမှာ ပုံပေါ်လာပြီး ထိုလမ်းကြောင်းအတိုင်း ဖော်ပြလာသောအချိန်ဖြစ်သည်။ စီးပွားရေးအရဆိုလျှင် ဤဖြစ်စဉ်အတွင်း အဓိကကိစ္စမှာ အရင်းရှင် လွတ်လပ်စွာပြိုင်ဆိုင်မှုအား အရင်းရှင် လက်ဝါးကြီးအုပ်စနစ်က အစားထိုးခြင်းဖြစ်သည်။ လွတ်လပ်စွာပြိုင်ဆိုင်မှုသည် အရင်းရှင်စနစ်နှင့် ယေဘုယျအားဖြင့် ကုန်စည်ထုတ်လုပ်မှု၏ အခြေခံဝိသေသလက္ခဏာ ဖြစ်သည်။ လက်ဝါးကြီးအုပ်စနစ်မှာ လွတ်လပ်စွာပြိုင်ဆိုင်မှု၏ တိုက်ရိုက်ဆန့်ကျင်ဘက်ပင်။ သို့သော် ကျွန်ုပ်တို့၏မျက်စိအောက်မှာပင် လွတ်လပ်စွာပြိုင်ဆိုင်မှုမှာ လက်ဝါးကြီးအုပ်စနစ်အဖြစ်သို့ ပြောင်းလဲသွားသည်ကို တွေ့ကြရသည်။ စက်မှုလုပ်ငန်းအသေးစားများကို ဖယ်ထုတ်ပြီး အကြီးစားစက်မှုလုပ်ငန်းများဖြင့် အစားထိုးသည်။ အကြီးစားစက်မှုလုပ်ငန်းအား ပို၍ကြီးမားသော စက်မှုလုပ်ငန်းဖြင့် အစားထိုးသည်။ ဤဖြစ်စဉ်တွင် ထုတ်လုပ်မှုနှင့် အရင်းစုပြုံခြင်းကို ကာတယ်၊ ဆင်ဒီကိတ်၊ ထရပ်စ်ဆိုသည့် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများ ပေါ်ထွက်လာသည်အထိ ပြုလုပ်ခဲ့ပြီး ၎င်းတို့က ငွေကုဋေ ရာပေါင်းများစွာနှင့် လုပ်ကိုင်သည့် ဘဏ်ကြီးတဒါဇင်နှင့် ပူးပေါင်းခဲ့သည်။ တချိန်တည်းတွင် လွတ်လပ်စွာ ပြိုင်ဆိုင်မှုမှ ပေါ်ထွက်လာသော လက်ဝါးကြီးအုပ်မှုသည် လွတ်လပ်စွာပြိုင်ဆိုင်မှုကို ဖျက်သိမ်းမပစ်ဘဲ ဘေးချင်းယှဉ် တည်ရှိခဲ့သည်။ သို့ဖြင့် အင်မတန် ပြင်းထန်သည်းသန်သော ပဋိပက္ခ၊ ပွတ်တိုက်မှုနှင့် အချင်းပွားမှုများ ဖြစ်ပေါ်စေခဲ့သည်။ လက်ဝါးကြီးအုပ်မှုသည် အရင်းရှင်စနစ်မှ ပိုမိုမြင့်မားသောစနစ်သို့ ကူးပြောင်းခြင်း ဖြစ်သည်။

နယ်ချဲ့စနစ်အား အတိုဆုံးဖွင့်ဆိုရမည်ဆိုလျှင် နယ်ချဲ့စနစ်သည် အရင်းရှင်စနစ်၏ လက်ဝါးကြီးအုပ်စနစ်ဟု ဆိုရမည်ဖြစ်သည်။ ဤသို့သောဖွင့်ဆိုချက်တွင် အရေးအကြီးဆုံးအချက် ပါဝင်ပြီးဖြစ်သည်။ အကြောင်းမှာ တဖက်တွင် ဘဏ္ဍာအရင်းမှာ စက်မှုလုပ်ငန်းရှင် လက်ဝါးကြီးအုပ်ကွန်ဘိုင်းကြီးများ၏ အရင်းနှင့် ပူးပေါင်းထားသော အင်မတန်ကြီးမားသည့် လက်ဝါးကြီးအုပ်ဘဏ်ကြီးအနည်းငယ်၏ ဘဏ်အရင်းဖြစ်သောကြောင့် ဖြစ်သည်။ အခြားတဖက်တွင် ကမ္ဘာကြီးအား ခွဲဝေယူမှုမှာ မည်သည့်အရင်းရှင် အင်အားကြီးကမှ မလုယူရသေးသည့် နယ်မြေများဆီသို့ အတားအဆီးမရှိ တိုးချဲ့သွားသော ကိုလိုနီပေါ်လစီ၊ ကမ္ဘာကြီးအား လုံးဝခွဲဝေယူပြီးတဲ့အထိ လက်ဝါးကြီးအုပ်နယ်မြေပိုင်ဆိုင်သည့် ကိုလိုနီပေါ်လစီပင် ဖြစ်သောကြောင့်ဖြစ်သည်။

သို့သော် အင်မတန်တိုသောဖွင့်ဆိုချက်ဆိုသည်မှာ အဓိကအချက်များကို ပေါင်းရုံးထားခြင်းဖြစ်သဖြင့် အဆင်ပြေလွယ်ကူသည်မှန်သော်လည်း နိယာမတရား၏ ဖော်ပြရမည့် အင်မတန်အရေးကြီးသော လက္ခဏာများမှာ အထူးပြုကောက်ချက်ဆွဲရခြင်းဖြစ်သဖြင့် မည်သို့မျှမပြည့်စုံနိုင်ပေ။ ထို့ကြောင့် နိယာမတရားတခု၏ ဖြစ်ပေါ်တိုးပွားမှုကို ဆက်စပ်မှုအားလုံးနှင့်အတူ အပြည့်အစုံအတိုင်း လွှမ်းခြုံနိုင်စွမ်းမရှိသဖြင့် ဖွင့်ဆိုချက်အားလုံးမှာ ယေဘုယျအားဖြင့် အခြေအနေအပေါ် မူတည်သည်။ နှိုင်းယှဉ်ချက်တန်ဖိုးသာ ရှိသည်ဆိုသည့်အချက်ကို မမေ့ဘဲ အရင်းရှင်စနစ်နှင့်ပတ်သက်ပြီး အောက်ပါ အခြေခံလက္ခဏာ ၅ ခုပါရှိသည့် ဖွင့်ဆိုချက်ကို တင်ပြရပေမည်။

၁။ ထုတ်လုပ်မှုနှင့်အရင်း၏စုစည်းမှုမှာ စီးပွားရေးဘဝတွင် အဆုံးအဖြတ်အခန်းက ပါဝင်သော လက်ဝါးကြီးအုပ်အဖွဲ့အစည်းများအား ဖန်တီးသည့် မြင့်မားသောအဆင့်အထိ ဖြစ်ပေါ်တိုးပွားလာခဲ့ခြင်း။

၂။ ဘဏ်အရင်းနှင့်စက်မှုအရင်းတို့ ပူးပေါင်းခြင်းနှင့် ဤ'ဘဏ္ဍာအရင်း'အခြေခံပေါ်တွင် ဘဏ္ဍာအရင်သခင်စနစ် ပေါ်ထွက်လာခြင်း။

၃။ ကုန်စည်တင်ပို့မှုနှင့် မတူခြားနားသည့် အရင်းတင်ပို့မှုမှာ ထူးထူးခြားခြား အရေးပါလာခြင်း။

၄။ ကမ္ဘာကြီးအား ၎င်းတို့အချင်းချင်း ခွဲဝေယူကြသည့် နိုင်ငံတကာလက်ဝါးကြီးအုပ် အရင်းရှင်ကွန်ဘိုင်းကြီးများ ဖွဲ့စည်းလာခြင်း။

၅။ အကြီးဆုံး အရင်းရှင်အင်အားကြီး နိုင်ငံများအကြား ကမ္ဘာကြီးအား ခွဲဝေယူမှုပြီးဆုံးသွားခြင်း။

တို့ဖြစ်သည်။

နယ်ချဲ့စနစ်ဆိုသည်မှာ လက်ဝါးကြီးအုပ်အဖွဲ့အစည်းများနှင့် ဘဏ္ဍာအရင်းတို့၏ လွှမ်းမိုးမှုကို ၎င်းတို့ဘာသာ တည်ထောင်ပြီးသော၊ အရင်းတင်ပို့မှုမှာ ထူးခြားစွာ အရေးပါလာသော၊ နိုင်ငံတကာ ထရပ်စ်များအကြား ကမ္ဘာကြီးအားခွဲဝေယူမှု စတင်သော၊ အကြီးဆုံးအရင်းရှင်အင်အားကြီးနိုင်ငံများအကြား ကမ္ဘာကြီးအား နယ်မြေအရ ခွဲဝေမှု ပြီးဆုံးသွားသော အရင်းရှင်စနစ်၏ ဖြစ်ပေါ်တိုးပွားမှုအဆင့်ပင် ဖြစ်သည်။

အရင်းရှင်စနစ်အား ဖွင့်ဆိုရာတွင် အထက်ပါဖွင့်ဆိုချက်၌ ကန့်သတ်ထားသော အခြေခံစီးပွားရေးသဘောတရားသက်သက်အရသာမကဘဲ မတူခြားနားစွာ ဖွင့်ဆိုနိုင်၊ ဖွင့်ဆိုသင့်ကြောင်း ရှေ့တွင် တွေ့ရပါလိမ့်မည်။ ယင်းမှာ အထွေထွေအရင်းရှင်စနစ်နှင့် ဆက်စပ်နေသော ဤအဆင့်အရင်းရှင်စနစ်၏ သမိုင်းရေးရာ အခန်းကဏ္ဍ သို့မဟုတ် နယ်ချဲ့စနစ်နှင့် အလုပ်သမားလှုပ်ရှားမှုအတွင်းရှိ အဓိကအယူအဆ နှစ်ရပ်တို့အကြား ဆက်စပ်မှုတို့ပင်ဖြစ်သည်။ ဤနေရာတွင် သတိပြုအပ်သည်မှာ အထက်တွင် အဓိပ္ပာယ်ဖွင့်သည့်အတိုင်းဆိုလျှင် နယ်ချဲ့စနစ်မှာ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှု၏ အထူးအဆင့်ကို ကိုယ်စားပြုသည်ဆိုသောအချက်ပင် ဖြစ်သည်။ စာဖတ်သူအနေဖြင့် အရင်းရှင်စနစ်နှင့်ပတ်သက်ပြီး အတတ်နိုင်ဆုံး ခိုင်လုံသည့်အယူအဆများ ရရှိစေရန်အတွက် အရင်းရှင်စီးပွားရေးစနစ်၏ အထူးအဆင့်နှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ရာ မရှိသောအချက်များအား ဝန်ခံရသည့် ဓနရှင်ဘောဂဗေဒသမားများအား ကိုးကားရန် တမင်ကြိုးစားခဲ့သည်။ အလားတူရည်ရွယ်ချက်ဖြင့်ပင် ဘဏ်အရင်းစသည်တို့မှာ မည်သည့်အဆင့်အထိ ကြီးထွားလာပြီဖြစ်ကြောင်း၊ အရင်းရှင်စနစ်အနေဖြင့် နယ်ချဲ့စနစ်ဆီသို့ မည်သည့်အရေအတွက်မှ အရည်အချင်းပြောင်းလဲမှုဖြင့် ပြောင်းလဲခဲ့ကြောင်း မြင်နိုင်ရန် အသေးစိတ်စာရင်းဇယားများကို ကိုးကားခဲ့ပါသည်။ အမှန်ပင် သဘာဝလောကနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ နယ်နိမိတ်သတ်မှတ်ချက်မှန်သမျှမှာ အခြေအနေပေါ်မူတည်သည်။ ပြောင်းလဲနိုင်သည်ဆိုခြင်းကို ဥပမာအားဖြင့် နယ်ချဲ့စနစ်အား 'အတိအကျအားဖြင့်' မည်သည့်သက္ကရာဇ် မည်သည့်ဆယ်စုနှစ်တွင် ထူထောင်သည်ဆိုခြင်းကို ငြင်းခုံနေရန်မှာ အဓိပ္ပာယ်မရှိကြောင်း ပြောနေစရာမလိုချေ။

သို့သော် အရင်းရှင်စနစ်အား ဖွင့်ဆိုရာတွင်မူ ကျွန်ုပ်တို့အနေဖြင့် အငြင်းပွားရတော့သည်။ အဓိကအားဖြင့် ၁၈၈၉ ခုနှစ်မှ ၁၉၁၄ ခုနှစ်အထိ ၂၅ နှစ်မျှသော ဒုတိယအင်တာနေရှင်နယ်ဆိုသည့်ခေတ်၏ အဓိကမာ့က်စ်ဝါဒ သဘောတရားဆရာဖြစ်သူ ကောက်စကီးနှင့် ငြင်းရခြင်း ဖြစ်သည်။ နယ်ချဲ့စနစ်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏ဖွင့်ဆိုချက်တွင် ဖော်ပြခဲ့သည့် အခြေခံအယူအဆများအား ကောက်စကီက ၁၉၁၅ ခုနှစ်တွင် ပြတ်ပြတ်သားသား တိုက်ခိုက်ခဲ့သည်။ ၁၉၁၄ ခုနှစ်မှာပင် သူက နယ်ချဲ့စနစ်အား စီးပွားရေး 'ခုလတ်'တခု သို့မဟုတ် အဆင့်တဆင့်ဟု သဘောမထားဘဲ ဘဏ္ဍာအရင်းက 'ရွေးချယ်ခဲ့'သည့် မူဝါဒတရပ်၊ တိကျသည့် မူဝါဒတရပ်ဟု သဘောထားသင့်ကြောင်း၊ နယ်ချဲ့စနစ်အား 'ယနေ့ခေတ်အရင်းရှင်စနစ်'ဟု 'ပုံဖော်ခြင်း' မပြုသင့်ကြောင်း၊ နယ်ချဲ့စနစ်မှာ 'ယနေ့ခေတ် အရင်းရှင်စနစ်၏ နိယာမတရားအားလုံး'ဖြစ်သော ကာတယ်များ၊ ကိုယ်ကျိုးစီးပွားကာကွယ်မှု၊ ဘဏ္ဍာချုပ်ကိုင်သူများ၏ လွှမ်းမိုးမှုနှင့် ကိုလိုနီဝါဒဟု အဓိပ္ပာယ်ပေါက်သည်ဟု နားလည်ခဲ့လျှင် နယ်ချဲ့စနစ်သည် အရင်းရှင်စနစ်အတွက် လိုအပ်သလားဟူသော မေးခွန်းမှာ

'အတိမ်ဆုံး စကားနိုင်လုခြင်း' သာ ဖြစ်သွားလိမ့်မည်ဖြစ်ကြောင်း၊ အကြောင်းမှာ ဤသို့သာဆိုပါက 'နယ်ချဲ့စနစ်မှာ သဘာဝကျစွာပင် အရင်းရှင်စနစ်အတွက် သေရေးရှင်ရေးတမျှ လိုအပ်ချက်တခု ဖြစ်နေကြောင်း' စသည်ဖြင့်ပြောခဲ့သည်။ ကောက်စကီ၏အယူအဆအား တင်ပြရန် အကောင်းဆုံးနည်းလမ်းမှာ ကျွန်ုပ်တို့ချမှတ်ခဲ့သော အယူအဆများ၏အနှစ်သာရနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသော နယ်ချဲ့စနစ်အပေါ် ကိုယ်တိုင်ဖွင့်ဆိုချက်အား ကိုးကားခြင်းပင်ဖြစ်သည်။ (အကြောင်းမှာ အလားတူအယူအဆမျိုးများကို နှစ်ပေါင်းများစွာကပင် ဖော်ထုတ်နေကြသည့် ဂျာမန်မာ့က်စ်ဝါဒအုပ်စုမှ ထွက်ပေါ်လာသော ဤကန့်ကွက်ချက်များမှာ မာ့က်စ်ဝါဒအတွင်းရှိ တိကျသော အယူအဆအစုတခုမှ ကန့်ကွက်ချက်များဖြစ်ကြောင်း ကောက်စကီအနေဖြင့် ကြာမြင့်စွာကတည်းကပင် သိရှိနေသောကြောင့်ပင်။ )

ကောက်စကီ၏ ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

'နယ်ချဲ့စနစ်ဆိုသည်မှာ အလွန်ဖွံ့ဖြိုးသော စက်မှုအရင်းရှင်စနစ်၏ ထုတ်လုပ်မှုတခု ဖြစ်သည်။ ဤစနစ်အရ စက်မှုအရင်းရှင်နိုင်ငံတိုင်းသည် ရေိယာ ပို၍ပို၍ ကျယ်ပြန့်သောလယ်ယာ နယ်မြေဒေသများအား မည်သည့်အမျိုးသားများနေထိုင်သည်ကို ဂရုမထားဘဲ မိမိ၏လက်အောက်၌ ချုပ်ကိုင်ရန် သို့မဟုတ် သိမ်းပိုက်ရန် လုံးပန်းရသည်။'* (ကောက်စကီမျဉ်းသားချက်ဖြစ်သည်။)

ဤဖွင့်ဆိုချက်မှာ တန်ဖိုးလုံးဝမရှိချေ။ အကြောင်းမှာ ၎င်းသည် အမျိုးသားရေးပြဿနာ (ဤကိစ္စမှာ သူ့ချည်းပင်လျှင် အလွန်အရေးကြီးပြီး နယ်ချဲ့စနစ်နှင့် ဆက်စပ်မှုတွင်လည်း အလွန်အရေးကြီးသည် မှန်သော်လည်း) တခုတည်းကို တဖက်သတ်၊ အရမ်းကာရော ဆွဲထုတ်တင်ပြလာခဲ့သည်။ ဤပြဿနာကို အခြားသော အမျိုးသားနိုင်ငံများအား သိမ်းပိုက်သည့်နိုင်ငံများရှိ စက်မှုအရင်းနှင့်သာ အရမ်းကာရော မတိကျစွာ ဆွဲစပ်ခဲ့သည်။ နောက်ပြီး အလားတူ အရမ်းကာရော မတိကျသော ပုံစံဖြင့်ပင် လယ်ယာဒေသများ လုယူမှုကို ရှေ့တန်းတင်လာခဲ့သည်။

ကောက်စကီ၏ဖွင့်ဆိုချက်ရဲ့ နိုင်ငံရေးအပိုင်းအရ နယ်ချဲ့စနစ်ဆိုသည်မှာ သိမ်းပိုက်ရန် ကြိုးစားမှုဟူ၍သာ အဓိပ္ပာယ်ထွက်သည်။ မှန်သည်။ သို့သော်အင်မတန်မှပင် မပြည့်စုံချေ။ အကြောင်းမှာ နယ်ချဲ့စနစ်သည် ယေဘုယျအားဖြင့် ရက်စက်ကြမ်းကြုတ်မှုနှင့်ဖောက်ပြန်မှုဆီသို့ ဦးတည်လုံးပန်းသောကြောင့် ဖြစ်သည်။ သို့သော် လောလောဆယ်တွင်မူ ကျွန်ုပ်တို့အနေဖြင့် ကောက်စကီကိုယ်တိုင်က သူ၏ ဖွင့်ဆိုချက်ထဲတွင် ထည့်သွင်းထားသော ဤပြဿနာ၏ စီးပွားရေးဘက်ကိုသာ စိတ်ဝင်စားပါသည်။ ကောက်စကီ၏ ဖွင့်ဆိုချက်တွင်ပါရှိသော မတိကျမှုများမှာ ထင်းနေသည်။ နယ်ချဲ့စနစ်၏ဝိသေသလက္ခဏာမှာ စက်မှုအရင်းမဟုတ်။ ဘဏ္ဍာအရင်းဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ဘဏ္ဍာအရင်း အလွန်အမင်း လျင်မြန်စွာဖွံ့ဖြိုးခြင်းနှင့် စက်မှုအရင်း အားနည်းသွားဖြင်းကြောင့်ပင် ၈၀ ခုနှစ်များနောက်ပိုင်းတွင် သိမ်းပိုက်ရေး (ကိုလိုနီ)ဝါဒ သည်းသန်လာရခြင်းဖြစ်သည်။ အရင်းရှင်စနစ်၏ဝိသေသလက္ခဏာမှာ လယ်ယာနယ်မြေများကိုသာ သိမ်းပိုက်ရန် လုံးပန်းသည်မဟုတ်။ စက်မှုအထွန်းကားဆုံးသော ဒေသများ (ဘယ်လဂျီယံအား ဂျာမဏီက တပ်မက်မှု၊ လောရိန်းအားပြင်သစ်က တပ်မက်မှု) ကို သိမ်းပိုက်ရန်လုံးပန်းမှုပင်ဖြစ်သည်။ အကြောင်းမှာ (၁) ကမ္ဘာကြီးအား ခွဲဝေယူပြီးပြီ ဆိုသောအချက်က ပြန်လည်ခွဲဝေယူရန် စိတ်ကူးနေကြသူများအား မည်သည့် နယ်မြေအမျိုးအစားကိုမဆို လက်လှမ်းစေသည်။ (၂) နယ်ချဲ့စနစ်၏ အရေးပါသောအချက်တချက်မှာ မဟာအင်အားကြီးနိုင်ငံတို့အနေဖြင့် ဗိုလ်ကျလွှမ်းမိုးရန် ဆိုလိုသည်မှာ ကိုယ့်အတွက်တိုက်ရိုက်မဟုတ်ဘဲ မိမိ၏ပြိုင်ဘက်ကို အားနည်းစေရန်နှင့် ယင်း၏ဗိုလ်ကျလွှမ်းမိုးမှုကို ဖျက်ဆီးရန်အတွက် နယ်မြေသိမ်းပိုက်ဖို့ ကြိုးစားရာတွင် ပြိုင်ဆိုင်ကြခြင်းဖြစ်သည်။ (ဂျာမဏီအဖို့ အင်္ဂလန်အား တိုက်ခိုက်ရန်အတွက် ဘယ်လ်ဂျီယံမှာ ခြေကုတ်အဖြစ် အထူးအရေးပါပြီး အင်္ဂလန်အဖို့ ဂျာမဏီ ကိုတိုက်ခိုက်ရန်အတွက် ခြေကုတ်ပြုရန် ဘက်ဒက်ကို လိုအပ်သည်။)

---

* ခေတ်သစ်ဂျာနယ် အတွဲ ၃၂။ ၁၉၁၄ စက်တင်ဘာ ၁၅။

ကောက်စကီသည် အထူးသဖြင့်၊ နောက်ပြီးအကြိမ်ကြိမ်ပင် အင်္ဂလိပ်လူမျိုးများကို ညွှန်းဆိုခဲ့သည်။ ထိုသူများသည် 'နယ်ချဲ့စနစ်'နှင့်ပတ်သက်ပြီး သူ ကောက်စကီ–နားလည်သည့်အတိုင်း နိုင်ငံရေးသက်သက် အဓိပ္ပာယ် ပေးခဲ့သည်ဟု သူက ဆိုသည်။ ကျွန်ုပ်တို့အနေဖြင့် ၁၉၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော အင်္ဂလိပ် လူမျိုး ဟောတ်ဆင်၏ 'နယ်ချဲ့စနစ်' စာအုပ်ကို ကြည့်ကြပါမည်။ ထိုအထဲတွင် အောက်ပါအတိုင်း ဖတ်ရသည်။

'နယ်ချဲ့စနစ်သည် အောက်ပါတို့ကြောင့် စနစ်ဟောင်းနှင့် ခြားနားသည်။ ပထမအားဖြင့် ကြီးထွားနေသော တခုတည်းသော ဧကရာဇ်နိုင်ငံဆိုသည့် ရည်မှန်းချက်နေရာတွင် အလားတူ နိုင်ငံရေးအရ ဩဇာကြီးမားရန်နှင့် ကူးသန်းရောင်းဝယ်ရေးအရ အမြတ်ရရန် အာသာရမက်ဖြင့် ပြိုင်ဆိုင်နေကြသော ဧကရာဇ်နိုင်ငံများဆိုသည့် သဘောတရားနှင့်လက်တွေ့တို့ကို အစားထိုးခဲ့သည်။ ဒုတိယအားဖြင့် ကူးသန်းရောင်းဝယ်ရေး အကျိုးစီးပွားများအပေါ်တွင် ဘဏ္ဍာရေး သို့မဟုတ် ရင်းနှီးမြှုပ်နှံရေး အကျိုးစီးပွားများက လွှမ်းမိုးခဲ့သည်။ *

အင်္ဂလိပ်လူမျိုးများဟု (ရုန့်ရင်းကြမ်းတမ်းသော အင်္ဂလိပ်နယ်ချဲ့သမားများ၊ သို့မဟုတ် နယ်ချဲ့စနစ်အတွက် လျှောက်လဲရန် သစ္စာခံထားသူများကိုသာ ရည်ညွှန်းခြင်းမဟုတ်လျှင် ယေဘုယျရည်ညွှန်းခြင်းမှာ ကောက်စကီ မှားကြောင်း တွေ့ကြရသည်။ သူသည် မာ့က်စ်ဝါဒကို ဆက်လက်ရပ်ခံနေပါသည်ဟု ဆိုနေသော်လည်း တကယ်တမ်းတွင် ကောက်စကီသည် ဆိုရှယ်လစ်ဘရယ် ဟော့တ်ဆင်နှင့် နှိုင်းစာလိုက်လျှင် နောက်တလှမ်းပင် ဆုတ်သွားသည်။ ဟော့ဘ်ဆင်သည် ခေတ်သစ်နယ်ချဲ့စနစ်သစ်၏ 'သမိုင်းအရ ပကတိဘာဝကျသော' (ကောက်စကီ၏ဖွင့်ဆိုချက်မှာ သမိုင်းအရ ပကတိဘာဝကျမှုကို လှောင်ပြောင်ခြင်းပါတကား) လက္ခဏာနှစ်ရပ်ကို ပိုမိုမှန်ကန်စွာ ထည့်သွင်းစဉ်းစားခဲ့သည်။ (၁) နယ်ချဲ့စနစ် အများအပြားအကြား ပြိုင်ဆိုင်မှု။ (၂) ကုန်သည်အပေါ်၌ ငွေထုတ်ပေးသူက လွှမ်းမိုးမှု။ အကယ်၍ ဤသည် စက်မှုနိုင်ငံများက လယ်ယာနိုင်ငံများအား သိမ်းပိုက်သည့် ပြဿနာသက်သက်သာ ဖြစ်ခဲ့လျှင် ကုန်သည်၏ အခန်းကဏ္ဍကို ရှေ့တန်းတင်ပေလိမ့်မည်။

ကောက်စကီ၏ဖွင့်ဆိုချက်မှာ မှားယွင်းရုံ၊ မာ့က်စ်ဝါဒ မဆန်ရုံမဟုတ်ချေ။ ယင်းသည် မာ့က်စ်ဝါဒ သဘောတရား၊ မာ့က်စ်ဝါဒလက်တွေ့တို့မှ တလျှောက်လုံးခွဲထွက်ခြင်းကိုဖော်ပြသည့် အမြင်တစုံလုံး အတွက် အခြေခံ ဖြစ်ပေသည်။ ဤသည်နှင့်ပတ်သက်၍ နောင်တွင်မှ ပြောသွားပါမည်။ အရင်းရှင်စနစ်၏ နောက်ဆုံးအဆင့်အား 'နယ်ချဲ့စနစ်'ဟု ခေါ်မည်လော။ 'ဘဏ္ဍာအရင်းအဆင့်'ဟု ခေါ်မည်လော ဟူသော ဝေါဟာရ အသုံးအနှုန်းများနှင့် ပတ်သက်ပြီး ကောက်စကီ၏ဆင်ခြေကန်ချက်မှာ လုံးဝပင် သေးနုပ်လှသည်။ မည်သို့ပင်ခေါ်ပါစေ၊ ဘာမှမခြားနားပါ။ ပြဿနာ၏အနှစ်သာရမှာ ကောက်စကီက နယ်ချဲ့စနစ်၏ နိုင်ငံရေးအား ၎င်း၏စီးပွားရေးနှင့် ခွဲခြားပစ်ခြင်း၊ သိမ်းပိုက်မှုများမှာ ဘဏ္ဍာအရင်းက 'ရွေးချယ်'သော ပေါ်လစီဖြစ်သည်ဟု စွပ်စွဲခြင်း၊ နောက်ပြီး ဘဏ္ဍာအရင်းဆိုသော အခြေခံပေါ်မှာပင် ဖြစ်တည်နိုင်သည်ဟု သူက စွပ်စွဲသော နောက်ခနေရှင်ပေါ်လစီတရပ်နှင့် ဤသည်ကို ဆန့်ကျင်ခြင်းတို့ပင် ဖြစ်သည်။ သို့ဆိုပါက စီးပွားရေးတွင် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများမှာ နိုင်ငံရေးရှိ လက်ဝါးကြီးအုပ်မဟုတ်သော၊ အကြမ်းမဖက်သော၊ မသိမ်းပိုက်သောနည်းနာများနှင့် လိုက်လျောညီထွေရှိသည်ဟု အဓိပ္ပာယ်ထွက်လာတော့သည်။ သို့ဆိုပါက ဘဏ္ဍာအရင်းခေတ်မှာပင် ပြီးဆုံးသော၊ နောက်ပြီး အကြီးဆုံးအရင်းရှင်နိုင်ငံကြီးများ အကြား ပြိုင်ဆိုင်မှုများ၏ လက်ရှိ ထူးခြားသောသဏ္ဍာန်များအတွက် အခြေခံဖြစ်သော ကမ္ဘာကြီးအား နယ်မြေအရခွဲဝေယူမှုသည် နယ်ချဲ့မဟုတ်သော ပေါ်လစီနှင့် လိုက်လျောညီထွေရှိသည်ဟု အဓိပ္ပာယ်ထွက်လာပေသည်။ အဖြေမှာ အရင်းရှင်စနစ် နောက်ဆုံးအဆင့်၏ အနက်ရှိုင်းဆုံးသောပဋိပက္ခများကို သူ့အတိုင်း ဖွင့်ချရမည့်အစား တမင်

---

* ဟော့ဘ်ဆင်၊ နယ်ချဲ့စနစ်၊ လန်ဒန်။ ၁၉၀၂ ခု၊ စာမျက်နှာ ၃၂၄။

ဗလုံးဗထွေးပြုခြင်းနှင့် မှေးမှိန်အောင်လုပ်ခြင်းပင် ဖြစ်သည်။ အဖြေမှာ မာ့က်စ်ဝါဒအစား ခနရှင်ပြုပြင်ရေးပင် ဖြစ်သည်။

ကောက်စကီသည် နယ်ချဲ့စနစ်နှင့် သိမ်းပိုက်မှု၏ရှေ့နေ ဂျာမန်လူမျိုး ကာနို (Cunow)နှင့်လည်း ငြင်းခုံလိုက်သေးသည်။ ကာနိုက နယ်ချဲ့စနစ်မှာ ယနေ့ခေတ် အရင်းရှင်စနစ် ဖြစ်သည်။ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှုမှာ မလွဲမသွေ ဖြစ်ရမည်ဖြစ်ပြီး တိုးတက်သည်။ ထို့ကြောင့် နယ်ချဲ့စနစ်သည် တိုးချဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နယ်ချဲ့စနစ်ရှေ့မှောက် ဝပ်တွားပြီး ဂုဏ်ပြုရမည်ဟု ပုံမကျပန်းမကျနှင့် အရူးအမူး ငြင်းခုံခဲ့သည်။ ဤသည်မှာ ၁၈၉၄–၉၅ ခုနှစ်ဆီက နာရော့ဒ်နစ်များ ရေးဆွဲခဲ့သော ရုရှားမာ့က်စ်ဝါဒီများ၏ ရုပ်ပြောင်နှင့် တူနေပေသည်။ ၎င်းတို့က ဤသို့ ဆင်ခြေပေးခဲ့သည်။ မာ့က်စ်ဝါဒီတို့အနေဖြင့် ရုရှားပြည်တွင် အရင်းရှင်စနစ်မှာ မလွဲမသွေ ဖြစ်ပေါ်လာမည်။ ၎င်းသည် တိုးတက်သည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် လက်ဖက်ရည်ဆိုင်တဆိုင်ဖွင့်ပြီး အရင်းရှင်စနစ်ကို စတင်ပြီး လုပ်ပြသင့်သည်။ ကာနိုအား ကောက်စကီက ယခုကဲ့သို့ ချေပခဲ့သည်။ နယ်ချဲ့စနစ်သည် ယနေ့ခေတ်အရင်းရှင်စနစ်မဟုတ်။ ယင်းသည် ယနေ့ခေတ်အရင်းရှင်စနစ်၏ ပေါ်လစီသဏ္ဍာန်များထဲမှ တခုသာ ဖြစ်သည်။ ဤပေါ်လစီကို ကျွန်ုပ်တို့အနေဖြင့် တိုက်နိုင်စွမ်းရှိပြီး တိုက်သင့်သည်။ နယ်ချဲ့စနစ်၊ သိမ်းပိုက်မှု စသည်တို့ကို တိုက်သင့်သည်။

ဤပြန်ကြားချက်မှာ ကျိုးကြောင်းဆီလျော်ဟန် ရှိသည်။ သို့သော် လက်တွေ့တွင်မူ ဤသည် နယ်ချဲ့စနစ်နှင့် စေ့စပ်ရေးအား ပို၍သိမ်မွေ့ပြီး ပို၍ဖုံးကွယ်ထား (ထို့ကြောင့် ပို၍အန္တရာယ်ကြီးသည်။) သော လျှောက်လဲချက်ဖြစ်သည်။ အကြောင်းမှာ ထရပ်စ်နှင့်ဘဏ်များ၏ အခြေခံကို မထိပါးဘဲ ၎င်းတို့၏ ပေါ်လစီကို ‘တိုက်’ခြင်းဆိုသည်မှာ ခနရှင်ပြုပြင်ရေးနှင့် ပြေအေးရေးဝါဒ၊ ဘာသာရေးကိုင်းရှိုင်းသော ဆန္ဒများကို စေတနာဗရပွနှင့် ရိုးသားစွာဖော်ပြခြင်းထက် မပိုသောကြောင့် ဖြစ်ပေသည်။ တည်ရှိနေသော ပဋိပက္ခများအား အပြည့်အဝ ဖွင့်ချခြင်းမပြုဘဲ လှီးလွှဲခြင်း၊ ၎င်းတို့ထဲမှ အရေးပါဆုံးများအား မေ့ပစ်ခြင်းတို့မှာ ဘယ်နေရာတွင်မှ မာ့က်စ်ဝါဒနှင့်မတူညီသော ကောက်စကီ၏သဘောတရားပင် ဖြစ်သည်။ သဘာဝကျစွာပင် ဤလို‘သဘောတရား’မျိုးမှာ ကာနိုလိုလူများနှင့် သွေးစည်းရေးကို တင်ပြရန်အတွက်သာ အသုံးဝင်ပေသည်။ ‘စီးပွားရေးရှုထောင့်သက်သက်မှ ကြည့်မည်ဆိုလျှင် အရင်းရှင်စနစ်သည် နောက်ထပ် အဆင့်သစ်တခုကို ဖြတ်သန်းနိုင်ပေသေးသည်။ ယင်းမှ ကာတယ်များ၏ပေါ်လစီအား နိုင်ငံခြားရေးဝါဒဆီသို့ တိုးချဲ့သည့်ခေတ်၊ နယ်ချဲ့လွန်စနစ် (ultraimaperialism) ၏ ခေတ်ပင် ဖြစ်သည်။*’ ဆိုလိုသည်မှာ အထူးနယ်ချဲ့ စနစ်၏ခေတ်(super imperialism) နယ်ချဲ့သမားအချင်းချင်း တိုက်ခိုက်ခြင်းမဟုတ်ဘဲ နယ်ချဲ့စနစ်သမဂ္ဂကြီးခေတ်၊ နယ်ချဲ့စနစ်အောက်တွင် စစ်ပွဲများရပ်စဲသောခေတ်။ ‘ကမ္ဘာကြီးအား နိုင်ငံတကာအရ စုပေါင်းထားသော ဘဏ္ဍာအရင်းက ပူးပေါင်းသွေးစုပ်သော’** ခေတ်ဆိုသည်ပင် ဖြစ်သည်။

ဤ‘နယ်ချဲ့လွန်စနစ်’ သဘောတရားသည် မာ့က်စ်ဝါဒနှင့် မည်သို့ အတိအလင်းလုံးဝခွဲထွက်ခြင်းဖြစ်သည် ဆိုခြင်းကို ဖော်ပြရန် ရှေ့တွင်ရေးပြပါဦးမည်။ လောလောဆယ်တွင် ဤစာအုပ်၏ ယေဘုယျ အစီအစဉ်နှင့်အညီ ဤပြသနာနှင့် ပတ်သက်သော တိကျသည့် စီးပွားရေးစာရင်းဇယားများကို စူးစမ်းရပေမည်။ ‘စီးပွားရေးရှုထောင့်သက်သက်မှကြည့်လျှင် နယ်ချဲ့လွန်’ ဆိုသည်မှာ ဖြစ်နိုင်ပါသလော။ သို့တည်းမဟုတ် ဤသည် အလွန်အကျွံ အဓိပ္ပာယ်မဲ့ခြင်းလော။

စီးပွားရေးရှုထောင့်သက်သက်မှဆိုလျှင် တရား‘သက်သက်’ဆိုသည်ကိုပြောလို့ရသမျှမှာ အောက်ပါအဓိပ္ပာယ် ထွက်နေပေတော့သည်။ ဖြစ်ပေါ်တိုးပွားမှုသည် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများဆီသို့ ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ကမ္ဘာ့ တခုတည်းသောလက်ဝါးကြီးအုပ်အဖွဲ့အစည်း၊ တခုတည်းသော ထရပ်စ်ဆီသို့ ဖြစ်ပေါ်နေသည်။ ဤသည်မှာ ကွဲလွဲစရာ မရှိ။ သို့သော် ‘ဖြစ်ပေါ်တိုးပွားမှုသည်’ စားသောက်စရာများကို

---

* ခေတ်သစ်ဂျာနယ် အတွဲ ၃၁။ ၁၉၁၄ ။စက်တင်ဘာလ

** ခေတ်သစ် ဂျာနယ် ၁၉၁၅ ။ ဧပြီ၃၀

ခေတ်ခွဲခန်းများထဲ၌ ပြုလုပ်ခြင်းသို့ 'ဖြစ်ပေါ်နေသည်' ဆိုသော စကားကဲ့သို့ပင် ဤသည်မှာ လုံးဝအဓိပ္ပာယ်မရှိပေ။ ဤအဓိပ္ပာယ်အရပင် နယ်ချဲ့လွှန်'သဘောတရား'သည် အဓိပ္ပာယ်မရှိရာတွင် 'လယ်ယာလွှန်သဘောတရား' ထက် လျော့လိမ့်မည် မဟုတ်ချေ။

သို့သော် ကျွန်ုပ်တို့အနေဖြင့် ဘဏ္ဍာအရင်းခေတ်အား ၂၀ ရာစု အစတွင် ဖွင့်လှစ်လိုက်သော သမိုင်းဝင် အခိုင်အမာခေတ်အတွက် 'စီးပွားရေးသက်သက်' အကြောင်းအချက်များကို ဆွေးနွေးနေသည် ဆိုလျှင် ဤအသက်မဲ့သော 'နယ်ချဲ့လွှန်ဝါဒ' တရားထူထောင်ခြင်းအတွက် (ယင်းသည် တည်ရှိနေသောဝိရောဓိများမှ အာရုံလွှဲပစ်ရန်လိုသော အဖောက်ပြန်ဆုံးရည်ရွယ်ချက်သက်သက်ကိုသာ အကျိုးပြုသည်။) အကောင်းဆုံးအကြောင်းပြန်ချက်မှာ ယနေ့ခေတ်ကမ္ဘာ့စီးပွားရေး၏ အခိုင်အမာစီးပွားရေးလက်တွေ့ ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ပြလိုက်ခြင်းသာ ဖြစ်သည်။ ကောက်စကီ၏ လုံးဝအဓိပ္ပာယ်မရှိသော နယ်ချဲ့လွှန်ဝါဒအကြောင်း ပြောကြားချက်သည် အခြားသောကိစ္စများအပြင် နယ်ချဲ့စနစ်အတွက် ရှေ့နေလိုက်နေသူများအတွက် လောင်စာဖြည့်ပေးသော အလွန်မှားယွင်းသည့် အယူအဆကိုသာ အားပေးရာကျပေသည်။ ယင်းအယူအဆမှာ ဘဏ္ဍာအရင်း၏စိုးမိုးမှုသည် ကမ္ဘာ့စီးပွားရေးအတွင်း၌ မညီညာမှုနှင့်ပဋိပက္ခများအား လျော့ပါးစေသည်ဟု ဆိုခြင်းဖြစ်သည်။ တကယ်တော့ ပို၍ပင် တိုးများလာစေပေသည်။

အာရ်ကော်ဝါ (R-colwer) က ၎င်း၏ ကမ္ဘာ့စီးပွားရေးမိတ်ဆက်*** ဆိုသော စာအုပ်ငယ်ကလေးထဲတွင် ၁၉ ရာစုနှင့် ၂၀ ရာစု အစပ်ရှိ ကမ္ဘာ့စီးပွားရေး အတွင်းပိုင်းဆက်သွယ်မှုများကို သိရှိနိုင်စေသော စီးပွားရေးသက်သက် အဓိကစာရင်းဇယားများကို ပေါင်းရုံးသုံးသပ်ရန် ကြိုးစားခဲ့သည်။ သူက ကမ္ဘာကြီးကို အဓိက 'စီးပွားရေး ဒေသကြီး ငါးခု' အဖြစ် ခွဲခြားလိုက်သည်။ (၁) အလယ်ဥရောပ (ရုရှားနှင့် ဗြိတိန်တို့မှအပ ဥရောပတိုက်တခုလုံး) (၂) ဗြိတိန် (၃) ရုရှား (၄) အရှေ့အာရှ (၅) အမေရိကတိုက် တို့ဖြစ်သည်။ သူက ကိုလိုနီများကို သက်ဆိုင်ရာနိုင်ငံများ၏ 'ဒေသများ' ထဲတွင် ထည့်သွင်းပြီး အထက်ပါသတ်မှတ်ချက်များထဲတွင် မထည့်သွင်းသော နိုင်ငံအချို့ ဥပမာ အာရှမှ ပါရှား။ အာဖဂန်နစ္စတန်နှင့် အာရေဗျ။ အာဖရိကမှ မော်ရိုကို၊ အဘီဆီးနီးယားတို့ကို 'ချန်ထား' လိုက်သည်။

*** အာရ်၊ ကော်လာ၊ ကမ္ဘာ့စီးပွားရေးမိတ်ဆက်။ ဘာလင်၊ ၁၉၀၆ ခု။

ဤဒေသများ အတွက် သူကိုးကားခဲ့သော  စီးပွားရေး စာရင်းဇယားများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| အဓိကစီးပွားရေး ဒေသများ | ဧရိယာ | လူဦးရေ | သယ်ယူပို့ဆောင်ရေး | | ကုန်သွယ်ရေး | စက်မှုလုပ်ငန်း | | |
|---|---|---|---|---|---|---|---|---|
| | စတုရန်း ကီလိုမီတာ သန်းပေါင်း | သန်းပေါင်း | မီးရထားလမ်း ကီလိုမီတာ ထောင်ပေါင်း | ကုန်သင်္ဘော တန်ချိန် သန်းပေါင်း | သွင်းကုန်ထုတ်ကုန် မတ်ငွေ ကုဋေပေါင်း | အထွက် ကျောက်မီးသွေး တန်ချိန် သန်းပေါင်း | အထွက် သံရိုင်း တန်ချိန် သန်းပေါင်း | ချည်မျှင် ရစ်တိုင် သန်းပေါင်း |
| ၁။ အလယ်ဥရောပ | ၂၇. ၆ (၂၃.၆)* | ၃၈၈ (၁၄၆) | ၂၀၄ | ၈ | ၄၁၀၁ | ၂၅၁ | ၁၅ | ၂၆ |
| ၂။ဗြိတိန် | ၂၈. ၉ (၂၈.၆) | ၃၉၈ ၃၅၅ | ၁၄၀ | ၁၁ | ၂၅၀၀ | ၂၄၉ | ၉ | ၅၁ |
| ၃။ ရုရှား | ၂၂ | ၁၃၁ | ၆၃ | ၁ | ၃၀၀ | ၁၆ | ၃ | ၇ |
| ၄။ အရှေ့အာရှ | ၁၂ | ၃၈၉ | ၈ | ၀ | ၂၀၀ | ၈ | ၀.၀၂ | ၂ |
| ၅။ အမေရိကတိုက် | ၃၁ | ၁၄၈ | ၃၇၉ | ၆ | ၁၄၀၀ | . ၂၄၅ | ၁၄ | ၁၉ |

အလယ်ဥရောပ၊ ဗြိတိန်နှင့် အမေရိကတိုက်ဟူသော အရင်းရှင်စနစ် အလွန်ဖွံ့ဖြိုးသော (သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးခြင်း)ဒေသသုံးခုကို တွေ့ကြရသည်။ ဤအထဲတွင် ကမ္ဘာအား စိုးမိုးနေသော နိုင်ငံသုံးခုဖြစ်သည့် ဂျာမဏီ၊ ဗြိတိန်နှင့် အမေရိကန်တို့ ပါဝင်သည်။ ၎င်းတို့အကြား၌ တိုက်ပွဲမှာ အလွန်ပင် ပြင်းထန်လာနေသည်။ အကြောင်းမှာ ဂျာမဏီတွင် မပြောပလောက်သော ဒေသနှင့် ကိုလိုနီနယ်မြေသာ ရှိသောကြောင့် ဖြစ်သည်။ ‘အလယ်ဥရောပ’ဟု ဖန်တီးထားခြင်းမှာ အနာဂတ်အတွက် ဖြစ်သည်။ ယင်းသည် အသည်းအသန် တိုက်ပွဲတခုအတွင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ဥရောပတိုက်တခုလုံး၏ထင်ရှားသောလက္ခဏာမှာ နိုင်ငံရေးအရမညီညွတ်ခြင်း ဖြစ်သည်။ အခြားတဖက်တွင်မူ ဗြိတိသျှနှင့် အမေရိကတိုက်ဒေသများတွင် နိုင်ငံရေးအရစုစည်းမှုမှာ အလွန် ဖွံ့ဖြိုးသည်။ သို့သော် ကိုလိုနီ အမြောက်အမြား ပိုင်ဆိုင်မှုနှင့် မပြောလောက်ရုံသာပိုင်ဆိုင်မှုဟူသော ကြီးမားလှသည့် ခြားနားချက်ကြီး ရှိနေသည်။ ကိုလိုနီများတွင်မူ အရင်းရှင်စနစ်မှာ ဖြစ်ပေါ်တိုးပွားလာစသာ ရှိသေးသည်။ တောင်အမေရိကကို ရရှိရေးတိုက်ပွဲမှာ  ပြင်းထန်သထက်ပြင်းထန်လာနေသည်။

အရင်းရှင်စနစ် အနည်းငယ်သာဖွံ့ဖြိုးသော ဒေသနှစ်ခု ပါဝင်သည်။ ရုရှားနှင့် အရှေ့အာရှတို့ ဖြစ်သည်။ ရုရှားတွင် လူဦးရေသိပ်သည်းမှုနှုန်းထားမှာ အင်မတန်နိမ့်ပြီး အရှေ့အာရှတွင်မူ အလွန်မြင့်သည်။ ရုရှားတွင် နိုင်ငံရေးအရ စုစည်းမှုမှာ မြင့်ပြီး အရှေ့အာရှတွင်မူ ရှိပင်မရှိချေ။ တရုတ်ပြည်အား ခွဲဝေယူမှုမှာ စတင်ကာစသာ ရှိသေးပြီး ဤအတွက် ဂျပန်၊ အမေရိကန် စသည်တို့၏တိုက်ပွဲမှာ အဆက်မပြတ် သည်းသန်လာနေသည်။

---

* ကွင်းစကွင်းပိတ်အတွင်းမှ ကိန်းဂဏန်းများမှာ ကိုလိုနီများ၏ ဧရိယာအကျယ်အဝန်းနှင့် လူဦးရေ ဖြစ်သည်။

အောက်ပါ တကယ့်ဖြစ်ရပ်ကို နှိုင်းယှဉ်ကြည့်ပါ။ စီးပွားရေးနှင့် နိုင်ငံရေးအကြောင်းအချက်များ အလွန်အမင်း ကွဲပြားခြားနားမှု၊ နိုင်ငံအသီးသီးရှိ ဖြစ်ပေါ်တိုးပွားမှုနှုန်း စသည်တို့မှာ အလွန်အကျွံ ကွဲပြား ခြားနားမှု၊ နောက်ပြီး နယ်ချဲ့နိုင်ငံများအကြားရှိ ပြင်းထန်သောတိုက်ပွဲများဆိုသည်ကို ကောက်စကီ၏ 'ငြိမ်း ချမ်းသော'နယ်ချဲ့လွန်စနစ်' ဆိုသည့် ရှုးမိုက်သည့်ပုံပြင်လေးနှင့် ယှဉ်ကြည့်ပါ။ ဤသည်မှာ ပြတ်သားလှ သော အမှန်တရားကို ပုန်းရှောင်ရန်အတွက် အကြောက်လွန်နေသော နလပိန်းတုံးတယောက်၏ ဖောက် ပြန်သည့် ကြိုးပမ်းချက်တရပ် မဟုတ်ပါလော။ ကောက်စကီက 'နယ်ချဲ့လွန်စနစ်'၏ သန္ဓေသားများဟု ယူဆ ခဲ့သော နိုင်ငံတကာ့ကာတယ်များ (ထိုနည်းတူစွာပင် ခေတ်ခွဲခန်းထဲ၌ စာတမ်းငယ်များထုတ်လုပ်ခြင်းကို လယ်ယာလွန်စနစ်၏ သန္ဓေသားဟု ခေါ်ဆို'နိုင်'သည်။) သည် ကမ္ဘာကြီးအားခွဲဝေမှုနှင့် ပြန်လည်ခွဲဝေမှု၊ ငြိမ်းချမ်းစွာခွဲဝေမှုမှ ငြိမ်းချမ်းစွာမဟုတ်သောခွဲဝေမှုဆီသို့ ကူးပြောင်းခြင်း။ နောက်ပြီး အပြန်အလှန် ကူး ပြောင်းခြင်းတို့၏ ဥပမာပင် မဟုတ်လော။ အမေရိကန်နှင့် အခြားသောဘဏ္ဍာအရင်းများသည် ဂျာမဏီပါ ပါဝင်လျက် နိုင်ငံတကာ မီးရထားလမ်းဆင်ဒီကိတ်၊ နိုင်ငံတကာ ကုန်ကူးသင်္ဘောလုပ်ငန်း ထရပ်စ်တို့ကဲ့သို့ သော လုပ်ငန်းများအပါအဝင် ကမ္ဘာတခုလုံးကို ငြိမ်းချမ်းစွာ ခွဲဝေယူခဲ့သည်။ ယခုအခါ ၎င်းတို့သည် အင် အားသစ်များ၏ ဆက် ဆံရေးအနေအထား အခြေခံပေါ်တွင် မငြိမ်းချမ်းသောနည်းများဖြင့် ကမ္ဘာကြီးအား ပြန်လည်ခွဲဝေယူနေကြသည်မဟုတ်လော။

ဘဏ္ဍာအရင်းနှင့်ထရပ်စ်များသည် ကမ္ဘာ့စီးပွားရေး၏ နယ်ပယ်အသီးသီးတွင်ရှိသော တိုးတက်မှု နှုန်း ခြားနားမှုကို လျော့ပါးသွားစေခြင်းမရှိဘဲ ပို၍သာ ကွာခြားလာစေပေသည်။ အင်အားဆက်စပ်မှုများ ပြောင်းလဲသွားပြီဆိုမှဖြင့် နယ်ချဲ့စနစ်အောက်၌ ပဋိပက္ခများကိုဖြေရှင်းရန် အင်အားအသုံးပြုသည့်နည်းမှတ ပါး အခြားဘာများ ရှိပါသေးသနည်း။ မီးရထားလမ်း စာရင်းဇယားများက* ကမ္ဘာ့စီးပွားရေးရှိ အရင်းရှင် စနစ်နှင့် ဘဏ္ဍာအရင်းတို့၏ တိုးတက်မှုနှုန်း ခြားနားချက်ကို မှတ်သားလောက်အောင် တိကျသည့် ကိန်းဂ ဏန်းများဖြင့် ပြသနေပေသည်။ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှု၏ နောက်ဆုံးဆယ်စုနှစ်များအတွင်း မီးရ ထားလမ်းအရှည် စုစုပေါင်းမှာ အောက်ပါအတိုင်း ပြောင်းလဲခဲ့သည်။

**မီးရထားလမ်းများ(ကီလိုမီတာထောင်ပေါင်း )**

| | | | |
|---|---|---|---|
| နိုင်ငံ | ၁၈၉၀ | ၁၉၁၃ | + |
| ဥရောပ | ၂၂၄ | ၃၄၆ | +၁၂၂ |
| အမေရိကန် | ၂၆၀ | ၄၁၁ | +၁၄၃ |
| ကိုလိုနီအားလုံး | ၈၂ | ၂၁၀ | +၁၂၈ |
| | ၄၃ | ၁၃၇ | +၉၄ |
| စုစုပေါင်း | ၆၁၇ | ၁,၁၀၄ | |

သို့ဖြင့် မီးရထားလမ်းဖွံ့ဖြိုးတိုးတက်မှုမှာ ကိုလိုနီများနှင့် အာရှနှင့် အမေရိကတိုက်တို့ရှိ လွတ်လပ် သည့်နိုင်ငံများ (နှင့်တစိတ်တပိုင်းလွတ်လပ်သည့်နိုင်ငံများ) တွင် အလျင်အမြန်ဆုံး ဖြစ်သည်။ ကျွန်ုပ်တို့သိကြ သည့်အတိုင်းပင် ဤနေရာ၌ အကြီးဆုံးအရင်းရှင်နိုင်ငံကြီး ၄–၅ ခု တို့၏ ဘဏ္ဍာအရင်းက ဝိဝါဒကွဲစရာ မလိုအောင်ပင် အုပ်စိုးထားသည်။ ကိုလိုနီများနှင့် အာရှနဲ့အမေရိကတိုက်ရှိ အခြားသောနိုင်ငံများ၌ တိုးလာ သော မီးရထာလမ်း ကီလိုမီတာနှစ်သိန်းဆိုသည်မှာ အရင်အနှီးအားဖြင့် မတ်ငွေ ၄၀,၀၀၀,၀၀၀ ကို ကိုယ် စားပြုသည်။ အကျိုးအမြတ် ကောင်းကောင်းရဖို့ အထူးအာမခံချက်များ၊ အမြတ်ရနိုင်သည့် သံမဏိပစ္စည်း မှာယူမှု စသည့်စသည့် အထူးအာမခံ ချက်များဖြင့် ယင်းတို့ကို အသစ် ရင်းနှီးမြှုပ်နှံခဲ့ခြင်း ဖြစ်သည်။

---

***ဂျာမန် အင်ပါယာ၏ စာရင်းဇယား နှစ်ချုပ် ၊၁၉၁၅ ခုနှစ် ၊ မီးရထား လမ်းစာရင်း ၊ ၁၈၉၂ ။ ၁၈၉၀ ခုနှစ်အတွက်နိုင်ငံ အသီးသီး ရှိ ကိုလိုနီ များ၏ မီးရထား လမ်းရှိမှု အသေးစိတ်ကလေးများကို အကြမ်းဖျင်း ခန့်မှန်း ရပါသည်။**

အရင်းရှင်စနစ်သည် ကိုလိုနီများနှင့် ပင်လယ်ရပ်ခြားနိုင်ငံများတွင် အလျင်အမြန်ဆုံးနှုန်းဖြင့် ကြီးထွားနေသည်။ ဒုတိယအမျိုးအစားတွင် နယ်ချဲ့အင်အားအသစ်များ ပေါ်ပေါက်လာနေသည်၊ (ဥပမာ ဂျပန်) ကမ္ဘာ့နယ်ချဲ့စနစ်များအကြားမှ တိုက်ပွဲသည် ပို၍ပြင်းထန်လာနေသည်။ ဘဏ္ဍာအရင်းအနေဖြင့် အမြတ်အများဆုံး ရနိုင်သည့် ကိုလိုနီနှင့် ပင်လယ်ရပ်ခြားလုပ်ငန်းကိုင်ငန်းများမှ အခွန်ပဏ္ဍာသည် တိုးများလာနေသည်။ 'တိုက်ရာပါပစ္စည်း' ခွဲဝေရာတွင် ထုတ်လုပ်မှုစွမ်းအား ဖြစ်ပေါ်တိုးပွားမှုနှုန်း အမြင့်ဆုံးနိုင်ငံများစာရင်းတွင် အမြဲတမ်းထိပ်ဆုံး၌ ပါဝင်နေသူမဟုတ်သည့် နိုင်ငံများက အထူးများပြားစွာ ရရှိကြသည်။ ကိုလိုနီပိုင်ဆိုင်မှုအရ အင်အားအကြီးဆုံး နိုင်ငံကြီး ၆ခု ၏ မီးရထားလမ်းစုစုပေါင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကီလိုမီတာထောင်ပေါင်း**

| နိုင်ငံ | ၁၈၉၀ | ၁၉၁၃ | |
|---|---|---|---|
| အမေရိကန် | ၂၆၈ | ၄၁၃ | +၁၄၀ |
| ဗြိတိသျှအင်ပါယာ | ၁၀၇ | ၂၀၈ | +၁၀၁ |
| ရုရှား | ၃၂ | ၇၈ | +၄၆ |
| ဂျာမဏီ | ၄၃ | ၆၈ | +၂၅ |
| ပြင်သစ် | ၄၁ | ၆၃ | +၂၂ |
| စုစုပေါင်း | ၄၉၁ | ၈၃၀ | +၃၃၉ |

ရှိနေသော မီးရထားလမ်း စုစုပေါင်း၏ ၈၀% လောက်မှာ အင်အားအကြီးဆုံး နိုင်ငံကြီး ၅ ခု၏ လက်ထဲတွင် စုပြုံနေသည်။ သို့သော် ဘဏ္ဍာအရင်း၏ စုပြုံမှုဖြစ်သော ဤမီးရထားလမ်းများအား ပိုင်ဆိုင်မှု စုပြုံမှုသည် မတိုင်းတာနိုင်လောက်အောင် ပို၍ ကြီးမားပေသည်။ အကြောင်းမှာ ဥပမာအားဖြင့် ပြင်သစ်နှင့် အင်္ဂလိပ် သန်းကြွယ်သူဌေးများသည် အမေရိကတိုက်၊ ရုရှားနှင့် အခြားမီးရထားလမ်းလုပ်ငန်းတို့တွင် ရှယ်ယာနှင့်ဘွန်းစာချုပ်များကို ရောမ အတိုင်းအတာဖြင့် ပိုင်ဆိုင်ထားကြသည်။

ကိုလိုနီများ၏ကျေးဇူးကြောင့် ဗြိတိန်သည် 'သူ၏' မီးရထားလမ်းများမှာ ကီလိုမီတာတသိန်းမျှ တိုးလာသည်။ ဂျာမဏီ၏လေးဆမျှ ဖြစ်သည်။ နောက်ပြီး ဤကာလအတွင်း ဂျာမဏီ၏ ထုတ်လုပ်ရေး စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် ကျောက်မီးသွေးနှင့် သံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှာ ပြင်သစ်နှင့် ရုရှား မဆိုထားနှင့် အင်္ဂလန်ထက်ပင် မနှိုင်းယှဉ်နိုင်လောက်အောင် ပို၍များသည် ဆိုခြင်းမှာလည်း အားလုံးအသိပင် ဖြစ်သည်။ ၁၈၉၂ ခုနှစ်တွင် ဂျာမဏီသည် သံရိုင်းတန်ချိန် ၄,၉၀၀,၀၀၀ ထုတ်လုပ်ခဲ့ပြီး ဗြိတိန်က တန်ချိန် ၆,၈၀၀,၀၀၀ ထုတ်လုပ်ခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် ဂျာမဏီက တန်ချိန် ၁၇,၆၀၀,၀၀၀ ထုတ်လုပ်ပြီး ဗြိတိန်က တန်ချိန် ၉,၀၀၀,၀၀၀ ထုတ်လုပ်ခဲ့သည်။ ထို့ကြောင့် ဤနယ်ပယ်တွင် ဂျာမဏီက ဗြိတိန်ထက် အပြတ်အသတ် သာနေသည်။* အောက်ပါ မေးခွန်း ပေါ်လာသည်။ တဖက်တွင် ထုတ်လုပ်ရေး စွမ်းအားစုများနှင့် အရင်းအနှီးစုဆောင်းမှု ဖွံ့ဖြိုးတိုးတက်မှု ခြားနားချက်ကို ဖယ်ရှားရန်နှင့် အခြားတဖက်တွင် ကိုလိုနီနှင့် ဘဏ္ဍာအရင်း၏ 'သြဇာအဝန်းအဝိုင်း' ခွဲဝေရေးတို့ကို အရင်းရှင်စနစ်အောက်မှာ စစ်ကလွဲ၍ မည်သည့်နည်းဖြင့် ဖြေရှင်းနိုင်ပါမည်နည်း။

---

*တော်ဝင်စာရင်းဇယား အသင်းကြီး၏ ဂျာနယ် ၊ ၁၉၁၄ ခု၊ ဇူလိုင် လ၊ စာမျက်နှာ ၇၇၇တွင်ပါရှိသည့် အဂ္ဂါခရင်မွန် **(Edgar Crammond)** ရေးသားသော 'ဗြိတိန် နှင့် ဂျာမန်အင်ပါယ များ၏ စီးပွားရေးဆက်ဆံမှု။

# (၈) အရင်းရှင်းစနစ်၏ ကပ်ပါးလက္ခဏာနှင့် ဆွေးမြေ့ ပျက်စီးမှု

ယခုကျွန်ုပ်တို့အနေဖြင့် နယ်ချဲ့စနစ်၏ အင်မတန်အရေးပါသော နောက်ထပ်တဖက်ကို ဆန်းစစ်ရပေဦးမည်။ ဤစနစ်အကြောင်းကို ဆွေးနွေးကြတိုင်း ဤအကြောင်းအရာနှင့်ပတ်သက်ပြီး အလေးထားမှုမှာ လုံလောက်လေ့မရှိချေ။ မာ့က်စ်ဝါဒီ ဟီလ်ဖာရင်း၏ အားနည်းချက်များအနက် တခုမှာ သူသည် မာ့က်စ်ဝါဒီ မဟုတ်သူ ဟော့ဘ်ဆင်ထက် နောက်သို့ တလှမ်းဆုတ်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်ဆိုလိုသည်မှာ နယ်ချဲ့စနစ်၏ ထူးခြားချက်ဖြစ်သော ကပ်ပါးလက္ခဏာပင် ဖြစ်သည်။

ကျွန်ုပ်တို့တွေ့ခဲ့ကြသည့်အတိုင်းပင် နယ်ချဲ့စနစ်၏ စီးပွားရေးအရ အနက်ရှိုင်းဆုံးအုတ်မြစ်မှာ လက်ဝါးကြီးအုပ်စနစ် ဖြစ်သည်။ ဤသည် အရင်းရှင်လက်ဝါးကြီးအုပ်စနစ်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ အရင်းရှင်စနစ်ထဲမှ ပေါက်ဖွားလာပြီး အရင်းရှင်စနစ်၊ ကုန်စည်ထုတ်လုပ်မှုနှင့် ပြိုင်ဆိုင်မှုဆိုသော အထွေထွေ ပတ်ဝန်းကျင်တွင် တည်ရှိကာ ဤအထွေထွေပတ်ဝန်းကျင်နှင့် တလျှောက်လုံး မပြေလည်တမ်း ပဋိပက္ခ ဖြစ်နေသော လက်ဝါးကြီးအုပ်စနစ်ပင်။ မည်သို့ပင်ဖြစ်စေ လက်ဝါးကြီးအုပ်မှုအားလုံးကဲ့သို့ပင် ၎င်းသည်လည်း မစီးဆင်းမှုနှင့် ဆွေးမြေ့ပျက်စီးမှု တိမ်းညွှတ်မှုကို ပေါ်ပေါက်စေပေသည်။ လက်ဝါးကြီးအုပ်ဈေးနှုန်းများကို (ယာယီပင်ဖြစ်စေဦးတော့)သတ်မှတ်ပြီးဖြစ်လေရာ နည်းပညာတိုးတက်မှုနှင့် နောက်ဆက်တွဲအားဖြင့် တိုးတက်မှုအားလုံးမှာ အတိုင်းအတာတခုအထိ ပျောက်ကွယ်သွားသည်။ နောက်ပြီး ထိုမှတဖန် နည်းပညာတိုးတက်မှုအား တမင် နောက်ပြန်ဆွဲသော စီးပွားရေးဖြစ်နိုင်ချေလည်း ပေါ်လာတော့သည်။ ဥပမာအားဖြင့် အမေရိကန်တွင် အိုဝင်ဆိုသူတဦးက ပုလင်းထုတ်လုပ်နည်းကို တော်လှန်လိုက်သော စက်တခု တီထွင်လိုက်သည်။ ဂျာမဏီမှ ပုလင်းထုတ်လုပ်သည့်ကာတယ်တခုက အိုဝင်၏တီထွင်ချက် ပိုင်ဆိုင်ခွင့်ကို ဝယ်ယူလိုက်သည်။ သို့သော် ချောင်ထိုးထားလိုက်ပြီး မသုံးဘဲထားလိုက်သည်။ အမှန်ပင် အရင်းရှင်စနစ်အောက်တွင် လက်ဝါးကြီးအုပ်မှုသည် ပြိုင်ဆိုင်မှုကို လုံးဝသော်လည်းကောင်း၊ ကာလကြာမြင့်စွာဖြစ်စေ ဖယ်ရှား မပစ်နိုင်ချေ။ (နောက်ပြီး ဤသည် မကြာမီမှာပင် နယ်ချဲ့လွန်ဝါဒ အဘယ်ကြောင့် အဓိပ္ပာယ်မရှိဖြစ်ရသည် ဆိုခြင်း၏ အကြောင်းရင်းတခု ဖြစ်လာသည်။) အမှန်ပင် ပိုမိုကောင်းမွန်အောင်လုပ်ထားသည့် နည်းပညာများ အသုံးပြုပြီး ထုတ်လုပ်ရေးစရိတ် လျှော့ချပြီး အမြတ်ပိုရအောင်လုပ်ခြင်းမှာ အပြောင်းအလဲဘက်ဆီသို့ ဦးတည်ခြင်းဖြစ်သည်၊ သို့သော် လက်ဝါးကြီးအုပ်စနစ်၏ထူးခြားချက်ဖြစ်သော မစီးဆင်းမှုနှင့် ဆွေးမြေ့ပျက်စီးမှု <u>တိမ်းညွှတ်မှုမှာ</u> ဆက်လက်၍ တည်ရှိနေသည်။ နောက်ပြီး အချို့သောစက်မှုလုပ်ငန်းခွဲများ၊ အချို့သောနိုင်ငံများ၊ အချို့သောအချိန်များတွင် ဤ တိမ်းညွှတ်မှုမှာ အပေါ်စီးပင်ရသည်။

အင်မတန် ကျယ်ပြန့်ကြွယ်ဝပြီး တည်နေရာကောင်းမွန်သော ကိုလိုနီများတွင်လည်း ဤလမ်းကြောင်း အတိုင်းပင် ဖြစ်ပေသည်။

တဆင့်ထပ်ပြောရလျှင် နယ်ချဲ့စနစ်ဆိုသည်မှာ ကျွန်ုပ်တို့တွေ့ခဲ့ရသလို နိုင်ငံအနည်းငယ်၏ လက်ထဲတွင် အာမခံစာချုပ် ဖရန့်ငွေ ကုဋေ၁၀,၀၀၀ မှ ၁၅,၀၀၀ အထိ တန်ဖိုးရှိသည့် ငွေအရင်းအနှီး အမြောက်အမြား စုပုံနေခြင်းဖြစ်သည်။ သို့ဖြင့် အတိုးအမြတ်စားသည့် လူတန်းစားတရပ်၊ လူမှုအလွှာတရပ် ဟုဆိုလျှင် ပိုမှန်မည်ထင်သည်။ ဆိုလိုသည်မှာ 'ကူပွန်ဖြတ်ခြင်း'ဖြင့်သာ ဘဝရပ်တည်သည့် မည်သို့သော လုပ်ငန်းကိုင်ငန်းတွင်မှ ပါဝင်ခြင်းမပြုသည့်၊ ဘာအလုပ်မှ မရှိခြင်းသည်သာလျှင် အသက်မွေးဝမ်းကြောင်းမှုဖြစ်သောသူ

များ အလွန်အမင်း တိုးပွားလာခဲ့သည်။ နယ်ချဲ့စနစ်၏ အရေးပါဆုံး စီးပွားရေးအခြေခံတခုဖြစ်သည့် အရင်း အနှီး တင်ပို့မှုသည် အတိုးအမြတ်စားသူများအား ထုတ်လုပ်မှုနှင့် ပို၍ပင် လုံးဝအဆက်ဖြတ်လိုက်ပြီး ပင်လယ်ရပ်ခြားတိုင်းပြည်နှင့် ကိုလိုနီ အများအပြားတို့မှ လုပ်အားကို သွေးစုပ်ခြင်းဖြင့်သာ ဘဝရပ်တည်သည့် ကပ်ပါးလက္ခဏာဆောင်မှု တံဆိပ်တုံးကို နိုင်ငံတခုလုံးတွင် ခပ်နှိပ်လိုက်တော့သည်။

'၁၈၉၃ခုနှစ်တွင် ပြည်ပတွင်မြှုပ်နှံထားသော ဗြိတိန်၏အရင်းမှာ ဗြိတိန်၏ကြွယ်ဝမှု စုစုပေါင်းရဲ့ ၁၅ ％ ခန့်ရှိသည်* ဟု ဟော့ဘ်ဆင်က ရေးခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် ဤအရင်းသည် နှစ်ဆခွဲမျှ တိုးများလာကြောင်း စာဖတ်သူအား အသိပေးလိုပါသည်။ ဆက်လက်၍ ဟော့ဘ်ဆင်က 'အခွန်ဆောင်ရသူအား အဖိုးအခကြီးစေပြီး စက်ရုံပိုင်ရှင်နှင့် ကုန်သည်အတွက်မူ တန်ဖိုးမပြောပလောက်သော သဲကြီးမဲကြီးနိုင်သည့် နယ်ချဲ့စနစ်သည် ရင်းနှီးမြှုပ်နှံသူအတွက် ရောမ အမြတ်များရရာ အရင်းအမြစ်တခု ဖြစ်သည်။ – – – – – ဗြိတိန်အနေဖြင့် ၎င်း၏ ပြည်ပနှင့် ကိုလိုနီနယ်ပယ်များ ကုန်သွယ်မှုမှ နှစ်စဉ်ဝင်ငွေမှာ ၁၈၉၉ ခုနှစ်အတွက် ပေါင်ငွေ ၁၈,၀၀၀,၀၀၀ရှိသည် ဟု ဆာအာရ်ဂစ်ဖင် ခန့်မှန်းထားသည်။ ဤသည်မှာ ဝင်ငွေပေါင်း ၈၀၀, ၀၀၀,၀၀၀ အပေါ်တွင် ၂ ½ ％ ဖြင့် တွက်ထားခြင်းဖြစ်သည်။' ဟု ရေးခဲ့သည်။ ဤဂဏန်းသည် ကြီးမားသည် မှန်သော်လည်း ဗြိတိန်၏ သဲကြီးမဲကြီးနိုင်လှသော နယ်ချဲ့စနစ်အား ရှင်းမပြနိုင်ပေ။ အတိုးစား အမြတ်စား သူများ၏ ဝင်ငွေဖြစ်သော 'မြှုပ်နှံ'ထားသည့်အရင်းမှ ဝင်ငွေဖြစ်သည့် စတာလင်ပေါင် သန်း ၉၀ မှ ၁၀၀ ကသာ ရှင်းပြနိုင်ပေသည်။

အတိုးအမြတ်စားသူများ၏ဝင်ငွေသည် ကမ္ဘာပေါ်ရှိ အကြီးဆုံး'ကုန်သွယ်ရေး'နိုင်ငံ၏ ပြည်ပကုန်သွယ်ရေးမှ ရရှိသောဝင်ငွေထက် ငါးဆပိုများသည်။ ဤသည် နယ်ချဲ့စနစ်၏ နယ်ချဲ့ကပ်ပါး လက္ခဏာဆောင်မှု၏ အနှစ်သာရပင် ဖြစ်သည်။

ယင်းအကြောင်းကြောင့်ပင် နယ်ချဲ့စနစ်နှင့်ပတ်သက်သော ဘောဂဗေဒရေးသားချက်များတွင် 'အတိုးအမြတ်စားသည့်နိုင်ငံ'သို့မဟုတ် ငွေတိုးပေးစာသည့်နိုင်ငံဆိုသော ဝေါဟာရကို အသုံးများလာနေကြသည်။ ကမ္ဘာကြီးမှာ လက်တဆုပ်စာ ငွေတိုးပေးစာသူနိုင်ငံများနှင့် များပြားလှသော မြီစားနိုင်ငံများ ဟူ၍ ကွဲပြားသွားလေပြီ။ ရှုပ်ဇ်ဂဗားနဗ္ဗ်က 'ပြည်ပရင်းနှီးမြှုပ်နှံမှုစာရင်း၏ထိပ်ဆုံးတွင် ပါရှိသည်မှာ နိုင်ငံရေးအရ မှီခိုရသော သို့မဟုတ် မဟာမိတ်ဖွဲ့ထားသည့်နိုင်ငံများ ဖြစ်သည်။ ဗြိတိန်သည် အီဂျစ်၊ ဂျပန်၊ တရုတ်နှင့် တောင်အမေရိကတို့ကို ချေးငွေများ ထုတ်ပေးသည်။ လိုအပ်လာလျှင် သူ၏ရေတပ်သည် မြေရှင့်စာရေး အခန်းက ပါဝင်သည်။ ဗြိတိန်၏ နိုင်ငံရေးသြဇာအာဏာက ၎င်း၏မြီစားများ မခံမရပ်နိုင်ဖြစ်လာမည့် အန္တရာယ်မှ ကာကွယ်ပေးသည်။** ပြည်ပရင်းနှီးမြှုပ်နှံမှုများ၏ အမျိုးသားစီးပွားရေးစနစ် ဆိုသောစာအုပ်ထဲတွင် စာတိုးရီးယပ်စ် ဗွန်ဝေါလ်တာရှော်ဆင် (Sartorious von Waltershausen) က ဟော်လန်နိုင်ငံအား 'အတိုးအမြတ်စားနိုင်ငံ'တခုအဖြစ် ဥပမာပေးထားပြီး ဗြိတိန်နှင့် ပြင်သစ်တို့သည်လည်း ထိုအတိုင်းဖြစ်လာနေသည် ဟု ထောက်ပြထားသည်။ ဗြိတိန်၊ ပြင်သစ်၊ ဂျာမဏီ၊ ဘယ်လ်ဂျီယံနှင့် ဆွစ်ဇာလန်ဆိုသော နိုင်ငံငါးခုမှာ 'အတိအကျပေါ်လွင်သော မြီရှင်နိုင်ငံများ' ဖြစ်သည်ဟု ယူဆသည်။ ဤစာရင်းထဲတွင် သူက ဟော်လန်နိုင်ငံကို ထည့်သွင်းမထားခြင်းမှာ ဟော်လန်သည် 'စက်မှုအရ အနည်းငယ်သာ ဖွံ့ဖြိုး'သောကြောင့်သာ ဖြစ်သည်။ *** အမေရိကန်နိုင်ငံသည် အမေရိကတိုက်နိုင်ငံများ၏ မြီရှင်သာ ဖြစ်သည်။

ရှုလ်ဇ်ဂဗားနဗ္ဗ်က 'ဗြိတိန်သည် စက်မှုနိုင်ငံအဖြစ်မှ မြီစားနိုင်ငံအဖြစ်သို့ တဖြည်းဖြည်းချင်း ပြောင်းလဲလာနေသည်။ အမျိုးသားစီးပွားရေးတခုလုံးတွင် စက်မှုထုတ်လုပ်မှုနှင့် စက်ရုံထွက်ကုန်များ ပြည်ပတင်ပို့မှု လုံးဝတိုးများလာသည့်အကြားမှပင် အတိုးနှင့် အမြတ်ဝေစုများမှ ဝင်ငွေ၊ အာမခံစာချုပ် ထုတ်ဝေခြင်း၊ ကော်

---

*ရှုလ်ဇ် ဂဗားနဗ္ဗ်၊ဗြိတိသျှ နယ်ချဲ့စနစ် ၊စာမျက်နှာ ၃၂၀။
**စာတိုးရီးယပ်စ် ဗွန်ဝေါလ်တာရှော်ဆင် ပြည်ပ အရင်းမြှုပ်နှံမှု အမျိုးသားစီးပွားရေးစနစ်။ ဘာလင်၊၁၉၀၇။ အတွဲ ၄။
*** ရီလ်ဒါ ၊အထက်တွင်ကိုးကား ခဲ့သော စာအုပ် ၊စာမျက်နှာ ၃၉၃။

မရှင်ပွဲခနှင့် ငွေကစားမှုမှ ရရှိသောဝင်ငွေသည် များသထက်များလာနေသည်။ ကျွန်ုပ်၏အမြင်တွင်မူ ဤသည်ပင် နယ်ချဲ့စနစ်ထောင်တက်လာခြင်း၏ စီးပွားရေးအခြေခံပင် ဖြစ်သည်ဟုယူမိပါသည်။ မြီရှင်နှင့်မြီစား တွဲဖက်မှုမှာ ရောင်းသူနှင့်ဝယ်သူတို့ တွဲဖက်မှုထက် ပို၍ မြဲမြံသည်။* ဂျာမဏီနိုင်ငံနှင့်ပတ်သက်၍မူ ၁၉၁၁ ခုနှစ်တွင် ဘဏ်ဂျာနယ်ကိုထုတ်ဝေသူ အေလင်းစ်ဘာ့ဂ်က 'အတိုးအမြတ်စား နိုင်ငံတခုဖြစ်သည့် ဂျာမဏီ' ဆိုသောဆောင်းပါးထဲတွင် အောက်ပါအတိုင်း ရေးသားထားသည်။ 'ပြင်သစ်ပြည်မှလူတွေမှာ တွေ့ရသလို အတိုးအမြတ်စားသူတွေဖြစ်ဖို့ မျှော်မှန်းခြင်းကို ဂျာမဏီမှလူများက နှာခေါင်းရှုံ့ကြသည်။ သို့သော် ခနရှင် လူတန်းစားအားပြောရလျှင် ဂျာမဏီပြည်၏အနေအထားမှာ ပြင်သစ်နိုင်ငံနှင့် ပို၍ပို၍ တူလာနေသည် ဆိုခြင်းကို သူတို့မေ့နေကြသည်'**

အတိုးအမြတ်စားနိုင်ငံဆိုသည်မှာ ကပ်ပါးလက္ခဏာဆောင်ပြီး ဆွေးမြေ့ပျက်စီးနေသော အရင်းရှင်နိုင်ငံ ဖြစ်သည်။ ဤအချက်သည် ယေဘုယျအားဖြင့် ဂယက်ရိုက်ခံသောနိုင်ငံများ၏ လူမှုရေး၊ နိုင်ငံရေး အခြေအနေများကို ဂယက်မရိုက်ဘဲမနေပေ။ အထူးသဖြင့် အလုပ်သမားလူတန်းစားများ လှုပ်ရှားမှုအတွင်းမှ အခြေခံအယူအဆနှစ်ရပ်ကို ဂယက်ရိုက်ပေသည်။ ဤအချက်ကို ရှင်းပြနိုင်ရန်အတွက် 'မာ့က်စ်ဝါဒစွဲလမ်းမှု' အပေါ်တွင် တိမ်းညွှတ်သည်ဟု သံသယဖြစ်စရာမရှိသော'စိတ်အချရဆုံး'သက်သေ ဟော့ဘ်ဆင်ကို ကိုးကားပါမည်။ တဖက်တွင်မူ သူသည် ကိုလိုနီများ ဘဏ္ဍာအရင်းနှင့် နယ်ချဲ့သည့်အတွေ့အကြုံတို့ အရင့်ကျက်ဆုံးဖြစ်သည့် နိုင်ငံအကြောင်း ကောင်းစွာသိရှိသည့် အင်္ဂလိပ်လူမျိုး တယောက် ဖြစ်ပါသည်။

သူ့ခေါင်းထဲမှာ အင်္ဂလိပ်ဘိုးဝါးစစ်ပွဲကို လောလောလတ်လတ်ဖြစ်ခဲ့သလို အမှတ်ရနေသည့် ဟော့ဘ်ဆင်သည် နယ်ချဲ့စနစ်နှင့် 'ဘဏ္ဍာအရှင်သခင်များ'၏ဆက်စပ်မှု ကန်ထရိုက်များမှ ရသောအမြတ်စသည်တို့ကို ဖော်ပြရင်း ဤသို့ရေးထားသည်။ 'ကပ်ပါးလက္ခဏာဆောင်သည်ဟု တိကျစွာပြောနိုင်သော ဤပေါ်လစီ၏ဒါရိုက်တာများမှာ အရင်းရှင်များဖြစ်သည်မှန်သော်လည်း အလုပ်သမား၏ အထူးလူတန်းစားများတွင်လည်း အလားတူ စေ့ဆော်မှုများ ရှိသည်။ မြို့ပေါင်းများစွာတွင် အရေးပါဆုံးကုန်သွယ်မှုများမှာ အစိုးရကပေးသောအလုပ် သို့မဟုတ် ကန်ထရိုက်များပေါ်တွင် မူတည်သည်။ ဓါတ်သတ္တုနှင့် သင်္ဘော တည်ဆောက်ရေးလုပ်ငန်းကြီးများ၏ နယ်ချဲ့စနစ်သည် ဤအချက်ကို မသေးသောအတိုင်းအတာဖြင့် ပြသနေသည်။'

စာရေးသူ၏အမြင်တွင်မူ အင်ပါယာဟောင်းများကို အားနည်းစေခဲ့သောအကြောင်းရင်း နှစ်ခုရှိသည်။ (၁) 'စီးပွားရေးအရ ကပ်ပါးလက္ခဏာဆောင်ခြင်း' (၂) အသိမ်းပိုက်ခံနိုင်ငံများမှ ပြည်သူများပါဝင်သည့် စစ်တပ်များ ဖွဲ့စည်းခြင်း။ 'ဦးစွာအားဖြင့် စီးပွားရေးအရ ကပ်ပါးလက္ခဏာဆောင်သောအကျင့်ဖြစ်သည်။ အုပ်စိုးသည့်နိုင်ငံသည် ဤအကျင့်အရ သူ၏ပြည်နယ်များ၊ ကိုလိုနီများနှင့် မှီခိုသူများကို အသုံးပြုပြီး သူ၏ အုပ်စိုးသူလူတန်းစားကို ကြွယ်ဝစေကာ သူ့အောက်ကလူတန်းစားကို သူ့ထံတွင် ကြိုးနွံ့ရန် လာဘ်ထိုးသည်။' ဤသို့သော လာဘ်ပေးရန်အတွက် စီးပွားရေးအရဖြစ်နိုင်ဖို့မှာ မည်သည့်လက္ခဏာပင်ဆောင်စေကာမူ အင်မတန်များပြားသော လက်ဝါးကြီးအုပ်အမြတ်များလိုသည် ဆိုသောအချက်ကို ဖြည့်စွက်လိုပါသည်။

ဒုတိယအကြောင်းရင်းနှင့်ပတ်သက်၍ ဟော့ဘ်ဆင်က ယခုကဲ့သို့ ရေးထားသည်။ 'နယ်ချဲ့စနစ်၏ မျက်စိကန်းမှုထဲမှ အဆန်းပြားဆုံးလက္ခဏာတခုမှာ ဗြိတိန်၊ ပြင်သစ်နှင့် အခြားသော imperial နိုင်ငံများအနေဖြင့် ဤ အန္တရာယ်များလှသောမှီခိုမှုအပေါ် နမော်နမဲ့နိုင်စွာ မသိကျိုးကျွန် ပြုထားခြင်းဖြစ်သည်။ ဗြိတိန်မှာ အလွန်အကျွံဆုံး ဖြစ်သည်။ အိန္ဒိယအင်ပါယာအား ကျွန်ုပ်တို့ရရှိခဲ့သောတိုက်ပွဲအများစုကို ဒေသခံတို့က တိုက်ပေးခဲ့ခြင်းဖြစ်သည်။ မကြာမီက အီဂျစ်နိုင်ငံမှာကဲ့သို့ပင် အိန္ဒိယမှာလည်း ရောမအမြဲတမ်းတပ်

---

*ရှုလ်ဇ် ဂဗာနဇ္ဇ၊ဗြိတိသျှ နယ်ချဲ့စနစ် ၊စာမျက်နှာ ၁၂၂

** ဘဏ် ဂျာနယ်။ ၁၉၁၁ ခု။ ဒုတိယတွဲ ၊စာမျက်နှာ ၁၀–၁၁

ကြီးများကို ဗြိတိသျှတပ်မှူးများအောက်တွင် ထားရှိခဲ့သည်။ အာဖရိကတိုက်ရှိသိမ်းပိုက်မှုများနှင့် ပတ်သက်သောတိုက်ပွဲများအနက် တောင်ပိုင်းမှလွဲ၍ အားလုံးလိုလိုကိုပင် ဒေသခံများကတိုက်ပေးခဲ့ခြင်းဖြစ်သည်။'

တရုတ်ပြည်အားခွဲဝေယူရေး အလားအလာနှင့်ပတ်သက်ပြီး ဟော့ဘ်ဆင်က စီးပွားရေးအရ အောက်ပါအတိုင်း သုံးသပ်ပြထားသည်။ 'ထိုအခါတွင် ဥရောပတိုက်၏အများပိုင်းမှာ အင်္ဂလန်တောင်ပိုင်း ရိုင်ဗီးရီးယားနှင့်၊ အီတလီနှင့် ဆွစ်ဇာလန်ရှိ ကမ္ဘာလှည့်ခရီးသည်များ ပြည့်နှက်နေသော သို့မဟုတ် လူနေဒေသများကဲ့သို့ ဖြစ်နေပေလိမ့်မည်။ အရှေ့ဖျားမှ အမြတ်ဝေစု သို့မဟုတ် ပင်စင်လစာထုတ်ယူနေသော ချမ်းသာသည့် မင်းစိုးရာဇာအစုအဝေးလေးများ၊ ဒီထက်ပိုကြီးတဲ့ အတိုးအမြတ်စားနေသူနဲ့ ကုန်သည်အစုများနှင့် အင်မတန်များသည့် အိမ်စေများ၊ကုန်သွယ်ပို့ဆောင်ရေးနှင့် ပိုမိုပျက်စီးလွယ်သော ကုန်ပစ္စည်းများအတွက် နောက်ဆုံးအဆင့် ထုတ်လုပ်မှုအလုပ်သမားများ ရှိနေမည်။ အသက်သွေးကြောစက်မှုလုပ်ငန်းအားလုံး ပျောက်ကွယ်သွားပြီး စားနပ်ရိက္ခာနှင့် စက်မှုထွက်ကုန်များမှာ အာရှနှင့်အာဖရိကတိုက်မှ အခွန်ဆက်သကဲ့သို့ စီးဝင်လာပေလိမ့်မည်။' 'ကျွန်ုပ်တို့အနေဖြင့် အောက်ပါ ဖြစ်နိုင်ခြေကို ခန့်မှန်းခဲ့သည်။ အနောက်တိုင်းနိုင်ငံများ၏ ပိုမိုကြီးမားသော မဟာမိတ်အဖွဲ့ကြီးတခု၊ ကမ္ဘာ့ယဉ်ကျေးမှုအား ရှေ့သို့ တွန်းတင်ရမည့်အစား အနောက်တိုင်း၏ ကပ်ပါးလက္ခဏာဆိုသော ရောမကပ်ကြီးကို သယ်ဆောင်လာနိုင်သည့် ဥရောပတိုက်အင်အားကြီးနိုင်ငံများ၏ အဖွဲ့ချုပ်ကြီးတခု၊ အာရှနှင့် အာဖရိကတိုက်မှ များပြားလှသော အခွန်ပဏ္ဏာများကို စားသောအထက်လွှာတရပ် ရှိသည့် ရှေ့တန်းရောက်စက်မှုနိုင်ငံ အစုတစု၊ ဤအစုသည် လယ်ယာနှင့် စက်မှုမှ ပုံမှန်ထုတ်လုပ်မှုတွင် မပါဝင်တော့ဘဲ ဘဏ္ဍာမင်းစိုးရာဇာ အလွှာသစ်တခု၏ ချုပ်ကိုင်မှုအောက်တွင် ပုဂ္ဂိုလ်ရေး သို့မဟုတ် အသေးစားစက်မှုဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နေသော ယဉ်နေသည့် အတိုးအမြတ်စားသူ ထုကြီးကို အဆိုပါအခွန်ပဏ္ဏာများဖြင့် ထောက်ပံ့ထားသည်။ ဤသို့သော သဘောတရားမျိုးကို ရှေ့ဆောင်လမ်းပြရန် (လမ်းသစ်ရှာရန်ဟုဆိုလျှင် ပိုကောင်းမည်) စဉ်းစားဖို့မလိုဟု ယူဆသူများအား ဤအခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်သည့် အင်္ဂလန်တောင်ပိုင်းမှ ခရိုင်များကို စုံစမ်းလေ့လာစေချင်ပါသည်။ ပြီးလျှင် ဥရောပတိုက်တွင်စားသုံးရန်အတွက် ကမ္ဘာ့အကြီးဆုံး အမြတ်အစွန်း အလားအလာရှိသူဖြစ်သော တရုတ်ပြည်ကို ခန်းခြောက်စေရင်း အလားတူ ဘဏ္ဍာရေးလောကသားများ၊ ရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံရေးနှင့် စီးပွားရေးအရာရှိများ၏ စီးပွားရေးချုပ်ကိုင်မှုအောက်တွင် ထားရှိခြင်းဖြင့် ပေါ်ပေါက်လာမည့် ကျယ်ပြန့်သည့် စနစ်တခုပေါ်တွင် ရောင်ပြန်ဟပ်ပါစေ။ အခြေအနေမှာ ရှုပ်ထွေးလွန်းလှသည်။ ကမ္ဘာ့အင်အားစုများ၏ ရွေ့ကွက်မှာ မခန့်မှန်းနိုင်ချေ၊ အနာဂတ်နှင့်ပတ်သက်ပြီး မည်သည့်တွက်ချက်မှုမဆို ဖြစ်နိုင်ခြေ ရှိသည်။ သို့သော် ယနေ့ အနောက်ဥရောပ၏ နယ်ချဲ့စနစ်ကို စိုးမိုးသော ဩဇာဂယက်များမှာ ဤဦးတည်ချက်အတိုင်း သွားနေသည်။ ဤသည်ကို တန်ပြန်ခြင်း သို့မဟုတ် လမ်းလွှဲခြင်း မပြုပါက ထိုသို့သော စားသုံးမှုဆီသို့ ရောက်ရှိသွားပေလိမ့်မည်။*

စာရေးသူမှာ မှန်သည်။ နယ်ချဲ့အင်အားစုများအား တန်ပြန်ခြင်းမပြုခဲ့လျှင် သူပြောသည့်အတိုင်း အတိအကျ ဖြစ်သွားပေမည်။ မျက်မှောက်နယ်ချဲ့အခြေအနေတွင် 'ဥရောပပြည်ထောင်စု'ဆိုသည်၏ ထူးခြားချက်ကို မှန်ကန်စွာ အကဲဖြတ်နိုင်ခဲ့သည်။ သို့သော် သူ့အနေဖြင့် အလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွင်းမှာလည် နိုင်ငံအများစု၌ ယခုအခါ အနိုင်ရနေသော အချောင်သမားများသည် ဤဦးတည်ချက်အတိုင်းပင် စနစ်တကျနှင့် မယိမ်းမယိုင် 'လုပ်ကိုင်' နေကြသည်ဆိုခြင်းကို ဖြည့်စွက်ခဲ့သင့်သည်။ ကမ္ဘာကြီးအား ခွဲဝေယူမှုနှင့် တရုတ်ပြည်မှလွဲ၍ အခြားသောနိုင်ငံများအား သွေးစုပ်ခြင်း၊ အင်မတန်ချမ်းသာသော လက်တဆုပ်စာနိုင်ငံများအတွက် များပြားလှသော လက်ဝါးကြီးအုပ်အမြတ်များဟု အဓိပ္ပာယ်ရသည့် နယ်ချဲ့စနစ်သည် ပစ္စည်းမဲ့လူတန်းစား၏အထက်လွှာအား လာဘ်ထိုးနိုင်သော စီးပွားရေးအခြေအနေကို ဖန်တီးယူသည်။ သို့ဖြင့် အချောင်သမားဝါဒအား ဖြစ်ပေါ်စေ၊ ပုံပေါ်လာစေပြီး အားဖြည့်ခဲ့သည်။

---

*ဟော့ဘ်ဆင် ၊အထက်တွင် ကိုးကား ခဲ့သည့်စာအုပ်စာမျက်နှာ ၁၀၃။ ၂၀၅။ ၁၄၄။၃၃၅။၃၈၆။

နယ်ချဲ့စနစ်အား ကာကွယ်သဖြင့် ပါတီမှထုတ်ပစ်ခြင်းခံရသူ၊ ယနေ့အခါတွင် ဂျာမဏီနိုင်ငံ 'ဆိုရှယ် ဒီမိုကရက်တစ်ပါတီ' ဆိုသည်၏ ခေါင်းဆောင်တဦးဖြစ်နိုင်သည့် ဂျာမန်အချောင်ဝါဒီ ဂါးဟတ်ဟီလ်ဒ် ဘရန်းသည် 'အနောက်ဥရောပပြည်ထောင်စု'(ရုရှားမပါ) ဆိုသည်ကိုတင်ပြခြင်းဖြင့် ဟော့ဘ်ဆင်အား ဖြည့်ဆည်းခဲ့ပေသည်။ သူ၏တင်ပြချက်မှာ အာဖရိကတိုက်မှ နီးဂရိုးများနှင့် 'အစ္စလမ်လှုပ်ရှားမှုကြီး'တို့အား 'ပူးတွဲ' အရေးယူဆောင်ရွက်ရန်၊ 'တရုတ်– ဂျပန် မဟာမိတ်ဖွဲ့မှု' အား ဆန့်ကျင်ဖို့အတွက် 'အားကောင်းသော ကြည်းတပ်နှင့် ရေတပ်' တို့ကို ထားရှိရန်[*] စသည်တို့ ပါဝင်သည်။

ရှုလ်ဇ်ဂဗာနဇ္ဇ၏စာအုပ်ထဲတွင် 'ဗြိတိသျှနယ်ချဲ့စနစ်'အကြောင်း သရုပ်ဖော်ရာတွင်လည်း အလားတူ ကပ်ပါးဆန်သော အရည်အသွေးများကို ဖွင့်ပြထားသည်။ ၁၈၆၅ ခုနှစ်မှ ၁၈၉၈ ခုနှစ်အတွင်း ဗြိတိန်နိုင်ငံ၏ အမျိုးသားဝင်ငွေမှာ အကြမ်းဖျင်းအားဖြင့် နှစ်ဆခန့်ဖြစ်လာသော်လည်း ထိုကာလအတွင်း 'ပြည်ပ' ဝင်ငွေသည် ကိုးဆမျှ တိုးများလာခဲ့သည်။ နယ်ချဲ့စနစ်၏ 'ကောင်းကျိုးပြုမှု'မှာ ၎င်းသည်'နီးဂရိုးများကို စက်မှုလုပ်ငန်း၏ အလေ့အထများ လေ့ကျင့်ပေးခြင်း' (အတင်းအကျပ်တော့မဟုတ်ဘူးပေါ့) ဖြစ်ပြီး နယ်ချဲ့စနစ်၏ 'အန္တရာယ်'မှာ ဥရောပအနေဖြင့် ပထမတွင် လယ်ယာနှင့် သတ္တုတွင်းတူးခြင်း သည့်နောက်တွင် စက်မှုလုပ်ငန်းအတွင်းမှ ပိုမိုကြမ်းသောအလုပ်များဆိုသည့် ကာယအလုပ်ဝန်ထုပ်ဝန်ပိုးကြီးကို အသားအရောင်ရှိသော လူမျိုးများ၏ ပခုံးပေါ်သို့ လွှဲပေးလိမ့်မည်။ သူကိုယ်တိုင်ကမူ အတိုးအမြတ်စားဘဝနှင့် ကျေနပ်နေမည်။ သို့ဖြင့် အသားအရောင်ရှိသောလူမျိုးများ၏ စီးပွားရေးလွတ်မြောက်မှု နောင်တွင် နိုင်ငံရေးလွတ်မြောက်မှုကို လမ်းဖောက်ကောင်း ဖောက်ပေးပေလိမ့်မည်။' ဟူ၍ဖြစ်သည်။

ဗြိတိန်နိုင်ငံရှိ မြေများအနက် အပျော်အားကစားမှုအတွက် ချမ်းသာသူများ အပန်းဖြေရန်အတွက် ပို၍ပို၍များသော မြေအရေအတွက်ကို စိုက်ပျိုးခြင်းမှ ဖဲ့ထုတ်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် မင်းစိုးရာဇာ အဆန်ဆုံး အားကစားကွင်းဖြစ်သည့် စကော့တလန်သည် 'အတိတ်နှင့် မစ္စတာကာနယ်ဂျီအပေါ်တွင် မှီခိုရသည်' ဟူ၍ ပြောစမှတ်ပြုကြလေသည်။ မြင်းပြိုင်ပွဲနှင့် မြေခွေးလိုက်ခြင်း သက်သက်အတွက်ပင်လျှင် ဗြိတိန်နိုင်ငံတွင် နှစ်စဉ် ပေါင် ၁၄,၀၀၀,၀၀၀ သုံးစွဲကြသည်။ အင်္ဂလန်ရှိ အတိုးအမြတ်စားသူ အရေအတွက်မှာ တသန်းခန့်ရှိသည်။ စုစုပေါင်းလူဦးရေနှင့် ထုတ် လုပ်ရေးတွင် ပါဝင်သူဦးရေ အချိုးအစားမှာ လျော့ကျလာနေသည်။

| ခုနှစ် | လူဦးရေသန်းပေါင်း | အခြေခံစက်မှုလုပ်ငန်းများရှိအလုပ်သမားဦးရေ(သန်းပေါင်း) | စုစုပေါင်းလူဦးရေ% |
|---|---|---|---|
| ၁၈၅၁ | ၁၇.၉ | ၄.၁ | ၂၃% |
| ၁၉၀၁ | ၃၂.၅ | ၄.၉ | ၁၅% |

ဗြိတိသျှအလုပ်သမားလူတန်းစားအကြောင်း ပြောရာတွင် ၂၀ရာစုနှစ်အစ ဗြိတိသျှနယ်ချဲ့စနစ်ကို လေ့လာသည့် ခနရှင်ကျောင်းသားအဖို့ အလုပ်သမား'<u>အထက်လွှာ'နှင့် 'ပစ္စည်းမဲ့လူတန်းစား၏ အောက်လွှာ</u>'တို့ကို စနစ်တကျ ခွဲခြားရပေမည်။ သမဝါယမအဖွဲ့များ၊ အလုပ်သမားသမဂ္ဂများ၊ အားကစားသမားများနှင့် ဘာသာရေးဂိုဏ်းအများအပြားအတွက် အသင်းအဖွဲ့ဝင်ထုကြီးမှာ အထက်လွှာမှလာခြင်းဖြစ်သည်။ ဤသည်ကိုမှ ရွေးကောက်ပွဲစနစ်အား လိုက်လျောညီထွေ ပြုထားလိုက်သည်။ ဗြိတိန်တွင် ဤစနစ်သည် 'ပင်မပစ္စည်းမဲ့လူတန်းစား၏ အောက်လွှာအား လုံလောက်စွာ ကန့်သတ် ပထုတ်ထားဆဲပါကလား' အလုပ်သမားလူတန်းစား၏အခြေအနေကို တင်ပြရာတွင် အလှခြယ်ပေးနိုင်ရန်အတွက် ပစ္စည်းမဲ့လူတန်းစား၏ <u>အနည်းစုကလေးမျှသာ</u>ဖြစ်သော ဤအထက်လွှာကိုသာ ယေဘုယျအားဖြင့် ကိုးကားလေ့ရှိပေသည်။ ဥပမာ

---

* **ဂါးဟတ်ဟီလ်ဒ်ဘရန်း (Gerhard Hildebrand)၊စက်မှုဝါဒ နှင့်စက်မှု ဆိုရှယ်လစ် ဝါဒတို့ ပြိုကွဲ ခြင်း ၁၉၀၃။ စာမျက်နှာ၂၂၉။**

အားဖြင့်‘အလုပ်လက်မဲ့ပြဿနာမှာ အဓိကအားဖြင့် လန်ဒန်က ပြဿနာ၊ နောက်ပြီး နိုင်ငံရေးသမားများက အနည်းငယ်မျှသာ အလေးထားသော ပစ္စည်းမဲ့လူတန်းစားအောက်လွှာ၏ ပြဿနာသာ ဖြစ်သည်။’* ခေတ်ရှင်နိုင်ငံရေးသမားများနှင့် ‘ဆိုရှယ်လစ်’အချောင်သမားများက အနည်းငယ်မျှသာ အလေးထားသော ဟူ၍ ဆိုခဲ့သင့်သည်။

ကျွန်ုပ်တို့ပုံဖော်နေသော နယ်ချဲ့စနစ်၏ ထူးခြားသောလက္ခဏာတခုမှာ နယ်ချဲ့နိုင်ငံများမှ ထွက်ခွာပြောင်းရွှေ့သွားသူဦးရေ ကျဆင်းလာပြီး လစာနည်းသော ပိုမိုခေတ်နောက်ကျသည့်နိုင်ငံများမှ နယ်ချဲ့နိုင်ငံများသို့ ပြောင်းရွှေ့ဝင်ရောက်လာသူဦးရေ တိုးများလာနေခြင်း ဖြစ်သည်။ ဟော့ဘ်ဆင်၏တွေ့ရှိချက်အတိုင်းဆိုလျှင် ဗြိတိန်နိုင်ငံမှ ထွက်ခွာသွားသူဦးရေမှာ ၁၈၈၄ခုနှစ်ကစပြီး ကျဆင်းလာနေသည်။ ထိုနှစ်တွင် ထွက်ခွာသွားသူဦးရေမှာ ၂၄၂,၀၀၀ ဖြစ်ပြီး ၁၉၀၁ ခုနှစ်တွင်မူ ၁၆၉,၀၀၀သာ ရှိသည်။ ဂျာမဏီမှ ထွက်ခွာသွားသူဦးရေမှာ ၁၈၈၁ ခုနှစ်နှင့် ၁၈၉၀ ခုနှစ် အကြားတွင် အများဆုံး ဖြစ်ပြီး စုစုပေါင်း ၁,၄၅၃,၀၀၀ ဦး ရှိသည်။ အဲဒီနောက် ဆက်လာသော ဆယ်စုနှစ် ၂ ခုတွင် မူ ၅၄၄,၀၀၀ မှ ၃၄၁,၀၀၀သို့ ကျဆင်းသွားသည်။ တဖက်တွင်မူ ဂျာမဏီနိုင်ငံတွင်းသို့ ဩစတြီးယား၊ အီတလီ၊ ရုရှား၊ နှင့်အခြားနိုင်ငံများမှ ဝင်လာသူ အလုပ်သမားဦးရေမှာ တိုးများလာလျက် ရှိသည်။ ၁၉၀၇ ခုနှစ် သန်းခေါင်စာရင်းအရဆိုလျှင် ဂျာမဏီတွင် နိုင်ငံခြားသား ၁,၃၄၂,၂၉၄ ဦး ရှိသည်။ ၎င်းတို့အနက် ၄၄၀,၈၀၀ မှာ စက်မှုအလုပ်သမား များဖြစ်ပြီး ၂၅၇,၃၂၉ မှာ လယ်ယာအလုပ်သမားများ ဖြစ်သည်။ **

ပြင်သစ်နိုင်ငံတွင် သတ္တုတွင်းလုပ်ငန်းတွင် လုပ်နေကြသော အလုပ်သမား‘အများစု’မှာ ပိုလန်လူမျိုး၊ အီတလီလူမျိုး၊ စပိန်လူမျိုးများ စသဖြင့် နိုင်ငံခြားသားများ ဖြစ်ကြသည်။*** အမေရိကန်နိုင်ငံတွင် ဥရောပအရှေ့ပိုင်းနှင့် တောင်ပိုင်းမှ ကူးပြောင်းလာသူများမှာ လစာအနည်းဆုံးအလုပ်များကို လုပ်နေကြပြီး အမေရိကန်အလုပ်သမားများမှာ အလုပ်သမားခေါင်း သို့မဟုတ် လခကောင်းသော အလုပ်သမားများထဲတွင် ရာခိုင်နှုန်းအများဆုံး ဖြစ်သည်။****နယ်ချဲ့စနစ်သည် အလုပ်သမားများအကြားတွင်လည်း အခွင့်ထူးခံလူတန်းစားများ ဖန်တီးပြီး ပစ္စည်းမဲ့လူတန်းစားထုကြီးထဲမှ ခွဲပစ်သော တိမ်းညွှတ်မှု ရှိသည်။

ဗြိတိန်နိုင်ငံတွင် နယ်ချဲ့သမားအနေဖြင့် အလုပ်သမားများကို ဖြိုခွဲ၊ ၎င်းတို့ထဲတွင် အချောင်ဝါဒကို အားဖြည့်ပြီး အလုပ်သမားလူတန်းစားအတွင်း ယာယီယိုယွင်းပျက်စီးမှု ဖန်တီးသော တိမ်းညွှတ်မှုကို ၁၉ ရာစုနှစ်အကုန်နှင့် ၂၀ရာစု နှစ်အစမတိုင်မီကပင် ဖော်ပြခဲ့သည်။ အကြောင်းမှာ ဗြိတိန်တွင် နယ်ချဲ့စနစ်အား အခြားစနစ်များနှင့်ခွဲခြားသော လက္ခဏာနှစ်ရပ်ဖြစ်သည့် ကျယ်ပြောသောကိုလိုနီပိုင်ဆိုင်မှုနှင့် ကမ္ဘာ့ဈေးကွက်တွင် လက်ဝါးကြီးအုပ်အနေအထားတို့ကို ၁၉ ရာစုနှစ်အလယ်ပိုင်းတွင်ပင် မြင်တွေ့နေရပြီးဖြစ်သည်။ မာ့က်စ်နှင့်အိန်ဂယ်တို့သည် ဆယ်စုနှစ်ပေါင်းများစွာသော ကာလအတွင်းတွင် အချောင်ဝါဒနဲ့ အလုပ်သမားလူတန်းစားလှုပ်ရှားမှုတို့ ဆက်စပ်ပုံနှင့် ဗြိတိသျှအရင်းရှင်စနစ်၏ နယ်ချဲ့လက္ခဏာများကို စနစ်တကျ ခြေရာခံ လိုက်ခဲ့ကြသည်။ ဥပမာအားဖြင့် ၁၈၅၈ ခုနှစ် အောက်တိုဘာလ ၇ရက်နေ့တွင် အိန်ဂယ်က မာ့က်စ်ထံ ဤသို့ရေးခဲ့သည်။ ‘အင်္ဂလိပ်ပစ္စည်းမဲ့လူတန်းစားသည် ပို၍ပို၍ ခေတ်ရှင်ဆန်လာသည်။ ဤနိုင်ငံအားလုံးထဲတွင် ခေတ်ရှင်အဆန်ဆုံးသူများသည် အဆုံးစွန်အားဖြင့် ခေတ်ရှင်မင်းစိုးရာဇာတို့၏ ပိုင်ဆိုင်မှု နောက်ပြီး ခေတ်ရှင်ပစ္စည်းမဲ့လူတန်းစားနှင့် ခေတ်ရှင်လူတန်းစားဘဝကိုလည်း ရည်မှန်းလျက်ရှိဟန်တူသည်။ တကမ္ဘာလုံးအားသွေးစုပ်သည့် နိုင်ငံတခုအဖို့တော့ ဤအချက်မှာ အမှန်ပဲ အတိုင်းအတာတခုအထိ တရားသည်ဟု ပြောနိုင်သည်။’ ရာစု နှစ်အစိတ်လောက်ကြာသောအခါ ၁၈၈၁ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့ နေ့စွဲပါ စာထဲမှာ

*ရှုလ်ဇ် ဂဗားနဇ္ဇ၊ ဗြိတိသျှ နယ်ချဲ့စနစ်၊ စာမျက်နှာ ၃၀၁။
** ဂျာမဏီကေရာဇ်နိုင်ငံ၏ စာရင်းဇယားများ။
*** ဟိန်းဂါး (Henger) ၏ ပြင်သစ် နိုင်ငံ ရင်းနှီးမြှုပ်နှံမှုများ၊ စတက်ဂတ် ၁၉၁၃ခု။
****ဟောဝါးဝစ်ချ် (Hourwich) ၊ကူးပြောင်းနေထိုင်မှုနှင့်လုပ်သား ။ နယူးယောက် ၁၉၁၃ ခု။

အိန်ဂယ်က ‘ဓနရှင်လူတန်းစားက ဝယ်ယူထားသော အနည်းဆုံးလစာ ပေးထားသောသူများကို ခေါင်းဆောင်ခွင့်ပြုထားသည့် အင်္ဂလိပ်အလုပ်သမားသမဂ္ဂ အမျိုးအစားတွေ’ ဟု ရေးခဲ့သည်။ ကောက်စကီထံ ရေးသော ၁၈၈၂ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်နေ့စွဲပါ စာထဲ၌ အိန်ဂယ်က ယခုကဲ့သို့ ရေးထားသည်။ ‘ကိုလိုနီပေါ်လစီအပေါ် အင်္ဂလိပ်အလုပ်သမားတွေက မည်သို့သဘောထားကြောင်း ကျွန်တော့်ကိုမေးသည်။ ကောင်းပြီ၊ ယေဘုယျ နိုင်ငံရေးတခုလုံးအပေါ် သဘောထားသလိုပင် ထားပါသည်။ ဤနေရာတွင် အလုပ်သမားများ၏ပါတီ မရှိပါ။ ကွန်ဆာဗေးတစ်များနှင့် လစ်ဘရယ်ရက်ဒီကယ်များသာ ရှိပါသည်။ အလုပ်သမားများမှာ အင်္ဂလန်နိုင်ငံ၏ကိုလိုနီများနှင့် ကမ္ဘာ့ဈေးကွက်ပေါ် လက်ဝါးကြီးအုပ်မှုပေါ်တွင် ပျော်ပျော်ကြီး ဝေစုယူနေကြပါသည်။*  (အိန်ဂယ်သည် ၁၈၉၂ ခုနှစ်တွင် ထုတ်ဝေသော အင်္ဂလန်အလုပ်သမား လူတန်းစား၏အခြေအနေ စာအုပ်၊ ဒုတိယနှိပ်ခြင်း၏ အမှာစာတွင်လည်း အလားတူ အယူအဆမျိုးကို ဖော်ပြခဲ့သည်။)

ဤသည်က အကြောင်းရင်းနှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြသနေသည်။ အကြောင်းရင်းများမှာ (၁) ဤနိုင်ငံက ကမ္ဘာတခုလုံးအား သွေးစုပ်မှု (၂) ကမ္ဘာ့ဈေးကွက်ရှိ ၎င်း၏ လက်ဝါးကြီးအုပ်အနေအထား (၃) ၎င်း၏ ကိုလိုနီပိုင်ဆိုင်မှုတွင် လက်ဝါးကြီးအုပ်မှုတို့ ဖြစ်သည်။ အကျိုးသက်ရောက်မှုများမှာ (၁) ဗြိတိသျှပစ္စည်းမဲ့လူတန်းစား အစိတ်အပိုင်းတခုမှာ ဓနရှင်လူတန်းစား ဖြစ်လာခြင်း။ (၂) မိမိကိုယ်မိမိ ဓနရှင်လူတန်းစားက ဝယ်ယူထားသူ အနည်းဆုံးလစာ ပေးထားသူများအား ပစ္စည်းမဲ့လူတန်းစား၏ အစိတ်အပိုင်းတခုက ခေါင်းဆောင်ခွင့် ပြုထားခြင်းတို့ဖြစ်သည်။ ၂၀–ရာစုနှစ် အစပိုင်း၏ နယ်ချဲ့စနစ်သည် ကမ္ဘာကြီးအား လက်တဆုပ်စာနိုင်ငံများအတွင်း ခွဲဝေယူခြင်းအား အပြီးသတ်ခဲ့ကြသည်။ ၎င်းတို့ထဲမှ တနိုင်ငံစီသည် ယနေ့အခါ၌ ၁၈၅၈ ခုနှစ်ဆီက အင်္ဂလန် သွေးစုပ်ခဲ့သည့် အစိတ်အပိုင်းထက် အနည်းငယ်မျှသာ ငယ်သောအပိုင်းကို သွေးစုပ်နေကြ(ဆိုလိုတာက အထူးအမြတ်အစွန်းများ ထုတ်ယူခြင်း)သည်။ ယင်းတနိုင်ငံစီသည် ထရပ်စ်၊ ကာတယ်၊ ဘဏ္ဍာအရင်းနှင့် မြီရှင်မြီစား ဆက်ဆံမှုများ အကျိုးကြောင့် ကမ္ဘာ့ဈေးကွက်တွင် လက်ဝါးကြီးအုပ်အနေအထားကို ရရှိထားကြသည်။ ယင်းတနိုင်ငံစီသည် အတိုင်းအတာတခုအထိ ကိုလိုနီပိုင်ဆိုင်မှုတွင် လက်ဝါးကြီးအုပ်ထားနိုင်ကြသည်။ စတုရန်းကီလိုမီတာ ၇၅,၀၀၀,၀၀၀ ကျယ်ပြန့်သော ကမ္ဘာ့ကိုလိုနီနယ်ပယ်တခုလုံးအနက် စတုရန်းကီလိုမီတာ ၆၅,၀၀၀,၀၀၀ သို့မဟုတ် ၈၆ ％ ကို အင်အာကြီး ၆ နိုင်ငံက ပိုင်ဆိုင်ကြသည်။ စတုရန်းကီလိုမီတာ ၆၁,၀၀၀,၀၀၀ သို့မဟုတ် ၈၁％ကို အင်အားကြီး သုံးနိုင်ငံတို့က ပိုင်ဆိုင်ကြသည်။

မျက်မှောက်အနေအထား၏ ထင်ရှားသောလက္ခဏာမှာ အလုပ်သမားလူတန်းစားလှုပ်ရှားမှု၏ အထွေထွေနှင့် အရေးအပါဆုံး အကျိုးစီးပွားများနဲ့ အချောင်ဝါဒတို့အကြား စေ့စပ်မရနိုင်မှုကို ပို၍သာ ဖြစ်ပေါ်စေသော စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေများ လွှမ်းမိုးနေခြင်းဖြစ်သည်။ နယ်ချဲ့စနစ်သည် သန္ဓေသားအဖြစ်မှ လွှမ်းမိုးနေသော စနစ်ကြီးတခု ဖြစ်သွားပေပြီ။ စီးပွားရေးနှင့် နိုင်ငံရေးတွင် အရင်းရှင်လက်ဝါးကြီး

* မာ့က်စ် နှင့်အိန်ဂယ် ပေးစာများ အတွဲ ၂။ စာမျက်နှာ ၂၉၀ နှင့် အတွဲ ၄။ စာမျက်နှာ ၄၅၃။ ကားလ်ကောက်စကီ ဆိုရှယ်လစ် စနစ်နှင့် ကိုလိုနီနိုင်ငံရေး၊ ဘာလင် ၁၉၀၇ ခု၊ စာမျက်နှာ ၇၉။ ဤစာစောင်ကို ကောက်စကီသည် သူမာ့က်စ်ဝါဒီတဦးဖြစ် နေသေး သည့်ကာလ အတီအတေတွင် ရေးသားခဲ့ခြင်းဖြစ်သည်။

အုပ်အဖွဲ့အစည်းများက ပထမနေရာ ယူထားကြသည်။ ကမ္ဘာကြီးအားခွဲဝေယူမှု အပြီးသတ်သွားပြီ။ တဖက်တွင်မူ ဗြိတိန်နိုင်ငံ၏ ဖြိုခွဲမရသော လက်ဝါးကြီးအုပ်မှုအစား နယ်ချဲ့အင်အားအနည်းငယ်က ဤလက်ဝါးကြီးအုပ်ထဲတွင် ရှယ်ယာပိုင်ဆိုင်နိုင်ရန် တုပြိုင်လာကြသည်။ ဤတိုက်ပွဲသည် ၂၀ ရာစုနှစ် အစပိုင်းကာလ၏ ဝိသေသလက္ခဏာပင် ဖြစ်သည်ကို တွေ့ကြရသည်။ အချောင်ဝါဒအနေဖြင့် ၁၉ ရာစုနှစ် ဒုတိယအပိုင်း အင်္ဂလန်နိုင်ငံမှာကဲ့သို့ နိုင်ငံတနိုင်ငံ၏ အလုပ်သမားလူတန်းစား လှုပ်ရှားမှုထဲတွင် လုံးဝအောင်ပွဲခံသည်မျိုး မဖြစ်နိုင်တော့။ သို့သော် နိုင်ငံအများအပြားတွင် ဤအချောင်ဝါဒသည် ရင့်မှည့်၊ အမှည့်လွန်၊ ပုပ်သိုးကာ 'ဆိုရှယ်လစ်ရှော်ဗင်ဝါဒ'*အသွင်ဖြင့် ခနရှင်ပေါ်လစီနှင့် လုံးဝရောယှက်သွားလေပြီ။

*ရုရှား ဆိုရှယ်လစ်နယ်ချဲ့ဝါဒအား ပိုထရက်ဆော့ဗ် **(Potresov)**၊ ချကင်ခဲ့စ် **(Chkenkelis)**၊ မာစလော့စ် **(Maslov)** စသည့်ပုဂ္ဂိုလ်များ ဖြောင့်ဖြောင့်ကြေညာ ကိုယ်စားပြုကြပြီး ချကလဲ့ **(Chkeidze)**၊ စကိုဘလက်ဗ် **(Skobelev)**၊ အက္ကစယ်ရော့ဒ်၊ **(Axelrod)** မားတော့ဗ် **(Martov)** စသူတို့က ထုတ်မပြောဘဲ ကိုယ်စားကြ သည်။ ဤအယူဝါဒသည် ဖျက်သိမ်းရေးဝါဒဆိုသော ရုရှားအမျိုးအစား အချောင်ဝါဒမှ ပေါ်ထွက်လာခြင်းလည်း ဖြစ်သည်။

# (၉) နယ်ချဲ့စနစ် အပေါ် ဝေဖန်ချက်

နယ်ချဲ့စနစ်အပေါ် ဝေဖန်ချက်ဆိုရာ၌ ကျယ်ပြန့်သေအဓိပ္ပာယ်အရ ပြောရလျှင် လူ့အဖွဲ့အစည်းရှိ မတူသော လူတန်းစားများက ၎င်းတို့၏ အထွေထွေတွေးခေါ်မှုနှင့် ဆက်စပ်ပြီး နယ်ချဲ့ဝါဒအပေါ် ထားရှိသော သဘောထားကို ဆိုလိုပေသည်။

လူအနည်းငယ်၏လက်ထဲတွင် အတိုင်းအတာကြီးမားလှသော ဘဏ္ဍာအရင်းကို စုပြုံထားကာ တဖက်တွင် အငယ်စားနှင့် အလတ်စားအရင်းရှင်နှင့် ပိုင်ရှင်များကိုသာမက အင်မတန်ငယ်သော အရင်းရှင်နှင့်ပိုင်ရှင်များကိုပင် လက်အောက်ခံပြုသော အလွန်ကျယ်ပြန့်ပြီး လက်ပေါက်စိပ်သည့်ဆက်ဆံမှုနှင့် ဆက်သွယ်မှုကွန်ယက်ကြီး ဖန်တီးထား၍ အခြားတဖက်တွင် ကမ္ဘာကြီးအား ခွဲဝေယူရေးနှင့် အခြားနိုင်ငံများအား စိုးမိုးရန်အတွက် အခြားသောနိုင်ငံမှ ဘဏ္ဍာရေးအစုများအား တိုက်ခိုက်သောတိုက်ပွဲ ပိုမိုသည်းသန်လာခြင်းတို့သည် ပစ္စည်းရှိလူတန်းစားများအား နယ်ချဲ့စနစ်ဘက်သို့ လုံးဝပါသွားစေသည်။ နယ်ချဲ့စနစ်၏ အလားအလာအတွက် 'အထွေထွေ'တက်ကြွမှု၊ ယင်းကို အရူးအမူးအကာအကွယ်ပေးခြင်းနှင့် အလှပဆုံး နံ့သာခြယ်ပေးခြင်း စသည်တို့မှာ ဤခေတ်၏လက္ခဏာများပင် ဖြစ်သည်။ အလုပ်သမားလူတန်းစားအတွင်းသို့ နယ်ချဲ့တွေးခေါ်မှုကလည်း ထိုးဖောက်ဝင်ရောက်သည်။ ၎င်းနှင့် အခြားသောလူတန်းစားများအကြား မဟာတံတိုင်းကြီး ခြားနေသည်မဟုတ်ချေ။ ယနေ့ခေတ် ဂျာမဏီနိုင်ငံ 'ဆိုရှယ်ဒီမိုကရက်တစ်ပါတီ' ဆိုသည်၏ ခေါင်းဆောင်များအား 'ဆိုရှယ်နယ်ချဲ့သမားများ'ဟု ခေါ်ခြင်းမှာ မှန်လှသည်။ ဆိုလိုသည်မှာ စကားအရ ဆိုရှယ်လစ်၊ လုပ်ရပ်အရ နယ်ချဲ့သမား ဆိုသည်ပင် ဖြစ်သည်။ သို့သော် ၁၉၀၂ ခုနှစ် ကတည်းကပင် အင်္ဂလန်၌ ဖေဘီယံအချောင်ဝါဒအတွင်းတွင် ပါရှိသည့် 'ဖေဘီယံနယ်ချဲ့သမားများ'ရှိကြောင်း ဟော့ဘ်ဆင်က သတိပြုမိခဲ့သည်။

ဓနရှင်ပညာရှင်များနှင့်ဝါဒဖြန့်သူများတို့သည် နယ်ချဲ့စနစ်ကိုကာကွယ်ရာ၌ ဖုံးကွယ်သည့်သဏ္ဍာန်ဖြင့် ထွက်လာလေ့ရှိကြသည်။ သူတို့သည် နယ်ချဲ့စနစ်၏ လုံးဝစိုးမိုးမှုနှင့် နက်ရှိုင်းသောအမြင်များကို ဖုံးကွယ်ကြသည်။ ထရပ်စ်နှင့်ဘဏ်များအား ပုလိပ်က ကြီးကြပ်ရန် စသည့် အလွန်ပင်ရယ်စရာကောင်းသည့် 'ပြုပြင် ရေး' စီမံကိန်းများဖြင့် တကယ့်အနှစ်သာရများမှ အာရုံလွှဲရန် အစွမ်းကုန်ကြိုးစားကြပြီး အချို့သော အသေးစိတ်များနှင့် ဒုတိယတန်းစားအသေးစိတ်များကို ရှေ့တန်းတင်ကြသည်။ အရူးအမူးနိုင်ပြီး ဖြောင်ကျသောနယ်ချဲ့သမားများကမူ ဤမျှလောက် အကြိမ်မများသော်လည်း နယ်ချဲ့စနစ်၏ အခြေခံလက္ခဏာများကို ပြုပြင်ရေးဆိုသော အယူအဆမှာ အဓိပ္ပာယ်မရှိကြောင်း ဝန်ခံရဲကြပေသည်။

ဥပမာတခု ပေးပါမည်။ ဂျာမန်နယ်ချဲ့သမားများသည် ကမ္ဘာ့စီးပွားရေးမှတ်တမ်းများ ဆိုသော မဂ္ဂဇင်းထဲ၌ ကိုလိုနီများ၏ အမျိုးသားလွတ်မြောက်ရေးအတွက် လှုပ်ရှားမှုကို လေ့လာထားသည်။ အထူးသဖြင့် ဂျာမဏီပိုင်မဟုတ်သော ကိုလိုနီများ အကြောင်းပင်။ အိန္ဒိယရှိ မငြိမ်သက်မှုနှင့် ကန့်ကွက်သည့် လှုပ်ရှားမှုများ၊ နေတယ်လ် (တောင်အာဖရိတိုက် ) ဒပ်ချ်ပိုင် အရှေ့အင်ဒီးစ်တို့မှလှုပ်ရှားမှု စသည်တို့ကို ဖော်ပြထားသည်။ ၁၉၁၀ ခုနှစ် ဇွန်လ ၂၈ မှ ၃၀ အထိ ကျင်းပခဲ့သော တိုင်းတပါးအုပ်ချုပ်မှုခံရသည့် အာရှ၊ အာဖရိကနှင့် ဥရောပတိုက်တို့ရှိ အုပ်စိုးခံအမျိုးသားများ၊ လူမျိုးများနှင့် ပြည်သူများတို့၏ ကိုယ်စားလည်များ တက်ရောက်သော ကွန်ဖရင့်တခုနှင့် ပတ်သက်သော အင်္ဂလိပ်လို အစီရင်ခံစာတစောင်အကြောင်း ရေးရာ၌ ကွန်ဖရင့်၌ ပြောကြားသည့်မိန့်ခွန်းများအကြောင်း တယောက်က ယခုကဲ့သို့ ရေးထားသည်။ 'နယ်ချဲ့စနစ်ကိုတိုက်ရမည်၊ အုပ်စိုးသူနိုင်ငံများအနေဖြင့် အုပ်စိုးခံပြည်သူများ၏ လွတ်လပ်ခွင့်ကို အသိအမှတ်ပြုကြရမည်။ အင်အားကြီးနိုင်ငံများနှင့် အားနည်းသောပြည်သူများအကြား ချုပ်ဆိုသောစာချုပ်များ အကောင်အထည်

ဖော်ခြင်းကို နိုင်ငံတကာ့ခုံရုံးများက ကြီးကြပ်ပေးရမည် စသဖြင့် ကျုပ်တို့ကို ပြောကြသည်။ သို့သော် ဤစာမှလွဲ၍ ရှေ့သို့မတိုးတော့ချေ။ နယ်ချဲ့စနစ်သည် အရင်းရှင်စနစ်၏ လက်ရှိသဏ္ဍာန်နှင့် ခွဲခွာမရအောင် တွဲဖက်မိနေသည် ဆိုသောအချက်ကို နားလည်ဟန် လုံးဝမတွေ့ရပေ။ နောက်ပြီး ထို့ကြောင့် – – – နယ်ချဲ့စနစ်အား ပြောင်ဖွင့်တိုက်ခြင်းမှာ မျှော်လင့်ချက် လုံးဝမရှိ။ ကြည့်ရတာက တိုက်ပွဲသည် နယ်ချဲ့စနစ်၏ စက်ဆုတ်ဖွယ်ရာ အလွန်အကျွံဖြစ်မှုများအား ကန့်ကွက်မှုများတွင်သာ ဘောင်ခတ်ထားဟန် တူသည်။* နယ်ချဲ့စနစ်၏အခြေခံအား ပြုပြင်ရေးဆိုသည်မှာ လှည့်စားမှုတရပ် 'စေတနာ' တခုသာဖြစ်ပြီး အဖိနှိပ်ခံနိုင်ငံများမှ ဓနရှင်ကိုယ်စားလှယ်များသည် ဒီထက်ရှေ့သို့ 'ထပ်'မတိုးတော့လေရာ အဖိနှိပ်ခံနိုင်ငံတခုမှ ဓနရှင် ကိုယ်စားလှယ်တဦးသည် နောက်သို့ပင် 'ထပ်'ဆုတ်သွားကာ နယ်ချဲ့စနစ်သည် 'သိပ္ပံနည်းကျသည်' ဟူသော ပြောဆိုချက်၏ အကာအကွယ်နောက်၌ အောက်ကျို့သွားတော့သည်။' 'လောဂျစ်' ပါတကား။

နယ်ချဲ့စနစ်၏အခြေခံအား ပြုပြင်လို့ရနိုင်သလော။ ၎င်းက မွေးထုတ်ပေးခဲ့သော ဝိရောဓိများ ပိုမိုသည်းသန်နက်ရှိုင်းလာရန် ရှေ့သို့ ထပ်တိုးရမည်လော။ သို့မဟုတ် ဤဝိရောဓိများကို အားလျော့စေသည့် နောက်ဆုတ်ခြင်း ပြုရမည်လော ဆိုသည်တို့မှာ နယ်ချဲ့စနစ်ဝေဖန်ချက်တွင် အခြေခံပြဿနာများပင် ဖြစ်သည်။ နယ်ချဲ့စနစ်၏ တိကျသောနိုင်ငံရေးလက္ခဏာများမှာ တလျှောက်လုံးဖောက်ပြန်ပြီး ဘဏ္ဍာအရှင်သခင်များ၏ ဖိနှိပ်မှုနှင့် လွတ်လပ်စွာပြိုင်ဆိုင်မှုကို ဖျက်သိမ်းမှုကြောင့် ပေါ်ထွက်လာသည့် အမျိုးသားဖိနှိပ်မှု ပိုမိုများပြားလာခြင်းကြောင့် နယ်ချဲ့နိုင်ငံအားလုံးလိုလိုမှာပင် ၂၀ ရာစုနှစ်အစ၌ နယ်ချဲ့စနစ်အား ဓနရှင်ပေါက်စ ဒီမိုကရက်တစ်ဆန့်ကျင်မှုတရပ် ပေါ်ပေါက်လာခဲ့သည်။ ကောက်စကီနှင့် ကျယ်ပြန့်သော နိုင်ငံတကာ ကောက်စကီအနွယ်များ မာ့က်စ်ဝါဒအား စွန့်ခွာသွားခြင်းသည် ကောက်စကီအနေဖြင့် စီးပွားရေးအခြေခံတွင် တကယ်ဖောက်ပြန်သော ဤဓနရှင်ပေါက်စတို့၏ ပြုပြင်ရေးဆန့်ကျင်မှုကို ဆန့်ကျင်ရန် ဒုက္ခလည်း မခံ၊ အစွမ်းလည်းမရှိရုံမက လက်တွေ့တွင် ယင်းနှင့်ပေါင်းပင် ပေါင်းစည်းမိလာခဲ့ခြင်းကို အတိအကျပြဆိုနေပေသည်။

အမေရိကန်နိုင်ငံတွင် ၁၈၉၈ခုနှစ်၌၊ စပိန်အပေါ် နယ်ချဲ့စစ်ပွဲ ဆင်နွှဲသောအခါ၌ ဓနရှင်ဒီမိုကရေစီ၏ အကြွင်းအကျန်သူရဲကောင်းများဖြစ်သည့် 'နယ်ချဲ့စနစ်ဆန့်ကျင်ရေးသမားများ'၏ ဆန့်ကျင်မှုကို လှုပ်နှိုးလိုက်သည်။ သူတို့က ဤစစ်ပွဲမှာ 'ရာဇဝတ်မှု' ဖြစ်သည်။ ပြည်ပနယ်မြေများအား သိမ်းပိုက်မှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်။ ဖိလစ်ပိုင် ဒေသခံခေါင်းဆောင် အဂွီနာလ်ဒို **(Aguinaldo)** အပေါ် ပြုကျင့်ပုံမှာ 'ဂျင်ဂို'** သစ္စာဖောက်မှု ဖြစ်သည်။ (အမေရိကန်များက သူ့အား သူတို့နိုင်ငံကို လွတ်လပ်ရေးပေးမည်ဟု ကတိပြုခဲ့သည်။ သို့သော် နောက်ပိုင်းတွင် တပ်များပို့ပြီး သိမ်းပိုက်ပစ်လိုက်သည်။) လင်ကွန်း၏ အောက်ပါစာများကို ကိုးကားကြသည်။ 'လူဖြူတယောက်က သူ့ကိုယ်သူအုပ်ချုပ်လျှင် ကိုယ်ပိုင်အုပ်ချုပ်ရေးဖြစ်သည်။ သို့သော် သူ့ကိုယ်သူသာမက အခြားသူများကိုပါ အုပ်ချုပ်လျှင် ဤသည် ကိုယ်ပိုင်အုပ်ချုပ်ရေး မဟုတ်တော့။ ဤသည်မှာ ဗိုလ်ကျရေးဝါဒ ဖြစ်သည်။***

သို့သော် ဤဝေဖန်မှုအားလုံးသည် နယ်ချဲ့စနစ်နှင့် ထရပ်စ်များအကြားရှိ ခွဲမရသည့် အနှောင်အတည်းတို့ကြောင့် နယ်ချဲ့စနစ်နှင့် အရင်းရှင်စနစ်၏ အုတ်မြစ်တို့ကြားမှ အနှောင်အတည်းကို ဝေဖန်ခြင်း မပြုဘဲ အကြီးစားနယ်ချဲ့စနစ်နှင့် ၎င်း၏ဖြစ်ပေါ်တိုးပွားမှုတို့က မွေးထုတ်ပေးခဲ့သော အင်အားစုများနှင့် ပူးပေါင်းခြင်း မပြုသော်လည်း ဤသည် 'စေတနာ'သာ ဖြစ်မြဲဖြစ်နေသည်။

---

* ကမ္ဘာ့ စီးပွားရေးမှတ်တမ်းများ၊ အတွဲ ၂။ စာမျက်နှာ ၁၉၃။

** အင်မတန်ပြင်းထန်သော ကျဉ်းမြောင်းသော အမျိုးသားရေးစိတ်ဓါတ် (ဘာသာပြန်သူ)

*** ဂျေ ပါထူလေ **(J. Patouillet)** ။ အမေရိကန် နယ်ချဲ့စနစ် ၁၉၀၄။ စာမျက်နှာ ၂၇၂။

ဤသည် ဟော့ဘ်ဆင်၏ နယ်ချဲ့စနစ်ဝေဖန်ချက်တွင် ပါရှိသော အဓိကသဘောထားလည်း ဖြစ်သည်။ 'မရှောင်မလွှဲနိုင်သည့်နယ်ချဲ့စနစ်'ဆိုသည့် ချေပချက်ကို ကန့်ကွက်ရန်လည်းကောင်း၊ ပြည်သူလူထု၏ 'စားသုံးနိုင်စွမ်း တိုးမြှင့်ရန် (နယ်ချဲ့စနစ်အောက်မှာဆိုပါလား) လိုအပ်မှုကို တိုက်တွန်းပေးရန်လည်းကောင်း၊ ဟော့ဘ်ဆင်သည် ကောက်စကီအပေါ် မျှော်လင့်ခဲ့သည်။ နယ်ချဲ့စနစ်၊ ဘဏ်များ၏ အရာရာပေါ်လွှမ်းမိုးမှု၊ ဘဏ္ဍာသက်ဦးဆံပိုင်စနစ် စသည်တို့အပေါ် ဝေဖန်ချက်နှင့်ပတ်သက်သည့် ဓနရှင်ပေါက်စအမြင်ကို ထူထောင်သူများထဲတွင် အဂ္ဂါဒ်၊ လင်းစဘာ့ဂ်၊ အက်စ်ဝက်ချ် စသည့် ကျွန်ုပ် မကြာခဏ ကိုးကားခဲ့သူများနှင့် ပြင်သစ်စာရေးဆရာများထဲမှဆိုလျှင် ၁၉၀၀ ခုနှစ်တွင် ထုတ်ဝေခဲ့သော အပေါ်ယံဆန်သည့် 'အင်္ဂလန်နှင့် နယ်ချဲ့စနစ်'စာအုပ်ကို ရေးခဲ့သူ ဗစ်တာဘေးရာဒ့် (Victor Berard) တို့ ပါဝင်သည်။ ကိုယ့်ကိုယ်ကို မာ့က်စ်ဝါဒီ ဟု လုံးဝမပြောသော ဤစာရေးသူများသည် နယ်ချဲ့စနစ်အား လွတ်လပ်စွာ ပြိုင်ဆိုင်မှုဒီမိုကရေစီတို့နှင့် နှိုင်းယှဉ်ပြခဲ့ခြင်း၊ ဘက်ဒက်မီးရထားလမ်းစီမံကိန်းသည် ပဋိပက္ခနှင့်စစ်ပွဲဆီသို့ ဦးတည်စေသည်ဟု ကန့်ကွက်ခြင်း၊ ငြိမ်းချမ်းရေးအတွက် 'စေတနာများ'ကို ထုတ်ပြောခြင်း စသည်များ ပြုခဲ့ကြသည်။ ဤအချက်သည် နိုင်ငံတကာ စတော့နှင့်ရှယ်ယာထုတ်ဝေမှု စာရင်းဇယားများကို စုဆောင်းသူ အေးနေးမတ်ခ် (A.Neymarck) နှင့်လည်း သက်ဆိုင်သည်။ သူသည် 'နိုင်ငံတကာ' အာမခံစာချုပ်များကို ကိုယ်စားပြုသည့် ဖရန့်ငွေ ကုဋေကုဋာကို တွက်ချက်ပြီးနောက် ၁၉၁၂ ခုနှစ်တွင် 'ငြိမ်းချမ်းရေးကို အနှောင့်အယှက်ပြုလိမ့်မည် ဟု ယုံကြည်နိုင်စရာ ရှိပါသလား . . . . ဤမျှကြီးမားသော ကိန်းဂဏန်းများ ရှေ့မှောက်တွင် မည်သူက စစ်ကို စတင်ဝံ့ပါမလဲ'* ဟုဆိုခဲ့သည်။

ဓနရှင်ဘောဂဗေဒသမားများ၏ ဤသို့သော စဉ်းစားပုံ ရိုးစင်းလွန်းမှုမှာ အံ့သြစရာမရှိပေ။ ထို့ပြင် ဤသို့ ရိုးအဟန်ဆောင်ခြင်းနှင့် နယ်ချဲ့စနစ်အောက်တွင် ငြိမ်းချမ်းရေးအကြောင်း 'အလေးအနက်' ပြောခြင်းတို့မှာ ၎င်းတို့၏ အကျိုးစီးပွားနှင့်မကင်းချေ။ သို့သော် ၁၉၁၄– ခု၊ ၁၉၁၅ ခုနှင့် ၁၉၁၆ ခုနှစ်တို့တွင် ကောက်စကီသည် ဤဓနရှင် ပြုပြင်ရေးအမြင်ကိုပင် ကောက်ကိုင်ကာ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်ပြီး 'အားလုံးသဘောတူကြသည်။'(နယ်ချဲ့သမားများ၊ အတုအယောင်ဆိုရှယ်လစ်များနှင့် ဆိုရှယ်ပြေအေးရေးဝါဒီများ) ဟု အတည်ပြုပြောကြားလိုက်သောအခါတွင် ကောက်စကီ၏ မာ့က်စ်ဝါဒမှာ ဘာများကျန်ပါသေးတာ့သနည်း။ နယ်ချဲ့စနစ်အား ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ၎င်း၏ပဋိပက္ခများ နက်ရှိုင်းမှုကို ဖွင့်ချခြင်းအစား ၎င်းတို့ကို ဘေးဖယ်ထားဖို့၊ ရှောင်လွှဲဖို့ဟူသော 'စေတနာ'က လွဲ၍ ဘာမှမတွေ့ရပေ။

နယ်ချဲ့စနစ်အပေါ် ကောက်စကီ၏ စီးပွားရေးအရဝေဖန်ချက် ဥပမာတခုမှာ ဤသို့ဖြစ်သည်။ သူက ဗြိတိသျှနှင့် အီဂျစ်တို့၏ ၁၈၇၂ ခုနှစ်နှင့် ၁၉၁၂ တို့မှ ပို့ကုန်သွင်းကုန် ကုန်သွယ်မှုစာရင်းဇယားများကို ကောက်ကိုင်လိုက်သည်။ ဤကုန်သွယ်မှုမှာ ဗြိတိသျှ ပြည်ပကုန်သွယ်ရေးတခုလုံးထက် တိုးတက်မှုနှုန်း နှေးကွေးသည်ဟု ပေါ်လာသည်။ ဤသည်မှ ကောက်စကီက ဤသို့နိဂုံးချုပ်လိုက်သည်။ 'ဗြိတိသျှ၏ အီဂျစ်နှင့်ကုန်သွယ်မှု တိုးတက်နှုန်းမှာ စစ်ရေးအရသိမ်းပိုက်မှုမပါဘဲ စီးပွားရေးအကြောင်းချက်များ သက်သက်ကြောင့်ဆိုလျှင် လျော့နည်းလိမ့်မည်ဟု ယူဆစရာ အကြောင်းမရှိချေ''အရင်း၏ တိုးချဲ့လိုသောဆန္ဒကို .. .. အကောင်းဆုံး ထွန်းကားစေဖို့ဆိုလျှင် နယ်ချဲ့စနစ်၏ အကြမ်းဖက်နည်းနာများဖြင့် မရ၊ ငြိမ်းချမ်းသော ဒီမိုကရေစီနည်းဖြင့်သာလျှင် ရနိုင်သည်။'** ကောက်စကီ၏ ရုရှားမှအလံကိုင် (ရုရှားမှ ဆိုရှယ်ရှော်ဗင်ဝါဒကို ကာကွယ်သူ မစ္စတာစပက်တေတာ Mr.Spectator) က အသံမျိုးစုံဖြင့် သံယောင်လိုက်ထားသော ကောက်စကီ၏ ဤအကြောင်းပြချက်မှာ နယ်ချဲ့စနစ်အပေါ် ကောက်စကီ၏ ဝေဖန်ချက်အခြေခံကို ကိုယ်စားပြုခြင်းဖြစ်သဖြင့် ကျွန်ုပ်တို့အနေဖြင့် ပို၍ အသေးစိတ်ကျကျ ကိုင်တွယ်ရပေမည်။ ဟီလ်ဖာဒင်းအား ကိုးကားချက်မှ အစချီပါမည်။ သူ၏ နိဂုံးချုပ်ချက်များအား ကောက်စကီက ကြိမ်ဖန်များစွာ အထူးသဖြင့် ၁၉၁၅

---

*နိုင်ငံတကာစာရင်းဇယား သိပ္ပံ ၏ထုတ်ပြန်ချက်၊ အတွဲ ၂၉ ၊ အုပ် ၂၊ စာမျက်နှာ ၂၂၅။
**ကောက်စကီ၊ အမျိုးသားနိုင်ငံတော် ၊နယ်ချဲ့စနစ်နိုင်ငံတော်နှင့် နိုင်ငံများ၏ပြည်ထောင်စု၊ နုရင်ဘတ်၊ ၁၉၁၅ခု၊ စာမျက်နှာ ၇၂ နှင့် ၇၀။

ခုနှစ် ဧပြီလတွင် ‘ဆိုရှယ်လစ်သဘောတရားရေးဆရာများက တညီတညွတ်တည်း ချမှတ်ခဲ့ကြသည်’ ဟု ကြေညာခဲ့ကြသည်။

ဟီလ်ဖာဒင်းက ‘ပိုမိုတိုးတက်သော အရင်းရှင်ပေါ်လစီအား လွတ်လပ်စွာကုန်သွယ်မှုနှင့် နိုင်ငံတော်အား ရန်လိုမှုဟူသော ယခုအခါတွင် ကုန်လွန်သွားပြီဖြစ်သည့်ခေတ်နှင့် နှိုင်းယှဉ်ခြင်းမှာ ပစ္စည်းမဲ့လူတန်းစား၏ အလုပ် မဟုတ်ချေ။ ဘဏ္ဍာအရင်း နယ်ချဲ့စနစ်တို့၏ စီးပွားရေးမှသာဝါဒအား ပစ္စည်းမဲ့လူတန်းစားက တုံ့ပြန်ရန်မှာ လွတ် လပ်စွာကုန်သွယ်မှု မဟုတ်၊ ဆိုရှယ်လစ်စနစ်သာ ဖြစ်သည်။ ပစ္စည်းမဲ့မူဝါဒ၏ ရည်ရွယ်ချက်မှာ ယခုအခါ ဖောက်ပြန်သော မျှော်မှန်းချက်တရပ် ဖြစ်နေပြီးဖြစ်သော လွတ်လပ်စွာ ပြိုင်ဆိုင်မှုကို ပြန်လည်ထားရှိရေး မဖြစ်နိုင်ချေ။ အရင်းရှင်စနစ်အား ဖျက်သိမ်းခြင်းဖြင့် ပြိုင်ဆိုင်မှုအား အပြည့်အဝ ပယ်ဖျက်ရေးပင် ဖြစ်သည်။*

ဘဏ္ဍာအရင်းခေတ်တွင် ‘ဖောက်ပြန်သောမျှော်မှန်းချက်’ ‘ငြိမ်းချမ်းသောဒီမိုကရေစီ’ ‘စီးပွားရေးအကြောင်းအချက်များသက်သက်ကြောင့်’ ဆိုသည်တို့ကို ပြောဆိုခြင်းဖြင့် ကောက်စကီသည် မာ့က်စ်ဝါဒနှင့် လမ်းခွဲသွားခဲ့သည်။ အကြောင်းမှာ ပကတိဘာဝကျကျပြောရလျှင် ဤမျှော်မှန်းချက်မှာ လက်ဝါးကြီးအုပ်အရင်းရှင်စနစ်မှ လက်ဝါးကြီးအုပ်မဟုတ်သော အရင်းရှင်စနစ်ဆီသို့ ပြန်ဆွဲခေါ်သွားသည်။ ပြုပြင်ရေးလိမ်ညာမှုတခုပင် ဖြစ်သည်။

အီဂျစ် (သို့မဟုတ် မည်သည့် အခြားကိုလိုနီ သို့မဟုတ် ကိုလိုနီတပိုင်းမဆို) နှင့် ကုန်သွယ်မှုမှာ စစ်ရေးအရ သိမ်းပိုက်မှုမပါဘဲ၊ နယ်ချဲ့စနစ်မပါဘဲ၊ ဘဏ္ဍာအရင်းမပါဘဲ ပိုမိုကြီးထွားလာလိမ့်မည်။ ဒါဘာအဓိပ္ပာယ်လဲ။ လွတ်လပ်စွာပြိုင်ဆိုင်မှုအား ယေဘုယျ လက်ဝါးကြီးအုပ်အဖွဲ့အစည်းများကသော်လည်းကောင်း၊ ဘဏ္ဍာအရင်း၏ ‘အဆက်အသွယ်များ’ ထမ်းပိုး (ဤသည်လည်း လက်ဝါးကြီးအုပ်ပင်ဖြစ်သည်။) ကသော်လည်းကောင်း၊ အချို့သောနိုင်ငံများ၏ လက်ဝါးကြီးအုပ် ကိုလိုနီပိုင်ဆိုင်မှုကသော်လည်းကောင်း၊ ချုပ်ချယ်ကန့်သတ်ခြင်းမရှိလျှင် အရင်းရှင်စနစ်မှာ ပိုမို လျင်မြန်စွာ ဖွံ့ဖြိုးလိမ့်မည် ဟု ဆိုလိုသလော။

ကောက်စကီ၏အကြောင်းပြချက်မှာ အခြားအဓိပ္ပာယ် မထွက်နိုင်ချေ။ ဤအဓိပ္ပာယ်မှာလည်း အဓိပ္ပာယ် မရှိချေ။ လွတ်လပ်စွာပြိုင်ဆိုင်မှုသည် မည်သည့် လက်ဝါးကြီးအုပ်မှုမျိုးမှ မပါဘဲ အရင်းရှင်စနစ်နှင့် ကုန်သွယ်မှုကို ပိုမို လျင်မြန်စွာ ဖွံ့ဖြိုးကြီးထွားစေမည်ဆိုကြပါစို့၊ သို့သော် ကုန်သွယ်မှုနှင့် အရင်းရှင်စနစ် ပိုမိုဖွံ့ဖြိုးကြီးထွားလာလေ ထုတ်လုပ်မှုနှင့်အရင်းတို့ စုပြုံမှု ပိုမိုကြီးမားလေဖြစ်ပြီး လက်ဝါးကြီးအုပ်မှုများ ပေါ်ပေါက်လာစေသည်။ နောက်ပြီး လက်ဝါးကြီးအုပ်အဖွဲ့အစည်းများမှာ ပေါ်ပင်ပေါ်ပေါက်လာခဲ့လေပြီ။– တိကျစွာပြောရလျှင် လွတ်လပ်စွာပြိုင်ဆိုင်မှုအတွင်းမှ ပေါ်ပေါက်လာခဲ့ခြင်းပါတကား။ ယခုအခါ လက်ဝါးကြီးအုပ်အဖွဲ့အစည်းများက တိုးတက်မှုကို ဆုတ်ယုတ်စေသည်ဆိုဦးတော့ ဤသည် လက်ဝါးကြီးအုပ်မှု ပေါ်ပေါက်ပြီးသည့်နောက်တွင် မဖြစ်နိုင်တော့ပြီဖြစ်သည့် လွတ်လပ်စွာ ပြိုင်ဆိုင်မှုဘက်က အကြောင်းပြချက်မဟုတ်ချေ။

ကောက်စကီ၏အကြောင်းပြချက်အား မည်သည့်ဘက်ကကြည့်ကြည့် ဖောက်ပြန်မှုနှင့် ခနရှင်ပြုပြင်ရေးမှတပါး ဘာမှမတွေ့ရချေ။

အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ဤအကြောင်းပြချက်ကို ပြင်ပေးပြီး စပက်တေလာတွင် ရေးထားသည့်အတိုင်း ဗြိတိသျှကိုလိုနီများနှင့် အင်္ဂလန်တို့၏ ကုန်သွယ်မှုမှာ အခြားသောနိုင်ငံများနှင့် ကုန်သွယ်မှုထက် ဖြစ်ပေါ်တိုးပွားမှု နှေးကွေးသည်ဟုဆိုသည့်တိုင် ကောက်စကီကိုတော့ မကယ်တင်နိုင်ပေ။ အကြောင်းမှာ လက်ဝါးကြီးအုပ်မှုသည်လည်းကောင်း၊ နယ်ချဲ့စနစ်သည်လည်းကောင်း၊ ဗြိတိန်နိုင်ငံအား အနိုင်ယူနေခြင်း ဖြစ်သည်။ တခုပဲ ယင်းသည် အခြားနိုင်ငံတခု (အမေရိကန်၊ ဂျာမဏီ)၏လက်ဝါးကြီးအုပ်မှုနှင့် နယ်ချဲ့စနစ် ဖြစ်နေသည်။ ကာတယ်များသည် ကိုယ်ကျိုးစီးပွားကာကွယ်မှု အခွန်အကောက် ထူးခြားသည့်သဏ္ဍာန်သစ်တခုကို ဖြစ်ပေါ်စေကြောင်း သိခဲ့ပြီး ဖြစ်သည်။ ဆိုလိုသည်မှာ ပြင်ပတင်ပို့နိုင်သော ကုန်ပစ္စည်း

---

*ဘဏ္ဍာ အရင်း စာမျက်နှာ ၅၆၇

များကို ကာကွယ်ခြင်းဖြစ်သည်။ (အရင်းကျမ်း အတွဲထဲတွင် အိန်ဂယ်က ဤသည်ကိုထောက်ပြခဲ့သည်။) ကာတယ်နှင့်ဘဏ္ဍာအရင်းတို့တွင်လည်း သူတို့ဟာနှင့်သူတို့ ထူးခြားသည့်စနစ်တခု ရှိသည်ဆိုခြင်းကိုလည်း သိပြီးဖြစ်သည်။ အိန်ဂယ်က ဤသည်မှာ 'လျှော့ဈေးဖြင့် ကုန်ပစ္စည်း တင်ပို့ခြင်း' သို့မဟုတ် အင်္ဂလိပ်တွေပြောသလို 'စုပုံခြင်း'ဖြစ်သည်။ တိုင်းပြည်တခုတွင် ကာတယ်များသည် ကုန်ပစ္စည်းများကို ကြီးမြင့်သော လက်ဝါးကြီးအုပ်ဈေးနှုန်းများဖြင့် ရောင်းချသည်။ သို့သော် ပြည်ပတွင် ရောင်းချသောအခါ၌ ပြိုင်ဘက်ကို အနိုင်ယူရန် မိမိ၏ထုတ်လုပ်မှုကို အစွမ်းကုန်တိုးချဲ့ရန် စသည်တို့အတွက် ပို၍ နိမ့်သောဈေးနှုန်းဖြင့် ရောင်းချသည်။ အကယ်၍ ဗြိတိသျှကိုလိုနီများနှင့် ကုန်သွယ်ရေးတွင် ဂျာမဏီက ဗြိတိန်ထက် ဖြစ်ပေါ်တိုးပွားမှုမြန်သည်ဆိုလျှင် ဤသည်မှာ ဂျာမဏီနယ်ချဲ့စနစ်က ဗြိတိသျှနယ်ချဲ့စနစ်ထက် ပိုမိုနုပျိုအားကောင်းပြီး စည်းရုံးမှုရှိကြောင်းနှင့် သာလွန်ကြောင်း ဖော်ပြခြင်းသာ ဖြစ်သည်။ သို့သော် လွတ်လပ်စွာကုန်သွယ်မှုက 'သာလွန်'ကြောင်း ဖေါ်ပြခြင်းမဟုတ်ချေ။ အကြောင်းမှာ ဤသည် လွတ်လပ်စွာကုန်သွယ်မှုကတဖက် ကိုယ်ကျိုးစီးပွားကာကွယ်မှုနှင့် ကိုလိုနီမှီခိုရမှုတို့ကတဖက် ဖြစ်ပွားနေသော တိုက်ပွဲတရပ်မဟုတ်ဘဲ ပြိုင်ဘက်နယ်ချဲ့စနစ် ၂ ခု၊ လက်ဝါးကြီးအုပ် ၂ ဖွဲ့၊ ဘဏ္ဍာအရင်း အုပ်စု ၂ ခုတို့အကြားမှ တိုက်ပွဲဖြစ်သောကြောင့် ဖြစ်သည်။ ဂျာမန်နယ်ချဲ့စနစ်က ဗြိတိသျှနယ်ချဲ့စနစ်ထက် သာလွန်မှုမှာ ကိုလိုနီနယ်စပ်တံတိုင်းများ သို့မဟုတ် ကိုယ်ကျိုးစီးပွားကာကွယ်ရေးတံတိုင်းတို့ထက် အစွမ်းထက်သောကြောင့် ဖြစ်သည်။ ဤသည်ကို လွတ်လပ်စွာကုန်သွယ်မှုနှင့် 'ငြိမ်းချမ်းသောဒီမိုကရေစီ'တို့အတွက် အထောက်အကူဖြစ်သည့် အကြောင်းပြချက်တရပ်အနေဖြင့် အသုံးပြုလျှင် အနှစ်မဲ့စကားသာ ဖြစ်ချေမည်။ ဤသည် နယ်ချဲ့စနစ်၏ အရေးပါသောလက္ခဏာများနှင့် ထူးခြားချက်များကို မေ့ပစ်ခြင်း၊ မာ့က်စ်ဝါဒ၏နေရာတွင် ခနရှင်ပေါက်စပြုပြင်ရေးနှင့် အစားထိုးခြင်းသာ မည်ပေသည်။

နယ်ချဲ့စနစ်အား ဝေဖန်ရာတွင် ကောက်စကီတမျှပင် ခနရှင်ပေါက်စဆန်သော ခနရှင်ဘောဂဗေဒသမား အေလင်းစဘာ့ဂ်ကမှ မည်သို့ပင်ဆိုစေ ကုန်သွယ်ရေးစာရင်းဇယားများကို လေ့လာရာတွင် ပိုမို၍သိပ္ပံနည်းကျသေးသည် ဆိုသောအချက်မှာ စိတ်ဝင်စားစရာကောင်းလှသည်။ သူသည် နိုင်ငံတခုတည်း ကိုလိုနီတခုတည်းကိုသာ လက်တန်းကောက်ပြီး အခြားနိုင်ငံများနှင့် ယှဉ်ထိုးလိုက်သည်မဟုတ်ချေ။ သူသည် နယ်ချဲ့နိုင်ငံတခု၏ ပို့ကုန်တင်ပို့မှုကို (၁) ၎င်းအပေါ်တွင် ဘဏ္ဍာရေးအရ မှီခိုနေရသောနိုင်ငံများ၊ ၎င်းထံမှ ငွေချေးရသည့်နိုင်ငံများ (၂) ဘဏ္ဍာရေးအရ အမှီခိုကင်းသည့် နိုင်ငံများတို့နှင့် နှိုင်းယှဉ်ခဲ့သည်။ အောက်ပါတိုင်း ရရှိခဲ့သည်။

## ဂျာမဏီ၏ ပို့ကုန်တင်ပို့မှု (မတ်ငွေ သန်းပေါင်း)

<u>ဘဏ္ဍာရေးအရ ဂျာမဏီအပေါ် မှီခိုရသည့် နိုင်ငံများ</u>

| နိုင်ငံ | ၁၈၈၉ | ၁၉၀၀ | တိုးလာသည့် ရာခိုင်နှုန်း |
|---|---|---|---|
| ရူမေးနီးယား | ၄၈.၂ | ၇၀.၈ | ၄၇% |
| ပေါ်တူဂီ | ၁၉.၀ | ၃၂.၈ | ၇၃% |
| အာဂျင်တီးနား | ၆၀.၇ | ၁၄၇.၀ | ၁၄၃% |
| ဘရာဇီး | ၄၈.၇ | ၈၄.၅ | ၇၃% |
| ချီလီ | ၂၈.၃ | ၅၂.၄ | ၈၅% |
| တူရကီ | ၂၉.၉ | ၆၄.၀ | ၁၁၄% |
| စုစုပေါင်း | ၂၃၄.၈ | ၄၅၀.၅ | ၉၂% |
| (ဘဏ္ဍာရေးအရ ဂျာမဏီအပေါ်မမှီခိုရသည့် နိုင်ငံများ) | | | |
| ဗြိတိန် | ၆၅၁.၈ | ၉၉၇.၄ | ၅၃% |
| ပြင်သစ် | ၂၁၀.၂ | ၄၃၇.၆ | ၁၀၈% |
| ဘယ်လ်ဂျီယံ | ၁၃၇.၂ | ၃၂၂.၈ | ၁၃၅% |
| ဆွစ်ဇာလန် | ၁၇၇.၄ | ၄၀၁.၁ | ၁၂၇% |
| သြစတြေးလျား | ၂၁.၂ | ၆၄.၅ | ၂၀၅% |
| ဒပ်ချ်အရှေ့အင်ဒီးစ် | ၈.၈ | ၄၀.၇ | ၃၆၃% |
| **စုစုပေါင်း** | **၁,၂၀၆,၆** | **၂,၂၆၄.၄** | **၈၇%** |

လင်းစဘာ့ဂ် က မည်သို့မျှ <u>ကောက်ချက်မဆွဲခဲ့</u>၊ ထိုကြောင့် ထူးဆန်းစွာပင် <u>အကယ်၍</u> ဤကိန်းဂဏန်းများက အဖြေတခုခု ထုတ်ပေးခဲ့လျှင် ထိုအဖြေသည် <u>သူမှားကြောင်းသာ</u> ဖြစ်မည်ဆိုသည်ကို တွေ့ကြသည်။ အကြောင်းမှာ ဂျာမဏီနိုင်ငံအပေါ်တွင် ဘဏ္ဍာရေးအရ မှီခိုနေရသောနိုင်ငံများထံ တင်ပို့မှုမှာ မမှီသောနိုင်ငံများထံ တင်ပို့သည်ထက် အနည်းငယ်ပင်ဖြစ်စေဦးတော့ <u>ပိုမိုလျှင်မြန်စွာ ကြီးထွားခြင်း</u>ကြောင့် ဖြစ်သည်။ (လင်းစဘာ့ဂ်၏ ကိန်းဂဏန်းများမှာ မပြည့်စုံသဖြင့် 'အကယ်၍' ဆိုသည်ကို အလေး အနက်ပြုခဲ့ပါသည်)

ပြည်ပပို့ကုန်နှင့် ချေးငွေတို့၏ ဆက်စပ်မှုကို ခြေရာခံပြီး လင်းစဘာ့ဂ်က ယခုကဲ့သို့ ရေးခဲ့သည်။

* ၁၈၉၀–၉၁ ခုနှစ်တွင် ရူမေးနီးယား၏ ချေးငွေတခုကို ဂျာမန်ဘဏ်များမှတဆင့် လဲလှယ်နှုန်း မျှောထားခဲ့သည်။ ယင်းဘဏ်များသည် သည့်အရင်နှစ်များက ဤချေးငွေအတွက် အတိုးနှုန်းများ တိုးပေးခဲ့ည်။ ယင်းငွေဖြင့် အဓိကအားဖြင့် ဂျာမဏီမှ မီးရထားလမ်းပစ္စည်းများ ဝယ်ယူခဲ့သည်။ ၁၈၉၁ ခုနှစ်တွင် ရူမေးနီးယားသို့ ဂျာမဏီ၏ တင်ပို့မှုတန်ဖိုးမှာ မတ်ငွေ ၅၅,၀၀၀,၀၀၀ ရှိခဲ့သည်။ နောက်တနှစ်တွင် မတ်ငွေ ၃၉,၄၀၀၀,၀၀၀သို့ ကျဆင်းသွားပြီး ၁၉၀၀ပြည့်နှစ်တွင် အတက်အကျများနှင့်အတူ မတ်ငွေ ၂၅,၄၀၀,၀၀၀ သို့ ရာက်သွားသည်။ သိပ်မကြာသေးသည့်နှစ်များအတွင်းကမှ ချေးငွေအသစ်နှစ်ရပ်၏ ကျေးဇူးကြောင့် ၂၈၉၁ ခုနှစ်အဆင့်သို့ ပြန်ရောက်လာသည်။

* ၁၈၈၈–၈၉ ခုနှစ် ချေးငွေများနောက်တွင် ပေါ်တူဂီနိုင်ငံသို့ ဂျာမဏီ၏တင်ပို့မှုမှာ မတ်ငွေ ၂၁,၁၀၀,၀၀၀ (၁၈၉၀ ခုနှစ်) သို့ တက်လာသည်။ သည့်နောက် ၂ နှစ်တွင် မတ်ငွေ ၁၆,၂၀၀,၀၀၀ နှင့် ၇,၄၀၀,၀၀၀သို့ ကျဆင်း သွားသည်။ ၁၉၀၃ ခုနှစ်တွင်မှ ယခင်အဆင့်သို့ ပြန်ရောက်လာသည်။

ဂျာမဏီနှင့် အာဂျင်တီးနားတို့၏ ကုန်သွယ်မှုကိန်းဂဏန်းများမှာ ပို၍ ထင်ရှားပေသေးသည်။ ၁၈၈၈ ခုနှစ်နှင့် ၁၈၉၀ခုနှစ်တို့တွင် ချေးငွေများ၏ ငွေလဲလှယ်နှုန်းကို မျှောထားလိုက်ပြီးသည့်နောက်

အာဂျင်တီးနားနိုင်ငံသို့ ဂျာမဏီနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ၁၈၈၉ ခုနှစ်တွင် မတ်ငွေ ၆၀,၇၀၀,၀၀၀သို့ ရောက်ခဲ့သည်။ နောက် ၂နှစ် ကြာသောအခါ ပို့ကုန်တန်ဖိုးမှာ မတ်ငွေ ၁၈,၆၀၀,၀၀၀ သာ ရှိတော့ပြီး ယခင်ကိန်းဂဏန်း၏သုံးပုံတပုံထက်ပင် နည်းနေသေးတော့သည်။ ၁၉၀၀ခုနှစ်တွင်မှ ၁၈၈၉ ခုနှစ်စံချိန်ကို ပြန်ကျော်လွန်ခဲ့သည်။ ဤသည်မှာ ဓါတ်အားပေးရုံများ တည်ဆောက်ရန် ငွေတင်ကြိုပေးခြင်းနှင့် အခြားချေးငွေ လုပ်ငန်းများအတွက် နိုင်ငံတော်နှင့်မြူနီစီပယ်အဖွဲ့အစည်းများက ချေးငွေသစ်များကို လဲလှယ်နှုန်း မျှောပစ်ခဲ့သောကြောင့် ဖြစ်သည်။

'ချီလီသို့ ပို့ကုန်များမှာ ၁၈၈၉ ခုနှစ် ချေးငွေ၏ နောက်ဆက်တွဲအဖြစ် (၁၈၉၂ ခုနှစ်တွင်) မတ်ငွေ ၄၅,၂၀၁ ,၀၀၀ သို့ တက်လာသည်။ နောက်တနှစ်တွင် မတ်ငွေ ၂၂,၅၀၀,၀၀၀ သို့ ကျဆင်းသွားသည်။ ၁၉၀၆ ခုနှစ်တွင် ဂျာမန်ဘဏ်များက ငွေလဲလှယ်နှုန်း မျှောပစ်လိုက်သော ချေးငွေအသစ်များကြောင့် ၁၉၀၇ ခုနှစ်တွင် ပို့ကုန်မှာ မတ် ငွေ ၈၄,၇၀၀,၀၀၀ ဆီသို့ တက်လာပြီး ၁၉၀၈ ခုနှစ်တွင် မတ်ငွေ ၅၂,၄၀၀,၀၀၀ သို့ ပြန်ကျသွားပြန်တော့သည်။* ဤအချက်များမှနေ၍ လင်းစဘာ့ဂ်သည် အင်မတန်ရယ်စရာကောင်းသော ဓနရှင်သင်ခန်းစာတရပ် ဆွဲထုတ်ခဲ့သည်။ ချေးငွေများနှင့်ယှက်နွယ်နေလျှင် ပို့ကုန်မှာ မည်မျှ မတည်ငြိမ်၊ မှန်တမ်းမကျကြောင်း၊ အရင်းကို ပြည်တွင်းစက်မှုလုပ်ငန်းတွင် 'သဘာဝကျစွာ'နှင့် 'ချောမောပြေပြစ်စွာ'မြှုပ်နှံခြင်းထက် ပြင်ပတွင်မြှုပ်နှံရသည်မှာ မည်မျှမကောင်းကြောင်း၊ ပြည်ပချေးငွေများအား လဲလှယ်နှုန်းမျှောထားလိုက်ခြင်းကြောင့် ခရုပ်အနေဖြင့် မည်သို့ သန်းနှင့်ချီသော တန်ဖိုးကြီးပေးခဲ့ရကြောင်း စသည်တို့ ဖြစ်သည်။ သို့သော် တကယ့်ဖြစ်ရပ်များက ရှင်းလင်းစွာ ပြဆိုနေသည်။ ပို့ကုန်တိုးမြှင့်ခြင်းသည် တိကျစွာ ပြောရလျှင် ဓနရှင်ကိုယ်ကျင့်တရားကို လုံး၀ ပမာမထားသော ဘဏ္ဍာအရင်း၏ လိမ်လည်မှုပင် ဖြစ်သည်၊ နွားတကောင်တည်းကို နှစ်ကြိမ်အရေခွာခြင်း ဖြစ်သည်။ ပထမအားဖြင့် ချေးငွေများမှ အမြတ်ရလိုက်သည်။ ထို့နောက် ယင်းချေးငွေနှင့်ပင် ချေးယူသူအနေဖြင့် ခရုပ်ထံမှ ၀ယ်ယူခြင်း၊ သို့မဟုတ် သံမဏိ ဆင်ဒီကိတ်ကြီးထံမှ ရထားလမ်းပစ္စည်း ၀ယ်ယူခြင်းဖြင့် နောက်ထပ် အမြတ်များရပြန်သည်။

ကျွန်ုပ်တို့အနေဖြင့် လင်းစဘာ့ဂ်၏ကိန်းဂဏန်းများအား ပြည့်စုံကောင်းမွန်သည်ဟု သဘောမထားကြောင်း ထပ်မံပြောလိုပါသည်။ သို့သော် ဤကိန်းဂဏန်းများမှာ ကောက်စကီနှင့် စပက်တေတာထက် ပိုမိုသိပ္ပံနည်းကျပြီးလင်းစဘာ့ဂ်က ဤပြဿနာကို ချဉ်းကပ်ရန် လမ်းမှန်ပြသောကြောင့် ဤကိန်းဂဏန်းများကို ကိုးကားခြင်းဖြစ်ပါသည်။ ပို့ကုန်စသည်တို့နှင့်ပတ်သက်ပြီး ဘဏ္ဍာအရင်း၏ အရေးပါသော လက္ခဏာ အကြောင်း ဆွေးနွေးရာတွင် အထူးသဖြင့် ပို့ကုန်နှင့် ငွေကြေးရှင်များ၏ဆက်ဆံမှု တခုတည်းကိုသာ ရွေးထုတ်နိုင်ရမည်။ နောက်ပြီး အထူးသဖြင့် ပို့ကုန်နှင့် ကာတယ် စသည်တို့၏ ကုန်ပစ္စည်းရောင်းချခြင်း ဆက်ဆံမှု တခုတည်းကိုသာ ရွေးထုတ်နိုင်ရပေမည်။ ကိုလိုနီနှင့် ကိုလိုနီမဟုတ်သူများ၊ နယ်ချဲ့နဲ့ နောက်နယ်ချဲ့စနစ်တခု၊ ကိုလိုနီတပိုင်း သို့မဟုတ် ကိုလိုနီ (အီဂျစ်) တခုနှင့် အခြားနိုင်ငံများအား နှိုင်းယှဉ်ရုံမျှသည် ပြဿနာ၏ တကယ့်အနှစ်သာရကို ရှောင်လွဲခြင်း၊ မှုန်ဝါးအောင်ပြုလုပ်ခြင်းသာ ဖြစ်သည်။

နယ်ချဲ့စနစ်အပေါ် ကောက်စကီ၏ သဘောတရားအရ ဝေဖန်ချက်မှာ မာ့က်စ်ဝါဒနှင့်ဘာမှမဆိုင်ဘဲ၊ အ ချောင်ဝါဒီများ၊ ဆိုရှယ်ရှော်ဗင်ဝါဒီများနှင့် ငြိမ်းချမ်းညီညွတ်ရန် ဝါဒဖြန့်ချိရေးအတွက် နိဒါန်းအဖြစ်သာ အကျိုးပြုပေသည်။ ဤအကြောင်းကြောင့်ပင် သူ့ဝေဖန်ချက်သည် နယ်ချဲ့စနစ်၏ အင်မတန်နက်ရှိုင်းပြီး အခြေခံကျသော ပဋိပက္ခများကို ရှောင်လွဲပြီး မှုန်ဝါးအောင်ပြုလုပ်ခြင်းဖြစ်သည်။ ယင်းပဋိပက္ခများမှာ လက်ဝါးကြီးအုပ်ဘဏ္ဍာအရင်း၏ ရောမ'လုပ်ငန်းများ'(နှင့် ရောမအမြတ်များ)နဲ့ လွတ်လပ်သော ဈေးကွက်အတွင်းရှိ 'ရိုးသားသော'ကုန်သွယ်မှုများအကြားမှ ပဋိပက္ခ၊ ကာတယ်နှင့်ထရပ်စ်များကတဖက် ကာတယ်ဖွဲ့မထားသော စက်မှုလုပ်ငန်းများကတဖက် ဖြစ်ပွားသော ပဋိပက္ခ စသည်တို့ ဖြစ်ပါသည်။

---

*ဘဏ်ဂျာနယ်၊ ၁၉၀၉ခု၊ အတွဲ ၂။ စာမျက်နှာ ၈၁၉

ကောက်စကီ တီထွင်ခဲ့သော 'နယ်ချဲ့လွန်ဝါဒ' ဆိုသည်မှာ အလားတူပင် ဖောက်ပြန်ပေသည်။ ၁၉၁၅ ခုနှစ်တွင် ၎င်း၏ပြောဆိုချက်များနှင့် ဟော့ဘ်ဆင်၏ ၁၉၀၂ ခုနှစ်တွင် ပြောဆိုချက်များကို နှိုင်းယှဉ်ကြည့်ပါ။

ကောက်စကီ. . .'အပြန်အလှန် တုပြိုင်နေကြသော အမျိုးသားဘဏ္ဍာအရင်းများနေရာတွင် နိုင်ငံတကာ ပူးပေါင်းဘဏ္ဍာအရင်း ပူးတွဲသွေးစုပ်ခြင်းကို ဖော်ထုတ်ပေးမည့် နယ်ချဲ့လွန်မှုဝါဒအသစ်ဖြင့် လက်ရှိနယ်ချဲ့ဝါဒကို အစားမထိုးနိုင်ပေဘူးလား၊ နယ်ချဲ့စနစ်၏ ဤသို့သော အဆင့်သစ်ကို မည်သည့်နည်းနှင့်မဆို တွေ့မြင်နိုင်ပေသည်။ ဖြစ်ကောဖြစ်နိုင်သလော။ ဤမေးခွန်းကိုဖြေနိုင်ရန် လုံလောက်သော တရားအချက်အလက်များ လိုနေသေးသည်။'*

ဟော့ဘ်ဆင်. . .'သို့ဖြင့် မယဉ်ကျေးသည့် မှီခိုသူနောက်လိုက်များ ကိုယ်စီရှိသော ဖက်ဒရယ် အင်ပါယာကြီး အနည်းငယ်တွင် ခရစ်ယာန်လောကကို ထူထောင်လိုက်သည်။ ဤသည်မှာ မျက်မှောက် တိမ်းညွှတ်မှုများအနက် တရားဥပဒေနှင့် အလျော်ညီဆုံးသော ဖြစ်ပေါ်တိုးပွားမှု ဖြစ်သည်။ နယ်ချဲ့အများအပြားဆိုသော အာမခံချက်ရှိသည့် အခြေခံပေါ်တွင် ထာဝရငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက် အကောင်းဆုံးပေးမည့်အရာဖြစ်သည် ဟု လူ အများအပြားက မှတ်ကြလေသည်။'

လွန်ခဲ့သော ၁၃ နှစ်တွင် ဟော့ဘ်ဆင်က နယ်ချဲ့အများအပြားစနစ်ဟု ဖော်ပြခဲ့သည်ကို ကောက်စကီက နယ်ချဲ့လွန်စနစ် သို့မဟုတ် အထူးနယ်ချဲ့စနစ်ဟု ကင်ပွန်းတပ်ခဲ့သည်။ ဖမ်းစားနိုင်သော စကားလုံးသစ်တခုကို ဖန်တီးခြင်း၊ လက်တင်စကားလုံး တခုနှင့်တခု အစားထိုးခြင်းမှအပ 'သိပ္ပံနည်းကျ' တွေးခေါ်မှုနယ်ပယ်တွင် ကောက်စကီ ပြုခဲ့သည့် တခုတည်းသောတိုးတက်မှုမှာ ဟော့ဘ်ဆင်က တကယ့်တကယ်တွင် အင်္ဂလိပ်ခရစ်ယာန် တရားဟောဆရာများ၏ အလိမ်အညာတရားများဟု ဖော်ပြခဲ့သည်များကို မာ့က်စ်ဝါဒဟု ထုတ်ပေးခြင်းသာ ဖြစ်သည်။ အင်္ဂလိပ်–ဘိုးဝါးစစ်ပွဲ နောက်ပိုင်းတွင် ဤအင်မတန်မြင့်မြတ်သော ပုဂ္ဂိုလ်များအနေဖြင့် တောင်အာဖရိက စစ်မြေပြင်တွင် မိမိတို့၏ ဗြိတိသျှငွေကြေးရှင်များအတွက် ပိုမိုများသော အမြတ်များ အာမခံချက်ရှိစေရန် အခွန်တွေပိုပေးနေရသော ဗြိတိသျှအလယ်အလတ်လူတန်းစားနှင့် အလုပ်သမားများအား နှစ်သိမ့်သည့်အလုပ်ကို အဓိကအာရုံစိုက် လုပ်ခဲ့ကြသည်မှာ သဘာဝကျလှသည်။ နောက်ပြီး နယ်ချဲ့စနစ်ဟာ သိပ်မဆိုးလှပါဘူး၊ ထာဝရငြိမ်းချမ်းရေးကို အာမခံနိုင်သော နယ်ချဲ့ (လွန်) အများအပြားစနစ်နှင့် နီးကပ်ပါပြီဆိုသော သဘောတရားထက် ကောင်းမွန်သည့် နှစ်သိမ့်မှု ရှိနိုင်ပါသေးသလား။ အင်္ဂလိပ် တရားဟောဆရာများ သို့မဟုတ် ခံစားချက် ပြင်းထန်သော ကောက်စကီ၏ ရည် ရွယ်ချက်ကောင်းများမှာ မည်သို့ပင်ဖြစ်ပစေ တခုတည်းသော ဦးတည်ချက်၊ ဆိုလိုသည်မှာ ကောက်စကီ 'သဘောတရား'၏ တကယ့်လူမှုရေးထူးခြားချက်မှာ ဤသို့သာ ဖြစ်နိုင်သည်။ မျက်မှောက်ကာလ၏ ပြင်းထန်သည့် ဝိရောဓိများနှင့် ပြဿနာများမှ အာရုံလွှဲပစ်ပြီး စိတ်ကူးထဲ၌ရှိသည့် အနာဂတ်မှ 'နယ်ချဲ့လွန်စနစ်'ဆိုသော မသဲကွဲသည့်အလားအလာဆီသို့ လက်ညှိုးညွှန်ပြကာ နယ်ချဲ့စနစ်အောက်တွင် ထာဝရငြိမ်းချမ်းရေး ရနိုင်သည်ဟူသော မျှော်လင့်ချက်များဖြင့် နှစ်သိမ့်သော အဖောက်ပြန်ဆုံးနည်းပင် ဖြစ်သည်။ လူထုများအား လှည့်စားခြင်း . . . ကောက်စကီ ၏ မာ့က်စ်ဝါဒသဘောတရားထဲတွင် ဤသည်မှလွဲ၍ အခြားမရှိချေ။

အမှန်ပင် ဂျာမန်အလုပ်သမားများ (နှင့် ဒေသအားလုံးမှ အလုပ်သမားများ) ၏ရှေ့တွင် ကောက်စကီ တင်ပြသော မျှော်မှန်းချက်များ လုံးဝမမှန်ကန်ကြောင်းကို သဘောပေါက်ရန်အတွက် အားလုံးသိပြီး ဖြစ်ပြီး ဝိဝါဒမကွဲနိုင်သော အချက်အလက်များဖြင့် နှိုင်းယှဉ်ပြလျှင်ပင် လုံလောက်သည်။ အိန္ဒိယ၊ အင်ဒိုချိုင်းနားနှင့် တရုတ်ပြည်တို့ကိုပင် ကြည့်ပါစို့။ လူဦးရေ သန်း ၆၀၀ မှ ၇၀၀ ရှိသော ဤကိုလိုနီနှင့် ကိုလိုနီတပိုင်း နိုင်ငံသုံးခုတို့မှာ ဗြိတိန်၊ ပြင်သစ်၊ ဂျပန်၊ အမေရိကစသည့် နယ်ချဲ့အင်အားအမြောက်အမြားမှ ဘဏ္ဍာအရင်း

---

* **Die Neue Zelit A pril 30,1915/p144**

၏သွေးစုပ်မှုကို ခံနေရသည်ဆိုခြင်းမှာ လူအများ သိထားပြီးသောအချက် ဖြစ်သည်။ အကယ်၍ ဤနယ်ချဲ့နိုင်ငံများက ယင်းအာရှနိုင်ငံများတွင် ၎င်းတို့၏ ပိုင်ဆိုင်မှုအကျိုးစီးပွားများနှင့် ‘သြဇာအဝန်းအဝိုင်း’ကို ကာကွယ်ရန် သို့မဟုတ် တိုးချဲ့ရန်အတွက် မဟာမိတ်အဖွဲ့များ အပြိုင်အဆိုင် ဖွဲ့ကြသည်ဆိုကြပါစို့။ ဤမဟာမိတ်အဖွဲ့များသည် ‘နယ်ချဲ့အများအပြား’ သို့မဟုတ် ‘နယ်ချဲ့ လွန်’မဟာမိတ်အဖွဲ့များသာ ဖြစ်ပေလိမ့်မည်။ အကယ်၍ အာရှတိုက်၏ ဤအပိုင်းများအား ‘ငြိမ်းချမ်းစွာ’ ခွဲဝေယူရန်အတွက် နယ်ချဲ့နိုင်ငံအားလုံးတို့ မဟာမိတ်ဖွဲ့ကြသည်ဆိုကြပါစို့။ ဤမဟာမိတ်ဖွဲ့မှုသည် ‘နိုင်ငံတကာ စုစည်းထားသော ဘဏ္ဍာအရင်း’သာ ဖြစ်ပေလိမ့်မည်။ ၂၀ ရာစုနှစ်သမိုင်းတွင် ဤသို့သော မဟာမိတ်ဖွဲ့မှု၏ တကယ့်သာဓကများ ရှိသည်။ ဥပမာ တရုတ်ပြည်အပေါ်ထားရှိသည့် အင်အားကြီးနိုင်ငံများ၏သဘောထား၊ ကျွန်ုပ်တို့ကမေးမည်–– အရင်းရှင်စနစ်သည် မပြိုမပျက် ဆက်လက်တည်ရှိနေသည်ပဲ ဆိုကြပါစို့။

– ကောက်စကီယူဆသည်မှာလည်း ဤအတိုင်း အတိအကျပင် ဖြစ်သည်။ ထိုသို့သော မဟာမိတ်ဖွဲ့မှုများမှာ ယာယီထက် ပိုမည်ဟု ယူဆနိုင်ပါ၏လော။ ယင်းတို့သည် ပွတ်တိုက်မှု၊ အချင်းပွားမှုနှင့် တိုက်ပွဲပုံစံ အားလုံးကို ဖျက်သိမ်းပစ်ပါမည်လော။

ဤမေးခွန်းအား ‘ဘူး’ဟူသော အဖြေမှတပါး အခြားအဖြေကို မပေးနိုင်ရန်အတွက် သေချာရှင်းလင်းအောင် မေးဖို့လိုပါသည်။ အကြောင်းမှာ အရင်းရှင်စနစ်အောက်တွင် သြဇာခံအဝန်းအဝိုင်း အကျိုးစီးပွား၊ ကိုလိုနီ စသည်တို့ကို ခွဲဝေယူရန်အတွက်အခြေခံမှာ ခွဲဝေယူမှုတွင် ပါဝင်သူများ၏ အင်အား၊ ၎င်းတို့၏ ယေဘုယျ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးအင်အားများအား တွက်ဆခြင်းမှတပါး အခြားမဖြစ်နိုင်သောကြောင့် ဖြစ်သည်။ နောက်ပြီး ခွဲဝေယူမှုတွင် ပါဝင်သူများ၏အင်အားမှာ တူညီသောအတိုင်းအတာဖြင့် ပြောင်းလဲကြသည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အရင်းရှင်စနစ်အောက်တွင် မတူကွဲပြားသော လုပ်ငန်းများ၊ ထရပ်စ်များ၊ စက်မှုလုပ်ငန်းခွဲများ၊ သို့မဟုတ် နိုင်ငံများ၏ ညီညာသော တိုးပွားမှုဆိုသည်မှာ မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ လွန်ခဲ့သည့် ရာစုနှစ်ဝက်တုန်းက ထိုစဉ်က အင်္ဂလန်၏အင်အားနှင့် နှိုင်းစာလိုက်လျှင် ဂျာမဏီမှာ အရင်းရှင်အင်အားအရ ပြောရလျှင် ဆင်းရဲပြီး မပြောပလောက်သော နိုင်ငံသာ ဖြစ်သည်။ ရုရှားနှင့်နှိုင်းစာလျှင် ဂျပန်သည်လည်း အလားတူပင် ဖြစ်သည်။ လာမည့် ၁၀–နှစ်၊ အနှစ် ၂၀ တွင် နယ်ချဲ့အင်အားကြီးများ၏ နှိုင်းစာမှုအင်အားမှာ မပြောင်းလဲဘဲရှိမည်ဟု ‘ဆိုနိုင် ’မည် လော။ လုံးဝ မဆိုနိုင်ပေ။

ထို့ကြောင့် အင်္ဂလိပ်တရားဟောဆရာများ သို့မဟုတ် ဂျာမန် ‘မာ့က်စ်ဝါဒီ’ကောက်စကီတို့၏ သိမ်ဖျင်းသော နလပိန်းတုံးစိတ်ကူးယဉ်မှုများအရ မဟုတ်ဘဲ နယ်ချဲ့စနစ်၏ တကယ့်လက်တွေ့ အနေအထားများအရ ပြောရလျှင် ‘နယ်ချဲ့နိုင်ငံအများအပြားစနစ်’ သို့မဟုတ် ‘နယ်ချဲ့လွန်စနစ်’တို့၏ မဟာမိတ်ဖွဲ့မှုဆိုသည်မှာ မည်သည့်သဏ္ဍာန်ပဲဆောင်ဆောင် ၊နယ်ချဲ့မဟာမိတ်ဖွဲ့မှုတခုကို ရင်ဆိုင်ရန်အတွက် ဖွဲ့သည့် နယ်ချဲ့မဟာမိတ်အဖွဲ့ပဲ ဖြစ်စေ၊ နယ်ချဲ့အင်အား အားလုံးပါဝင်သော အထွေထွေမဟာမိတ်ဖွဲ့မှုပဲဖြစ်စေ အားလုံးမှာ မလွဲမသွေ စစ်ပွဲများအကြားမှ ပြေအေးမှုသာ ဖြစ်သည်။ ငြိမ်းချမ်းသော မဟာမိတ်ဖွဲ့မှုများမှာ စစ်ဖြစ်ရန် အခြေအနေ ဖန်တီးပေးသည်။ ထိုမှတဖန် စစ်ထဲမှ မဟာမိတ်အဖွဲ့များ ပေါ်ထွက်လာသည်။ တခုသည် နောက်တခု၏ အကြောင်းအချက် ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးအတွင်းရှိ နယ်ချဲ့ အဆက်အသွယ်နှင့် ဆက်စပ်မှုဆိုသော တခုတည်းသော အခြေခံပေါ်တွင် ငြိမ်းချမ်းသောတိုက်ပွဲနှင့် မငြိမ်းချမ်းသော တိုက်ပွဲတို့ကို တလှည့်စီ ဖြစ်ပေါ်စေပေသည်။ သို့သော် အလုပ်သမားများအား ကျေအေးစေရန်နှင့် ၎င်းတို့အား ဓနရှင်လူတန်းစားဘက် ကူးပြောင်းသွားသော ဆိုရှယ်ရှော်ဗင်ဝါဒီများနှင့် စေ့စပ်ပေးရန်အတွက် ပညာရှိ ကောက်စကီသည် သံကြိုးကွင်းဆက်တခုနှင့်တခုအား ခွဲခြားထားလိုက်သည်။ တရုတ်ပြည်အား (ဘောက်ဆာပုန်ကန်မှုအား နှိမ်နင်းမှုကို သတိရကြပါ။) ‘ကျေအေး’စေရန်အတွက် အင်အားကြီးနိုင်ငံအားလုံး၏ လက်ရှိ ငြိမ်းချမ်းစွာ (နောက်ပြီး နယ်ချဲ့လွန်လည်းဖြစ်၊ မဟုတ်ဘူး၊ နယ်ချဲ့လွန်ဖြစ်တဲ့) မဟာမိတ်ဖွဲ့မှုအား မနက်ဖန် မငြိမ်းချမ်းသော အချင်းပွားမှုနှင့် ခွဲခြားထားလိုက်သည်။ ယင်းအချင်းပွားမှုသည် သဘက်ခါတွင် ဆိုပါစို့၊ တူရကီနိုင်ငံအား ခွဲဝေယူရေးအတွက် နောက်ထပ်‘ငြိမ်းချမ်းသော’ အထွေထွေ မဟာမိတ်ဖွဲ့မှုကြီး

အတွက် အခြေအနေ ဖန်တီးပေးပေလိမ့်မည်– စသည်စသည်တို့ပင် ဖြစ်၏။ နယ်ချဲ့ငြိမ်းချမ်းရေးကာလနှင့် နယ်ချဲ့စစ်ပွဲကာလတို့အကြားမှ အသက်ပါသောဆက်သွယ်မှုအစား ကောက်စကီသည် အလုပ်သမားများအား အသက်မဲ့သော ခေါင်းဆောင်များနှင့် စေ့စပ်ပေးရန်အတွက် အသက်မဲ့သော တရားများကိုသာ ပေးလေသည်။

အမေရိကန်စာရေးဆရာတဦးဖြစ်သူ ဟီးလ် (Hill)က သူ၏ ဥရောပတိုက် နိုင်ငံတကာ ဖြစ်ပေါ်တိုးပွားမှု၏ သံတမန် ဆက်ဆံရေးသမိုင်း စာအုပ်အမှာတွင် မကြာသေးသော သံတမန်ဆက်ဆံရေးသမိုင်းကို အောက်ပါအတိုင်း ကာလ ခွဲခြားထားသည်။ (၁) တော်လှန်ရေးခေတ် (၂) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေလှုပ်ရှားမှု (၃) လက်ရှိ ကူးသန်းရောင်းဝယ်ရေး အရင်းရှင်စနစ်’ခေတ်တို့ ဖြစ်သည်။* နောက်စာရေးသူ တဦးက ၁၈၇၀ ခုနှစ်နောက်ပိုင်း ဗြိတိန်၏ ‘ကမ္ဘာ့ပေါ်လစီ’ ကို ခေတ်လေးခေတ် ခွဲလိုက်သည်။ (၁) ပထမ အာရှခေတ် (အာရှအလယ်ပိုင်းတွင် ရုရှားက အိန္ဒိယဘက် တိုးချဲ့လာခြင်းကို ဆန့်ကျင်သည့်တိုက်ပွဲ (၂) အာဖရိကခေတ် (အကြမ်းဖျင်းအားဖြင့် ၁၈၈၅–ခုနှစ်မှ ၁၉၀၂ ခုနှစ်) အာဖရိကကို ခွဲဝေယူရေးအတွက် ပြင်သစ်နှင့် တိုက်ပွဲ (ပြင်သစ်နှင့် စစ်ဖြစ်ရန် လက်တလုံးတည်းသာလိုသည့် အခြေအနေ ဆိုက်ခဲ့ရသည်။ ၁၈၉၈ ခုနှစ် ‘ဖာရှိုဒါအရေးအခင်း)နှင့် အဓိကအားဖြင့် ဂျာမဏီဆန့်ကျင်ရေးဖြစ်သော ‘ဥရောပ’ကာလ ** ‘ဘဏ်လုပ်ငန်းလုပ်သူ’ရိုက်ဆာက ၁၉၀၅ ခုနှစ်တွင် ‘စစ်စခန်းများအတွက် နိုင်ငံရေးတိုက်ပွဲမှာ ဘဏ္ဍာရေးနယ်ပယ်တွင် ဖြစ်ပွားသည်’ ဟုရေးခဲ့ပြီး အီတလီနိုင်ငံတွင် လည်ပတ်နေသော ပြင်သစ်အရင်းက ဤ တိုင်းပြည်များ၏ နိုင်ငံရေးမဟာမိတ်ဖွဲ့မှုအတွက် မည်သို့ လမ်းခင်းနေကြောင်း၊ နောက်ပြီး ပါရှားအတွက် ဂျာမဏီနှင့် ဗြိတိန်တို့ မည်သို့ အချင်းပွားနေကြပုံ၊ တရုတ်ပြည်ချေးငွေများအတွက် ဥရောပအရင်းရှင်နိုင်ငံများအားလုံး မည်သို့ အချင်းပွားနေကြပုံတို့ကို ပြသခဲ့သည်။ **[ဖာရှိုဒါ –၁၉၀၅ ခုနှစ်တွင် ကိုဒုတ်ဟု အမည်ပြောင်းလိုက်သော ဆူဒန်နိုင်ငံ အရှေ့ပိုင်းမှ မြို့တမြို့ ဖြစ်သည်။** ] ဗြိတိသျှနှင့် ပြင်သစ်တို့၏ ကိုလိုနီတပ်များအကြား ဖြစ်ပွားသော ဖာရှိုဒါ စစ်ပွဲ (၁၉–၉–၁၈၉၈) သည် နိုင်ငံတကာဆက်ဆံရေးများတွင် ပြဿနာ အကြီးအကျယ် ဖြစ်ခဲ့သည်။ ဤစစ်ပွဲသည် ဆူဒန်အတွက် အင်္ဂလိပ်နှင့်ပြင်သစ်တို့၏ တိုက်ပွဲနှင့် အာဖရိကအား အပြီးသတ် ပြန်လည်ခွဲဝေယူရေးကို ဖော်ပြနေသည်။ ပြင်သစ်သည် ဗြိတိသျှနှင့်စစ်ဖြစ်လျှင် ရုရှား၏ထောက်ခံမှုကလည်း စိတ်မချရ၊ ဂျာမဏီက တိုက်မည်ကိုလည်း စိုးရိမ်သဖြင့် ပြန်ဆုတ်ပြီး ဖာရှိုဒါမှ ထွက်ခွာသွားသည်။ ဤသည် အာဖရိကတိုက်တွင် မပြတ်တောက်သော ကိုလိုနီခါးပတ်ကြီးတခု ရှိရေးနှင့် အီဂျစ်ကိုချုပ်ကိုင်ရန်ဆိုသော သူ၏စီမံကိန်းကို ပြင်သစ်က လက်လွှတ်လိုက်ကြောင်း ကြေညာခြင်းပင် ဖြစ်သည်။ (၂၁–၃– ၁၈၉၉) နေ့တွင် ဗြိတိန်နှင့်ပြင်သစ်တို့သည် အပူပိုင်းအာဖရိကတွင် ၎င်းတို့၏ သြဇာခံနယ်ပယ်များကို ကန့်သတ်သည့် စာချုပ်တရပ် ချုပ်ခဲ့သည်။ ဤသည် ၁၉၀၄ ခုနှစ် အင်္ဂလိပ် ပြင်သစ် သဘောတူညီချက်အတွက် လမ်းခင်းလိုက်ခြင်း ဖြစ်သည်။ ကြည့်ပါ၊ ငြိမ်းချမ်းသော‘နယ်ချဲ့လွှန်’မဟာမိတ်ဖွဲ့မှုများနှင့် သာမန် အရင်းရှင်အချင်းပွားမှုတို့၏ ခွဲခြားမရသည့် လက်ရှိ လက်တွေ့ဖြစ်ရပ်များပါတကား။

နယ်ချဲ့စနစ်အား တန်ဆာဆင်ပေးမှုအဖြစ်သို့ မလွှဲမရှောင်သာ ဖြစ်လာသော ကောက်စကီ၏ နယ်ချဲ့စနစ်ရဲ့ အနက်ရှိုင်းဆုံးသောပဋိပက္ခများကို မှုန်ဝါးသွားအောင် လုပ်ခြင်းသည် ဤစာရေးသူ၏ နယ်ချဲ့စနစ်ရဲ့ နိုင်ငံရေးလက္ခဏာများအပေါ် ဝေဖန်ချက်တွင် လက်စလက်နများကို ချန်ထားခဲ့သည်။ နယ်ချဲ့စနစ်သည် နေရာတကာတွင် လွတ်လပ်မှုမဟုတ်ဘဲ စိုးမိုးရန် ကြိုးပမ်းမှုကို ဖြစ်ပေါ်စေသည့် ဘဏ္ဍာအရင်းနှင့် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများ၏ ခေတ် ဖြစ်သည်။ ဤတိမ်းညွှတ်မှုများမှ ရလဒ်မှာ မည်သည့်နိုင်ငံရေးစနစ်ပင် ဖြစ်စေ၊ တလျှောက်လုံး ဖောက်ပြန်မှုနှင့် ဤ နယ်ပယ်တွင်ပါတည်ရှိနေသော ဝိရောဓိများ အလွန်အမင်း

---

***ဒေးဗစ် ဂျိန်းဟီးလ် (Davaid Jayne Hill)ဥရောပတိုက် နိုင်ငံတကာဖြစ်ပေါ်တိုးပွားမှု၏ သံတမန်ဆက်ဆံရေးသမိုင်းအတွဲ ၁။ နှာ၁၀။**

**** ရှီလ်ဒါ ရှေ့တွင် ကိုးကား ခဲ့သောစာအုပ် စာမျက်နှာ–၁၇၈။**

သည်းသန်ခြင်း ဖြစ်သည်။ အထူး သည်းသန်ပြင်းထန် လာသောအခါ ဤသည် အမျိုးသားဖိနှိပ်မှု ထမ်းပိုးနှင့် သိမ်းပိုက်ရေးအတွက် ကြိုးပမ်းမှု၊ ဆိုလိုသည်မှာ အမျိုးသားလွတ်လပ်မှုကို ချိုးဖျက်ခြင်း (သိမ်းပိုက်မှုမှာ အမျိုးသားနိုင်ငံများ၏ ကိုယ်ပိုင်ပြဌာန်းမှုအား ချိုးဖျက်ခြင်းမှတပါး ဘာမျှမဟုတ်သောကြောင့်ပင်) ဖြစ်လာသည်။ ဟီလ်ဖာဒင်းက နယ်ချဲ့စနစ်နှင့် အမျိုးသားဖိနှိပ်မှု ပြင်းထန်လာခြင်းတို့အကြား ဆက်သွယ်မှုကို မှန်ကန်စွာ ထောက်ပြခဲ့သည်။ 'အသစ်ဖွင့်လှစ်လိုက်သော နိုင်ငံများတွင် တင်သွင်းယူလာသော အရင်းသည် ဝိရောဓိများကို သည်းသန်စေပြီး အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာနေသော ပြည်သူများ၏ မပြတ်ကြီးထွားလာနေသော ကျူးကျော်မှုခုခံရေးများကို လှုံ့ဆော်ပေးလေသည်။ ဤခုခံမှုသည် ပြည်ပအရင်းအား ဆန့်ကျင်သော အန္တရာယ်ကြီးလှသည့် လုပ်ရပ်များအဖြစ်သို့ အလွယ်တကူဖြစ်ပေါ်တိုးပွားသွားစေနိုင်သည်။ လူမှုဆက်ဆံရေးအဟောင်းအားလုံးကို တော်လှန်၊ ကာလအတီတေကြာခဲ့သော မြေယာအထီးကျန်မှု ဖြစ်သည့် 'သမိုင်းမရှိသည့် အမျိုးသားနိုင်ငံများ' မှာ ဖျက်ဆီးခံရပြီး အရင်းရှင်စနစ်ဝဲဩဃကြီးထဲ ဆွဲယူခြင်းခံခဲ့ရသည်။ အရင်းရှင်စနစ်ကိုယ်တိုင်ကပင် လက်အောက်ပြုခံရသော နိုင်ငံများအား ၎င်းတို့လွတ်မြောက်ရေးအတွက် နည်းနာနှင့် အင်အားများပေးခဲ့ပြီး ၎င်းတို့သည် တချိန်က ဥရောပနိုင်ငံများအတွက် အမြင့်မားဆုံးဟု ထင်ခဲ့ရသည့် ရည်မှန်းချက်ကို ရရှိရန် ခြေလှမ်းကြတော့သည်။ စီးပွားရေးနှင့်ယဉ်ကျေးမှု လွတ်လပ်မှုအတွက် ညီညွတ်သော အမျိုးသားနိုင်ငံတခု ဖန်တီးခြင်းပင် ဖြစ်သည်။ ဤအမျိုးသားလွတ်လပ်ရေးအတွက် လှုပ်ရှားမှုမှာ ဥရောပအရင်းအနှီးအား ၎င်း၏တန်ဖိုးအရှိဆုံးနှင့် အလားအလာအကောင်းဆုံး သွေးစုပ်မှုနယ်ပယ်များတွင် ခြိမ်းခြောက်လိုက်ခြင်းဖြစ်ပြီး ဥရောပအရင်းအနေဖြင့် ၎င်း၏စစ်တပ်များ မပြတ်တိုးဖြည့်ခြင်းသာလျှင် စိုးမိုးမှုကို ထားနိုင်ပေသည်။'*

အသစ်ဖွင့်လှစ်ခဲ့သော နိုင်ငံများတွင်သာမက နိုင်ငံဟောင်းများတွင်ပါ နယ်ချဲ့စနစ်သည် သိမ်းပိုက်မှု၊ အမျိုးသားဖိနှိပ်မှု မြင့်တင်ခြင်းနှင့် တဆက်တည်း ခုခံမှုမြင့်တင်ခြင်းတို့ကို ဖြစ်ပေါ်စေသည် ဆိုသော အချက်ကိုလည်း ဖြည့်ရဦးမည်။ ကောက်စကီသည် နယ်ချဲ့စနစ်၏ နိုင်ငံရေးအရ ဖောက်ပြန်မှုကို အကဲခတ်ရင်းမှာပင် အလွန် အပူတပြင်းအရေးပါသော ပြဿနာတခုကို မှောင်ရိပ်တွင် ချန်ထားခဲ့သည်။ ယင်းမှာ နယ်ချဲ့စနစ်ခေတ်တွင် အချောင်သမားများနှင့် ညီညွတ်၍မရနိုင် ဆိုသည်ပင် ဖြစ်သည်။ သိမ်းပိုက်မှုများအား ကန့်ကွက်ရာတွင် သူသည် အချောင်သမားများအတွက် လက်ခံနိုင်ဆုံးနှင့် စိတ်မကွက်ဆုံး သဏ္ဍာန်တခုဖြင့်သာ သူ့ကန့်ကွက်ချက်များကို တင်ပြခဲ့သည်။ သူသည် ဂျာမန်ပရိသတ်ရှေ့တွင် မိန့်ခွန်းပြောသည်။ သို့သော် သူသည် ဥပမာ ဂျာမဏီ၏ အယ်လ်ဆေ့စ်နှင့် လော်ရိန်းအား သိမ်းပိုက်မှုတို့ကို ထိပ်တန်းအရောက်ဆုံးနှင့် အရေးကြီးဆုံးအချက်ကို မှိန်ထားလိုက်သည်။ ကောက်စကီ၏ ဤ 'စိတ်ကတိမ်းကပါး' ဖြစ်မှုကို သုံးသပ်ရန် အတွက် အောက်ပါ ဥပမာကို ကြည့်ကြပါမည်။ ဖိလိပိုင်အား အမေရိကန်တို့က သိမ်းပိုက်ခြင်းကို ဂျပန်များက ရှုတ်ချနေသည်ဟုပဲ ဆိုကြပါစို့။ ပြဿနာက ဂျပန်သည် ဤသို့သော သိမ်းပိုက်မှုများကို စက်ဆုပ်ခြင်းကြောင့် ရှုတ်ချခြင်းဖြစ်ပြီး သူကိုယ်တိုင်က ဖိလိပိုင်ကို သိမ်းပိုက်လိုသောကြောင့်မဟုတ်ဟု လူအများက ယုံကြည်ကြပါမည်လော။ ဂျပန်တို့အနေဖြင့် ကိုရီးယားအား ဂျပန်က သိမ်းပိုက်ခြင်းကို ဆန့်ကျင်တိုက်ပွဲဝင်ပြီး ဂျပန်အောက်မှ ခွဲထွက်ရန် ကိုရီးယားလွတ်လပ်ရေးကို တိုက်တွန်းသည့်အခါတွင်မှ ဂျပန်၏ ဤ သိမ်းပိုက်မှုဆန့်ကျင်ရေး 'တိုက်ပွဲ' မှာ လေးနက်ပြီး နိုင်ငံရေးအရ ရိုးသားသည်ဟု ဆိုကြပါစို့လား။

ကောက်စကီ၏ နယ်ချဲ့စနစ်အား သဘောတရားအရ ခွဲခြမ်းစိတ်ဖြာမှုရော နယ်ချဲ့စနစ်အား စီးပွားရေးနှင့် နိုင်ငံရေးအရ ဝေဖန်မှုတို့ကိုပါ မာ့က်စ်ဝါဒနှင့် လုံးဝစေ့စပ်မရသော စိတ်ဓာတ်များ <u>အပြည့်အဝ</u> စိုးရွဲနေသည်။ ယင်းစိတ်ဓာတ်သည် နယ်ချဲ့စနစ်၏ အခြေခံပဋိပက္ခများအား မှုန်ဝါးသွားအောင်လုပ်၊ ကျော်လွှားသွားပြီး ဥရောပတိုက် အလုပ်သမားလှုပ်ရှားမှုအတွင်းရှိ အချောင်သမားတို့၏ ပြိုကွဲနေသော ညီညွတ်မှုကို မည်မျှ တန်ဖိုးပေးရပေးရ ထိန်းသိမ်းရန် ကြိုးစားရေးပင် ဖြစ်သည်။

---

* ဘဏ္ဍာအရင်း၊ စာမျက်နှာ ၄၈၇။

# (၁၀) သမိုင်းရှိ နယ်ချဲ့စနစ်၏ အဆင့်နေရာ

စီးပွားရေးအနှစ်သာရ သဘောအရဆိုလျှင် နယ်ချဲစနစ်မှာ လက်ဝါးကြီးအုပ်အရင်းရှင်စနစ် ဖြစ်ကြောင်း တွေ့ခဲ့ကြရပေပြီ။ ဤအချက်ကပင် သမိုင်းရှိ ယင်း၏အဆင့်နေရာကို ပြဋ္ဌာန်းပေသည်။ အကြောင်းမှာ လွတ်လပ်စွာပြိုင်ဆိုင်မှုစိုက်ပျိုးမြေမှ တိကျစွာပင် လွတ်လပ်စွာပြိုင်ဆိုင်မှုမှ ပေါ်ထွက်လာသော လက်ဝါးကြီးအုပ်မှုသည် အရင်းရှင်စနစ်မှ ပိုမိုမြင့်မားသော လူမှုစီးပွားရေးဘဝသို့ ကူးပြောင်းခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ယခုလေ့လာနေသောခေတ်၏ ဝိသေသလက္ခဏာဖြစ်သော လက်ဝါးကြီးအုပ်မှု အဓိကပုံစံ လေးမျိုး သို့မဟုတ် လက်ဝါးကြီးအုပ်အရင်းရှင်စနစ်၏ အဓိက ဖော်ပြချက်များကို အထူးမှတ်သားထားရမည်။

ပထမအားဖြင့် လက်ဝါးကြီးအုပ်မှုသည် ထုတ်လုပ်မှုစုပြုံခြင်း ဖြစ်ပေါ်တိုးတက်မှု အင်မတန်မြင့်မားသော အဆင့်မှ ပေါ်ထွက်ခြင်း ဖြစ်သည်။ ဤသည် လက်ဝါးကြီးအုပ် အရင်းရှင်ကွန်ဘိုင်းများ၊ ကာတယ်များ ဆင်ဒီကိတ်များနှင့် ထရပ်စ်များကို ဆိုလိုသည်။ ယနေ့ခေတ် စီးပွားရေးဘဝတွင် ၎င်းတို့ပါဝင်သည့် အရေးပါသောအခန်းကို ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်သည်။ ၂၀ ရာစုနှစ်အစတွင် ရှေ့တန်းရောက်နိုင်ငံများ၌ လက်ဝါးကြီးအုပ်အဖွဲ့အစည်းများသည် လုံး၀ အပေါ်စီးရနေပြီဖြစ်သည်။ ကာတယ်များ ဖွဲ့စည်းခြင်းကို မြင့်မားသောအကောက်ခွန်နှုန်းများ၏ ကာကွယ်မှု ရရှိနေသည့်နိုင်ငံများ (ဂျာမဏီ၊ အမေရိကန်)တွင် စတင်ခဲ့ခြင်း မှန်သော်လည်း ဗြိတိန်သည်လည်း အချိန်အနည်းငယ်လွန်သောအခါ၌ ယင်း၏ လွတ်လပ်စွာကုန်သွယ်မှု စနစ်ဖြင့်ပင် အလားတူ အခြေခံနိယာမတရားကို ဖော်ပြလာသည်။ ဆိုလိုသည်မှာ ထုတ်လုပ်မှုစုပြုံခြင်းမှ လက်ဝါးကြီးအုပ်မှု မွေးဖွားလာခြင်း ဖြစ်သည်။

ဒုတိယအားဖြင့် လက်ဝါးကြီးအုပ်အဖွဲ့အစည်းများသည် အရေးအကြီးဆုံး ကုန်ကြမ်းအရင်းအမြစ်များအား လုယက်မှုကို တွန်းဆော်ခဲ့သည်။ အထူးသဖြင့် အရင်းရှင်လူ့အဖွဲ့အစည်းအတွင်းရှိ အခြေခံကျပြီး အဆင့်မြင့်ဆုံး ကာတယ်ဖွဲ့စည်းမှုရှိသော ကျောက်မီးသွေးနှင့်သံ စက်မှုလုပ်ငန်းများအတွက် ဖြစ်သည်။ အရေးအကြီးဆုံး ကုန်ကြမ်းအရင်းအမြစ်များအား လက်ဝါးကြီးအုပ်ခြင်းသည် ကြီးမားသောအရင်း၏ အာဏာကို အများကြီး တိုးဖြည့်ပေးခဲ့ပြီး ကာတယ်ဖွဲ့ပြီးနှင့် မဖွဲ့ရသေးသော စက်မှုလုပ်ငန်းများအကြားရှိ ဝိရောဓိကို ပြင်းထန်စေခဲ့ပေသည်။

တတိယအားဖြင့် လက်ဝါးကြီးအုပ်မှုမှာ ဘဏ်များမှ ပေါ်ထွက်ခြင်းဖြစ်သည်။ ဘဏ်များသည် နှိမ့်ချသောကြားလူ လုပ်ငန်းကိုင်ငန်းများအဖြစ်မှ ဘဏ္ဍာအရင်းအား လက်ဝါးကြီးအုပ်သူများအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ရှေ့တန်းအရောက်ဆုံး အရင်းရှင်နိုင်ငံတိုင်း၏ အကြီးဆုံး ဘဏ်ကြီး ၃ ခု မှ ၅ ခု တို့သည် စက်မှုလုပ်ငန်းနှင့် ဘဏ်အရင်းအကြား ‘ပုဂ္ဂိုလ်ရေးပေါင်းစည်းမှု’ ရရှိခဲ့ပြီး ၎င်းတို့၏လက်ထဲတွင် နိုင်ငံတခုလုံး၏ အရင်းနှင့်ဝင်ငွေ အများပိုင်းဖြစ်သော ငွေကုဋေကုဋာကို စုစည်းခဲ့ကြပေသည်။ မျက်မှောက် ခေနရှင် လူ့အဖွဲ့အစည်းတွင် စီးပွားရေးနှင့် နိုင်ငံရေး အဆောက်အအုံမှန်သမျှကို ခြွင်းချက်မထားဘဲ မှီခိုသူ ဆက်ဆံရေးပိုက်ကွန်ကြီး ဖြန့်ကြက်ထားသော ဘဏ္ဍာသက်ဦးဆံပိုင်စနစ် ဤသည် ယင်းလက်ဝါးကြီးအုပ်စနစ်၏ အထင်ရှားဆုံး ဖော်ပြချက်ပင် ဖြစ်တော့သည်။

စတုတ္ထအားဖြင့် လက်ဝါးကြီးအုပ်မှုသည် ကိုလိုနီမူဝါဒမှ ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ ကိုလိုနီပေါ်လစီ၏ များပြားလှသော တွန်းဆော်မှုဟောင်းများတွင် ဘဏ္ဍာအရင်းက ကုန်ကြမ်းအရင်းအမြစ်များအတွက် တိုက်

ပွဲ၊ အရင်းတင်ပို့မှုအတွက် တိုက်ပွဲ၊ ‘ဩဇာခံနယ်ပယ်’ အတွက် တိုက်ပွဲ၊ ဆိုလိုသည်မှာ အမြတ်ရနိုင်သော စာချုပ်များ၊ အစိုးရတရပ်က ချပေးသောအလုပ်များ၊ လက်ဝါးကြီးအုပ်အမြတ် စသည်တို့အတွက် နယ်ပယ်များအတွက်တိုက်ပွဲနှင့် နောက်ဆုံးအားဖြင့် ယေဘုယျစီးပွားရေးနယ်မြေအတွက် တိုက်ပွဲတို့ကို တိုးဖြည့်လိုက်သည်။ ဥပမာအားဖြင့် အာဖရိကတိုက်ရှိ ဥရောပအင်အားကြီးများ၏ ကိုလိုနီမှာ ထိုဒေသ၏ ၁၀ပုံ တပုံသာ ရှိချိန်တွင် (၁၈၇၆ ခုနှစ် တုန်းကလို) ကိုလိုနီမူဝါဒသည် လက်ဝါးကြီးအုပ်မဟုတ်သည့် နည်းများဖြင့် ပြောရလျှင် နယ်မြေများကို ‘အခမဲ့’ လုယူခြင်းဖြင့် ဖြစ်ပေါ်တိုးပွားခဲ့သည်။ သို့သော် အာဖရိကတိုက်၏ ၁၀ ပုံ ၉ ပုံ ကို သိမ်းပိုက်ခံရပြီးသောအခါ (၁၉၀၀ ပြည့်နှစ်၌) ကမ္ဘာကြီးတခုလုံးကို ခွဲဝေယူပြီးသောအခါ မုချပင် ကိုလိုနီများကို လက်ဝါးကြီးအုပ်ပိုင်သည့် ခေတ်တခေတ် ပေါ်ထွန်းလာပြီး တဆက်တည်းတွင် ကမ္ဘာကြီးအား ခွဲဝေယူရေးနှင့် ပြန်လည်ခွဲဝေယူရေးအတွက် အထူးသည်းသန်သော တိုက်ပွဲ ပေါ်ထွန်းလာတော့သည်။

လက်ဝါးကြီးအုပ်အရင်းကြောင့်မို့ ပြင်းထန်သည်းသန်ခဲ့ရသော အရင်းရှင်စနစ်၏ ပဋိပက္ခများ အတိုင်းအတာကို ယေဘုယျအားဖြင့် သိကြပြီး ဖြစ်သည်။ လူနေမှုစရိတ် မြင့်မားမှုနှင့် ကာတယ်များ၏ ရက်စက်မှုကို ပြောလိုက်လျှင် လုံလောက်သည်။ ဤသို့ ပဋိပက္ခများ သည်းသန်လာခြင်းသည် ကမ္ဘာ့ဘဏ္ဍာအရင်းက နောက်ဆုံးအောင်ပွဲခံခဲ့သည်မှစသော သမိုင်းအကူးအပြောင်းကာလ၏ အားအကောင်းဆုံး တွန်းအားပင် ဖြစ်သည်။

လက်ဝါးကြီးအုပ်မှု၊ သက်ဦးဆံပိုင်ဆံမှု၊ လွတ်လပ်မှုအတွက် ကြိုးပမ်းခြင်းအစား စိုးမိုးရန် ကြိုးပမ်းခြင်း၊ လက်တဆုပ်စာ အချမ်းသာဆုံးနှင့် အင်အားအကြီးဆုံးနိုင်ငံတို့က ပို၍ပို၍များလာသော သေးငယ်သည့် သို့မဟုတ် အားနည်းသည့် နိုင်ငံများအား သွေးစုပ်ခြင်း၊ ဤအချက်အားလုံးသည် ကပ်ပါးလက္ခဏာဆောင်သော သို့မဟုတ် ဆွေးမြေ့ပျက်စီးနေသော အရင်းရှင်စနစ်ဟူ၍ သတ်မှတ်စေသည့် ထူးခြားချက် လက္ခဏာများကို ပေါက်ဖွားလာစေပေသည်။ ‘အတိုးအမြတ်စားနိုင်ငံ’ ငွေတိုးချစားသောနိုင်ငံ ဖန်တီးခြင်းမှာ နယ်ချဲ့စနစ်၏ တိမ်းညွတ်မှုတခု ဖြစ်ကြောင်း ပို၍ပို၍ ထင်ရှားလာသည်။ ဤနိုင်ငံမျိုးတွင် ဓနရှင်လူတန်းစားသည် အရင်းတင်ပို့ခြင်းနှင့် ‘ကူပွန်ဖြတ်ခြင်း’ဖြင့် ရပ်တည်ခြင်း ပို၍ပို၍ ထင်ရှားလာတော့သည်။ ဤ ဆွေးမြေ့ပျက်စီးရန် တိမ်းညွတ်မှုသည် အရင်းရှင်စနစ် လျင်မြန်စွာဖွံ့ဖြိုးမှုကို တားဆီးသည်ဟု ယူဆလျှင် မှားပေလိမ့်မည်။ နယ်ချဲ့ခေတ်တွင် အချို့သော စက်မှုလုပ်ငန်းခွဲ၊ ဓနရှင်လူတန်းစား၏ အချို့သောအလွှာနှင့် အချို့သော နိုင်ငံများသည် အနည်းနှင့်အများဆိုသလို ဤတိမ်းညွတ်မှုများကို ဖော်ပြကြသည်။ တခုလုံးခြုံလျှင် အရင်းရှင်စနစ်သည် ယခင်ကထက် လျင်မြန်စွာ ကြီးထွားလာနေသည်။ သို့သော် ဤကြီးထွားမှုမှာ ယေဘုယျအားဖြင့် ပို၍ပို၍ မညီမမျှ ဖြစ်လာပြီး၊ ဤမညီမျှမှုသည် အထူးသဖြင့် အရင်းအကြွယ်ဝဆုံး နိုင်ငံများ (အင်္ဂလန်) ဆွေးမြေ့ပျက်စီးခြင်းတွင် ဖော်ပြသည်။

ဂျာမဏီစီးပွားရေး ဖြစ်ပေါ်တိုးပွားမှု လျင်မြန်ခြင်းနှင့် ပတ်သက်၍ ဂျာမန်ဘဏ်ကြီးများအကြောင်း စာအုပ်ရေးသူ ရိုက်ဆာက ယခုကဲ့သို့ ဆိုထားသည်။ ‘နှေးကွေးသည်ဟု မဆိုနိုင်သော သည့်အရင်ခေတ် (၁၈၄၈–၇၀) ခုနှစ်က တိုးတက်မှုသည် ဂျာမန်ဘဏ်လုပ်ငန်းအပါအဝင် ဂျာမဏီ၏ အမျိုးသားစီးပွားရေး တခုလုံး၏ ဤကာလ (၁၈၇၀–၁၉၀၅ခုနှစ် ) တိုးတက်မှုနှင့် နှိုင်းစာမှုအချိုးမှာ ခေတ်ကောင်းတုန်းက စာပို့မြင်းရထား၏နှုန်းနှင့် ယနေ့ခေတ် မော်တော်ကား၏ အမြန်နှုန်းအချိုးအစားတို့ကဲ့သို့ ရှိသည်။ မော်တော်ကားမှာ မြန်လိုက်သမှ လမ်းပေါ်ရှိ အပြစ်မဲ့လမ်းသွားသူကိုသာမက ကားပေါ်ပါသူများကိုပင် အန္တရာယ်ရှိစေပေသည်။’ အပြန်အလှန်အားဖြင့် ဤမျှ တရားလွန် လျင်မြန်သောနှုန်းဖြင့် ကြီးထွားလာသော ဘဏ္ဍာအရင်းသည် လျင်မြန်စွာကြီးထွားခဲ့သော အကြောင်းကြောင့်ပင် ပိုမိုချမ်းသာသော နိုင်ငံများထံမှ ငြိမ်းချမ်းသောနည်းနှင့်သာမကဘဲ လုယူရမည်ဖြစ်သော ကိုလိုနီများကို ‘အေးချမ်းစွာ’ပိုင်ဆိုင်လိုစိတ်မရှိဟု မဆိုနိုင်ပေ။ အမေရိကန်နိုင်ငံတွင်ဆိုလျှင် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်းမှ စီးပွားရေးဖြစ်ပေါ်တိုးပွားမှုမှာ ဂျာမဏီမှာထက်ပင် ပိုမြန်ပေသေးသည်။ နောက်ပြီး ဤအကြောင်းကြောင့်ပင် အမေရိကန် အရင်းရှင်စနစ်၏ ကပ်ပါးလက္ခဏာဆောင်မှုမှာ ပို၍ပင်ထင်ရှားစွာ ပေါ်လွင်နေသည်။ တဖက်တွင်မူ ရီပတ်ဗလီကင် အမေရိကန်

ဓနရှင်လူတန်းစားနှင့် ဂျပန် သို့မဟုတ် ဂျာမဏီဘုရင်စနစ် ဓနရှင်လူတန်းစားတို့ကို နှိုင်း ယှဉ်သည်ဆိုလျှင် နယ်ချဲ့စနစ်ခေတ်တွင် အထင်အရှားဆုံးသော နိုင်ငံရေးကွဲပြားမှုမှာ အဆုံးစွန်အတိုင်းအတာအထိ ပျောက်ကွယ်သွားတော့သည်။ အကြောင်းမှာ ဤကွဲပြားမှုသည် ယေဘုယျအားဖြင့် အရေးမပါသောကြောင့် မဟုတ်ပေ။ သို့သော် ဤကိစ္စအားလုံးတွင် ကျွန်ုပ်တို့ဆွေးနွေးနေကြသည်မှာ ကပ်ပါးလက္ခဏာများ အတိအကျ ရှိသည့် ဓနရှင်လူတန်းစား တရပ်အကြောင်း ဖြစ်သောကြောင့် ဖြစ်သည်။

စက်မှုလုပ်ငန်းခွဲ အမြောက်အမြားထဲမှ လုပ်ငန်းခွဲတခု၊ နိုင်ငံအမြောက်အမြားထဲမှ တနိုင်ငံ စသည်တို့တွင် အရင်းရှင်များက လက်ဝါးကြီးအုပ်အမြတ်အများ ရရှိခြင်းသည် အလုပ်သမားများထဲမှ အချို့သော အစိတ်အပိုင်းများနှင့် ကာလတခုတွင် ၎င်းတို့ထဲမှ အတိုင်းအတာတခုသော အနည်းစုကို လာဘ်ထိုးရန် စီးပွားရေးအရ ဖြစ်ပေါ်စေပြီး အဆိုပါ စက်မှုလုပ်ငန်း သို့မဟုတ် နိုင်ငံရှိ ဓနရှင်လူတန်းစားဘက်သို့ ဆွဲယူခဲ့သည်။ နယ်ချဲ့နိုင်ငံများအကြားမှ ကမ္ဘာကြီးအား ခွဲဝေယူရေးအတွက် ဝိရောဓိများ သည်းသန်လာခြင်းသည် ဤသို့ ပိုပြီး လုပ်လာစေသည်။ ထို့ကြောင့် နယ်ချဲ့စနစ်နှင့် အချောင်ဝါဒအကြား အနှောင်အတည်း ဖြစ်ပေါ်စေသည်။ ဤသည်ကို ဦးစွာအားဖြင့် အင်္ဂလန်တွင် ပထမဆုံးနှင့်အရှင်းလင်းဆုံး တွေ့ကြရသည်။ အကြောင်းမှာ ဤနိုင်ငံတွင် အခြားနိုင်ငံများထက်စောစွာ နယ်ချဲ့စနစ် ဖြစ်ပေါ်တိုးပွားမှု၏ အချို့သောလက္ခဏာများကို တွေ့ရသောကြောင့် ဖြစ်သည်။ အယ်လ်မားတော့ဗ်တို့လို အချို့သောစာရေးဆရာများသည် ထိုစဉ်က အထူးထင်ရှားနေသော အချက်တချက်ဖြစ်သည့် နယ်ချဲ့စနစ်နှင့် အလုပ်သမားလှုပ်ရှားမှုအတွင်းရှိ အချောင်ဝါဒတို့၏ဆက်စပ်မှုကို ဘေးဖယ်ထားလိုကြသည်။ ယင်းအချောင်ဝါဒသည် 'တရားဝင်အကောင်းမြင်ဝါဒ' (ကောက်စကီနှင့် ဟွေးမန်းတို့၏ မူအတိုင်း) ကို အောက်ပါကဲ့သို့ ကိုင်စွဲကြသည်။ အကယ်၍ အချောင်ဝါဒ ပိုမို တိုးပွားစေသည်မှာ တိုးတက်သောအရင်းရှင်စနစ်သာ ဖြစ်သည်ဟုဆိုလျှင်၊ သို့တည်းမဟုတ် အချောင်ဝါဒဘက်သို့ တိမ်းညွတ်သူများမှာ တကယ်ပင် လခအကောင်းဆုံးရသည့် အလုပ်သမားဖြစ်သည်ဆိုလျှင် အရင်းရှင်စနစ်ကို ဆန့်ကျင်သူများ၏ အရေးတော်ပုံမှာ မျှော်လင့်ချက်မရှိ ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့် ဤသို့သော 'အကောင်းမြင်ဝါဒ'အပေါ် ဘာစိတ်ကူးယဉ်မှုမှ ရှိစရာမလိုချေ။ ဤသည် အချောင်ဝါဒနှင့် ပတ်သက်သော အကောင်းမြင်ဝါဒ ဖြစ်သည်။ အချောင်ဝါဒကို ဖုံးကွယ်ပေးသည့် အကောင်းမြင်ဝါဒ ဖြစ်သည်။ တကယ်ကျတော့ အချောင်ဝါဒ ဖြစ်ပေါ်တိုးပွားမှု၏ အလွန်အမင်းလျင်မြန်မှုနှင့် ထူးထူးခြားခြား တွန်းလှန်သည့် လက္ခဏာတို့သည် ၎င်း၏အောင်ပွဲမှာ ရေရှည်ခံလိမ့်မည်ဟူသော အာမခံချက်မဟုတ်ပေ။ ကျန်းမာသော လူတဦး၏ ကိုယ်ပေါ်ရှိ အနာစိမ်းတခု အလျင်အမြန်ကြီးထွားလာခြင်းမှာ အနာကို မြန်မြန်ပြည်မှည့်ပေါက်ထွက်စေပြီး ပျောက်ကင်းစေပေလိမ့်မည်။ အားလုံးထဲတွင် အန္တရာယ်အကြီးဆုံးမှာ နယ်ချဲ့စနစ်ကို တိုက်ပွဲဆင်ရာတွင် အချောင်ဝါဒအား တိုက်ပွဲဆင်ခြင်းနှင့် တွဲဖက်မထားပါက ယင်းသည် အတုအယောင် လိမ်ညာမှုသာ ဖြစ်ကြောင်း မမြင်ချင်သူများပင် ဖြစ်သည်။

နယ်ချဲ့စနစ်၏ စီးပွားရေးအနှစ်သာရနှင့်ပတ်သက်ပြီး ဤစာအုပ်တွင် ရေးခဲ့သမျှ အားလုံးအရဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် ယင်းသည် ယာယီအားဖြင့် ပိုမိုတိကျအောင်ဆိုရလျှင် သေလုဆဲဆဲ အရင်းရှင်စနစ်ပင် ဖြစ်သည်ဟု ဆိုရပေမည်။ ဤသည်နှင့် ပတ်သက်၍ ဓနရှင်ဘောဂဗေဒသမားများက ခေတ်သစ်အရင်းရှင်စနစ်အကြောင်း ပြောရာတွင် မကြာခဏဆိုသလိုပင် 'အပြန်အလှန် ချိတ်ဆက်နေသော' 'အထီးကျန်ဖြစ်မှု မရှိခြင်း' စသည့် ဖမ်းစားနိုင်သည့် စကားလုံးများကို အသုံးပြုလေ့ရှိကြသည်။ ဘဏ်များသည် '၎င်းတို့၏ လည်ပတ်မှုနှင့်ဖြစ်ပေါ်တိုးပွားမှု လမ်းကြောင်းအရဆိုလျှင် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းကိုင်ငန်းများ သက်သက်မဟုတ်ချေ။ ၎င်းတို့သည် ပုဂ္ဂကလိက စီးပွားရေးလည်ပတ်မှုဘောင်ထက် ပို၍ပို၍ ကြီးထွားလာနေသည်' ဟု ဆိုကြသည်။ အခုပဲ ကိုးကားခဲ့သည့် စကားများကို ပြောထွက်ခဲ့သော ဤရိုက်ဆာကပင် မာ့က်စ်ဝါဒီများ၏ 'အများပိုင်ဆိုင်မှု'နှင့်ပတ်သက်သော 'ဟောစာတမ်း'မှာ 'အကောင်အထည်ပေါ်မလာဘူး' ဟု အလေးအနက်ပင် ကြေညာခဲ့သည်။

သို့ဆိုပါလျှင် 'အပြန်အလှန်ချိတ်ဆက်မှု' ဟူသည် ဘာကိုဆိုသနည်း။ ယင်းစကားသည် ကျွန်ုပ်တို့၏ မျက်စိအောက်တွင် ဖြစ်ပွားနေသောဖြစ်စဉ်၏ အပေါ်လွင်ဆုံးလက္ခဏာကို ဆိုလိုခြင်းသာဖြစ်သည်။ ကြည့်ရှုသူသည် သစ်ပင်တွေကို တပင်ချင်းတော့ ရေတွက်ပါရဲ့၊ တတောလုံးကိုတော့ မမြင်ကြောင်း ပြနေသည်။ ယင်းသည် အပေါ်ယံကျသည့်၊ မတော်တဆဖြစ်သည့်၊ စနစ်တကျမဟုတ်သည့် အရာတို့ကို ကျောရိုးမဲ့စွာ ကူးချသည်။ ကြည့်ရှုသူသည် ကုန်ကြမ်းတွေ များလာခြင်းကို သဘောကျပြီး ဤသည်၏အဓိပ္ပာယ်နှင့် အရေးပါမှုကို နားလည်နိုင်ကြောင်း ယင်းစကားက ပြနေသည်။ ရှယ်ယာများပိုင်ဆိုင်မှု၊ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်သူများအကြား ဆက်ဆံမှုများမှာ 'ကသောင်းကနင်း အပြန်အလှန် ချိတ်ဆက်နေကြသည်။' သို့သော် ဤအပြန်အလှန် ချိတ်ဆက်မှုအောက်တွင် ယင်း၏ တကယ့်အခြေခံမှာ ထုတ်လုပ်မှုဆက်ဆံရေးများ ပြောင်းလဲနေခြင်းပင် ဖြစ်သည်။ လုပ်ငန်းကိုင်ငန်းကြီးတခုက အရွယ်အစား အလွန်ကြီးမားသော အရွယ်အစားသို့ ရောက်ပြီဆိုလျှင်၊ နောက်ပြီး အမြောက်အမြားရထားသော စာရင်းဇယားများကို အတိအကျ တွက်ချက်သည့် အခြေခံပေါ်၌ ကုဋေများစွာသောလူများအတွက် လိုအပ်သည့် အခြေခံကုန်ကြမ်းများ၏ သုံးပုံနှစ်ပုံ သို့မဟုတ် လေးပုံသုံးပုံ တို့၏ ရောင်းဝယ်မှုကို စီမံကိန်းနှင့်အညီ ဖွဲ့စည်းယူသည်ဆိုလျှင်လည်းကောင်း၊ ကုန်ကြမ်းများကို တခါတရံ မိုင်ပေါင်းရာထောင်ဝေးသည့်အထိ ထုတ်လုပ်ရန်အတွက် အသင့်တော်ဆုံး နေရာအထိ စနစ်တကျနှင့် စည်းရုံးမှုရှိရှိ တင်ပို့ပြီး ကုန်ချောပစ္စည်း အမျိုးအမည်ပေါင်းများစွာ ထွက်ရှိလာသည်အထိ တခုတည်းသော ဌာနချုပ်မှနေ၍ လုပ်ငန်းအဆင့်ဆင့်ကို ညွှန်ကြားပြီဆိုလျှင်သော်လည်းကောင်း၊ ဤထွက်ကုန်များကို စားသုံးသူ ကုဋေပေါင်းများစွာတို့ထံသို့ တခုတည်းသောစီမံကိန်းနှင့်အညီ ဖြန့်ဖြူးပြီ (အမေရိကန် ရေနံထရပ်စ်က အမေရိကန်နှင့် ဂျာမဏီတို့တွင် ရေနံဖြန့်ဖြူးခြင်း) ဆိုလျှင်လည်းကောင်း၊ ဒါဆိုလျှင် 'အပြန်အလှန်ချိတ်ဆက်မှု' သက်သက်မဟုတ်ဘဲ ထုတ်လုပ်ရေး လူအများလက္ခဏာဆောင်လာပြီဆိုခြင်းမှာ ရှင်းလာပေသည်။ နောက်ပြီး ပုဂ္ဂလိကစီးပွားရေးနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုတို့မှာ အတွင်းပစ္စည်းနှင့် မကိုက်ညီတော့သော အကာအခွံတခုဖြစ်သည်ကိုလည်း ရှင်းလာပေတော့သည်။ ဤအကာအခွံမှာ သဘာဝအရမဟုတ်သော ဖြစ်သည့်နည်းဖြင့်ဖယ်ရှားခြင်းမပြုဘဲ အချိန်နှောင့်နှေးသွားပါက မုချပင် ဆွေးမြေ့ပျက်စီးသွားမည် ဖြစ်သည်။ ဤအကာခွံသည် ဆွေးမြေ့ပျက်စီးသောဘဝတွင် ကာလအတန်ကြာ တည်ရှိနေဦးမည်ဖြစ်သော်လည်း (အကယ်၍ အချောင်ဝါဒအနာစိမ်းကို ကုသရသည်မှာ ကြာသွားလျှင်) မုချပင် ဖယ်ရှားခံရမည်ဖြစ်သည်။

ဂျာမန်နယ်ချဲ့စနစ်ကို အင်မတန်ကိုးကွယ်သူ ရှုလ်ဂဗာနဇ္ဇ က ... ... ...

'ဂျာမန်ဘဏ်များ၏ စီမံအုပ်ချုပ်မှု ထိပ်ဆုံးကအပိုင်းကို လူတဒါဇင်လောက်၏ လက်ထဲသို့သာ ထိုးအပ်ခဲ့လျှင် ၎င်းတို့၏လည်ပတ်မှုမှာ ယနေ့အခါ၌ပင်လျှင် အစိုးရဝန်ကြီး တဒါဇင်လောက် လုပ်ကိုင်နေကြသည်ထက် လူထုအတွက် ပို၍ အကျိုးရှိပေလိမ့်မည်။'(ဤနေရာတွင် ဘဏ်လုပ်ငန်းသမားများ ဝန်ကြီးများ၊ စက်မှုလုပ်ငန်း ပဂေးကြီးများနှင့် အတိုးအမြတ်စားသူများ၏ 'အပြန်အလှန်ချိတ်ဆက်မှု'ကို အေးအေးဆေးဆေးပင် မေ့ထားလိုက်သည် ) ဟု ပြောခဲ့သည်။. . . .ကျွန်ုပ်တို့ပြောခဲ့သော အဆိုပါတိမ်းညွှတ်မှုများ၏ ဖြစ်ပေါ်တိုးပွားမှုအား ဖြစ်သင့်ဖြစ်ထိုက်သည့်အတိုင်း နိဂုံးချုပ်စေခဲ့သည်ဟုဆိုလျှင် ယခုကဲ့သို့တွေ့ရပေမည်။ တိုင်းပြည်၏ငွေအရင်းမှာ ဘဏ်များတွင် စုစည်းမိနေမည်။ ဘဏ်များကိုယ်တိုင်က ကာတယ်များ ဖြစ်နေလိမ့်မည်။ သို့ဆိုပါက ထူးချွန်သောပုဂ္ဂိုလ်ကြီး စိန့်ဆိုင်မွန်၏ ကြိုတင်တွက်ဆချက်မှာ မှန်နေလိမ့်မည်။ ၎င်းက 'စီးပွားရေးဆက်ဆံမှုများမှာ တညီတညာတည်းသော လည်ပတ်မှုဖြင့် ဖြစ်ပေါ်တိုးပွားနေသည်မဟုတ် ဟူသောအချက်နှင့် ကိုက်ညီသော လက်ရှိထုတ်လုပ်မှု မင်းမဲ့ဆန်ခြင်းသည် ထုတ်လုပ်မှု စည်းရုံးမှုရှိခြင်းအတွက် နေရာဖယ်ပေးရပေမည်။ ထုတ်လုပ်မှုကို တယောက်နှင့်တယောက် ဘာမှမဆိုင်ဘဲ လူတွေရဲ့ စီးပွားရေး လိုအပ်ချက်ကို မသိသော တသီးတခြားစီတည်ရှိကြသည့် ထုတ်လုပ်သူများက ညွှန်ကြားတော့မည်မဟုတ်ချေ။ လူထုအဖွဲ့အစည်းကြီး တခုခုက ညွှန်ကြားပေလိမ့်မည်။ ပိုမိုမြင့်မားသော ကြည့်နိုင်သည့်နေရာမှနေ၍ ကျယ်ပြန့်လှသော စီးပွားရေးကို မြင်တွေ့နိုင်သည့် စီမံအုပ်ချုပ်မှု ဗဟိုကော်မတီတခုက ယင်းကို လူ့အဖွဲ့အစည်း

တခုလုံး အကျိုးစီးပွားအတွက် လည်ပတ်စေပေလိမ့်မည်။ ထုတ်လုပ်မှုပစ္စည်းများကို သင့်တော်သူတို့ လက်သို့ အပ်ပေလိမ့်မည်။ နောက်ပြီး ခြုံလိုက်လျှင် ထုတ်လုပ်မှုနှင့် စားသုံးမှုအကြား အမြဲသဟဇာတ ဖြစ်နေရန် ဂရုစိုက်ပေလိမ့်မည်။ စီးပွားရေးလုပ်အားအဖွဲ့တခုအဖြစ် ၎င်းတို့၏ လုပ်ငန်းတစိတ်တဒေသက အသွင်ဆောင်နေပြီးဖြစ်သော အဖွဲ့အစည်းများ ရှိပင်ရှိနေပေပြီ။(––– ဘဏ်များ) စိန့်ဆိုင်မွန်၏ ကြိုတင်တွက်ဆချက်နှင့် ဆိုလျှင် ကျွန်ုပ်တို့တတွေ အဝေးကြီး လိုသေးသည်။ သို့သော် ယင်းဆီကိုတော့ ဦးတည်သွားနေပြီဖြစ်သည်။ မာ့က်စ် စိတ်ကူးခဲ့သည်နှင့် ခြားနားသော၊ သဏ္ဍာန်သာခြားနားသော၊ မာ့က်စ်ဝါဒပင်’။*

မာ့က်စ်အား ထိရောက်စွာ ‘ငြင်းပယ်လိုက်ခြင်း’ပင်။ မာက့်စ်၏ တိကျသော၊ သိပ္ပံနည်းကျသော ခွဲခြမ်းစိတ်ဖြာမှုမှ စိန့်ဆိုင်မွန်၏မှန်းဆချက်သို့ တလှမ်းဆုတ်ခြင်း ဖြစ်သည်။ ထူးချွန်သော ပုဂ္ဂိုလ်ကြီးတဦး၏ မှန်းဆချက်တော့ ဟုတ်ပါသည်။ သို့သော်မှန်းဆချက်မျှသာ ဖြစ်သည်။ ။

---

*လူမှုစီးပွားရေး အခြေခံမှုများ၊စာမျက်နှာ ၁၄၆။

ဤစာအုပ်မှာ **Vladimir Ilyich Lenin** ၏
**Imperialism, the Highest Stage of Capitalism**
**A POPULAR OUTLINE**
ကို ဘာသာပြန်ထားခြင်းဖြစ်ပါသည်။